www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

သားသား စိစစ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သူဝေး ၈၉၅.၈၃

( ပုလင်းထဲကပင်လယ် ) သူဝေး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၄

၁၂၅၊ ၁၃×၁၉ စင်တီ။ (၁) ပုလင်းထဲကပင်လယ်

# ပုလင်းထဲကပင်လယ်

www.burmeseclassic.com

www.burmeseclassic.com

# ပုလင်းထဲကပင်လယ်

## နိဒါန်း

ရွှေဝါရောင် ပင်လယ်ကြားထဲတွင် မှယောအမြှုပ်လုံးလေးများ ရေတွက်မရအောင် ပေါ့ပါးမြောက်တက်နေသည်။ ငါးကြင်းအကြေးခွံလို ဖန်ခွက်နံရံတစ်လျှောက် ရေခဲငွေ့တွေ အေးခဲဖြူဖွေးနေသည်။

ထိုအေးစိမ့်နေသော ဘီယာအမြှုပ်များကို စုပ်လိုက်ရုံရင်ဖြင့် နွေညချမ်းချိန်ခါတစ်ခုသည် စည်းစိမ်ကျသွားပေလိမ့်မည်။ သို့သော် ထိုစည်းစိမ်ကို ငြင်းချင်သူတစ်ယောက်သည် လူသူမမြင်ခင်အလစ်တွင် ဘီယာတစ်ခွက်ကို အဝေးသို့ ပက်သွန်လိုက်သည်။ ထိုအပြုအမူကို ပြုလုပ်လိုက်သူက ဆိုင်ထောင့်၏ မှောင်ရိပ်စားပွဲဝိုင်းတစ်ခုမှာ ထိုင်နေသည့် လူငယ်တစ်ယောက်ပင်။

စင်ပေါ်တွင် ပြည်တွင်းဖြစ်မဟုတ်သော Disco သီချင်းတစ်ပုဒ်ဖြင့် မိန်းမငယ်များ အတွန့်ချိုး၍ ကနေကြသည်။ တိုနန့်သော အောက်ပိုင်းအဝတ်စား၊ လျော့ရဲသော အပေါ်ပိုင်းအဝတ်အစားနှင့် တင်ဆက်နေသည်။ ခင်ရှေ့တည့်တည့်တွင်ရှိသော ဝိုင်းများမှ လူကြီးများသည် (ထိပ်ပြောင်၊ ဗိုက်ရွှဲ၊ အရေတွန့်၊ နှုတ်ခမ်းမည်း၊ နှာခေါင်းပြောင် ထိုသို့ အင်္ဂါရပ်များဖြင့် ဖွဲ့စည်းထားသောလူကြီးအများစု) လက်ခုပ်တဖြောင်းဖြောင်းတီးကာ စင်ပေါ်မှ မိန်းကလေးများကို စူးရဲပြောင်မြောက်စွာ ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝိတ်တာကလေးများကိုခေါ်၍ သူတို့နှစ်သက်သည့် ကောင်မလေးများကိုလည်း ပန်းကုံးစွပ်ခိုင်း၊ ပန်းစည်းပေးခိုင်း၊ ခေါင်းပေါ်သရဖူ တင်ခိုင်းစသည်ဖြင့် လုပ်ဆောင်ကြသည်။ ရံဖန်ရံခါ ကိုယ်တိုင်ကိုယ်ကျပင် စင်ပေါ်တက် ကောင်မလေးတွေကို ဆုငွေချသေးသည်။ လက်ဆွဲ၊ ပါးညှစ်၊ ဖလိုင်းကစ်များကိုလည်း လုပ်ကြသေးသည်။ အနည်းဆုံး အသက် ငါးဆယ်လောက်ရှိမည့် လူကြီးတွေပါ။

ထိုလူကြီးတွေကို ကြည့်၍ ဆိုင်ထောင့်မှ လှုငယ်က ခပ်ဟဟ ခေါင်းခါနေမိသည်။ သူ ထိုအသက်အရွယ်ရောက်လျှင်တော့ ဒါတွေ လုပ်လိမ့်မည် မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်သည်။ တကယ်တော့ သူ မလုပ်ချင်တာ အများကြီးပါ။ ဘွန်ဖိုင်းပင် မစိုက်ချင်၊ လိင်တူ မဆက်ဆံချင်၊ ဘုရားရုပ်တု ခိုးမရောင်းချင် အစရှိသဖြင့် အများကြီးပါ။

သူ့အနီးရှိ စားပွဲထိုးကို နှုတ်ခမ်းစုပ်သံပြု၍ လှမ်းခေါ်လိုက်သည်။

"ဘာလိုလဲအစ်ကို One Cup လား"

"မဟုတ်ဘူး။ အခု စင်ပေါ်မှာ ကနေတဲ့အဖွဲ့က ညာဘက်ထောင့်က ကောင်မလေးနာမည် ဘယ်သူလဲ"

"သက်ဝေတဲ့ အစ်ကို"

"အေး . . . သူ့ကို ငါ့အနား လာထိုင်လို့ရအောင် ဘယ်လိုလုပ်ရမလဲ"

"အစ်ကို ပန်းကုံးစွပ်လိုက်ရင် ကျွန်တော် အစ်ကို့နားခေါ်ထိုင်လို့ရအောင် ပြောပေးနိုင်ပါတယ်"

"ပန်းကုံး ဘယ်နှကုံးစွပ်ရမလဲ"

"အယ် . . . ခုနက ဟိုးရှေ့ဆုံးက လူကြီးဝိုင်းထဲကတစ်ယောက်က သူ့ကို ပန်းကုံးသုံးကုံး စွပ်လိုက်တာ မြင်တယ်အစ်ကို။ အဲ့ဒါကြောင့် အစ်ကို ပန်းကုံးသူ့ထက်သာအောင်စွပ်နိုင်မှ အဆင်ပြေတော့မှာ"

"အဲ့ဒါဆို ပန်းကုံးငါးကုံး သွားစွပ်လိုက်"



"ဗျာ . . ."

"ရော့ . . . ပိုက်ဆံ"

လှုငယ်က ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူ တော်တော်များများကို စားပွဲထိုးကို ထုတ်ပေးလိုက်သည်။ 'ပိုတာ ဘောက်ဆူး' ဟု ပြောလိုက်တော့ ဝိတ်တာလုပ်သူက အလွန်တက်ကြွသွားကာ စင်ပေါ်မှ သက်ဝေဆိုသော မိန်းကလေးထံ ပန်းကုံးတွေ အထွေးလိုက် သွားစွပ်ပေးတော့သည်။

သီချင်းပြီးတော့ သက်ဝေဆိုသည့် မိန်းကလေးသည် ပေါင်အလယ်မျှရှိသော စကတ်အတိုလေးနှင့်အတူ ဒေါက်ဖိနပ်ပန်းရောင်ကို ဆင်မြန်းထားသော ခြေထောက်ကလေးဖြင့် စင်ပေါ်မှ ဆင်းလာသည်။ ဆင်ရှေ့မှ ဗိုက်ရွှဲကြီးတစ်ယောက်ထိုင်ရာမှ ထ၍ သူ့ဆီလာမည်အမှတ်နှင့် ပါးစပ်ဟပြုံးပြုံးလုပ်ကာ ကြိုဆိုနေသည်။ သို့သော် မိန်းကလေးသည် ထိုဝိုင်းကိုကျော်၍ ဆိုင်ထောင့်မှလှုငယ်၏ စားပွဲဝိုင်းသို့ တည့်မတ်စွာ လျှောက်သွားပါသည်။

လှုငယ့်ဝိုင်းရောက်တော့ ခေါင်းငုံ့၍ ရိုကျိုးစွာ ထိုင်သည်။ အဝေးမှ ဗိုက်ရွှဲကြီးက ရက်ဒေါသနှင့် လှမ်းကြည့်နေသည်။ လှမ်းလက်ပြကာ ပြုံးလိုက်သည်။ နောက်လိုက်တာပါ။

ကောင်မလေးက လှုငယ့်အနား ပိုနီးကပ်ထိုင်တော့ လှုငယ်က ပြန်ခွာကာ ထိုင်လိုက်သည်။

"မလိုဘူး . . . ညီမလေး။ ကိုယ့်အနား အရမ်း နီးနီးထိုင်ဖို့ မလိုဘူး။ ကိုယ်နဲ့ အပြင်လျှောက်လည်ပေးဖို့လည်း မလိုဘူး။ ကိုယ့်ဆီ ညုတုတုအသံနဲ့ ဖုန်းဆက်ပေးဖို့လည်း မလိုဘူး။ ညီမရဲ့ အရှိအတိုင်း နေပေးတာပဲ လိုချင်တယ်"

"ရှင် . . ."

"ဒါပေမဲ့ ညီမလေးလိုအပ်ရင်တော့ ကိုယ့်ကို ခေါ်လိုက်။ ဖုန်းနံပါတ် ဒီမှာယူထားလိုက်။ အင်း . . . ညီမလေးလိုတဲ့အချိန် ကိုယ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ပြီးတော့ နေ့စဉ် ပန်းကုံးသုံးကုံးစွပ်ဖို့ ဝိတ်တာကို ကိုယ် တစ်ပတ်စာ ငွေရှင်းခဲ့မယ်။ ကိုယ်ကိုယ်တိုင် လာနိုင်တဲ့အခါကျ ကိုယ်ကိုယ်တိုင်လည်း ပန်းကုံးတက်စွပ်ပေးပါ့မယ်။ ဟုတ်ပြီလား"

"ရှင် . . ."

မိန်းကလေး လူငယ့်အပြောအဆိုနှင့် လုပ်ရပ်တွေပေါ် အံ့ဩ၍သာ နေသည်။

"အံ့ဩမနေနဲ့ . . . ကိုယ့်ကို နောက်တစ်ခါလာရင် ဧည့်သည်တစ်ယောက်လိုလည်း မဆက်ဆံနဲ့၊ ကြားလား"

"ဟုတ် . . . ဟုတ် . . ."

"အင်း . . . လိမ္မာတယ်။ ညီမလေးနာမည်က သက်ဝေနော်"

"ဟုတ်ကဲ့"

"အင်း . . . ကိုယ့်နာမည်တော့ နောက်မှပြောပြမယ်။ ဘဝကို တန်ဖိုးထားနော် ညီမလေး။ သိပ်ပုံမလာတဲ့ကောင်တွေနားတော့ တတ်နိုင်သလောက် သွားမထိုင်မိအောင်ရှောင် ။ ဂရုစိုက်နော် . . . ကြားလား။ ကဲ . . . ကိုယ်သွားမယ် သက်ဝေ"

လူငယ် ပြုံးပြ၍ တကယ် ထထွက်သွားသည်။

ပြောချင်ရာပြောပြီး ထွက်သွားသော လူငယ်ကို သက်ဝေဆိုသော မိန်းကလေး ငေးကြည့်ရင်းသာ ကျန်ခဲ့သည်။ နားမလည်စရာကောင်းသော လူတစ်ယောက်ပါလား။

ᚐ ᚐ ᚐ



အကျင့်ယုတ်တဲ့ ချားရဟတ်တွေက
နှစ်တစ်ထောင်ပိုင်ထက် ပိုမူးတာပဲ။ ။



www.burmeseclassic.com

www.burmeseclassic.com

## (1)

နေ့လယ်ခင်း (Bus) ကြီးသည် ဆူပုတ်ပုတ် ပိုးတုံးလုံးတစ်ကောင်လို တွန့်ဆုတ်တွန့်ဆုတ်သာ ရွေ့နေသည်။ လိုက်ပါလာသည့် ခရီးသည်များသည်လည်း အလိုလို တိတ်ဆိတ်နေကြသည်။ ငိုက်မြည်းနေကြသည်။ ကားအင်ဂျင်သံသာ ထပ်ခါထပ်ခါ ကြားရမှုနှင့်အတူ ငြီးငွေ့ချင်စရာ ကောင်းနေတော့သည်။

'ခြူး' က ကားအဝင်ပေါက်ခုံနေရာမှ ပြတင်းပေါက်နံဘေးတွင် ထိုင်နေရသဖြင့် လေနုလေညင်းများ အေးအေးလွင်လွင်တိုက်ခတ်မှုကို ခံစားရကာ ငြီးငွေ့မှုသက်သာသလိုရှိသေးသည်။

(Bus)သည် သံချေးတက်နေသော အမိုးခုံးနှင့် မှတ်တိုင်တစ်ခုအရောက်တွင် ခဏရပ်လိုက်သည်။ စပယ်ယာက ကားအပေါက်ဝတွင် ရပ်ကာ ရောက်ရှိနိုင်သည့် ခရီးစဉ်မှတ်တိုင်များကို ရေရွတ်အော်ဟစ်ပြကာ ခရီးသည်တွေကို ဖိတ်ခေါ်နေသည်။ ခဏအကြာတွင် မုန့်ပန်းတစ်ခုနှင့် မုန့်လက်ကောက်သည် အဒေါ်ကြီး တက်လာသည်။ နောက်ထပ် ဆယ်မိနစ်လောက်စောင့်သော်လည်း ခရီးသည်တစ်ယောက်မှ ထပ်မလာတော့၍ . . .



"ဆွဲ . . . ဆရာရေ့"

ဟူသော စပယ်ယာ၏ အသံကို ကြားလိုက်ရလေတော့သည်။

ထိုအခါမှ ကားကြီးက တစ်ကိုယ်လုံးတုန်ယင်ကာ စက်ပြန်နိုးလာတော့သည်။ ကားစက်နှိုးလို့ ဘီးလုံးနှစ်ချက်လောက် အလိမ့်မှာပဲ–

"ဟိုး . . . ဟိုး . . . ဟိုးထား . . ."

ဟု ရေ့ဆီမှ အော်ဟစ်ပြေးလာကာ လူငယ်တစ်ယောက် ကားပေါ် ပြေးခုန်ကာ ကသုတ်ကရက် တက်လာတော့သည်။

နောက်ဆုံးအချိန်မှ ရောက်လာသည့် ခရီးသည်ဖြစ်တာရော၊ သပ်ရပ်တောက်ပသော ရုပ်ရည်ရှိသည့် လူငယ်ဖြစ်တာရောကြောင့် ကားထဲမှ ရှိနှင့်ပြီးသော ခရီးသည်များက လှမ်းကြည့်ဖြစ်ကြသည်။ 'ခြူး' သည်း မော့ကြည့်ဖြစ်ပါသည်။

ကိုယ်တော်က ပုဆိုးနှင့် အင်္ကျီဖြူစတစ်ကော်လာ လက်ရှည်နှင့် လွတ်တော်နားနီးနေသည့် အတ်အစားမျိုး။ သို့သော် မျက်နှာနှင့်ချက်လုံးက နည်းနည်းနီယောင်ယောင်ဖြစ်နေကာ အနံ့ရှူးရှူးလေးတစ်ချက်သည်း လေအဝေ့တွင် ပျံ့လာ၍ သည်ကောင်လေး နေ့ခင်းနေ့လယ် ရာသီဥတုလည်း ကိုယ့်ဘက်မပါဘဲ တစ်ခွက်တစ်ဖလားဆွဲထားမှန်း 'ခြူး' ရိပ်မိလိုက်သည်။ တခြားခရီးသည်များကလည်း ခြူးလို ရိပ်မိမှာ အသေအချာပင်။

လူငယ်က ကြည်လင်ချိုမြသောမျက်နှာနှင့် မုန့်လက်ကောက်သည် အဒေါ်ကြီးဘေး ဝင်ထိုင်မလို ပြင်တော့ . . .

"အစ်ကိုရေ . . . အဲ့ဒီခုံက ကျွံနေတာဗျ။ ဟိုအစ်မလေးဘေးနား ဝင်ထိုင်လိုက်ပါလား"

စပယ်ယာပြောသည့် ဟိုအစ်မလေးဆိုတာ 'ခြူး'၏ဘေးကို ပြောခြင်းဖြစ်သည်။ လူငယ်က ခြူးကို အခုမှ မြင်သွားသည်။ ချက်ချင်းကြီး အားရပါးရ ပြုံးသွားသည်။ စပယ်ယာဘက် လက်ဖျောက်တီးကာ လှည့်၍ ထပ်ပြုံးပြလိုက်သေးသည်။ 'မောင်ပြူး . . . သိပ်တော်တယ်၊

www.burmeseclassic.com

ဘောက်ဆူးကောင်းကောင်းပေးမယ်' ဟူသည့် အပြုံးမျိုးကြီး။ စပယ်ယာကလည်း 'ဆရာ . . . စည်းဝေးခန်းမှာ အိပ်ငိုက်ရင် သောက်ရအောင်' ဟူသည့် အလိုက်သိမှုမျိုးနှင့် ပါးနှစ်ဖက်ဖြီးကာ ပြုံးပြသည်။ နှစ်ဦးသား မတိုင်ပင်ဘဲ ခွေးတံဆိပ်လက်ဖက်ရည်ကြော်ငြာသလို အတွဲအဖက်ညီသွားတာကို ခြူး မြင်လိုက်ရသေးသည်။

လူငယ်က ပုဆိုးအစအနက်ကို ချပ်ရပ်အောင် သိမ်းကာ သူမဘေးသို့ ထိုင်မည်ပြုသည်။ သို့သော် တန်းမထိုင်သေးဘဲ . . .

"နေရာချင်း လဲဦးမလား . . . အမိ"

ခြူးကို နာမ်စားသုံးလိုက်သည်က 'အမိ' တဲ့။ ဘယ့်နှယ် အသုံးအနှုန်းကြီးမှန်းမသိ။

"ဟင့်အင်း . . . လဲပါဘူး"

ပြတင်းပေါက်နားနေရာက ကောင်းတာကို။ ခြူ ရှင်းရှင်းပဲဖြစ်သလို ဖြေလိုက်သည်။

"မလဲလည်း သဘောပါဗျာ။ ပြတင်းပေါက်နားက အထိုင်မတတ်ရင် သမ္မတကြီးဖြစ်တတ်လို့ စေတနာနဲ့ ပြောတာပါ"

"ရှင် . . ."

လူငယ့်စကား ဆန်းဆန်းအဆုံးမှ ခြူးကလည်း ရှုးရှုးလှည့်ကြည့်မိသွားသည်။ စပယ်ယာနှင့် ခရီးသည်များလည်း လူငယ့်စကားကို ကြားသွားပြီး လှမ်းကြည့် နားစွင့်ကုန်ကြသည်။ ထိုသို့ အမူအရာတွေဖြစ်သွားမှ လူငယ်က ခြူးဘေးက ထိုင်ခုံမှာ ထိုင်ချလိုက်ပြီး . . .

"ဒီလိုလေဗျာ . . . ကျွန်တော် ငါးတန်းတုန်းက ကျောင်းလစ်ပြီး ဘာလုပ်ရမှန်းမသိတာနဲ့ မြို့ပတ် (Bus)ကားစီးထွက်ခဲ့တယ်။ အဲဒီတုန်းက အခု ခင်ဗျားလိုပဲ ပြတင်းပေါက်နားက နေရာမှာ ထိုင်နေတာ။ တစ်နေရာရောက်တော့ ပလက်ဖောင်းပေါ်က မိန်းမကြီးတစ်ယောက်ကို ကျွန်တော်ကြိုက်နေတဲ့ ကောင်မလေးရဲ့ အဒေါ်များလားဆိုပြီး ပြတင်းပေါက်က ခေါင်းထွက်ကြည့်မိတယ်"



"နေ . . . နေ . . . ပါဦး။ ရှင် ငါးတန်းတုန်းက အကြောင်းကို ပြောနေတာပါနော်"

ခြူးက ထစ်ထစ်ငေါ့ငေါ့ ဖြတ်မေးမိသည်။ လူငယ်က . . .

"အင်းလေ . . ."

"ဟင် . . . ရှင် ငါးတန်းတုန်းက ကောင်မလေးတွေကို ကြိုက်တတ်သေးလို့လား"

"သုံးတန်းကတည်းက ကြိုက်တတ်တာ။ လေးတန်းနှစ်ကဆို နှစ်ယောက်ပြိုင်တောင် ကြိုက်ခဲ့သေး"

"အာ . . ."

ခြူး ပါးစပ်ဟတတလေးနှင့် အိုးအိုးအမ်းအမ်း ဖြစ်သွားသည်။ လူငယ်ကတော့ ဘာမှမဖြစ်သလို မိန့်မိန့်ကြီးပဲ။ စပယ်ယာကလည်း ပိုင်ပိုင်ကြီး သဘောကျသွားသလို မျက်နှာကြီး ဖြီးသွားသည်။

"ဟီး . . . ဟီး . . ကျွန်တော်ကျတော့ ခုနစ်တန်းနှစ်ကမှ ကြိုက်တတ်တာ . . . ဟီး . . ."

ထိုသို့လည်း သွားရည်မကျရုံတမည် အသံကြီးနှင့် ဝင်ဆွေးနွေးသေးသည်။ ကျန်ခရီးသည်များလည်း ပြုံးစိစိဖြစ်သွားကာ သူတို့လည်း ဘယ်အရွယ်က ဆန့်ကျင်ဘက်လိင်အမျိုးအစားကို ရင်ခုန်တတ်ခဲ့လည်း ပြန်စဉ်းစားချင်သွားကြသည်။

"ထားပါတော့ . . . အဲဒါနဲ့ မိန်းမကြီးကို လှမ်းကြည့်တော့ ဘာဆက်ဖြစ်လဲ"

"အင်း . . . ကားက မောင်းနေတုန်း ပြတင်းပေါက်က ခေါင်းထွက်ပြီး မိန်းမကြီး လှမ်းကြည့်တာလေ။ ကြည့်လို့လည်း ပြီးရော ရှေ့ပြန်လှည့်လိုက်တာ သစ်ကိုင်ကြီးနဲ့ ခေါင်းနဲ့ ရိုက်မိရောဗျာ။ အဲဒီမှာ အိပ်ပေါက်သွားတယ်"

"ကျွတ် . . . ကျွတ် . . ."



www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းက ထိပ်ပေါက်သွားတော့ အနားဆေးထည့်ဖို့၊ ပလာစတာကပ်ဖို့ ဆံပင်တွေကို ရိတ်လိုက်ရတယ်လေ။ အဲ့ဒါနဲ့ ထိပ်ကြီးပြောင်သွားရော။ အဲ့ဒါနဲ့ သမ္မတကြီးဖြစ်သွားရော။ ဒါပဲ"

"ဟမ် . . .'

"ဘယ်လို . . ."

လူငယ်က စကားကိုတုံးတိဖြတ်ပြီး ရပ်လိုက်တော့ ကျန်တဲ့သူတွေ အာမေဋိတ်များနှင့် ကျန်ခဲ့တော့သည်။ နောက်မှ သဘောပေါက်သွားကာ 'ဩော် . . .' ဟု ရေရွတ်သံတွေ တော်တော်များ ပြုံးစစနှင့် ပြိုင်တူကြီး ဖြစ်သွားသေးသည်။ ကားပေါ်မှာ တခြားထိပ်ပြောင်သူ မပါလို့ တော်သေးသည်။

ချိုးလည်း ရယ်ချင်ပေမယ့် ကိုယ်ရယ်တာ သူမမြင်စေချင်သဖြင့် လက်ကိုင်ပဝါအုပ်၍ မျက်နှာ ဟိုဘက်လှည့်လိုက်သည်။

ထိုအချိန် ကားက မီးပွိုင့်လည်းမဟုတ်ဘဲ ထိုးရပ်သွားသည်။ လူကြီးယာဉ်တန်းရှိ၍ ရပ်ပေးလိုက်ရကြောင်း ဝီစီသံအချို့နှင့် ဝီးညှောင်၊ ဝီးညှောင်မြည်နေသော ရှေ့ပြေးယာဉ်များ၏ အသံများမှတစ်ဆင့် သိလိုက်ကြသည်။ သမ္မတကြီး၏ ယာဉ်များလားဟု ချိုး ခေါင်းထွက်မကြည့်ပါ။ ကိုယ်ပါ ထိပ်ပေါက်ပြီး သမ္မတကြီး ဖြစ်သွားဦးမည်။

"ဟူး . . ."

လူငယ်၏ သက်ပြင်းချသံပြင်းပြင်းက ထွက်ချလာပြန်သည်။ ဘာပြောချင်ပြန်ပြီလဲ မသိ။ ချိုး မျက်လုံးထောင့်စွန်းဖြင့် ဝဲကြည့်တော့သည်။ လူငယ်က . . .

"စိတ်ညစ်တယ်ဗျာ . . ."

ဟု အသံထွက် ညည်းညူလာသည်။ ကားထဲက လူတွေက စိတ်ဝင်စားလက်စဖြစ်စွာနှင့် လူငယ့်ထံ အကြည့်ရောက်ကြပြန်သည်။ စပယ်ရာကပဲ (စပယ်ရာရုပ်က အသည်းခြောက်ရောဂါဖြစ်နေသည့် စာခြောက်ရုပ်ကဲ့သို့) မနေနိုင်စွာ မေးပြန်တော့သည်။



"VIP ယာဉ်တန်းနဲ့ တိုးလို့ စိတ်ညစ်သွားတာလား"

လူငယ်က ခေါင်းယမ်းပြသည်။ စပယ်ယာက နှာခေါင်းထဲကို လက်ညှိုးကြီး အကွေးလိုက်သွင်းကာ . . .

"ဒါဆို ဘာလို့လဲ"

ဟု ထပ်မေးသည်။ ဒီတော့ လူငယ်က . . .

"ဒီကနေ့မနက်ဗျာ . . . ကိုယ့်ဘာသာ လက်ဖက်ရည်ဆိုင်က ဖဲပလာတာလေးဝယ်ပြီး ပြန်လာတာ။ အဲ့ဒါကို လမ်းမှာတွေ့တဲ့ သီလရှင်မသေးသေးလေးက ပြောတယ်"

"ဘာပြောတာလဲ"

"သီလရှင်မလေးက ငယ်ငယ်လေး။ အသက်မှ ရှစ်နှစ်လောက် ရှိဦးမယ်။ ဆန်ပန်းလေးရွက်လို့ ခေါင်းတုံးလေးနဲ့လေ။ သူက ပြုံးစိစိနဲ့ လှမ်းပြောသွားတာ"

"ဘာပြောတာလဲ"

"သူနဲ့လည်း မသိဘဲနဲ့။ တစ်ခါမှလည်း မခင်ဖူးဘဲနဲ့ လှမ်းပြောတာ"

"အင်း . . . ဘာပြောတာလဲလို့"

"အညော်စီယောတဲ့"

ခဏ ငြိမ်သွားကြသေးသည်။ ပြီးမှ ဝါး' ခနဲ တစ်ကားလုံး ဝါးလုံးကွဲရယ်သွားကြသည်။

"အဲ့လို ဘလိုင်းကြီး အခေါ်ခံရတာ ကျွန်တော် ဘာပြောရမှာလဲဗျာ။ စိတ်ထဲ အောင့်သက်သက်ကြီး။ ဟုတ်ကဲ့ . . . ကန်တော့ဆန်ပါ ဆရာလေးရယ်၊ ပြောလိုက်ရအောင်လည်း အစပ်အဟပ်မတည့်မို့လား။ အဲ့ဒါနဲ့ ကျွန်တော် အရက်သောက်ပစ်တော့တာပဲ"

"အမ် . . ."

"ဟင်း . . . ဘာမှလည်း မဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူ အရက်သောက်ရသည့် အကြောင်းပြချက်ကြီးကြားတော့ အားလုံး ငြိမ်သွားသည်။ ရမယ်ရှာလွန်းသည့် အကြောင်းပြချက်ကြီး။ သီလရှင်ပေါက်စလေးက 'အညော်စီယော'လို့ နှုတ်ဆက်သည်နှင့် သောက်သည်တဲ့။ ခြူးပင် မျက်နှာအမ်းသွားမိသေး။

"အစ်ကိုကလည်း သီလရှင်မလေးက ကိုရီးယားလို နှုတ်ဆက်ရုံနဲ့တော့ အရက်မသောက်သင့်ပါဘူး"

"မင်းမှ အဲ့ဒီလိုအခြေအနေနဲ့ မကြုံဖူးတာ။ ဘယ်လို ကိုယ်ချင်းစာတတ်မှာလဲ။ အဲ . . . ဒါပေမဲ့ ငါအရက်သောက်တာ အဲ့ဒီကိစ္စတစ်ခုတည်းကြောင့် မဟုတ်ဘူး။ နောက်ထပ် ရှိသေးတယ်။ သီလရှင်မလေးနဲ့ ကြုံခဲ့ပြီး အိမ်ကို ဆက်ပြန်လာတုန်း ပြဿနာနောက်တစ်ခုနဲ့ တွေ့သေးတယ်လေ"

"ဘာပြဿနာလဲ"

"မြွေတစ်ကောင် လည်ပင်းကြိုးဆွဲချပြီး သေကြောင်းကြံနေတဲ့ ပြဿနာပဲ"

"ဗျာ . . ."

". . . . ."

တစ်ကားလုံး ပါးစပ်အဟောင်းသားနှင့် ငြိမ်သွားကြပြသည်။ သူပြောလို့ မျက်လုံးပြူးပေါက်တွေချည်းပဲဖြစ်နေသည်။ မြွေကလည်ပင်းကြိုးဆွဲချနေတာတဲ့။ မြွေမှာ လည်ပင်းရှိလို့လား။ ရှိရင်ကော အဲ့လိုကြိုးဆွဲကြိုးချပါ့မလား။ သူ့အပြောမှာ အားလုံး ပေါက်ကရအတွေးတွေ ဝင်ကုန်ပြန်တော့သည်။

နောက်ဆုံးမနေနိုင်သူ စပယ်ယာကပဲ ထုံးစံအတိုင်း စကားထောက်ရပြန်သည်။

"အစ်ကိုရေ . . . အဲဒါကြီးကတော့ အဟဲ . . . တစ်စိတ် . . မဖြစ်နိုင်ဘူးလားလို့"



လူငယ်က ခပ်တည်တည်ပဲ စပယ်ယာကို မျက်လုံးဝင့်ကြည့်ပြီး . . .

"အဲ့ဒါတွေ ခက်တာပဲ။ မြင်ရမှ ယုံချင်တဲ့စိတ်ကလည်း အဲ့ဒါတွေခက်တာပဲ။ ဒီမှာ နားထောင် . . . မောင်စပယ်ယာရေ"

". . . . ."

"ကျွန်တော် သီလရှင်မလေးဟာသလုပ်တာ ခံရပြီး ဆက်ထွက်လာတော့ အဲ့ဒီကြိုးဆွဲချသေတဲ့ မြွေနဲ့ တွေ့တာပဲ။ ကျွန်တော့် အိမ်မရောက်ခင် လမ်းမှာ ရေမြောင်းကျယ်ကျယ်တစ်ခု ရှိတယ်ဗျ။ အဲ့ဒီ ရေမြောင်းထဲမှာ ဘယ်သူထောင်ထားမှန်းမသိတဲ့ ငါးဖမ်းပိုက်တစ်ခု ရှိနေတယ်ဗျ။ မြွေက အဲ့ဒီ ငါးဖမ်းပိုက်မှာ ခေါင်းညှပ်ပြီး မရုန်းနိုင်မကယ်နိုင်ဖြစ်နေတာလေ"

"အာ . . . အဲဒီလိုပြောပါလား အစ်ကိုကလည်း ဘယ့်နှယ် မြွေက ကြိုးဆွဲချသေတယ်တဲ့"

"မင်းမှ မမြင်တာကွ။ မြွေက ခေါင်းကြီးညှပ်ပြီး အမြီးပိုင်းက ယပ်ကန်ယပ်ကန် ဖြစ်နေတဲ့ပုံက သူ့ဘာသာသူ သတ်သေပြီးမှ နောင်တရနေသလို ဖျပ်ဖျပ်လူးနေတဲ့ပုံကွ"

"ထားပါတော့ . . . အဲ့ဒါနဲ့ ဘာဆက်ဖြစ်တုံး"

"ဘာဖြစ်ရမှာတုံး . . . ငါက မွေးရာပါ နှလုံးသားရှိတဲ့ကောင်ဆိုတော့ မကြည့်ရက်ဘူးပေါ့"

ဘယ်သူက နှလုံးသားမပါဘဲ မွေးလာတာကျလို့ဟု ဘေးကခြူးမှာ နားကြားပြင်းကတ်စွာ ပြန်ပြောလိုက်ချင်မိသေး။

"မကြည့်ရက်တော့ မြောင်းဘေးက တုတ်ချောင်းရှည်ရှည်တစ်ချောင်းကိုယူပြီး ခေါင်းညပ်နေတဲ့ မြွေကို ကူညီရတာပေါ့ဗျာ။ ပိုက်ထဲငြိဝင်နေတဲ့ ခေါင်းကို တုတ်နဲ့ ထိုးထိုးပေးနေရတုန်းပဲ ငါးဖမ်းပိုက်ထောင်တဲ့လူကြီး အနားရောက်လာတယ်ကွ"

"အဲ . . . ကွိတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်း . . . အဲ့လူကြီးကလည်း ခေါင်းတုံးပဲ။ သီလရှင်တော့ မဟုတ်ဘူး။ အညောစီယောလို့လည်း မပြောဘူး။ ဟော့ကောင် . . . ငါ့ငါးဖမ်းပိုက်ကို ဘာလို့ ဖျက်နေတာလဲလို့ ထအော်တာကွ"

"မြွေကိုကယ်တာ မြွေကိုက်ပြီပေါ့"

"အေး . . . အဲ့လို ပြောရမှာပဲ။ ငါလည်း တော်တော်စိတ်လေသွားတယ်။ သူ့ငါးဖမ်းပိုက်မှာ ငါးမမိတာလည်း ငါ့ကြောင့်ဆိုပြီး ထပ်စွပ်စွဲတယ်။ နောက်ဆုံး လျော်ပေးဆိုပြီး ငွေနှစ်ထောင် တောင်းသွားတယ်လေ။ ကဲ . . . ဘယ်လောက်စိတ်ရှုပ်ဖို့ကောင်းတဲ့ နံနက်ခင်းလဲ"

"ဟီး . . ."

တစ်ကားလုံးလည်း ထိုလူငယ့်စကားမှာ ပြုံးစိစိ ဖြစ်ကြသည်။ အပျင်းပြေကြရသည်။

"ဒါပေမဲ့ အဲ့ဒီအကြောင်းပြချက်လောက်နဲ့လည်း အစ်ကို အရက်မသောက်သင့်သေးဘူးလေ။ အဲ့ဒီအကြောင်းပြချက်ကြောင့် အရက်သောက်ချင်တာဆို အရက်သောက်ချင်စိတ်က ပိုနိုင်မာနေပြီး အကြောင်းပြချက်က မခိုင်မာသလို ဖြစ်နေတာပေါ့"

"အံမာ . . . မင်းက တွက်ချက်လှချည်လား"

လူငယ်က အနည်းငယ် ဆင်ခြင်တတ်နေသည့် စပယ်ယာကို အထင်ကြီးသလို တစ်ချက်ကြည့်မြင်သွားသည်။ ပြီးမှ . . .

"ဟုတ်တယ်ကွ . . . တကယ်တော့ အိမ်က မိန်းမပေးစားမယ်ဆိုလို့ ငါ အရက်သောက်တာကွ"

ဟု ကမ္ဘာ့စိတ် အဆင်းရဲဆုံးကိစ္စနှင့် ကြုံတွေ့ရသလို အသံကြီးနှင့် ပြောချလိုက်တော့သည်။ သူက ဒီလို စိတ်ညစ်ပေမယ့် စပယ်ယာကအားကျသံကြီးနှင့် . . .

"ဟား . . . ဒီလောက်ကောင်းတဲ့ ကိစ္စကို ဘာစိတ်ညစ်နေတာလဲဗျာ။ အဲ့ဒီမိန်းမက ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ဘူး၊ ငါက မချစ်လို့"

လူငယ့်စကားက တုံးတိရှင်းလင်း။ ခြူးက လူငယ့်ကို တစ်ချက်ကြည့်မိသေးသည်။ ထို ရွှတ်နောက်နောက်နှင့်လူငယ်က မချစ်လို့ဆိုတဲ့စကားကိုတော့ လေးလေးနက်နက်ပြောတတ်သားဟု အကဲခတ်မိသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ . . . အရက်သောက်တာတော့ မကောင်းပါဘူး။ အစ်ကို စိတ်ညစ်တိုင်း အရက်သောက်ပြီးပဲ ဖြေရှင်းနေတာလား။ တခြားနည်း မသုံးတော့ဘူးလား"

"သုံးသားပဲ အချိုစားတယ်လေ။ စိတ်ညစ်ရင် အချိုစားရတယ်။ မုန့်တွေ လျှောက်ဝယ်စားပစ်လိုက်တယ်။ တစ်ယောက်တည်းစားရတာ ပျင်းရင် သူငယ်ချင်းတွေကိုပါ ခေါ်ကျွေးပစ်လိုက်တယ်"

"ဟီး . . . အဲ့ဒီနည်းကမှ ကောင်းဦးမယ်။ ဗိုက်လည်းဝ စိတ်ညစ်လည်း ပျောက်၊ အဟဲ . . . ဒါဆို အစ်ကိုအခုလည်း အဲ့ဒီနည်းလမ်းသုံးပြီး ကျွန်တော့်ကို မုန့်လက်ကောက် မကျွေးချင်ဘူးလား"

စပယ်ယာက အကွက်ဝင်တုန်း ဝင်ကြီးကျလိုက်သေးသည်။ လူငယ်က ဟိုဘက်ခုံတန်းက မုန့်လက်ကောက်သည် အဒေါ်ကြီးကို တစ်ချက်ကြည့်လိုက်သည်။ မုန့်လက်ကောက်သည် အဒေါ်ကြီးကလည်း သူ့ မုန့်ရောင်းရတော့မလားဟု ရင်ခုန်စွာ မုန့်ပန်းကို ပေါင်ပေါ် မြင့်မြင့်မြှောက်တင်လိုက်သေးသည်။

လူငယ်က ခေါင်းတစ်ချက်ယိမ်းရင်း . . .

"ဝယ်ကျွေးမယ်ကွာ . . . မင်း တစ်ယောက်တည်းတင်မဟုတ်ဘူး တစ်ပန်းလုံးဝယ်ပြီး တစ်ကားလုံးကို ဝေကျွေးပစ်မယ်"

"တကယ်လား . . . ဟေး ဟေး ဟေး . . ."

'ဟေး'ဆိုတာ အားလုံးဝိုင်းအော်ကြတာတော့မဟုတ်။ စပယ်ယာတစ်ယောက်တည်းက အားလုံးအစား အော်လိုက်သလိုကြီးပါ။ တစ်ကားလုံးကလည်း အော်တော့ မအော်ပေမယ့် ပျော်တော့ပျော်နေကြသည်။

စပယ်ယာက ချက်ချင်းဆိုသလိုပဲ မုန့်လက်ကောက်ဗန်းကြီးကို သွားယူပြီး ကားသမားက စတင်ကာ တစ်ယောက်ချင်းစီ လိုက်ဝေတော့

www.burmeseclassic.com

www.burmeseclassic.com

သည်။ ခြူးဆီကိုလည်း မုန့်လက်ကောက်က ဖြောင့်ဖြောင့်ကြီး ရောက်လာသည်။ မယူလိုက်လို့လည်း မရ၊ အားနာသလို လက်ကာပြရင်လည်း ထဘီပေါ်တင်သွားမည့် သဘောမျိုးရှိနေတာမို့ အလိုက်သင့် ယူထားလိုက်ရသည်။

မုန့်လက်ကောက်သည် အဒေါ်ကြီးက သူ့မုန့်တွေ အကုန်ရောင်းရလို့ အပျော်လွန်ပြီး ပါးကြီးတွေ အဖီးလိုက် ကွေးကာ ပျော်နေသည်။

"ကောင်းတယ်ဟော့ . . . မုန့်လက်ကောက်ချိုချိုလေးတွေ"

ထိုသို့အော်ရင်း လိုက်ဝေနေသည်။ VIP ယာဉ်တန်းကြောင့် ပိတ်ဆို့နေသော ယာဉ်တန်းများ ပြန်ချောင်ချိကာ ကားကလည်း စတင်ပြန်ထွက်ခွာပြီ။ တစ်ကားလုံး မုန့်လက်ကောက်စားနေသံများဖြင့် ဖုံးလွှမ်းနေသည်။

ခြူးလည်း မုန့်လက်ကောက်ကို တစ်ကိုက် ကိုက်လိုက်သည်။ ပြီး အရသာခံကာ ဝါးမလို့ရှိသေး လူငယ်ကို ကြည့်ဖြစ်လိုက်သည်။ လူငယ်က အိတ်ကပ်တွေ ပြူးတူးပျာတာလက်နှင့် စမ်းနေသည်။ တခြားအိတ်ကပ်မရှိသည့်နေရာများကိုပါ လက်နှင့် ပွတ်သပ်စမ်းနေသည်။ ပြီး ခဏငြိမ်သွားသည်။ နောက် . . . မငြိမ်နိုင်တော့ဘဲ ဘေးက ခြူးဆီကြည့်လိုက်သည်။ ခြူးကလည်း ပြန်ကြည့်နေပြီးသား ဖြစ်နေသည်မို့ အကြည့်ဆုံသွားသည်။ အကြည့်ချင်းလေး စက္ကန့်လောက်ကြာအောင် ဆုံပြီးမှ . . .

"ရှင် . . . . ပိုက်ဆံ ပျောက်နေတာမို့လား"

ခြူးက လေသံသဲ့သဲ့နှင့် မေးသည်။ သူကလည်း စပ်ဖျင်းဖျင်းနှင့် မျက်နှာနီသွားကာ (အရက်သောက်လို့နီတာထက် ပိုနီသွား) လေသံသဲ့သဲ့နှင့် . . .

"ဟုတ်တယ်ဗျ . . . ဒုက္ခပါပဲ။ အားလုံးလည်း မုန့်လက်ကောက်တစ်ကိုက်စီလောက် ကိုက်ပြီးလောက်ပြီ"



စပယ်ယာက အနောက်ထဲမှာ မုန့်ဝေနေဆဲ။ အားလုံးလည်း စားသောက်နေဆဲ။

"အဲ . . . အဲဒါ ကျွန်တော့်ကို နည်းနည်းကူညီဖို့ အဆင်ပြေ ပြေ . . ."

သူက စကားမဆုံး။ ခြူးက ဆူပုတ်ပုတ် မျက်စောင်းတစ်ချက်ထိုးလိုက်သည်။သူနဲ့လည်း တစ်ခါမှလည်း မသိဘဲ စကားရောဖောရောတွေလည်း အများကြီးပြော၊ အခု ပိုက်ဆံလည်း ချေးဦးမည်။ ဘာပဲဖြစ်ဖြစ် ခြူးက ပိုက်ဆံအိတ်ဖွင့်ကာ တစ်သောင်းတန်တစ်ရွက်တော့ ထုတ်ပေးဖြစ်ပါသည်။

ပိုက်ဆံပေါ်နေ့ရုံသပ်သပ်ဖြင့် ထုတ်ပေးခြင်းတော့ မဟုတ်ပါ။ သူ့ပုံကြည့်ရတာက တကယ့်ကို ပိုက်ဆံပျောက်ရှသွားပုံရခြင်းကြောင့် ကူညီခြင်းသာဖြစ်သည်။ အားလုံးကလည်း မုန့်လက်ကောက်တွေ ရယ်ရယ်မောမော စားနေပြီမို့ ထိုအပျော်ကိုလည်း မထစ်ငေါ့စေချင်သည်မို့ သိုသိုသိပ်သိပ် အခုလို ကူညီလိုက်ခြင်းဖြစ်သည်။

အားလုံးပျော်ပျော်ရွှင်ရွှင် စားသောက်နေကြသည်။ လူငယ်ကလည်း အဒေါ်ကြီးကို မုန့်လက်ကောက်ဖိုး ရှင်းပြီးသွားပြီ။ ခြူးဘေးမှာ ခုနကနှင့်မတူတော့ဘဲ ရှက်သလို၊ အားနာသလို ကျုံ့ကျုံ့လေးပြန်ထိုင်နေသည်။ သည်လိုပုံစံမြင်တော့လည်း ခြူးမျက်နှာလွှဲလျက်ရယ်ချင်သား။

ရွှေ့မှတ်တိုင်ရောက်တော့ လူငယ်က ပြေးဆင်းသွားပါသည်။ ဆင်းခင် ပြောသွားသောစကားကြောင့် ခြူး မျက်မှောင်ကျုံ့သွားရလေသည်။

"ရော့ . . . ဒါက ကျွန်တော့် ကျောင်းသားကတ်။ ကျွန်တော့်ဆေးရုံလာပြီး အကြွေးတောင်းနိုင်ပါတယ်။ ကူညီတဲ့အတွက် ကျေးဇူးပဲနော် . . . ဒီဇင်ဘာခြူး"

ဟုပြောကာ သူ ပြေးဆင်းသွားခြင်းဖြစ်သည်။

www.burmeseclassic.com

"ရှင် . . ."

ဟု ရေရွတ်ကာ ကြောင်အမ်းအမ်းလေး ဝိုင်းသွားသော နှုတ်ခမ်းနှင့် ခြူးကိုလည်း သူ တစ်ချက် ပြုံးပြသွားသေးသည်။

ဘယ်သူလဲ။ ခြူးဖြင့် သူ့ကို မသိပါ။ သူ့တော့ ခြူးနာမည်ကိုတောင် အပြည့်အစုံ ခေါ်သွားလိုက်သေး။ ကျောင်းသားကတ်ကို သေချာငုံ့ကြည့်တော့ သူ့ဓာတ်ပုံနှင့် သူ့နာမည်ကို တွေ့ရပါသည်။

နာမည်က 'ခန့်လင်းရိပ်'တဲ့။



ဒီကိစ္စကို မှန်ရှေ့ရပ်ကြည့်တော့
ဒီစိတ္တဇရဲ့ နာမ်လေးတောင် အရပ်ရှည်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (2)

စကားပြောလျှင် တ ' နှင့် သ ' မပီအောင် တမင်လုပ်ပြောနေသော မိန်းမများကို အထင်သေးသည်။ Toilet ခဏခဏဝင်သော မိန်းမများကို အံ့သြသည်။ ဆံပင်ကို တမင်ရှေ့ချလိုက် ပြန်သပ်တင်လိုက်လုပ်နေသော မိန်းမများကို ခေါင်းတုံး တုံးပေးချင်သည်။ ညက ကိုရီးယားကားလောက်ကိုသာ ကျောင်းကော်ရစ်တာမှ လမ်းပိတ်ရပ်ပြီး ပြောနေတတ်သည့် မိန်းမတွေအားမှ နှာခေါင်းရှုံ့သံကျယ်ကျယ်ပေး၍ ဖြတ်သွားချင်သည်။ မိတ်ကပ်ဘူး ခဏခဏထုတ်ကြည့်ကာ နှုတ်ခမ်းဆူလိုက် မှန်ကြည့်လိုက်လုပ်နေသည့် မိန်းမများကို မုန့်ဟင်းခါးဟင်းရည်ကော်သည့် ယောက်ချိုကွေးကြီးနှင့် ခေါက်ချင်သည်။

ထိုသို့ မိန်းမတွေနှင့်ပတ်သက်ပြီး (ဂျီး) ချေးများလှ ရှိသော 'မောင်ခန့်လင်းရိပ်' ဆိုသော အနီတက္ကသိုလ်ကျောင်းသားလေးသည် 'ဒီဇင်ဘာခြူး' ဟူသော ကောင်မလေးကို တွေ့သောအခါ အထက်ပါ အချက်များအားလုံးကို မေ့သွားသည်။ ခြူးကလည်း အထက်ပါအချက်များအားလုံးမှ ကင်းလွတ်ပါသည်။

ခန့်လင်းရိပ်ဆိုသော သူ့ကို သူငယ်ချင်းများက တစ်လုံးလေကုန်သက်သာ တစ်လုံးပဲဆိုပြီး ရှေ့ကခန့်ကို မခေါ်တော့ဘဲ 'လင်းရိပ်' ဟုသာ ခေါ်ကြသည်။



လင်းရိပ်က နံနက်စောစော ကျောင်းရောက်လျှင် အတန်းဘက်[illegible]မသွားတတ်။ ကျောင်းထိပ်က ရင်းနှီးနေသည့် ဂျာနယ်ဆိုင်တွင် [illegible]ယ်အလကား ဝင်ဖတ်တတ်သေးသည်။ ထိုဂျာနယ်ဆိုင်၏ ဘေး[illegible] စတိုးဆိုင်သေးသေးလေးတစ်ဆိုင်လည်း ရှိသေးသည်။

ခြူးကလည်း ကျောင်းထဲမဝင်ခင် ထိုဆိုင်မှ တစ်ခုခု ဝင်ဝယ်နေကျ။

"ညီမလေး . . . တစ်သျှူးတစ်ထုပ်လောက်၊ အစိမ်းရောင်ပေး"

မျက်နှာကလည်း အဆီသိပ်မပြန်ဘဲ တစ်သျှူးထုတ်လေး[illegible]နက်တိုင်း ဝင်ဝယ်ကာ ဆောင်ထားသောခြူးကို ဒီဘက်ဆိုင်မှ ဂျာနယ်[illegible]တ်ရင်း လင်းရိပ် မှတ်မိနေခြင်းဖြစ်သည်။ ခြူးကတော့ ဒါတွေမသိ။ [illegible]ပင်ရှည်ရှည် လှလှကလေးများနှင့် မျက်နှာဝိုင်းဖြူဖြူရှိသော ခြူးကိုမြင်တိုင်း ဒီဘက်ကနေ လင်းရိပ် ရင်ခုန်စိတ်နှင့် အူယားနေကျ။ သို့[illegible]သော် ဘာမှ စနောက်၊ ကျီစယ် ဇာတ်လမ်းရှာခြင်း မရှိခဲ့။

မထိန်းနိုင်သည့် တစ်နေ့တုန်းကတော့ ခြူး တစ်သျှူးဝင်ဝယ်[illegible]တုန်း လင်းရိပ်ကလည်း စီးကရက်ပါ ညှိသလိုလိုနှင့် စတိုးဆိုင်က[illegible]လောင်းကြိုးဆွဲချထားစေသော မီးခြစ်လေးဆီအသွား ခြူး မှန်ကောင်[illegible]မှာ လက်တင်ပြီး ကိုင်ထားသည့် ဖိုင်ကလေးကို တွေ့ရသည်။ ထို[illegible]ကြည်ရောင် ဖိုင်ကလေးထဲမှ စာအုပ်တစ်အုပ်မှာ ရေးထားသည့် . .

မဒီဇင်ဘာခြူး

ဓာတုမေဂျာ

ခုံအမှတ် (. . . . .)

ဟူသည့် အချက်အလက်များကို ထပ်တွေ့မှတ်သားခဲ့ရသည်။

ဟိုတစ်နေ့ကလည်း ကံကောင်းချင်တော့ ကိုယ့်ကိုယ်ကိုယ် စိတ်[illegible]ပျက်နှင့် ကားဂိတ်တစ်ခုမှာ ရပ်နေမိသည်။ ထိုအချိန် ဘတ်စ်[illegible]စီးပေါ်မှ သူမကို သူ လှမ်းတွေ့လိုက်ရသည်။ ကားပြတင်းတံခါးမှ [illegible]နေကျ မျက်နှာလေးကိုမြင်တော့ စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားသည်။ [illegible]သောက် အခွင့်ကြုံနေတာကို ကိုယ့်ဘက်က တစ်ခုခုမလှုပ်ရှားရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

နလုံးသားကိုယ် အလိုမလိုက်လွန်းရာကျမည်ဟု ဆင်ခြင်မိသည်။ (Bus) ကလည်း အခုမှရပ်တာဖြစ်၍ အနည်းငယ်ကြာဦးမည်ဟု တွက်ချက်မိကာ အနီးဆုံးအရက်ဆိုင်တစ်ခုထဲ သူ ပြေးဝင်လိုက်သည်။ ပြီးလျှင် Grand Royal အပြားသေးတစ်ပြားမှာကာ ရေများများရော၍ ခေါင်းမော့စလောင်း ချထည့်လိုက်သည်။

"....."

တစ်ဆိုင်လုံး ကြောင်ကြည့်သွားကြသည်။ သူ မရူးကြောင်း ပြန်ပြုံးပြရသေးသည်။ သူ့ (Plan) သူပဲ သိသည်မဟုတ်လား။ ပြီး ... ဆိုင်၏ Toilet ထဲအမြန်ပြေးဝင်ကာ မျက်နှာနှင့် မျက်လုံးကို နီတွတ်လာအောင် လက်နှင့်ကြမ်းကြမ်း ပွတ်လိုက်သည်။ ပြီးမှ ဆိုင်ထဲထွက်ကာ သူမရှိနေသော (bus) ဆီသို့ အမြန်ပြေးတက်ခဲ့လိုက်ခြင်း ဖြစ်တော့သည်။ သူထင်သလို ဇာတ်လမ်းတစ်ခုတော့ ဖြစ်ခဲ့ပါရဲ့။ ငွေတစ်သောင်းတော့ အကြွေးတင်ခဲ့သည်။ မဟုတ်ပါလား။

• • •

"ဟား ... ဒါဆို မင်း ဒီဇင်ဘာခြူနဲ့ ဇာတ်လမ်းစပြီပေါ့ ... လင်းရိပ်"

"ခြူမဟုတ်ဘူး။ ခြူး ... ခြူး ... ဒီဇင်ဘာခြူးလုပ်ပါ မျိုးမင်းသန်းရာ"

"အေးအေး ... အဲဒီ ဒီဇင်ချူရူးနဲ့ မင်းနဲ့က ..."

"မင်းမူးနေတာလား မျိုးမင်းသန်း။ ခြူလည်း မဟုတ်ဘူး။ ချူရူးလည်း မဟုတ်ဘူး။ ခြူးလို့ ပြောနေတယ်"

လင်းရိပ် အံကြိတ်အောက်လိုက်မှ မျိုးမင်းသန်း မျက်နှာပိုးသတ်သွားသည်။ နှစ်ယောက်သား ဟိုကောင်တွေအဆောင်သို့ လမ်းလျှောက်လာရင်း လမ်းမှာပြောနေကြခြင်းပါ။ အဆောင်က ကျောင်းနှင့် နီးပါသည်။



"အေး ... နောက်တစ်ခါ မမှားစေရပါဘူး။ ဒါဆို မင်းနဲ့ အဲ့ဒီ ဒီဇင်ဘာခြူးနဲ့ အိုကေပြီပေါ့။ ဟား ... ဟား ... ကောင်းတယ်ကွာ။ ငါတို့ကို အဲ့ဒါ မင်းတစ်ဝိုင်းတော့ တိုက်သင့်ပြီ"

"အဆင်မပြေသေးပါဘူးကွာ။ အခုမှ စတုန်းလို့ ပြောနေတယ်လေ"

မျိုးမင်းသန်းကြီးက ရကို မရ။ ဘာစကားပြောပြော သေချာအာရုံစိုက်နားမထောင်။ ပြောပြီးသားစကားတွေလည်း ပြန်ပြန်မေးတတ်သေး။ ပြီးလျှင် သူပြောချင်ရာကို အာလုတ်သံပြင်းပြင်းကြီးနှင့် အားပါတရ ခုတ်ခုတ်ပြောတတ်သေးသည်။

ခဏအကြာ 'မျိုတို့မောင်' ဟူသည့် ယောကျ်ားလေးဘော်ဒါဆောင်ရောက်တော့ အပေါ်ထပ်တက်ခဲ့ကြသည်။

အပေးထပ်တွင် ရာဇာရှိန်းနှင့်ဝက်စတူးက ဘာလုပ်နေကြမှန်းသိ။ ရာဇာရှိန်းက ဝက်စတူးကို ကျောပေးထားသည်။ ဝက်စတူးက တော်တပ်ရပ်ပြီး သီချင်းဆိုနေသည်။ လင်းရိပ်တို့ ဝင်လာတာမြင်မှ အဆိုရပ်သွားသည်။

"ဟေ့ကောင်တွေ ... ဘာလုပ်နေကြတာလဲ"

ကျောပေးထားသည့် ရာဇာရှိန်းကြီးက လှည့်လာပြီး ...

"ဗိုက်ဆာနေတာကွ ... ထွန်းကို ခေါက်ဆွဲသွားပြုတ်နေတာ မကျက်သေးလို့။ ဒီကောင်နဲ့ အိပ်မက်ဆုံရာတမ်း ကစားနေတာ။ ဒီကောင့်အသံပါဝါကောင်းရင် ငါက လှည့်ကြည့်ဖို့ ခုန ကျောင်းခိုင်းထားတာလေ"

"အာ ... အဆာလွန်ပြီး ရူးကုန်ကြပြီလားကွာ"

မျိုးမင်းသန်းက သက်သက်ညှာညှာ ညည်းသလို လင်းရိပ်ကသည်း ခေါင်းကုတ်သည်။ အိပ်မက်ဆုံရာက အကောင်းစား ဆုံလည်ဆိုင်ခုံနှင့်မို့ စတိုင်လ်ကျကျ လှည့်လို့ရသည်။ အခု ရာဇာရှိန်းထိုင်နေတာက သာမန်သစ်သားကုလားထိုင်ကြီး။ ဇွတ်လှည့်လို့ ခင်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com

ကော်ဇောပြေလျှင် အဆောင်ပိုင်ရှင်က ဆဲဦးမည်။ ဘာကောင်တွေမှန်း မသိ။ မရှိလို့သာ ပေါင်းနေရတာ။

"မင်းတို့က ဘာလာလုပ်တာတုံး အတန်းက မစောင့်ဘဲ"

"အဲ့ဒါကို ပြောပြချင်နေတာပဲ။ ဒီကောင်နဲ့ ဇန်နဝါရီချိုးနဲ့"

"ဒီဇင်ဘာချိုးလို့ မင်းကို ငါ အတန်တန် ပြောထားတယ်လေ ဟေ့ကောင်"

ထုံးစံအတိုင်း မျိုးမင်းသန်းပင်။ လင်းရိပ်ပြောရမှာကိုလည်း သူက အသံခုတ်ခုတ်ကြီးနှင့် သောက်တလွဲတွေ ဝင်ပြောနေသည်။

"ဘာလဲ . . . လင်းရိပ်။ ဂျာနယ်ဆိုင်က ချောင်းချောင်းနေတဲ့ တစ်သျှူးမလေးဆိုတာလား"

ဝက်စတူးကမှ နားခွက်မှမီးတောက်ကာ အကောင်တန်းမြင်သေးသည်။ လင်းရိပ်က ရှက်သလိုလို (တကယ်က နည်းနည်းမှ မရှက်ပါ) ပြုံးရင်း . . .

"ဟုတ်တယ် . . . ငါ အဲ့ဒီအစိမ်းရောင် တစ်သျှူးမလေးနဲ့ ပတ်သက်ပြီး လှုပ်ရှားတော့မလို့ကွ"

"ကောင်းတာပေါ့ကွ။ လှုပ်ရှားသင့်တာကြာပြီ။ ဒီနှစ်မှမလှုပ်ရှားရင် ကျောင်းပြီးတာနဲ့ ဘာဓာတ်လမ်းမှ မရှိဘဲ ပြီးသွားလိမ့်မယ်"

"ဟိုလိုကွာ . . ."

"မျိုးမင်းသန်း . . . သူတောင်းစား၊ မင်း ဝင်မပြောနဲ့ လင်းရိပ် ကိုယ်တိုင် ပြောပါစေ"

မျိုးမင်းသန်း ပါးစပ်ပိတ်သွားမှ လင်းရိပ်က လူတွေ့တိုင်း လက်တို့ကာ လိုက်ပြောချင်နေသော အကြောင်းလေးများကို ရင်ဖိုစွာ ပြောပြလေတော့သည်။ အရက်မူးဟန်ဆောင်ပြီး သူ့ဘေးဝင်ထိုင်ကာ သူ့နားကပ်ပြီး ပေါက်ကရလေးတွေ လျှောက်ပြောခဲ့တာ။ ကားပေါ်က မဆင်းခင် ပိုက်ဆံချေးလိုက်တာတွေကို အတိအကျကြီး ပြုံး၍ ပြောပြ ပစ်လိုက်သည်။



ဟိုကောင်တွေလည်း သဘောကျသလို ရယ်သည်။ ဝက်စတူး ကတော့ နည်းနည်းဝေဖန်သေး . . .

"ဟေ့ကောင် . . . မင်း သူနဲ့ ခပ်မြူးမြူးလေး စဝင်လှုပ်ရှား တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ အရက်မူးတဲ့ ပုံစံဖမ်းသွားတာတော့ သိပ်မကောင်းလှဘူးကွ။ ဒီဘက်ခေတ်က ပွင့်လင်းလာပြီဆိုပေမယ့် တကယ်တမ်း ဘယ်မိန်းမကောင်းမှ အရက်သမားကို မကြိုက်ချင်ပါဘူး။ မင်းကို အရက်သမားလို့ ထင်သွားရင် သိပ်မကောင်းဘူးနော်"

"အာ . . . ဒီကောင်က တစ်ခွက်လောက်တောင် နှာခေါင်းပိတ် တိုက်မှ ဝင်တဲ့ကောင်ပါကွာ"

"ဒါပေမဲ့ ကောင်မလေးက အဲ့ဒီလို ထင်သွားနိုင်တယ်လေကွာ"

ဝက်စတူးပြောမှ လင်းရိပ်မျက်မှောင် နည်းနည်းကျုံ့ရသည်။ ဟုတ်သည်။ အဲ့ဒီတုန်းက မတွေးမိခဲ့ခြင်းဖြစ်သည်။ အခုကျတော့ ဝက်စတူးပြောတာ . . . ဟုတ်သား။ ယမကာနံ့ကို မည်သူက အထင်ကြီး မည်နည်း။

"အကောင်းဘက် တွေးစမ်းပါကွာ။ ဘာပဲပြောပြော ဖတ်စတက် (First Step)ပဲကွ။ စတင်ပြုလုပ်ခြင်းဆိုတဲ့ အစပျိုးမှုကကို ကောင်းနေပြီ ကွ . . . ဟဲ . . . ဟဲ။ ငါတို့ အစွမ်းကုန် ကူညီပါ့မယ်။ လင်းကြီးရာ အားကိုးစမ်းပါ"

"အေး . . . ကြောက်ကြောက်နဲ့ အားကိုးရဦးမှာပဲ"

ဟု လင်းရိပ်ကပြောတော့ အားလုံး လင်းရိပ်ကို တစ်ယောက် တစ်ဘက်ဆီကိုင် 'မ' ပြီး ပစ်ချဖို့ ပြင်ကြသည်။

ထိုအချိန်ပဲ အပေါ်ထပ်သို့ တဝုန်းဝုန်းနှင့် ခေါက်ဆွဲပြုတ်အိုး ကြီးကို လက်နှီးစုပ်နှင့်သယ်ကာ ထွန်းကို ပြေးတက်လာသည်။ နားစွန် နားဖျားကြားမိတာနှင့်လည်း အော်ဟစ်ပြောလာသေးသည်။

"ဘာ . . . ဘာ . . . လင်းရိပ်နဲ့ ဖေဖော်ဝါရီချိုးနဲ့ စိုပြည်သွား ပြီ . . . ဟုတ်လား"

လင်းရိပ် စိတ်ညစ်လိုက်တာ။ ဒီနာမည်လှလှလေးတွေတောင် ချွတ်မထားနိုင်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် . . . ဒီဇင်ဘာခြုံးပါကွာ"

"အေး . . . အေး . . . ဝမ်းသာတယ် သူငယ်ချင်း။ လာ . . လာ . . . ငါတို့ ဘရိတ်ဖတ် (Breakfast) ခေါက်ဆွဲဝင်စားဦး"

ခွန်းနှစ်ချောင်း၊ တစ်တစ်စုံထည့်လာသော ခေါက်ဆွဲပန်းကန်ကို ကြည့်ကာ လင်းရိပ် 'လေ' မိပြန်သည်။

"ဟာ . . . ပန်းကန်ထဲ လက်နှီးစုတ်ကြီးကလည်း တစ်ဝက်ဝင်လို့ကွာ"

"ဖယ်စားလိုက် ရပါတယ်ကွာ။ အရသာတောင် လေးလေးပင်ပင် ရှိသေး"

"အေးလေ . . . ဟား . . . ဟား . . ."

"ဆာတာပဲ သိတယ် . . . ဟေး . . . ဟေး"

မျိုးမင်းသန်းကပါ တ'ဝင်ကိုင်သည်။ လင်းရိပ်ကတော့ ရှင်းရှင်းပဲ။ ရွံလို့မစား။ အရည်တွေ ရှလူးရှလူးမြည်အောင်သောက်၊ ခေါက်ဆွဲဖတ်တွေ အလုအယက်စားရင်း ကုန်ခါနီးလောက်မှ ရာဇာရှိန်းမျက်နှာတစ်မျိုး ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

ရာဇာရှိန်းက ခုနက ဟင်းရည်ပန်းကန်ထဲ နစ်ဝင်နေသော လက်နှီးစုတ်ကို ကောက်ကာ ဖြန့်ကြည့်လိုက်သည်။

"ဟာ . . . အတွင်းခံကြီး"

ထွန်းကို ဝက်စတူး၊ မျိုးမင်းသန်းတို့ မျက်လုံးအပြူးသားနှင့် ထအော်သည်။ ရာဇာရှိန်းကလည်း ကြက်သေသေလျက်အသံကြီးနှင့်–

"ငါ ပျောက်နေတဲ့ဟာကြီးကွ"

"ဘာ . . . "

"လျှော်မလို့ရှာနေတာ သုံးရက်ရှိပြီ"

တဝေါ့ဝေါ့နှင့် အနီးဆုံးပြတင်းပေါက်ဆီ လုပြေးကာ အန်ကြတော့သည်။ လင်းရိပ်ခမျာ ကြက်သီးထရင်း ခေါက်ဆွဲဝင်မစားမိသဖြင့် မြတ်စွာဘုရားအား ကျေးဇူးတင်နေမိတော့သည်။

* * *



ငါ့ကိုယ်ငါ ကိုယ်ပွားသန်းတစ်ထောင် ခွဲလိုက်တယ်။
ပြီးတော့ သူမကို မဲပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

**(3)**

ခြူးက ရယ်စရာပြောနေခြင်းလည်း မဟုတ်ပါ။

ဒါကို ခက်ခက်နှင့် နွယ်တာက အရမ်းရယ်နေသည်။ ကျောင်းသားကတ်ထဲမှ ဓာတ်ပုံကိုလည်း သဲသဲလှုပ်အောင် ကြည့်နေသည်။

"ငါသိချင်တာက တစ်ခုတည်းဟ"

"အကြွေး လာဆပ်၊ မဆပ်လား"

"မဟုတ်ဘူး . . . သူ အကြွေးသေချာပေါက်ဆပ်မယ်လို့ ယုံတယ်။ ငါသိချင်တာက သူ ငါ့နာမည်တွေ ဘာတွေ ဘယ်လိုသိနေလဲဆိုတာပဲ"

ပြောပြောဆိုဆိုပဲ နွယ်တာတို့ လက်ထဲက ကျောင်းသားကတ်ကို ဆွဲယူ၍ ခန့်လင်းရိုပ်ဆိုသည့် သူ့ဓာတ်ပုံကို သေချာကြည့်မိပြန်သည်။ ရှုတ်ခုံးမွေးကောင်းကောင်း၊ နှုတ်ခမ်းပါးပါး၊ အသားကြည်ကြည်လင်လင် ရှုတ်လတ်ကြည့်ကောင်းသော လူငယ်တစ်ဦးမှန်း ပေါ်လွင်နေသည်။ ဘတ်စ်ကားပေါ်တွင် မူးမူးနှင့် လျှောက်ပြော၊ လျှောက်လုပ်တတ်သော စရိုက်နှင့် ယခုရုပ်ရည် နှိုင်းယှဉ်ကြည့်တော့လည်း ခြူး နှမြောမိသား။

ထိုအချိန်ပဲ . . .



"ဟေး . . . ချစ်ဆုံး . . . သူငယ်ချင်းလေးတို့ရေ"

ဟု လှမ်းအော်လိုက်သော မိုးပန်ကို တွေ့လိုက်ရသည်။

မိုးပန်က ကန်တင်းထဲ သွက်လက်စွာဝင်လာရင်း လမ်းမှာတွေ့သည့် စားပွဲထိုးကို ကျောက်ကျောဖျော်ရည်တစ်ပွဲ မှာလိုက်သေးသည်။

"ငါ နင်တို့ကို မနေ့ကတည်းက လိုက်ရှာနေတာ။ နင်တို့ ဘယ်ရောက်နေကြတာလဲ"

"အတန်းမရှိလို့ စောစောပြန်သွားကြတာပါဟာ။ နင်က ဘာလို့ လိုက်ရှာနေတာတုံး"

မိုးပန်က အီး-မေဂျာမှဖြစ်သည်။ ဒီဇင်ဘာခြူး၊ ခက်ခက်နှင့် နွယ်တာတို့နှင့် မေဂျာမတူပေ။ နွေရာသီ ကရာတေးသင်တန်းတက်ရင်း သိကျွမ်းခဲ့သော သူငယ်ချင်းများဖြစ်သည်။ မိုးပန်က သက်ပြင်းချရင်း ဆက်ပြောသည်။

"ငါ့အိမ်က ငါ့ကို သမီးကညာ အခါမလင့်စေနဲ့တွေ လုပ်ကြမလို့တဲ့ဟယ်"

"ယောက်ျားပေးစားတော့မလို့တဲ့လား"

"အေးဟယ် . . . သီးချိန်တန် သီးခိုင်းတော့မလို့တဲ့"

"ဟယ် . . . စောစောစီးစီး ကျောင်းတက်ပညာသင်ကောင်းနေတုန်းကို"

"အေး . . . အဲဒါကြောင့် စိတ်ညစ်ပြီး ဘာလုပ်ရကောင်းမလဲ တိုင်ပင်ဖို့ နင်တို့ကို လိုက်ရှာနေတာလေ"

မိုးပန်ကလည်း ကြည့်လိုကောင်း၍ ပွင့်လင်းသော မိန်းကလေး အမျိုးအစားထဲကပါ။ ကိုယ့်သူငယ်ချင်းတစ်ယောက်အနေနှင့် ယောက်ျားယူရန် စောသေးသည်ဟု ခံစားရသော သူမတို့ကလည်း စိတ်ပူစွာ မေးမြန်းရတော့သည်။

"နင်နဲ့ ပေးစားမယ့်လူက ဘယ်သူလဲ။ နင် မကြိုက်လို့လား"

ခြူး မေးသည်။ မိုးပန်က . . .

www.burmeseclassic.com

"ငါ ဟိုလကပဲ ကိုတင်ဖြိုးကြီးကို အဖြေပေးလိုက်ပြီလေဟာ။ သူ့အဖြေပေးပြီးတာမှ မကြာသေး။ ငါက တခြားတစ်ယောက်နဲ့ သွားယူရင် ငါက မိန်းမရိုင်း ဖြစ်သွားမှာပေါ့ဟဲ့။ ပြီးတော့ ငါက ကိုတင်ဖြိုးကြီးကိုလည်း . . . တကယ် . . . တကယ် . . . ချစ်နေမိပြီဟ"

". . . . ."

နွယ်တာတို့ မျက်နှာတွေ သောက်မြင်ကပ်သလို ရှုံ့သွားကာ မိုးပန်မြင်ဖါသည်။ ရှက်ရှက်နှင့်ပဲ . . . ဟီး . . . ဟု ရယ်ပြလိုက်သည်။ ကိုတင်ဖြိုးဆိုတာ Physics ဂုဏ်ထူးတန်းကျောင်းသားကြီးတစ်ယောက်ပါ။

"နောက်ပြီး ငါနဲ့ပေးစားမယ့်သူက ငါနဲ့ ငယ်သူငယ်ချင်းပဲ။ အကြောင်းသိ ဓာတ်သိတွေ။ အဲ့ဒီကောင်ကို ငါ ဘယ်လိုမှ ရင်မခုန်ဘူး"

"ရုပ်ဆိုးဆိုး ညစ်တီးညစ်ပတ်နဲ့မို့လား"

"အဲ့ဒါတော့ မဟုတ်ဘူးဟဲ့။ ငါက ကြည့်မရပေမယ့် သူ့ရုပ်ကတော့ အမိုက်စားထဲကပဲ။ စိတ်ရင်းလည်း ကောင်းပါတယ်။ စကားပြောရင် ပေါက်ကရပြော၊ လူကြားထဲဆို ငါ ပွေးပေါက်ဖူးတာကအစ ငယ်ကျိုးငယ်နာဖော်၊ အိမ်လာရင်လည်း နံရံက ငါ့ဓာတ်ပုံမှန်မှာ နှုတ်ခမ်းမွေး ဆွဲသွားတာတို့ ဘာတို့၊ ဗရုတ်ကျသွားတတ်လို့ ကြည့်မရတာ။ နောက်ပြီး သူငယ်ချင်းအစစ်ကြီးတွေဖြစ်နေကြတော့ ဘယ်လိုမှကို ရင်မခုန်တာ။ ရင်ဆိုတာလည်း ဖွတ်လုပ်ခုန်လို့ မရဘူးမို့လား"

မိုးပန်ပြောစကားက မှန်သည်။ ရင်ကို ဖွတ်လုပ်ခုန်တာက အသက်ရှုရပ်သွားမှ နှလုံးသားခုန်စက်နှင့်ဖိပြီး လုပ်ယူခုန်ခိုင်းတာကောင်းသည်။ ဒီအတိုင်းတော့ ရင်ခုန်ခြင်းကို သဘာဝအတိုင်း သူ့အလိုလို အလုပ်လုပ်ခိုင်းတာ ဖြူစင်မည်။

"အဲ့ဒီလူကကော ဘယ်လိုလဲ"



"သူကလည်း ငါနဲ့အတူတူပဲ။ မယူချင်ဘူးတဲ့။ နင်နဲ့ယူမယ့်အစား၊ ကြွက်သတ်ဆေးသောက်၊ တိုက်ပေါ်က ခုန်ချပြီး သူ့အိမ်ရှေ့တဖြတ်လာမယ့် မီလ္လာကားအောက် ခေါင်းဝင်ထိုးခံပစ်လိုက်မှာတဲ့"

"အယ် . . . တူးတူးခါးခါး"

"ကျွတ် . . . ကျွတ် . . ."

"အင်း . . . ငါတို့ ကာယကံရှင်နှစ်ယောက်တော့ ဒီလောက်ဖြစ်နေတဲ့ဟာကို ငါတို့အဖေနှစ်ယောက်က ငယ်သူငယ်ချင်းတွေဆိုတော့ သူတို့သားသမီးတွေကို သိပ်ပေးစားချင်နေတာ။ သဘောတူနေတာ။ အပြန်အလှန် ချွေးမတွေ၊ သမက်တွေ တော်ချင်နေကြတာ"

"ဒီလောက်မှဖြစ်နေတာ အဖေတို့အချင်းချင်း ယူလိုက်ကြပါလားလို့ ပြောလိုက်ပါလား"

"အေးလေ . . . အခုခေတ် ယောကျ်ားအချင်းချင်းလည်း ပျော်ပျော်ကြီးတောင် လက်ထပ်ယူနေပြီပဲကို"

နွယ်တာ၏အကြံကလည်း မွေးသဖခင်ကို ရေတိမ်နစ်စေမည့် အကြံကြီး။ မိုးပန် ကိုယ့်အဖေကိုယ် မင်္ဂလာဝတ်စုံဂါဝန်ကြီး ဝတ်လျက် မြင်ယောင်ကြည့်မိတာ 'ဟား . . .' ခနဲ ကြက်သီးထသွားသေးသည်။ မိုးပန် လန့်သွားတာကို ကြည့်ပြီး သူမတို့ ရယ်ကြသည်။ မိုးပန်ကပါ ကိုယ့်ဒုက္ခ ကိုယ် ပြန်လိုက်ရယ်နေသေး။ ရယ်ရင်းတန်းလန်း မျက်နှာက တစ်မျိုးဖြစ်သွားသည်။ မျက်လုံးကလည်း တစ်ခုခုကို မြင်သွားသည်ထိုး။ မိုးပန် အခုမှမြင်သည့် စားပွဲပေါ်ကဟာကို ကောက်ကိုင်ကာ . . .

"ဒီ . . . ဒီကျောင်းသားကတ်က ဘယ်လိုလုပ် ဒီကို ရောက်နေတာလဲ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဒါ . . . ဒါ . . . လင်းရိုပ်ရဲ့ ကျောင်းသားကတ်ပဲ။ ငါ . . . ငါနဲ့ အိမ်ကပေးစားဖို့ သဘောတူနေတဲ့သူလေ"

"ဘာ . . ."



www.burmeseclassic.com

www.burmeseclassic.com

အားလုံး မျက်လုံးပြူးနိုင်သမျှ ပြူးကုန်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင်တွေတော့ စပ်ဆက်မှုရှိလာပြီ။ ရုတ်တရက်အံ့သြမှုနှင့် စားပွဲဝိုင်းတာ ခဏငြိမ်သွားသည်။ ပြီးမှ . . .

"ဟော့ . . . မေးနေတာ ဖြေကြဦးလေ"

"ခြူး . . . နင်ဖြေလိုက်လေ။ နင့်ကိုလာနွယ်တဲ့ ဇာတ်လမ်း"

"ဟေ . . . ခြူးကို လင်းရိပ် လာနွယ်တာလား။ ပြောပြစမ်းပါဦး"

ခြူး ဖြေမည်ပြုစဉ် ခက်ခက်ကပဲ ဝင်ပြောပြသွားသည်။ Bus ပေါ်ကအကြောင်းတွေ၊ သမ္မတကြီးတွေ၊ မြွေက ဆွဲကြိုးချတာတွေ၊ ငွေတစ်သောင်းချေးပြီး မုန့်လက်ကောက် ဝယ်ကျွေးသွားတာတွေ စသဖြင့် မျက်စမျက်နနှင့် MRTV-4 က သတင်းကြေညာသလို ပြောပြသွားသည်။ နားထောင်ရသည့်အကြောင်းတွေက ဒိုင်ကြောင်တာတစ်ကြောင်း၊ သူ့မျက်နှာ လိုက်ကြည့်ရတာကတစ်ကြောင်း နှစ်ထပ် စိတ်ရှုပ်ရသည်။

နားထောင်အပြီး မိုးပန်က . . .

"အောင်မာ . . . ဒင်းက ခြူးကို ဂျလုံးဗလုံးတော်ကီတွေနဲ့ ဝင်ရောသွားတာပဲ။ ပုံစံကြည့်ရတာ ရှေ့ဆက်လည်း နင့်ကို လာရှုတ်တော့မှာ သေချာတယ်"

"သေချာတာပေါ့။ ငွေတစ်သောင်းကိစ္စဗန်းပြပြီး ခြူးဆီရောက်ကို ရောက်လာဦးမှာ"

"ဒါပဲလေ . . . ငွေတစ်သောင်းက လမ်းကြောင်းဖောက်ထားတာပဲ"

ခြူးက ဘာမှဝင်မပြော။ ကိုယ့်ကိစ္စဆိုပေမဲ့ ဘာလုပ်ရမှန်းမသိသေး။ သိချင်ထူးဆန်းနေတာလေးတစ်ခုကိုတော့ ဝင်ညည်းမိသေး။

"သူက ငါ့နာမည်လည်း သိထားတယ်ဟ"

"ဟုတ်လား . . . ဒီကောင် မိန်းမကိစ္စနဲ့ပတ်သက်ပြီး ရည်းစားဘာညာလည်း ရှုပ်တာ ကြားဖူးသေးဘူး။ ဒါပေမဲ့ အခု . . . "



အအေးပိုက်ကို မိုးပန်က စုံထောက်ကြီး စီးကရက်ခဲထားသလိုကိုက်ရင်း

"ငါတို့ ဆက်စောင့်ကြည့်တာပေါ့ဟာ"

အကြောင်းအရာက မိုးပန်ကိစ္စကနေ ခြူးဆီ နဂါးခေါင်းလှည့်သွားသည်။

"တစ်ခုခုထူးတာနဲ့ ငါ့ကို ပြောနော် ခြူး။ ငါ ဒီကောင်နဲ့ ပတ်သက်တဲ့ကိစ္စမှာ နင့်ရဲ့အေးဂျင့် လုပ်ပေးမယ်"

"အကောင်းလုပ်ပေးမှာကော . . . ဟုတ်လို့လား"

"မဟုတ်ဘူး . . . ငါ့လက်ကလွတ် . . . ဖွတ် . . . လွတ်မလို့"

"ကောင်မ . . . "

ပြီးနောက် ထွေရာလေးပါး၊ ငါးပါး၊ ခြောက်ပါးလောက်ပြောပြီး လက်ချာဝင်ရန် လမ်းခွဲလှူခွဲလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## (4)

ခြူးတို့ရပ်ကွက်က မြို့စွန်က ရပ်ကွက်တစ်ခုပါ။ လက်လုပ်လက်စားနှင့် အခြေခံလူတန်းစားပေါသည်။ ခြူးတို့အိမ်ကတော့ ပြေလည်ကြွယ်ဝပါသည်။ ခြူးအဖေကလည်း ရပ်ကွက်လူကြီးတစ်ယောက်မဟုတ်လား။ ( ခြူးအဖေ ရပ်ကွက်လူကြီးမဟုတ်ခင်ကတည်းက ခြူးတို့က ချမ်းသာပြီးသားနော်။ ဖုန်းဆင်းကတ်တွေရောင်းစားပြီးမှ ပွပေါက်တိုးသွားတာဟု သံသယ မဝင်ရ။)

ညဆို ခြူး ပြတင်းပေါက်မှ ကြည့်လိုက်လျှင် အရက်မူးပြီး အိမ်ပြန်နေကြသူများကို မပြတ်တမ်း တွေ့ရသည်။ ရပ်ကွက်အဆုံးတွင် တခြားကျူးကျော်တဲထိုးနေသူ များစွာတို့မှာလည်း ရောယှက်၍ နေရသည်။ စီးပွားရေးက အဆင်မပြေ။ အရက်သောက်၊ အိမ်ပြန်၊ ဟင်းကမကောင်း၊ မိန်းမကိုရိုက်၊ ကလေးကငို စသည်ဖြင့် အပူသည်ဇာတ်တွေ မကြာခဏကြားရသည်။ ထိုအရာတွေကို မြင်ရတာ ခြူး စိတ်ကုန်သည်။

စိတ်ကုန်သည့်အထဲ ဖေဖေလည်း ပါသည်။ ဖေဖေကတော့ ရပ်ကွက်လူကြီးဆိုတော့ မူးရမ်းတာမရှိ။ နေ့ခင်းဘက်ဆို တာဝန်ကျေ။



လူကြီးလူကောင်းပီသ၊ ရပ်ရွာအရေး အစွမ်းကုန်ကြိုးပမ်းပြီး ညဆို ဘီယာဆိုင်တော့ အမြဲသောက်သည်။

ဘာပဲဖြစ်ဖြစ် မိမိယောကျ်ားယူလျှင် ပုလင်းမကိုင်တတ်သောယောကျ်ားမျိုးကိုသာ ဦးစားပေးစဉ်းစားမည်။ ရှပ်ကီသမားတော့ နိုးပဲ။

ကျောင်းထဲဝင်လာရင်းကို ခြူးခေါင်းထဲက ထိုသို့ အလိုလိုအတွေးဝင်နေမိသည်။ ထိုအချိန်ပဲ . . .

"ခြူး . . ."

ခေါ်သံက ဘေးက်အနောက်မှ ထွက်လာသည်။ ခြူး လှည့်ကြည့်ခင်ဘဲ ခေါ်သံရှင်က ဘေးက လိုက်ပါလျှောက်လာသည်။ 'အံ့တိုး'ပါ။ ခြူးကို လူပျိုလှည့်နေသော ဘောလုံးတစ်သင်းစာ လူစာရင်းထဲက တစ်ယောက်။ ခြူးကတော့ ဘယ်တော့မှ First Line-Up မထည့်။ (လူပျိုလှည့်တာကလည်း ရှင်လောင်းလှည့်ရသလို ရွှေထီးငွေထီးတွေ နန်းဝတ်နန်းစားတွေ မလိုတာမို့ထင်သည်။ လူက အများသား)။

"ခြူးလေး . . . ဘာတွေ စဉ်းစားနေတာတုံး။ ကိုယ့်ကိုတောင် မမြင်ဘဲ ကျော်သွားတယ်"

ခြူးက တကယ်မမြင်တာပါ။ ဒါပေမဲ့ မြင်ရင်လည်း မမြင်ချင်ယောင်ဆောင်သွားမည်ပဲဖြစ်သည်။ ခြူးမျက်နှာက ဘေးက ယောကျ်ားတစ်ယောက် ကပ်လိုက်လာလို့ ပြိုတီတီဖြစ်မသွား။ ကြောက်ရွံ့ခြင်းလည်း မရှိ။ မှန်တန်းပဲ။

"ခြူးလေးကို ကိုယ် စာတစ်စောင် ပေးချင်လို့"

"နေပါစေ . . . ကျွန်မ ဟိုတစ်နေ့ကမှ စာအုပ်ဆိုင်က စာအုပ်တွေ အများကြီးဝယ်ထားတာ။ အဲ့ဒါတွေ ဖတ်ရဦးမယ် အချိန်မရှိဘူး"

"အား . . . ခြူးလေးကလည်း ကိုယ်ပေးတာက ရည်းစားစာ"

"ဟာ . . . ဒါဆို ပို့ပေးမနေနဲ့တော့။ ဟိုတစ်ခါ စာသင်ခုံပေါ်မှာ တိတ်နဲ့ကပ်ပြီး စာတစ်စောင်ထားခဲ့တုန်းက ရှင့်လက်ရေး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ဖူးတယ်။ ကိုယ်ဝန်သည် ဘဲငန်းမကြီးပြေးနေသလို ကားရားကားရား လက်ရေးကြီးနဲ့ ကျွန်မဖတ်ရတာ ခေါင်းမူးလို့"

"အဲ . . ."

အံ့တိုးမျက်နှာကြီး 'အဲ'သွားသည်။ ပြောခဲ့လိုက်ရပုံက ရည်းစားစာထဲပဲ ခေါင်းမူးပျောက်ဆေး တစ်ပါတည်း ထည့်ပေးရမလို ဖြစ်နေသည်။ ဒါပေမဲ့ မလျှော့သော ဖွဲ့နှင့်။

"ဒါ . . . ဒါဆို ကျွန်တော် ကွန်ပျူတာ သွားပြန်စီလိုက်မယ်လေ"

"နေပါစေ . . . ရှုပ်ပါတယ်။ ကျွန်မက ရည်းစားစာ ဖတ်ဖူးတယ်။ ပေးမနေနဲ့တော့"

"ဖတ်ဖူးရုံနဲ့ မရဘူးလေ . . . ခြူးရဲ့ ရင်ခုန်ခံစားပေးရဦးမှာပေါ့"

"တယ်ခက်တာပဲ . . . ကျွန်မပြောနေတာလည်း သဘောပေါက်ပုံ မရဘူး။ ရှင် လောကကြီးကို မျှမျှတတ မမြင်ချင်ဘူးလား . . ဟင်"

"မျှတချင်ပါတယ်။ ဖြစ်ချင်ပါတယ်"

"ဒါဆို ရှင်ရေးထားတဲ့စာကို ရည်းစားစာ မဖတ်ရဘူးသေးတဲ့ လူဆီ သွားပေးသင့်တယ်"

"ဘယ်သူ့ဆီကိုတုံး"

"လမုန်ကြီးမိုင်ကိုလေ"

"ဟင်း . . . နာမည်ကြီးကလည်း"

'အံ့တိုး' မျက်နှာကြီး ပုပ်သွားသည်။ ငါးပုပ်လျှင်မှ ငါပိလုပ်ရသေး။ သူ ပုပ်တာက ဘာမှ သုံးစားလို့မရ။ မငိုပေမယ့် မဲ့မဲ့ကြီးဖြစ်နေသည်။

"ဟုတ်တယ် 'လမုန်ကြီးမိုင်' တဲ့။ သူ့မှာ 'လဖုန်ကြီးကိုင်' ဆိုတဲ့ အစ်ကိုလည်း ရှိချင်ရှိမှာပေါ့။ သူက ဘာလူမျိုးလည်း မသိဘူး။ 'လောက်ဝေါ' ဆိုလား၊ 'လောက်ထူ' ဆိုလား။ 'လင်လဲ' ဆိုလား"

"ဟာ . . . ဘာတွေမှန်းလည်း မသိဘူး . . . ခြူးရယ်"

"မသိလဲ နေခဲ့တော့။ ဟေး . . . နွယ်တာ ငါ ဒီမှာ . . . "

"ဟေး . . . မိန်းမ . . . နင် ဘာလို့ နောက်ကျနေတာတုံး"

"သရဲနှင်နေလို့"

အော်ပြေး ပြေးကာ ရှေ့မှကြိုနေသော နွယ်တာဆီရောက်တော့ နှစ်ဦးသား ဆက်လျှောက်သွားကြလေတော့သည်။ အံ့တိုးကြီးမှာတော့ အိုးတိုးအမ်းတမ်း ကျန်ခဲ့တော့သည်။

ထိုအခြေအနေများကို (အံ့တိုး ခြူးကို စာလိုက်ပေးပုံ စဆုံးကို) ဆောင့်ကြည့်နေသူတစ်ဦး ရှိပါသည်။ ထိုလူက လင်းတယ်လို့ရိပ်တဲ့ လင်းရိပ်ပါ။

အံ့တိုးလည်း တစ်ယောက်တည်း ရှက်ရှက်နှင့် အရှက်ပြေ နိုင်ငံခြားမင်းသားပုံစံ စီးကရက်ထုတ်သောက်ကာ (ဇာတ်မင်းသားနှင့် သာတူ) အဆွေးမင်းသားနှင့်တူအောင် ဆံပင်တွေကို ရိုက်ဖွကာ စတိုင်လ် ဆုတ်နေတုန်း . . .

"ကိုယ့်လူ . . . ကိုယ့်လူ . . ."

ဟု ခေါ်ခံလိုက်ရသည်။ ကြည့်လိုက်တော့ လင်းရိပ်ကို တွေ့သည်။ လင်းရိပ်ကို သူ မသိ။ လင်းရိပ်က သူ့ကို အကြွားသန်တာ၊ ဆောက်ကျားတန်မဲ့ လမ်းလျှောက်ရင် ဖင်ပစ်ပစ်ပြီး လျှောက်တာ၊ ပဲများတာ စသဖြင့် အကြမ်းဖျင်း စုံစမ်းသိပြီးသားဖြစ်သည်။

"မင်းက ငါ့ကို ခေါ်တာလား"

လင်းရိပ်က သူ့အမြီးတက်နင်းရန် လာခြင်းမဟုတ်ပါ . . .။ စီးကရက်လေး မီးကူးမလို့ပါ။ ဒါကို သူက မာရေကြောရေ ပြန်မေးခွန်း ထုတ်ပြီး ထူးသည်။ လင်းရိပ် မေတ္တာပျက်သွားသည်။

"ဟုတ်တယ်"

"ဘာလုပ်ဖို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

မူလ ဆေးလိပ်မီးညှိမယ့် အစီအစဉ်ဖျောက်လိုက်ပြီး လင်းရိပ် အသာပြုံးသည်။

"ခုနက ခင်ဗျား ခြူးကို ရည်းစားစာ လိုက်ပေးနေတာမို့လား"

"ဟင် . . . မင်းက လိုက်ချောင်းနေတာလား"

"ခင်ဗျားစာကို ခြူးက ငြင်းလိုက်တယ်မို့လား"

သူ့အမေးကိုမဖြေဘဲ လင်းရိပ် ဖိပြောသည်။ အံ့တိုးမျက်နှာ ချက်ချင်း ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားသည်။

"ဘာကွ . . . ခြူးက ငြင်းတာမဟုတ်ဘူး။ မိန်းကလေးမို့ မူနေတာ။ နောက်ပြီး ခြူးကိုလိုက်တဲ့သူတွေထဲမှာ ငါ အခြေအနေ အကောင်းဆုံးပဲ။ အခု ခြူးကလည်း ငါပေးထားတဲ့စာမို့ မယူတာမဟုတ်ဘူး။ ဘယ်သူပေးပေး မယူဘူးလို့ ပြောတာပါ။ ဒါ စဉ်းစားကြည့်ရင် စာပေးတာ မယူဘူးဆိုတော့ စကားပွင့်ပွင့်လင်းလင်း လိုက်ပြောဖို့ အခွင့်အရေးရေလာ မြောင်းပေးတာပဲနေမှာကွ . . . ဟေး . . . ဟေး . . . ငါ အခြေအနေ တိုးတက်လာပြီ"

ကျွတ် . . . ကျွတ် . . စိတ်ထဲမှ စုတ်သပ်တာ လင်းရိပ် သနားမိသေး။ အံ့တိုးက သူ့အတွေး သူကျေနပ်လို့ ဝမှ . . .

"နေပါဦး . . . မင်းက ဘယ်သူတုံး။ ငါ ဒါတွေ ဘာလို့ လာမေးနေတာတုံး"

"အစကတော့ အေးအေးဆေးဆေး စီးကရက်မီးလေးတောင်း မလို့ပါ။ ဒါပေမဲ့ အခုတော့ မျက်စိ စူးသွားပြီ။ ခင်ဗျားနဲ့ ကျွန်တော် အလောင်းအစား လုပ်ချင်တယ်"

"ဘာလောင်းမှာလဲ"

"ခင်ဗျား စိတ်ဝင်စားမှာ သေချာပါတယ်။ ဒီလိုလေ . . . × . . . + . . . − . . . + . . . "

• • •



"ကိုယ့်ကလေးကိုယ် အရက်နဲ့ မြည်းပစ်တဲ့ ဗာရာဏသီ ဘုရင်ကြီးအကြောင်းကို နင် သိတယ်မို့လား"

"အေး . . . ကြားဖူးတယ်လေ"

"အဲ့ဒီနေ့က ဥပုသ်နေ့မို့ ဈေးထဲမှာ ဘာအသားငါးမှ မရဘူး။ ဒါနဲ့ မူးမူးနဲ့ သူ့သားလေးကို စားဖိုမှူးဆီပစ်ပေးပြီး အမြည်းချက်ခိုင်းလိုက်တာ . . . ဟုတ်လား"

"အေး . . . ငါလည်း အဲ့လိုသိတယ်။ စက်ဆုပ်စရာကြီး"

"ကျွတ် . . . ကျွတ် . . ."

"ဘာတွေ စုပ်တသတ်သတ်နဲ့ ဆင့်ပွားတွေးနေတာလဲ နွယ်တာ"

"ဘာမှ တွေးပါဘူးဟယ်"

ထိုသို့ပြောသော်လည်း နွယ်တာ့မျက်လုံးတွေက တွေးဆဆနှင့် ...ည်အကြောင်းအရာထဲမှာ နစ်မျော mood ဝင်နေသလိုရှိသည်။ ခြူး ...တဲ့ခေါ်လို့မှ မဆုံးသေး နွယ်တာက . . .

"ဒါနဲ့ နင်သာ အပြစ်ပေးခွင့်ရှိရင် အဲ့ဘုရင်ကြီးကို ဘယ်လို ...မှာလဲ"

"ဟင်း . . . နင် ဘာတွေတွေးနေလဲတော့ မသိပါဘူး။ ဒါပေမဲ့ ...အမေးကို ငါ ငါ့ထောင့်ချိုးကနေ ငါ မြင်သလို ဖြေကြည့်မယ်"

"အေး . . . မို့စ်မော်ဒန်လို မဖြေရင်ပြီးရော"

နွယ်တာကလည်း မလွယ်။ ခြူး၊ ခြေထောက်များကို တစ်ခုခု ...ားနေဟန်ဖြင့် ခပ်တောင့်တောင့်လေး ထားလျှောက်၊ လက်ကို ဟန် ...ပါလွှဲကာ . . .

"ဒီပုံပြင်မှာ . . . ပုံပြင်မဟုတ်လည်း ပုံပြင်ပဲ ထားပါတော့ ...။ ဒီပုံပြင်မှာ ဘုရင်ကြီးထက် ပိုပြီး မိုက်မဲတဲ့သူ ရှိတယ်။ ငါ သူ့ကို ...ကြီးထက် ပိုတဲ့အပြစ်တောင် ပေးချင်သေးတယ်"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

"စားဖိုမှူးလေ။ အဲ့ဒီဘုရင့်သားကလေးလေးကို ဟင်းလျာများနဲ့ ချက်ပြုတ်ပြီး အမြည်းလုပ်ပေးလိုက်တဲ့ စားဖိုမှူးကြီးကို ပို နုပ်နုပ်စဉ်းချင်တယ်ဟော့"

"ဟဲ့ . . . အဲ့ဒီခေတ်က မင်းတို့စကား မိုးကြိုးသွားလေ။ သူ့ရာဇအမျက်တော်ရှမှာ ကြောက်လို့ပေါ့ဟဲ့"

"အဲ့လောက် တုံးတေနေအောင် ကြောက်ရင်လည်း လူမလုပ်သင့်တော့ပါဘူး။ ဒီလောက် ကိုယ့်သားကိုယ် မသိတော့အောင် မူးနေတဲ့ ဘုရင်ရဲ့စကားကို ဘာကြောက်စရာလိုလဲ။ ဘာလိုက်နာစရာလိုလဲ။ ပြီးတော့ ဘုရင်က ဒီနေရာမှာ သူ့သားကို မချက်ကျွေးခိုင်းဘဲ စားဖိုမှူးရဲ့အမေကို 'ဟေ့ကောင် . . . မင်းအမေကို ချက်ပြုတ်ပြီး ငါ့ဆီလာပို့' ဆို ပို့မှာလား။ အဲ့လိုအချိန်ကျ မင်းတို့စကား မိုးကြိုးသွားဆိုပြီး ကြောက်ဦးမှာလား"

"ဒါတော့ဟယ် . . ."

"နောက်ပြီး ဘုရင်က ဒီလောက်မူးနေပြီပဲ။ တခြား အနားမှာရှိတဲ့သူတွေကော၊ စာဖိုးမှူးကော တိုင်ပင်ပြီး ဘုရင်ကြီးကို နည်းနည်းပါးပါး လှည့်စားလိုက်ပါလား။ သူ ချက်ခိုင်းတာ ချက်လိုက်တဲ့ပုံစံနဲ့ နန်းတော်ထဲက ကြောင်တွေ၊ ကြွက်တွေကို အမြန်ရိုက်သတ်ပြီး ချက်ကျွေးလိုက်ပါတော့။ ဒီလောက်မှ ခက်နေသေးတယ်ဆိုရင်လည်း ကိုယ့်ခေါင်သားကိုပဲ နည်းနည်းလောက်လှီးပြီး ချက်ကျွေးလိုက်ပါလား။ အဲ့ဒါမှ သမိုင်းမှာ အရက်မူးတဲ့ဘုရင်ကြီးကို တရားပြသွားတဲ့ စားဖိုမှူးကြီးဆိုပြီး ဂန္တဝင် တွင်ဦးမယ်။ အခုတော့ မူးမူးရူးရူး မိုက်မဲနေတဲ့ ဘုရင်စကားကို မမူးဘဲနဲ့ လူကျင့်တရားတွေ သွေဖယ်ပြီး လိုက်နာခဲ့တဲ့ အဲ့ဒီစားဖိုမှူးကြီးကို ပိုဒေါသထွက်တယ်"

ခြူးက ရှည်ရှည်လျားလျား ဈာန်ဝင်စွာ သုံးသပ်ပြလိုက်တော့ နွယ်တာ ငြိမ်တွေသွားသည်။



"အင်း . . . နင်ပြောတာလည်း ပုံစံကျသားပဲ။ အင်း . . . ဟုတ်တယ် . . . အင်း . . . ဒါပေါ့လေ"

ခေါင်းတညိတ်ညိတ်နှင့် ဘာတွေ ထပ်တွေးနေမှန်းမသိ။ မေးတော့ မမေးတော့။ မေးပြန်လျှင်လည်း ဘာမှ မတွေးပါဘူးဟု တွေးနေလျက်သားနှင့် ဖြေဦးမည်။ နွယ်တာ တစ်ခုခုပြောချင်နေမှန်း ခြူးသိသည်။

ဂါဝန်ကားကားလေးနှင့် မိန်းကလေး ရုပ်ပုံကားချပ်လေးအောက်မှာ Toilet ဟု ရေးထားသည်။ ထို Toilet အောက် ဝင်ပေါက်မှ သူမတို့ဝင်ခဲ့သည်။ ခြူးက ဆေးစင်မှာ မှန်ကြည့်၊ ချွေးစို့နေသည့်နေရာ၊ တစ်သျှူးနှင့် ဟို စသဖြင့်လုပ်သည်။ နွယ်တာကတော့ အိမ်သာထဲဝင်ကာ ကိုယ့်အိမ်ကိုယ့်ယာလို အကြာကြီး ဝင်ထိုင်နေသည်။

"ဟဲ့ . . . ခြူး . . . နင့်ကို လင်းရိပ်က မူးမူးနဲ့ ချက်စားပြီး မြည်းရင် ဘယ့်နှယ်လုပ်မလဲလို့"

"ဟာ . . . ဒီမိန်းမ အိမ်သာထဲကနေ ဘာတွေလျှောက်အော်နေတာလဲ"

အိမ်သာအခန်းထဲက အော်ပြောနေသည့် အသံနှင့်မို့ လိုဏ်သံသြဲက်နေသည်။ Toilet ထဲတွင် တခြားမိန်းကလေးတွေ ရှိမနေသေးသဖြင့် တော်သေးသည်။

"နင့်ကို လင်းရိပ်က မူးမူးနဲ့ ချက်စားပြီး မြည်းရင်း ဘယ့်နှယ်လုပ်မလဲလို့"

"ထင်တယ်၊ ထင်တယ် . . . နင် ဒီလောက် အဲ့ဒါကြီးကို စိတ်ဝင်စားနေပုံထောက်ရင် တစ်ခုခုတော့ တစ်ခုခုပဲလို့။ နင် တစ်လမ်းလုံးဒါတွေးလာတာပေါ့ . . . ဟုတ်လား"

"ဟား . . . ဟား . . . ဟား . . ."

နွယ်တာ အထဲကမှ ပါးစပ်ကြီး လုပ်ပြီး ရယ်နေသည်။ အငွေ့ငွေ့ ပါးစားမိသလိုဖြစ်မှာ မကြောက်ဘူးလားမသိ။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို သူနဲ့မစနဲ့ ငါမကြိုက်ဘူးနော် . . . နွယ်တာ"

"မကြိုက်ရင် ဘာလို့ တစ်သောင်းချေးတုန်း"

"တော်ပြီ . . . တော်ပြီ . . . အိမ်သာထဲက အော်ပြောမနေနဲ့။ နားထောင်ရတာ နံတယ်။ မြန်မြန်ကိစ္စရှင်း"

"အေး . . . အေး . . . ဒီတစ်ခါညှစ်ပြီးရင် ပြီးပါပြီဟဲ့"

"ဟာ . . . နွယ်တာကြီးက မမိုက်ပါဘူးကွာ"

ခဏကြာမှ နွယ်တာ ထွက်လာသည်။ အိမ်သာအကြာကြီး တက်ပေမယ့် လက်ကျ ခဏလေး ဆေးသည်။ Toilet မှထွက်၍ ကော်ရစ်တာလျှောက်တော့လည်း နွယ်တာက ဒါချည်းပဲ သမိုင်းပေးတာဝန်လို ဆွေးနွေးလာသည်။

"နင့်ကိုဟာ လင်းရိပ် ချက်ပြုတ်ပြီး မြည်းရင်ဟာ . . ."

မိမိကို တော်တော်လင်းရိပ်မြည်းတာ ခံရစေချင်နေသော နွယ်တာ့ကို ခြူး တင်းလာသည်။

"အေး . . . နွယ်တာ . . . နင် ဆက်ပြောရင် အဲ့ဒီပုံပြင်ထဲက စားဖိုမှူးက နင့်ကို အရင်မြည်းပါစေတော်"

"အဲ့ . . ."

ဒါမျိုး ကျိန်ဆဲလိုက်မှ မိန်းမ တိတ်သွားသည်။ စားဖိုမှူးကြီးက သားလှီးဓားကြီးလက်တစ်ဖက်က ကိုင်ကာ လျှာအပြားလိုက် သစ်နေပုံကို မြင်ယောင်သွားခြင်းကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

ထိုအချိန်ပဲ ဖြုန်းခနဲ လူတစ်ယောက် သူမတို့ဘေးမှ ပေါ်လာတော့သည်။ (ဆိုလိုတာက မင်းတောင့်တလွန်းလို့ ငါ ကိုယ်ထင်ပြတာဟူသည့် ရုက္ခစိုးလို ပေါ်လာခြင်းတော့မဟုတ်။ သူမတို့ သတိမထားမိသည့်အနိုက်ဘေးမှ ရုတ်တရက် ပေါ်လာခြင်းကို ဆိုလိုသည်။)

"ဟာ . . . အရက်သမား"

ခြူး လွတ်ခနဲ အော်မိသွားသည်။



တစ်ဖက်လူလည်း သူမ အသံကြောင့် ကြောင်ပြီး မျက်လုံးပြူးသွားသည်။

"ဘာ အရက်သမားတုံး"

ခြူး . . . သူ့ကို သူမရှေ့ သေချာပေါက် ရောက်လာဦးမည်ဟု သိသော်လည်း ထိုမျှ မြန်မြန်ရောက်လာမည်ဟု မထင်ခဲ့။

"ဟာ . . . ဒါ ကိုလင်းရိပ်မဟုတ်လား။ ခြူး . . . နင့်ဆီမှာ ဆောင်းသားကတ်အပေါင်ထားပြီး မုန့်လက်ကောက်ဖိုး ချေးသွားတဲ့လူ မဟုတ်လား"

နွယ်တာ့အသံက ဘာမှန်းမသိ လိုက်လုံမှုတွေ ပါဝင်နေသဖြင့် ခြူး ခြေထောက်နှင့် လှမ်းနင်းရသေးသည်။ ပြီးမှ ခြူး ကိုယ့်ကိုယ်ကိုယ် အချစ်ဝတ္ထုတွေထဲက မာနကြီးနေကျ မင်းသမီးများလောက်နီးနီး မျက်နှာကို ရှုတင်းတင်း လုပ်ထားလိုက်သည်။ ဒီလောက်တင်းထားမှ တန်ကာကျမည်ဟုလည်း ခြူး စိတ်ထဲက ထင်နေသည်။

လင်းရိပ်က အခုမှ အသံထွက်သည်။ မျက်မှောင်ကုတ်လျက်နှင့် . . .

"လူကိုများ အရက်သမားလေး ဘာလေးနဲ့"

"ဟုတ်တာပဲကို"

"မဟုတ်တာပဲကို"

"ဒါဆို ဇိုးသမား"

"မဟုတ်ရေးချ မဟုတ်"

"ဒါဆို ယစ်ထုတ်ကြီး"

"ကျွတ် . . .'

"ဒါဆို ရှပ်ကီဘဲ"

"ဒီရုပ်ဒီရည်ကိုများ"

"ဒါဆို ကိုရှည်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဟမ် . . . ခင်ဗျား ဒါ ဘာကြည့်ပြောတာလဲ"

"ကျွန်မတို့ ရပ်ကွက်ထဲမှာ ကိုရှည်ကြီးဆိုတာ အရက်သမား ပဲ"

"အာ . . ."

လင်းရိပ် ခေါင်းတဖျင်းဖျင်း ကုတ်လိုက်ရသည်။ ဒီကောင်မလေးနဲ့ မနိုင်လိုက်တာ။ လူကို သေရည်ကျူးအဖြစ် အဓမ္မ စွပ်စွဲနေသည်။ စိတ်ရှိလက်ရှိ စိုက်ကြည့်ပစ်ရင်လည်း တအားချစ်စရာ ကောင်းသွားဦး မည်။

"မိန်းမဆိုတာ ဖရဲသီးတစ်လုံးလို အသိရက်ခက်တယ်ဆိုတာ တယ်မှန်တာပဲ"

"ဘာပြောတယ်"

"အဟဲ . . . စပိန်စကားပုံတစ်ခုကို ရွတ်ကြည့်တာပါ"

"ဟင်း . . . လေသံက အမူးသမားလေသံနဲ့ ပိုင်စိုးပိုင်နယ်"

"ခင်ဗျားကျတော့ ဗလောင်းဗလဲ။ ဘတ်စ်ကားပေါ်တုန်းကကျ ငွေတစ်သောင်းကို ရက်ရက်ရောရော ချေးပေးပြီး သဘောကောင်းပြ လိုက်တာ။ အခုပြန်တွေ့တော့ အပေါက်က ဆိုးလိုက်တာ"

"ရုပ်ကီဘဲတွေနဲ့ဆို ကျွန်မက ဆိုးပြီးသားပဲရှင့်"

နှစ်ယောက်နည်းနည်းပဲ ခွာပြီး ကပ်ကပ်လန်နေကြသည်။ နွယ်တာက ကြားက သံခင်းတမန်ခင်း ဝင်ပြောသည်။

"ဒီမှာ . . . ကိုလင်းရိပ်၊ ခြူးက အဲ့ဒီနေ့က ရှင့်ကို ငွေချေး လိုက်တာ သူ့ပိုက်ဆံအိတ်ထဲ ငွေနှစ်ထောင်ပဲ ကျန်တော့တာ။ အစက ရှင့်ကိုမချေးရင် ခြူးက အဲ့ဒီပိုက်ဆံနဲ့ ဘောင်းဘီဝယ်မလို့ဟာ၊ မဝယ် လိုက်ရတော့ဘူး"

"ဟုတ်လား . . . ဘာဘောင်းဘီတုံး"

"ကျွတ် . . . ရှင်သိစရာမလိုပါဘူး"



နွယ်တာက အရေးထဲ အတွင်းရေးတွေ ထည့်ကြော်ငြာနေသေး သည်။ ခြူးမျက်နှာမို့လေး ရဲသွားရသည်။ မောင်မင်းကြီးသားကတော့ ခေါင်းတညိတ်ညိတ် လုပ်နေသည်။

"အင်း . . . အင်း . . . ဟုတ်တယ်။ ဒီလိုကျတော့လည်း ခြူး အလှူအတန်းက သမ္မတကြီးနဲ့ တူသား"

လာပြန်ပြီ . . . သမ္မတ၊ ခြူး ဆတ်ခနဲ ခါးကွေးကွေးမှာ လက်ဖြောင့်ဖြောင့် ထောက်လိုက်သည်။

"ကဲ . . . ပြောစမ်းပါဦး။ ဘယ်နေရာ တူပြန်တာတုံး"

"ဒီကသမ္မတကို ပြောတာမဟုတ်ဘူး။ ဥရုဂွေးသမ္မတ Tese Mujica ကိုပြောတာ။ ကမ္ဘာ့အမွဲဆုံးသမ္မတကြီးလေ။ သူ့လစာ 90% ကို လစဉ် လှူဒါန်းပစ်တာလေ။ သူကျတော့ ပန်းစိုက်စားတာလေ။ အဲ့ဒီ သမ္မတကြီးနဲ့ တူတယ်လို့ ပြောတာ"

ခြူး ဘာသဘောကျသွားသည်မသိ။ ပါးခွက်ပြေပြေလေးချိုင့် ကာ စိမ့်နေအောင် ပြုံးသွားသည်။ ဒါပေမဲ့ မချိုမချဉ် (မစပ်၊ မခါး၊ မငန် ကြောင်းလည်း သိစေ)။ မျက်နှာပေးနှင့် ခပ်တည်တည် ပြန်လုပ် တာ . . .

"သမ္မတကြီးက လှူတာ၊ ကျွန်မက ချေးတာ . . . မတူဘူး။ အဲ . . . လျှောက်ပြောမနေနဲ့တော့။ အခု ဘာလာလုပ်တာတုံး လိုရင်း ပြော"

"အရက်ဖိုး အကြွေးလာဆပ်တာ"

"ဘာ . . ."

ခြူး၏ အော်ပစ်တာ ကော်ရစ်တာတိုင်လုံးကြီးတောင် နားအူ သွားသည်။

"အဲ . . . မုန့်လက်ကောက်ကြွေး လာဆပ်တာလို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆိုပဲ ဆောင်းဘီအိတ်ကပ်ထဲမှ စာအိတ်ဖြူတစ်အိတ်နှင့် ထည့်ထားသော ဆပ်ရန်အကြွေးကို ဆွဲထုတ်လိုက်သည်။ ထိုစာအိတ်နှင့် တစ်ပါတည်းပင် . . .

"ခွက် . . . ကလက် . . . လက်"

ဟူသော ခြောက်ကပ်ကပ်အသံပေး၍ တစ်စုံတစ်ခု သူက ဆောင်းဘီအိတ်မှ ခုန်ထွက်ကာ ကော်ရစ်တာမှာ လိမ့်သွားသည်။

"ဟင်. . . အရက်ပုလင်း အဖုံးကြီး"

ဟုတ်သည် . . . ခြူး ရေရွတ်လိုက်သည့်အတိုင်းပင်။

လင်းရိပ် သွားပြန်ကောက်ကာ ပြန်လာသည်။ အရက်ပုလင်းခွံကို ကြည့်၍ မျက်နှာပျက်သွားသော ခြူးကို လင်းရိပ်လည်း တွေ့လိုက်ရပါသည်။ သို့သော် ရယ်ဟာဟာနှင့်ပင် . . .

"အဟင်း . . . ဒါ ကျွန်တော်သောက်တာ မဟုတ်ဘူး . . . ခြူးရဲ့။ လမ်းမှာ ကောက်တွေ့ရထားတဲ့ဟာ။ ဒီမှာကြည့် . . . အဖုံးမှာ ကံစမ်းမဲပေါက်ထားတယ်"

"ဟင် . . . . ဟုတ်လား၊ ဘယ်လောက်လဲ"

ခြူး ဝင်ပြောခြင်းမဟုတ်။ နွယ်တာက ဝင်စပ်စုခြင်း။

"နှစ်ရာတဲ့"

"ဟင်း . . . နည်းနည်းလေး"

"ပေး . . . ပေး . . . အကြွေး၊ ပြီးရင် ကိုယ့်လမ်းကိုယ်သွားတော့"

ခြူးက ကြားဖြတ်ဝင်နှင်သည်။ ထိုအချိန် အဝေးမှ လူတစ်ယောက် လက်လှမ်းပြသည်။ ခြူးတို့ကို လက်ပြခြင်းတော့ မဟုတ်။

"ဟား . . . ဆရာသက်တင်"

လင်းရိပ်ကလည်း ပြန်လက်ပြကာ အော်လိုက်သည်။ ပြီးလျှင် ခြူးကို စာအိတ်ထည့်ပေးကာ နှုတ်ဆက်၍ ဆရာသက်တင်ထံ ထွက်သွားသည်။ လင်းရိပ် ခပ်ဝေးဝေးရောက်မှ နွယ်တာက . . .



"ဟဲ့ . . . ခြူး၊ ငါတို့ဆရာနဲ့ လင်းရိပ်နဲ့က ဘယ်လိုသိတာလဲ"

"မသိဘူးလေ။ ဘီယာဝိုင်းမှာသိတာ မဖြစ်ဖို့ဘဲ မျှော်လင့်ပါတယ်"

အလိုမကျသလို ပြောရင်း တစ်ချက် လှမ်းကြည့်မိသေးတော့ ဆရာသက်တင်က လင်းရိပ်က ပခုံးဖက်ကာ တစ်ခုခု အရေးကြီးသလို သုတ်ခြေတင်သွားနေသည်ကို တွေ့လိုက်ရသည်။

အတန်းက ပထမအချိန် မရှိသဖြင့် ကန်တင်းသွားရာ ထိုင်နေကျ ဝိုင်းမှာ မိုးပန်နှင့် ခက်ခက်ဖူးပွင့်က ရောက်နှင့်နေကြပြီဖြစ်သည်။ ဘာမဟုတ်သည့်ကိစ္စကိုလည်း ငြင်းနှင့်နေကြပြီဖြစ်သည်။

"ဟဲ့ . . . သူယောင်မယ်သီးပင်ကျ ရှိပြီးတော့ သူယောင်မောင်သီးပင်ကျ ဘာလို့မရှိရတာလဲ"

"မရှိရှိအောင် လုပ်လို့ရတာပဲ။ ငါတို့ သင်္ဘောအဖိုပင်တွေမှာ အသီးမသီးရင် ထဘီအထက်ဆင်စပတ်သလို သူယောင်မယ်ပင်တွေမှာလည်း ပုဆိုးတွေ ပတ်ပေးလိုက်တာပေါ့"

"ဟဲ့ . . . သူယောင်အခြောက်ပင်တွေ ဖြစ်သွားရင် ဘယ့်နှယ်လုပ်ကြမလဲ"

"အေး . . . ဟုတ်သား။ အဲ့ဒီအချက်တော့ စောင့်ကြည့်ဆွေးနွေးရမယ်"

ဘာမျှော်လင့်ချက်တွေနှင့် ဒီကိစ္စကြီးကို ဆွေးနွေးနေကြမှန်းသိ။

"ဘာပဲပြောပြော သူယောင်မောင်ပင် မရှိတာတော့ Gender ခွဲခြားတာပဲ"

အမျိုးသမီးရေးရာထံ တိုင်ကြားချင်သည့် အသံနှင့်ခက်ခက်က ပြောသည်။ ဒါကို အခုဝိုင်းထဲ တင်ပါးလွှဲဝင်ထိုင်သည့် နွယ်တာက . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမပြောမနေနဲ့။ ယောက်ျားလေးတိုင်းမှာ သူ့ဘာသာသူ သူယောင်မောင်သီးတွေ ရှိပြီးသား"

ဟု ပြောလိုက်တော့ ဝိုင်းဆဲကြတော့သည်။ မှန်နေတာပဲ။ တစ်သျှူးစတွေနဲ့လည်း ကောက်ပေါက်ကြသည်။

"ကောင်မတွေ . . . တော်တော် ညစ်ပတ်တယ်"

"ဟုတ်တယ် . . . သူယောင်မောင်သီးက ညစ်ပတ်တယ်"

ကိုယ့်အပြောမှာကိုယ် ထရယ်ဖြစ်ကြသည်။

ခြူးက ကော်ဖီအေး လှမ်းမှာသည်။ နွယ်တာက မိုးပန်နှင့် ခက်ခက်ကို . . .

"ဟဲ့ . . . နင်တို့ အခု နေ့လယ်စာအလွတ် ဝါးတီးဆွဲလို့ရတယ်နော်။ ခြူး အကြွေးရပြီး ထောလာတာနော်"

"တကယ်လားဟ . . . ဘယ်ကအကြွေးလဲ"

"လင်းရိပ်ဆီက ခုနက လာပေးသွားတာ"

"ဟေး . . . စားပြီ"

"ဒါဆို ဝါးပြီ"

ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ရတာများ သူတို့ကို ကျွေးရမည်တဲ့။ လူကိုများ ရှဥကွေး . . . အဲ . . . ဥရှဝွေးသမ္မတကြီး မှတ်နေလားမသိ။ ခြူး 'တော်တော်အ,တယ်' ဟူသည့် သဘောမျိုးနှင့် ရွဲ့ကာ ကြည့်လိုက်ရသေးသည်။

"လင်းရိပ်က အကြွေးသပ်သပ်ပဲ ပေးတာလား။ ဘာပြောသွားသေးလဲ"

"နင့်သတို့သားက ဘာမှမပြောပါဘူးဟာ။ ဆရာသက်တင်နဲ့ လောလော လောလော ထွက်သွားတာ။ သူ့ကျောင်းသားကတ်တောင် ပြန်မယူသွားနိုင်ဘူး။ ဒါပေမဲ့ အကြွေးကိုတော့ စာအိတ်နဲ့ သပ်သပ်ရပ်ရပ် ထည့်ပေးသွားတာ"



"ငါ့သတို့သားက ကိုတင်ဖြိုးပါဟဲ့။ ကဲ . . . ထားပါ။ ခြူး စာအိတ်ထဲမှာ ဘာတွေပါသေးတုံး။ တခြား ဘာညာ . . ."

မိုးပန်ပြောမှ ခြူး သတိရသည်။ ဟုတ်သား။ ငွေရှီးရှီးဆေး ရရဲ့သားနှင့် ဘာကြောင့်အခုလို စာအိတ်နှင့် အိတ်ပိတ်လာပေးရတာလဲ။ သူမ လွယ်အိတ်ကို ဇစ်ဖွင့်ကာ စာအိတ်ကို ထုတ်ယူလိုက်သည်။

"စာအိတ်က ပါးတယ်ဟ။ တစ်သောင်းတန်တစ်ရွက်တည်း နေမှာပါ"

ပြောလည်း ပြော၊ ကော်ကပ်ပိတ်ထားသော စာအိတ်ကို ဖွဖွဖြဲကာ ခြူး ဖွင့်ကြည့်လိုက်သည်။ ငွေစက္ကူတစ်ရွက်နှင့်အတူ စာတစ်စောင်ပါ ထွက်ကျလာသည်။

"ဟင်း . . . တစ်ထောင်တန် တစ်ရွက်တည်း"

ထင်ထားသလို တစ်သောင်းတန်လည်း မဟုတ်။ ဘာသဘောမှန်းမသိ၍ အားလုံး ခေါင်းတွေ ရှေ့တိုးလာသည်။

"ခြူး စာကို ဖွင့်ကြည့်စမ်း"

ခေါက်ရိုးအတိုင်း ဖွင့်ကြည့်လိုက်သည်။ အားလုံး စိတ်ဝင်စားနေကြသည်။ အထဲမှာ ယောက်ျားလက်ရေး ဖြောင့်ဖြူးဖြူးများကို တွေ့ရသည်။ ဘာတွေရေးထားသလဲ ဖတ်ကြည့်တော့ . . .

*သို့ /*

*မဒီဇင်ဘာခြူး*

*ကျွန်တော် စိတ်မကောင်းစွာနဲ့ စာရေးလိုက်ရပါတယ်။*

*ခြူးကို အကြွေး အကျေပေးချင်ပေမယ့် ဒီရက်ပိုင်း အိမ်စားဝတ်နေရေးတောင် အနိုင်နိုင် ဖြစ်နေလို့ပါဗျာ။ ကျွန်တော်အဖေက ကျောက်တွေသယ်ရတဲ့ အလုပ်လုပ်တာပါ။ ဒါပေမဲ့ တစ်နေ့က ကျောက်တွေသယ်ရင်း အက်ဆီးဒင့်ဖြစ်သွားလို့ အလုပ်နားလိုက်ရတယ်ဗျ။ အမေ*



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ရပ်ကွက်ထဲမှာ စက်ချုပ်ပါတယ်။ အဖေ အက်ဆီးဒင့်ဖြစ်တဲ့ နေ့မှာပဲ အမေကလည်း လက်ကို အပ်စူးတာ တော်တော်ထိသွားပြီး စက်မချုပ်နိုင်အောင် ဖြစ်သွားတယ်။ ဒါကြောင့် အကြွေးတွေ ကျေအောင် ဆပ်ချင်သေမယ့် အိမ်မှာ အလုပ်မလုပ်သူများပြီး ကြပ်တည်းနေတာကြောင့် ခဏလောက် ဆိုင်းငံ့ပေးထားရန် တောင်းပန်ပါတယ် ခင်ဗျာ။ တဖြည်းဖြည်းနဲ့ ကျေအောင် ဆပ်သွားပါ့မယ်ခင်ဗျာ။

မှတ်ချက်။ ။ ဒီစာကို ဖတ်ပြီးလျှင် မဒီဇင်ဘာခြူး မစုတ်ဖြဲပစ်ပါနှင့်။ တခြားသူတစ်ယောက် ဝင်လာဖြပ်ပါလိမ့်မည်။

ဝမ်းနည်းစွာဖြင့် . . .
လ.ရ

စာဆုံးတော့ သူမတို့လေးယောက် မျက်လုံးချင်း ဆုံသည်။ ဘာလဲပေါ့။ နားမလည်စရာတွေ ပြည့်နှက်နေသော ဒီစာက အားလုံးကို မျက်မှောင်ကုတ်စေသည်။ ခြူးတောင် စိတ်မဝင်စားဟန် မဆောင်နိုင်ခဲ့။ စာအောက်ဆုံးက 'လ.ရ' ဆိုတာ 'လင်းရိပ်' မှန်းတော့ သူမတို့ တန်းသိသည်။

"သူ့အဖေက ကျောက်တွေသယ်တာ . . . ဟုတ်လား"

လင်းရိပ်တို့ အိမ်အကြောင်းသိသော မိုးပန်ကို မေးရသည်။ မိုးပန်က . . .

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းတို့၊ ဘာတို့ ကျောက်မျက်ရတနာတွေ သယ်ပို့ရောင်းချတာမျိုးပါ။ နောက်ပြီး အက်ဆီးဒင့်ဖြစ်တယ်လို့လည်း မကြားမိပါဘူး။ ဟိုတစ်နေ့က ခြံထဲက အမြင်မတော်တဲ့ ကျောက်တုံးလေး မရွှေ့ရင်း လက်လွတ်ကျလို့ ခြေမ ထိမိတာလောက်ပဲ ရှိတာပါ"



"အယ် . . . ဒါကို သင်းက စာထဲမှာ သူ့အဖေပဲ လမ်းခင်း ကျောက်တွေ ပခုံးရွက်သယ်နေတာလိုလို ဘာလိုလိုနဲ့"

"ဟုတ်ပ . . . ဒါဆို သူ့အမေကလည်း စက်ချုပ်စားရတယ် ဆိုတာ မဟုတ်တော့ဘူးပေါ့"

"အေး . . . မဟုတ်ဘူးလေ။ သူ့အမေက အထည်ချုပ်စက်ရုံ ထောင်ထားတာ"

"ဟင် . . . ဒါကိုများ ရပ်ကွက်ထဲ ကြုံရာကျပန်း လုပ်စားတဲ့ပုံ ရေးထားသေးတယ်။ ကြည့်စမ်း . . . သူ့အမေ အပ်စူးပြီး တော်တော် ထိသွားတာလည်း လျှောက်ရေးထားတာပဲပေါ့ . . . ဟုတ်လား"

"သူ့အဖေ ခြေမကျောက်တုံးပိပြီး ထအော်တဲ့အသံကြောင့် လန့်ပြီး သူ့အမေ အပ်ချုပ်နေရာက အပ်စူးသွားတာတော့ အမှန်ပဲဟ။ သူ့အမေက ခြံထဲမှာ အပျင်းပြေ အထည်တစ်ခု လက်ချုပ် ချုပ်နေတာပါ။ ဒါပေမဲ့ အပ်စူးတာက အရေပြားလေး ဖောက်ဆူးသွားတာလောက်ပါ"

"အယ် . . . အဲ့ဒါကိုများ အပ်စူးပြီး မေးခိုင်ပိုး ဝင်တော့မှာ လိုလို ရေးထားတယ် . . . ကြည့်စမ်း"

"သူက ဘာလို့ ဒါမျိုးလုပ်ဇာတ်တွေရေးပြီး လူကို လာစနေတာလဲ မသိဘူး။ အဖြစ်မှန်မသိမှာကျလို့"

"အဟင်း . . . ဘာမှမဟုတ်ဘူး။ ခြူးကို အကြွေးတစ်ဘရိတ် မပေးဘဲ တစ်နေ့ နည်းနည်းကလေးပေးပြီး ချဉ်းကပ်မလို့ပဲ"

"ဟုတ်တယ် . . . အဲဒါကြောင့် ထွင်လုံးတွေ လုပ်နေတာ"

အားလုံး ထိုသို့ တညီတညွတ်တည်း သိလိုက်ကြသည်။

"ဒါနဲ့ . . . မိုးပန်၊ နင်ကလည်း လင်းရိပ်အဖေ ကျောက်တုံး ခြေမပိတာ လက်အပ်စူးတာကအစ သိသလား"

"သိတယ်လေ . . . အဲ့ဒီနေ့က ငါလည်း သူ့ခြံရောက်နေတာကိုး"

www.burmeseclassic.com

"ဘာသွားလုပ်နေတာတုံး"

"လင်းရိပ်အမေ အန်တီလင်းကို ဓာတ်ပုံပြနေတာ"

"ဘာဓာတ်ပုံလဲ"

"ဒီဇင်ဘာခြူးဆိုတဲ့ ကောင်မလေးရဲ့ ဓာတ်ပုံပေါ့။ အန်တီလို့ သမီးနဲ့ လင်းရိပ်က သူငယ်ချင်း အရင်းကြီးတွေလို့။ သမီးတို့ကို ဦးလေးတို့က ပေးစားဖို့ စီစဉ်နေတာ ဖျက်ပေးပါလို့။ အခု လင်းရိပ်မှာ ရည်းစားလည်း ရှိနေပြီလို့။ ဒီမှာ လင်းရိပ်ဇော်ရဲ့ ဓာတ်ပုံဆိုပြီး ခြူးဓာတ်ပုံ ထုတ်ပြလိုက်တာ"

"ဘာ . . ."

ခြူးမျက်နှာ ရဲရဲတွတ်သွားသည်။ ရှက်ဒေါသဖြင့် လေနှင့်တံတွေးသီးကာ ချောင်းပင်ဆိုးသည်။ မိုးပန်ကိုဆဲဖို့ စကားလုံး လေပြွန်မှာ တစ်နေသည့်အလား လည်ပင်းကို လက်နှင့်ဆွဲကာ ဆန့်ငင်ဆန့်ငင်လုပ်နေရသည်။ ခြူးကို သူမတို့ ဝိုင်းရယ်ကြသည်။

"ကောင်မစုတ် . . . မိုးပန်၊ နင် ဘာတွေလျှောက်လုပ်နေတာတုံး။ အဲ့ဒီအရက်သမားကို ငါ မကြိုက်ဘူးနော်"

"အပြောကတော့ ပြောလို့ရတာပေါ့။ စိတ်ထဲ ဘာရှိလဲ ငါတို့က မိုက်ခရိုစကုပ်နဲ့ ကြည့်လို့ရတာမှ မဟုတ်တာ"

"ဟုတ်ပ . . ."

ခြူးကို စာတိုင်အဖောက်လုလုနှင့်ပင် စနေကြတော့သည်။ ရယ်လို့မောမှ ခက်ခက်က . . .

"ကဲ . . . မိခြူး၊ ငါတို့ကို မျက်စောင်းချည်း ထိုးမနေနဲ့ဦး။ လင်းရိပ်စာကို ပြန်ကြည့်ဦး။ စာအဆုံးက မှတ်ချက်က ဘာလဲ။ ဒီစာကို ခြူး မစုတ်ဖြဲပါနှင့်။ တခြားသူ ဝင်လာဖြလိမ့်မယ်ဆိုတာလေ"

"အေး . . . ဘာလဲ မသိဘူး"

သူမတို့ နဖူးကြောကျဲ့ကာ စဉ်းစားခန်းဝင်ရန် ပြင်စဉ်ပဲ ကန်တင်းထဲ 'အံ့တိုး' တဆောင်းဆောင်း ဝင်လာသည်။ စတိုင်လ်ပင် ဆောင်းဘီက လူနှင့်မလိုက်ဘဲ ပွနေသဖြင့် ပိနေသည့် ဆောင်းဘီအရွက်



ဆွာက ခြေလှမ်းလှမ်းတိုင်း ယပ်ခတ်သလို တဘောင်းဘောင်း မြည်နေခြင်းဖြစ်သည်။

ခြူးတို့ဝိုင်းကို မမိတ်မသုန် လျှောက်လာသည်။ အနားရောက်တော့ စားပွဲပေါ်က လင်းရိပ်ပေးထားသောစာကို ကောက်ယူကာ ဖတ်ခင်မဖတ်ကြည့်ဘဲ တဗြဲဗြဲ ဖြဲပစ်တော့သည်။ ပြီးမှ ကြေကွဲမှုကို အံကြိတ်ခင်းထားသော မေးရိုးမျက်နှာကြီးနှင့် ခြူးကိုကြည့်ကာ . . .

"ခြူးပြောတော့ ကိုယ်ပေးတဲ့စာမို့ မယူတာ မဟုတ်ဘူးဆို။ ဘယ်သူပေးပေး ငြင်းမှာပဲဆို။ အခု ဒီစာကိုကျတော့ ဘာလို့လက်ခံခဲ့တာလဲ"

"ဘာတွေပြောနေတာလဲ"

ခြူးက သူ့အမူအရာတွေကော၊ ပြောစကားတွေကောကို တစ်ဖက်မှ နားမလည်သလို မော့ကြည့်ပြီး ပြန်ပြောသည်။ အံ့တိုးက ခေါင်းတညိတ်ညိတ်လုပ်ကာ . . .

"ကိုယ် နားလည်ပါပြီကွာ"

ဟုဆိုကာ နှုတ်ခမ်းကြီး ဂငယ်ကွေ့ ကွေးကာ အင်ဂျင်ကျနေသော ဘတ်စက်ကားအိုကြီးလို ထွက်သွားတော့သည်။ ဘာဒီဇိုင်းကြီးမှန်းမသိ။ ဘာတွေ ပြောသွားမှန်းလည်းမသိ။ လုံးဝကို တကယ့်ကို နားလေည်။

သူမတို့ အချင်းချင်း မေးဆတ်ပြကြသည်။ ပြီးတော့ ပခုံးတွန့်ကြသည်။

"လင်းရိပ်စာကို ဘာလို့ ဘလိုင်းကြီး ဖြဲသွားတာလဲ"

"ကိုယ် နားလည်ပါပြီကွာဆိုတဲ့ အက်ကွဲသံကြီးကကော . . . ဘာတုံး"

"သိပါဘူးဟာ ထားလိုက်တော့။ ပရက်တီကယ်ဝင်ဖို့ သွားကြရအောင်"

"ဟော့ဟော့ . . . ရှင်းမယ်ဟော့ . . . ကောင်လေး"

စားပွဲထိုးလေး ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်မတို့ဝိုင်း ရှင်းပြီးပြီဗျ"

"ဟင် . . . "

"အဲ့ဒီရှင်းသွားတဲ့ အစ်ကိုကြီးက စာလည်း ပေးခိုင်းလိုက်သေးတယ်"

"ဟင် . . ."

နှစ်ခါက် 'ဟင်' လိုက်ရသည်။ စားပွဲထိုးလေးက စာကို ခြူး လက်ထဲ ရွေးထည့်ကာ ပန်းကန်တွေ၊ ခွက်တွေ နိုင်သလောက်သယ်၍ ပြန်လှည့်သွားသည်။

ဒီနေ့ စာတော်တော် ဖတ်ရသည်ပဲ။ ခြူး စာရွက်တွေလှန်တော့ ခေါင်းတွေ ဝိုင်းလာသည်။ စာကို ဖြန့်ကြည့်လိုက်တော့ ခုနကမှ မြင်ထားပြီးတော့ လက်ရေးပုံစံကို ဒုတိယအကြိမ် ထပ်မံတွေ့လိုက်ရသည်။

*သို့ /*

*ခြူး*

*ဒီစာကို ခြူးရတဲ့အချိန် ခုနကစာကို အံ့တိုး ဖြပ်ြီးသွားလောက်ပါပြီ။ အံ့တိုးနဲ့ ကျွန်တော် အလောင်းအစား လုပ်ထားတယ်။ အံ့တိုး ပေးတဲ့စာကို ခြူး မယူခဲ့ဖူးမို့လား။ ဒါပေမဲ့ ကျွန်တော်ပေးတဲ့ စာကိုတော့ ခြူး ယူစေရမယ်လို့ အဲ့ဒီကောင်နဲ့ လောင်းခဲ့ကြတာ။ ခုနက စာကို ရည်းစားစာလို့ အံ့တိုး ထင်သွားမှာပဲ။ ဟဲ . . . ဟဲ . . . လောင်းကြေး တစ်သောင်းနော်။ အဲ့ဒီတစ်သောင်းနဲ့ ခြူးတို့စားသောက်ထားတဲ့ဝိုင်းကို ရှင်းပေးလိုက်ပါတယ်။ ရေမြင်းကြီး (အံ့တိုး) ကို သောက်မြင်ကပ်လို့ လုပ်လိုက်တာပါ။*

*မှတ်ချက် ။ ။ ဒီစာကို ဖတ်ပြီးလျှင် ခြူး စုတ်ဖြဲချင် ဖြဲလို့ရပါပြီ ဟီး။*

ချစ်လှစွာသော

လ. ၇



စာဖတ်ပြီးတော့ သောက်မြင်ကတ်လွန်းသဖြင့် ခြူး ထွန့်ထွန့် ရှသွားပါသည်။ စာကိုလည်း လုံးချေစုတ်ပြဲပစ်လိုက်သည်။ မိန်းမ အတွတေ့ တဝေါဝေါ ထရယ်ကြတော့သည်။

အကြွေးပေးတာ ဘာကြောင့် ရိုးရိုးမပေးဘဲ စာအိတ်နှင့် စာ အစ်ဆောင် ထည့်ပေးရတာလဲဆိုတာလည်း အခုမှ သဘောကြီးကြီး ပေါက်တော့သည်။

"ငါနော် . . . ဒီအရက်သမားနဲ့ . . ."

ခြူး ဒေါသတွေ အလိပ်လိုက် (အတွန့်လိုက်၊ အခေါက်လိုက်) ထွက်နေသည်။

"နင်နော် . . . အဲ့ဒီကောင်လေးနဲ့တော့"

သူငယ်ချင်းမတွေ ဝိုင်းစတော့ ခြူး တစ်ယောက်တစ်ချက်ဆီ ဆိတ်ရိုက်ပစ်ပါသည်။ မိန်းမတွေက မရှောင်ဘဲ ရယ်မြဲတိုင်း ရယ်နေ ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'လေ' ဟာ မင်းကို ရှု'စေနိုင်တယ်လို့ ထင်တဲ့တစ်နေ့ ကမ္ဘာ့အပြင်ဆိုတာကို ပို့ရှေ့ ဆွဲရှေ့ပစ်လိုက်မယ်။



## (5)

"ခြူးလေး . . . သမီး"

"ရှန် . . . ဖေကြီး"

"ရှင် . . . မဟုတ်ဘူးလား"

"ဟုတ်တယ်လေ။ သမီးက ဖေကြီးကို ချွဲတာလေ။ ချွဲထူးထူးတာလေ 'ရှန်' လို့ . . ."

သည်လိုကတော့ ဖေကြီး နှစ်နှစ်ခြိုက်ခြိုက်ကြီး ပါးကြီးတွေဆွေး၍ ပြုံးသွားပါသည်။ ခြူးဖေဖေက ရုပ်ကွက်လူကြီး ဦးဘခြူးပါ။ အဲ . . . ရုပ်ကွက်လူကြီး မဖြစ်ခင်ကလည်း ခြူးအဖေပါပဲ။ အခု ခြူး ဧည့်ခန်းမှာ The book Thief ရုပ်ရှင်ကား ထိုးကြည့်နေတုန်း ဖေဖေ အနားရောက်လာခြင်းဖြစ်သည်။

"သမီး ကျောင်းမှာ ရည်းစားမရှိသေးဘူးမို့လား"

"ကျောင်းမှာလည်း မရှိဘူး၊ အိမ်မှာလည်း မရှိဘူး။ ဖေကြီးက ရှာပေးမလို့လား။ မရှာပေးနဲ့နော်။ ကိုယ့်ဘာသာကိုယ် ရှာမှာ"

"အမ် . . ."

ဦးဘခြူး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ထိုဘာပြောရမှန်း မသိဖြစ်နေချိန် ခြူးက ဘာပြောရမှန်း သိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"သေချာတာတော့ သမီးရည်းစားထားရင် ဖေကြီးလို ရှက်ကီဘဲ မဖြစ်စေရဘူး ဒါပဲ"

"အင့် . . ."

ဦးဘခြူး အင့်ခနဲ မျက်နှာလေး ငယ်သွားသည်။ ယမကာဆန့်ကျင်ရေး ပြင်းထန်သော သမီးလေးကြောင့် ဦးဘခြူး မူလရည်ရွယ်ရာ စကားပင် တွန့်ဆုတ်သွားပါသည်။ သို့သော် ရအောင် ဆက်ပြောပါသည်။

"ဒီလိုလေ . . . သမီးရဲ့။ ဖေကြီးသူငယ်ချင်း အံ့ဝင်းရဲ့သား အံ့တိုးက သမီးကို မေတ္တာရှိနေလို့တဲ့ အဲဒါ . . ."

"သိတယ် . . . အဲ့ဒီကောင် ရှစ်တန်းကတည်းက သမီးကို ကြိုက်နေတာ။ သမီးကလည်း လေးတန်းကတည်းက ကြည့်လို့မရတာ"

"ဟား . . . ရက်စက်လှချည်လား . . . သမီးရယ်"

"ဖေကြီးကမှ ရက်စက်တာ။ ကိုယ့်သမီး တန်ဖိုးရှိရှိလေးကို ပေါက်ပန်းသေးတွေနဲ့ လာစပ်ပေးနေတာ။ အဲ့ကောင်က သမီးကို ကျောင်းမှာလည်း အခုထိ စာလိုက်ပေးနေကျ။ စာလုံးပေါင်းတွေကလည်း မှားသေး။ လက်ရေးကလည်း ဗလချီးနှမ်း။ အကြွားလည်း သန်တယ်။ လမ်းလျှောက်ရင်လည်း တဘောင်းဘောင်းနဲ့"

"အာ . . . အဲ့လောက်ကြီးတောင်လား"

ခြူးက မိမိသဘောထားကို လက်တန်းပြောပြလိုက်သည်မှာ ဦးဘခြူး အသံတိတ်သွားတော့သည်။ ပြီးမှ . . .

"ဖေဖေ . . . နားလည်ပါပြီကွယ်"

ဟုဆိုကာ အသာထွက်သွားသည်။ ရပ်ကွက်တစ်ခုလုံးကို ပီပီပြင်ပြင် အုပ်ချုပ်နေပေမယ့် အိမ်ထဲမှာကျတော့ ကိုယ့်သမီးကိုယ် မလွန်ဆန်နိုင်။ ထို့ကြောင့် ကုပ်ကုပ်ကုပ်ကုပ်နှင့် ထွက်သွားရသည်။

ခြူး ဖေဖေထွက်သွားပုံကို ကြည့်ကာ ရယ်ချင်မိသား။ ဖေဖေက သူမကိုချစ်ကာ သူငယ်ချင်းပေါင်း ပေါင်းသည်။ ခြူးက အရက်



သောက်လို့ပြောလျှင်လည်း ဘာမှပြန်မပြောတဲနေသည်။ ဒါပေမဲ့ သောက်တော့ သောက်မြဲပဲ။ ဒါကိုတော့ ခြူး အမြင်ကပ်သည်။ အရက်သောက်သည့် လူတွေကို အကုန် ခြူး အမြင်ကပ်သည်။ ဒါဆို သူ့ကိုကော။

ဘယ်သူလဲ။ လ.ရ ကိုလား။

တကယ်တော့ သူနှင့် ထိပ်တိုက်တွေ့တာ နှစ်ခါပဲရှိပါသေးသည်။ ဒါနဲ့တောင် တွေးစရာရှိလာပြီ။ သူငယ်ချင်းတွေကြား စနောက်ပြောချင်စရာအဖြစ် နေရာချဲ့လာပြီ။ ထိုသို့ ပြောစရာဖြစ်အောင်လည်း သူက တစ်ကွက်ပြီးတစ်ကွက် စီမံနိုင်နေသည်ပဲ။ ဘာပဲဖြစ်ဖြစ် အရက်သောက်သောကြောင့် မုန်းသည်။

ဒါဆို အရက်မသောက်ဘူးဆိုရင်ကော . . .

အိုး . . . ကိုယ့်အတွေးကိုယ် The End ကာ ဆင်ဆာဖြတ်လိုက်သည်။

• • •

နောက်နေ့ကျောင်းသို့ ခြူး ပုံမှန်အချိန်အတိုင်း ရောက်သည်။ ခက်ခက်၊ နွယ်တာတို့နှင့် ပုံမှန်အတိုင်း တွေ့သည်။ ပုံမမှန်တာဆို၍ ခက်ခက်ကို အတန်းတံခါးပေါက်မှ ကြိတ်ကြိတ်ရှိုးနေသော ဘူမိဗေဒ ကျောင်းသားလေး ဒီမနက် အရဲစွန့်၍ စကားတွေ လိုက်ပြောနေသည်။ လူပုံက မျက်မှန်နှင့်။ ကော်ဖီဖျော်ဇွန်းလို ပိန်ပါးပါး။ ခေတ်ဟောင်းကျောင်းသားလို လွယ်အိတ်ဘုထုံးလေး ပခုံးမှာ ချိတ်လို့။

ခက်ခက်ကလည်း စုံတွဲခုတ်ချင်နေတာ ကြာပြီ။ သို့သော် မိန်းမတို့ဘာဝ စစချင်းမို့ မျက်နှာပုပ်တင်းတင်းနှင့် မူသည်။ ဟိုကောင်လေးကလည်း ရှိုးပုံ၊ အပုံ၊ ကြောက်ပုံ ရသည်။ မအောင့်နိုင်လို့ လိုက်လံဖွင့်ပြောနေရသော်လည်း အသံတွေက တုန်နေသည်။

"မခက်ခက်ဖူးငုံကို ကျွန်တော် ချစ်တယ်ဗျာ"

"မခက်ခက်ဖူးငုံကို ကျွန်တော် ချစ်နေလို့ဗျာ"

www.burmeseclassic.com

"မခက်ခက်ဖူးငုံကို ကျွန်တော် ချစ်တယ်ဗျာ"

ဒါချည်းကိုပဲ အသံတုံးတုံးကြီးနှင့် Repeat လုပ်ထားသလို ပြော သည်။ ခက်ခက်ကလည်း တင်းတင်းနှင့် မျက်စောင်းပစ်ပစ် ထည့်သည်။ ကောင်လေး ကိုယ့်ဖိနပ်ကို တက်နင်းမိသည်။ လန့်ပြီး တုန်တုန်သွား တာ တွေ့ရသည်။ ခက်ခက် လှည့်ပြီး အော်ဖြဲလိုက်သည့် တစ်ခါမှာ တော့ ပုဆိုးပါ ကျွတ်ကျမလိုဖြစ်ပြီး ခါးပုံစလေးကိုင်ကာ ထွက်ပြေးသွား တော့သည်။

ခြူးတို့ တစ်လမ်းလုံး ရယ်နေခဲ့ရသည်။ ထိုသို့ ရယ်ခဲ့သမျှ အတန်းထဲဝင်မှ ကိုယ့်အတွက် ဝဋ်လည်စရာ စောင့်နေတော့သည်။

"ဟာ . . . ဟိုမှာ ဒီဇင်ဘာခြူး လာပြီ"

"ဟာ . . . ဟား . . . ဟား . . ."

"အဟိ . . . "

အတန်းထဲ ဝင်ရုံရှိသေး ရယ်သံပက်ကျိတွေက လူကို မလုံမလဲ ဖြစ်စေသည်။

ဘာဖြစ်တာပါလိမ့်။

"ဟဲ့ . . . ခြူး ကျောက်သင်ပုန်းမှာ"

နွယ်တာက ပခုံးပုတ်ကာ ပြမှ ခြူးမော့ကြည့်မိသည်။ ကြည့်မိ တော့ မျက်လုံးပါ ပြူးရတော့သည်။ ကျောက်သင်ပုန်းပေါ်မှာက . . .

သို့/

*မဒီဇင်ဘာခြူး*

*ကျွန်တော် မုန့်လက်ကောက်ဖိုး အကြွေးလာပေးတာ မဒီဇင်ဘာ ခြူးမရှိတဲ့အတွက် လမ်းမှာတွေ့သည့် မဒီဇင်ဘာခြူးတို့ အတန်းကဟု သိရသော မလမုန်ကြီးမိုင်ကို ပေးထားခဲ့ပါသည်။ စကားတချို့လည်း မှာကြားခဲ့ပါသည်။ မလမုန်ကြီးမိုင်ဆီမှ မေးမြန်းတောင်းယူပါရန်။*

*လ.ရ*



ကာတွန်းကားထဲမှာသာဆို တိန် ' ခနဲ ခြူးအသံ ထမြည်ပစ် မလားဘဲ။ By Name ကြီးနှင့် ကျောက်သင်ပုန်းမှာ လာလျှောက်ရေးသွား သည်။ နောက်ပြီး ရေးထားပုံကြီးကလည်း . . .

"ဟော့ . . . ဒီဇင်ဘာခြူး နင်တို့အိမ်က မုန့်လက်ကောက် တကယ်ရောင်းတာလား"

"အကြွေးတော့ မရောင်းပါနဲ့ဟာ။ နင် ဈေးတွက်မကိုက် ဖြစ် နေပါ့မယ်"

"ဘာပဲဖြစ်ဖြစ် ရပ်ကွက်လူကြီးအိမ်က ရောင်းတဲ့ မုန့်လက် ကောက်ဆိုတော့ ရောင်းရမှာပဲဟော့"

"ဟား . . . ဟား . . . "

"ဝိုး . . . ဝိုး . . ."

ထင်သည့်အတိုင်း ဗရုတ်တွေ၏ လှောင်ပြောင်သံတွေ စီ ' ခနဲ ထွက်လာသည်။ ခြူးမျက်နှာ မက်မုံသီးလို တန်းရဲသွားသည်။

"နင်ကပါ ဘာရယ်နေတာလဲ . . . ခက်ခက်"

ခက်ခက်ကပါ လိုက်ပါရောရယ်နေသဖြင့် လှည့်ဟောက်လိုက် ရသည်။ ပြီးလျှင် ချက်ချင်းပဲ အိတ်ကောက်ကိုင်ကာ အတန်းထဲမှ ထွက် ရန် ပြင်တော့သည်။

"ဟဲ့ . . . ဒါက ဘယ်လဲ"

"ဘယ်ကမှာလဲ . . . သွားရှာရမှာပေါ့"

"လမုန်ကြီးမိုင်ကိုလား"

"အာ . . . လင်းရိပ်ကိုပေါ့ဟဲ့"

ထိုအချိန် အတန်းထဲသို့ လမုန်ကြီးမိုင် ဝင်လာသည်။ ခြူးကို တွေ့တော့ ခြူးဆီလာသည်။

"ဟဲ့ . . . နံနက်စောစောက ကောင်လေးတစ်ယောက်ထ ဟာ . . . "



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အေး . . . မပြောနဲ့တော့ ကျောက်သင်ပုန်းမှာ ရေးထားတာ ငါဖတ်ပြီးပြီ"

"အေး . . . အေး . . . ဒါဆို . . . ရော့ . . . တစ်ထောင်။ နောက်ထပ် မုန့်လက်ကောက်အကြွေး ရှစ်ထောင် လက်ကျန်အနေနဲ့ ကျန်ဦးမယ်လို့ ပြောတယ်။ အဲ့ဒါလည်း ဖြည်းဖြည်းချင်း ပေးသွားပါ့မယ်တဲ့။ သူ့အိမ် စီးပွားရေး အဆင်မပြေလို့ပါတဲ့။ ငါလည်း ကြားက တောင်းပါတယ်ဟယ်။ အဲ့ကောင်လေးကို အကြွေး ဖွတ်မတောင်းပါနဲ့နော်။ သူက ချောချောလေးပါဟဲ့"

လမုန်ကြီးမိုင်ကလည်း ဘာမှမသိဘဲ လာပြောနေသည်။ အကြောင်းသိသော ခက်ခက်နှင့်နွယ်တာက ထထရယ်နေပြီ။ ခြူးက ရင်ထဲမှာ တဟင်းဟင်းနှင့် ဒေါသတွေ မီးထွက်နေပြီ။

"နင်ဘာမှမသိဘဲနဲ့ . . . လမုန်ကြီးမိုင်ရယ် . . . သွားပါ . . သွားပါ"

"အေးပါဟယ် . . . သွားပါ့မယ်။ အဲ့ကောင်လေးက မုန့်လက်ကောက် တော်တော်ကြိုက်တယ်နော်။ အကြွေး ဒီလောက်တောင်များတာဆိုတော့ . . . "

"ကျွတ် . . . အင်းပါဟယ်။ အဲ . . . ဒါနဲ့ လမုန်ကြီးမိုင် နင်က ဘာတိုင်းရင်းသားတုံး"

"ငါကတော့ ဗမာပါပဲ။ ဒါပေမဲ့ ငါ့ဘိုးဘေးတွေက ဓိင်ဝါးဆိုလား။ 'ဖွန်း' ဆိုလား၊ 'ဇိန်ညှပ်' ဆိုလား၊ 'တလယ်ပွာ' ဆိုလား"

"ရပြီ . . . ရပြီ . . . ။ ငါက တိုင်းရင်းသားတွေ စိတ်ဝင်စားလို့ မေးကြည့်တာ။ နောက်မှ နင်နဲ့ သေချာ အင်တာဗျူးပြီး လေ့လာဦးမယ်။ အခုတော့ သွားဦးမယ်ဟာ"

ခြူး ဖြစ်သလို စကားဖြတ်ကာ အတန်းအပြင်ထွက်ခဲ့သည်။ မိုးပန်နှင့် တန်းတွေ့သည်။



အကျိုးအကြောင်းပြောကာ ဆွဲခေါ်ခဲ့ပြီး လင်းရိပ်ကို အရှာထွက်ခဲ့သည်။ လင်းရိပ်တို့မေဂျာက ဓိဝဓာတုမေဂျာ။ ခြူးတို့နှင့် တစ်ဌာနတည်းပင်ဖြစ်သည်။ လင်းရိပ်တို့ အတန်းရောက်တော့လည်း ဆရာ မဝင်သေး။ မိုးပန်ကို ရှေ့ပြေးလွှတ်ကာ အခန်းပေါက်ဝမှ ခေါင်းဝင်၍ မျက်လုံးနှင့် လှမ်းရှာကြသည်။

လင်းရိပ်ကို မတွေ့။ ရာဇာရှိန်နှင့် ထွန်းကိုကိုသာ တွေ့သည်။

"ဟဲ့ . . . ရာဇာရှိန်း၊ နင်တို့သူငယ်ချင်း လင်းရိပ်ကော"

"မသိဘူးလေ . . . ဘာလဲ၊ ဘာလုပ်ဖို့လဲ"

"အရေးကြီးလို့လား၊ ထိပ်တန်းလျှို့ဝှက်ချက်လား။ တွေ့မှကို ဖြစ်မှာလား"

ခြူးပါလာတာ မြင်၍ သင်းတို့ကရစ်သည်။ လင်းရိပ် သူငယ်ချင်းတွေကလည်း မလွယ်ကြောထဲကပဲဟု ခြူး မြင်လိုက်ရပြီ။ မိုးပန်ရှေ့ထွက်ကာ ရာဇာရှိန်းကို ရင်ဆိုင်သည်။

"ဟုတ်တယ် . . . တွေ့မှကို ဖြစ်မယ်"

ရာဇာရှိန်းက ခြူးရှေ့ထွက်လာတာကို သဘောကျသွားသလို ဟင်း . . . ဟင်း . . . ဟု ရယ်သည်။ ပြီးတော့ ခေါင်းဆတ်ပြလိုက်သည်။ ထိုအချက်ပြမှုနှင့်အတူ ထွန်းကိုက အတန်းထဲ ကိုယ်တစ်ပိုင်းလောက် တိုးဝင်သွားကာ . . .

"ဟေး . . . ဒီမှာ လင်းရိပ်ကို ကောင်မလေးတစ်ယောက် လာရှာနေတယ်။ အားလုံးပဲ လင်းရိပ်ကို တွေ့မိကြသလားဟေ့"

ဟု အာပြဲကြီးနှင့် အော်ပြောလိုက်သည်။ အားလုံးအကြည့်တွေ အတန်းပေါက်ဝသို့ လှည့်လာကုန်ကြသည်။ ခြူးကိုပဲ မြင်ကုန်ကြပြန်သည်။ သူတို့ဘာသာ သဘောပေါက်သွားသလိုလို ပြုံးစစတွေ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

"မတွေ့ကြဘူးလား . . . ဒီကောင်မလေးက တွေ့မှဖြစ်မယ်လို့ ပြောနေတယ်ဟ။ အရေးကြီးတဲ့ကိစ္စတဲ့။ နှစ်ကိုယ်ကြား ထိပ်တန်းလျှို့ဝှက်ချက်တဲ့"

ဟု ထွန်းကို Tempo ထပ်မြှင့်ကာ လှော်သည်။ တစ်ခန်းလုံး ခြူးကို လှမ်းကြည့်ကာ ရယ်သံကျွက်ကျွက်နှင့် တစ်မျိုးတွေ တွေးကုန်ကြသည်။ ထွန်းကို နှစ်ကိုယ်ကြား ထိပ်တန်းလျှို့ဝှက်ချက်ဆိုတာကြီးက ဘာကြီးမှန်းမသိ။ အထာလိုလို ပါနေသလိုလိုကြီးဖြစ်နေသည် မဟုတ်လား။

ခြူး ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားသည်။ ကိုယ့်အခန်းထဲမှာ လှောင်ခံလိုက်ရလို့ သူ ရန်လာတွေ့ပါတယ်ဆို ဒီအခန်းမှာပါ ထပ်အရူးလုပ်ခံရသေးသည်။ တစ်ရှက်ကို နှစ်နဲ့မြှောက်ကာ နှစ်ရှက်တော့ ဖြစ်ပါပြီ။

တစ်ယောက် ထအော်သည်။

"လင်းရိပ်ကို နံနက်စောစောတုန်းကတော့ ဖျတ်ခနဲ တစ်ချက်တွေ့လိုက်တယ်။ အခုတော့ မတွေ့တော့ဘူး"

မတင်မကျကြီး သတင်းပေးသည်။ ရာဇာရှိန်းကလည်း ဝင်၍ အတို့အထောင် လုပ်သည်။

"ကဲ . . . မိုးပန် ကြားတယ်နော်။ လင်းရိပ် ဘယ်သွားမှန်း ဘယ်သူမှ မသိဘူး။ နင့်သူငယ်ချင်းကိုတော့ နင်ပဲ နှစ်သိမ့်လိုက်ပါဟာ လင်းရိပ်ကို တစ်ရက်မတွေ့ရဘဲ မနေနိုင်တာမျိုးတွေ ဖြစ်မနေပါနဲ့လို့။ နက်ဖြန် တွေ့ရမှာပါလို့ . . . နော် . . ."

မိုးပန် မျက်စောင်းနှင့် အံကြိတ်ဆဲတော့ ရာဇာရှိန်း ကြောက်ဟန်လုပ်ပြသည်။ ခြူးကတော့ ဒေါသ တခြောင်းခြောင်းထွက်ကာ . . .

"ရှင့်နာမည် ဘယ်သူတုံး"

"မိုင် နိမ်း အစ် ရာဇာရှိန်းစ်စ် . . ."

"ရှင်လည်း အရက်သမားပဲ"



ဟု နီးတဲ့လူ ရန်တွေ့ခဲ့ကာ ခြူး လှည့်ထွက်ပစ်ခဲ့ပါသည်။ သူမတို့ပါ လိုက်ရပြန်သည်။

ထိုနေ့တစ်နေ့လုံး အားသည့်အချိန်တိုင်း လင်းရိပ်ကို လိုက်ရှာခဲ့ပါသည်။ မတွေ့ . . . ။ ရင်ထဲမှာ ဒေါသအလုံး၊ မခံမရပ်နိုင်ဖြစ်သည့် အလုံးကြီးက တစ်ဆို့နေသလို။ လူကို အရုပ်ကလေးကျနေတာပဲ။ သူများ လှောင်ပြောင်ခံရအောင် လုပ်ချင်သလို လုပ်သွားသည့် သူ့ကို သူမ စိတ်ဆိုးပါသည်။

ဒေါသထွက်လွန်းသဖြင့် လူချင်းတွေ့ပါက ဆွဲချိုးပစ်မည်ဟုပင် တွေးထားသည်။ ခြေထောက်ကို။



www.burmeseclassic.com

www.burmeseclassic.com

## (6)

တိမ်တချို့ လရောင်စိုပြီး ပျော့နေသည့်ည။

ရေချိုး၊ ထမင်းစားပြီး၍ ပြတင်းပေါက်နားမှာ စာဖတ်ရင်း အနား ယူနေသည်။ ပြတင်းပေါက်ပေါ်မှ မရှိနိုင်သည့် ရပ်ကွက်မြင်ကွင်းကလေး ကို မြင်နေရပါသည်။ အမူးသမားများ၏ ယိုင်နဲ့သော အိမ်ပြန်ခရီးတွေ။

ထိုအချိန် ဖုန်း Vibrate က တဒီဒီ ထတုန်၍ ဖုန်းကောက်ကိုင် လိုက်ရသည်။ မရင်းနှီးသော ဖုန်းနံပါတ်တစ်ခုမှ ဆက်လာခြင်းပင်။

"ဟဲလို . . ."

"ဟဲလို . . . ခြူးလား"

ဖုန်းထဲမှ အသံကိုကြားတော့ ခြူး ချက်ချင်း ဆန့်ဆန့်ရန့်ရန့် ဖြစ်သွားသည်။ ပြီးတော့ နှုတ်ကလည်း ရေရွတ်ဖြစ်သွားသည်။

"လ . ရ"

"ခြူးက သိသွားပဲ"

"ရှင် ကျွန်မ ဖုန်းနံပါတ် ဘယ်လိုရလာတာတုံး"

"မိုးနတ်မင်းက ကောင်းကင်ပေါ်က ပစ်ချပေးလိုက်တာမျိုး တော့ မဟုတ်ဘူးပေါ့။ အဟင်း . . . မိုးပန်ဆီက နှိုက်လာတာ"



'ကျွတ် . . . အဲ့ အစုပ်ပလုတ်မကလည်း ဘာလို့ ပြောပြလိုက် မှန်းမသိ' ဟု မိုးပန်ကို ကျိန်ဆဲမိသေးသည်။

"ခြူး ကျောင်းမှာ တစ်နေကုန် လိုက်ရှာနေတာဆို။ ဘာလုပ် ဖို့လဲ"

"ဘာလုပ်ဖို့က မှာလဲ။ ရှင်နဲ့ စာရင်းရှင်းဖို့။ ရှင် ကျွန်မကို အရှက်ခွဲထားတာလေ"

"အို . . စွပ်စွပ်စွဲစွဲ။ ကျွန်တော်လည်း ဘာမှ မလုပ်ရပါလား"

"ဒီနေ့ ရှင် ကျွန်မအတန်းထဲက ကျောက်သင်ပုန်းမှာ စာ လာရေးသွားတယ်လေ။ လမုန်ကြီးမိုင်ကိုလည်း အကြောင်းကြောင်းတွေ လျှောက်ပြောခဲ့သေးတယ်လေ။ အဲ့ဒါကြောင့် အတန်းထဲမှာ ကျွန်မ ဘယ်လောက် အရှက်ကွဲခဲ့တယ်မှတ်လဲ"

"အာ . . . ကျွန်တော်က ခြူးကို လာရှာတာ။ ခြူးကိုမှ မတွေ့ ဘဲ။ ဒါကြောင့် တွေ့တဲ့သူ လမုန်ကြီးမိုင်ကို အကျိုးအကြောင်းပြောပြီး ပေးခဲ့တာလေ။ ပြီးတော့ ပိုသေချာအောင် ကျောက်သင်ပုန်းမှာပါ အမှာစာ ရေးခဲ့တာလေ။ ဒီလိုမျိုးသဘောပါ"

"အဲ့လို ပေါက်ကရ လုပ်စရာလား။ နောက်ပြီး ရှင့်အတန်းကို လာရှာတော့ ရှင့်သူငယ်ချင်းတွေက လူကို ဟာသဝိုင်းလုပ်ကြသေးတယ်"

"ဒီကောင်တွေက သူငယ်ချင်းအကျိုးကို ကြံ့တုန်း ထမ်းရွက် လိုက်တာမျိုးနေမှာပါ"

"ဘာ . . ."

တစ်သံတည်းနှင့် ခုနစ်သံချီသွားသော ခြူးအသံကြောင့် လင်း ရိပ်ပင် နားရွက်တုန်သွားသည်။

"ဩော် . . . ဒီကောင်တွေက စ'နောက်'တတ် ခင်တတ်တယ်။ ကမ္ဘာမြေရဲ့ အိမ်ခေါင်မိုးစွန်းမှာ အပြုံးလေးတွေ ကြိုးဆွဲချိတ်စေနိုင်ဖို့ အမြဲအားထုတ်နေတတ်တယ်"

ခြူး ဒီစကားအတွက်တော့ နည်းနည်းပြုံးမိသလိုလို။ သို့သော် သူ မမြင်ရပေမယ့် နှုတ်ခမ်းကို ချွန်နေအောင်ပြင်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲပြောပြော ရှင် ကျွန်မကို လာပတ်သက်နေတာတွေကို ရပ်လိုက်တော့။ အကြွေးလည်း ပေးမနေနဲ့တော့။ ဘာအကြောင်းနဲ့မှလည်း ကျွန်မအနားမှာ ပေါ်မလာပါနဲ့တော့"

"အာ . . . ခြူးကလည်း ဒီဘဝ အကြွေးကျေအောင်မဆပ်ရင် နောင်ဘဝ အဲ့ဒီအကြွေးရှင်အိမ်မှာ နွားဖြစ်တတ်တယ်တဲ့။ အဲ့ဒီအခါကျ နစ်ယောက်စလုံး ဘယ်ကောင်းမလဲ။ ခြူးက ကိုယ့်ကို နွားစာစဉ်းကျွေးနေရမှာပေါ့။ ပြီးတော့ ခြူးအိပ်နေတဲ့အချိန် ကိုယ်က 'ဝမ်းဘဲ . . .' လို့ ထအော်ရင်လည်း ခြူးပဲ အိပ်ရေးပျက်မှာလေ။ နောက်ပြီး . . ."

"တော် . . . တော် . . . တော် တော်လိုက်တော့။ ပေါက်ကရ အရက်သမားစကားတွေ လာမပြောနဲ့ပတော့။ အကြွေး တော်တော်ပေးချင်နေလည်း အကျေသာ လာပေးတော့။ တစ်နေ့တစ်ထောင်နဲ့ အရစ်ရှည်မနေနဲ့တော့။ ကျွတ် . . . ကျွန်မကိုက မှားတာ။ ရှင့်လိုလူမျိုးကို ပိုက်ဆံလျှောက်ချေးမိတာ"

"အဲ့ဒါ သူတစ်ပါးကို ကူညီတတ်တဲ့စိတ်ပဲ။ ဆက်လက်ကျင့်သုံးနော် . . . ခြူး"

"ဒါပဲ . . . ဒါပဲ . . . ရှင်နဲ့ ဘာမှ ပြောစရာမရှိတော့ဘူး။ ရှင်နောက်ထပ် ကျွန်မကို ဗရုတ်ကျတာမျိုးတွေ လုပ်ဦးမယ်ဆိုရင် ဌာနမှူးနဲ့ တက်တိုင်မှာ"

လင်းရိပ်က ပေါ့ပေါ့ပါးပါး ကျီစယ်ပြောနေပေမယ့် ခြူးဘက်က ခပ်ပြတ်ပြတ် တုံ့ပြန်နေသည်။ ဒီနေ့ ကျောင်းက ကိစ္စတွေအတွက် သူ့အပေါ် တကယ်စိတ်ဆိုးနေသည်ဟု သူ သိလိုက်သည်။

"ကဲ . . . ဒါဆို ကျွန်တော် ခြူးကို စကားအတည်တချို့ ပြောစရာရှိတယ်"

"ပြောမနေနဲ့ . . . ရှင့်မှာ စကားအတည်ရှိတယ်လို့ မယုံဘူး။ အရက်သမားစကား မယုံဘူး"



"အဟင်း . . . ကျွန်တော်က ဘာလို့ အရက်သမားဖြစ်ရမှာတုန်း . . . ခြူးရဲ့"

"သြော် . . . သြော် . . . ပြောတတ်လိုက်တာ။ ဒီလောက်အတတ်စကားပေါ် မူးပြီးတက်လာတဲ့သူ၊ ဘောင်းဘီအိတ်ထဲက တစ်ခုခုနှိုက်ပြီး ဆွဲထုတ်ရင်တောင် အရက်ပုလင်းအဖုံး အရင်ထွက်ကျတဲ့သူက အရက်သမားမဟုတ်လို့ ဘာလဲ"

"အဲဒါတွေက တကယ်မှမဟုတ်တာကို။ ကျွန်တော်သောက်တာကို ခြူး မျက်စိနဲ့တပ်အပ် . . ."

"မလိုဘူး . . . လူကိုကြည့်တာနဲ့ မူကိုသိတယ်။ ရှင်နဲ့ ဒီလောက်ပြောနေရတာတောင် အရက်စော် နံလှပြီ။ တော်ပြီ . . . ဒါပဲ"

"ခဏနေဦး"

"မနေဘူး . . . အရက်သမား၊ မိုးသမား၊ ယစ်ထုတ်၊ ရှက်ကီဘဲ"

"ကျွန်တော် ခြူးကို ချစ်လို့"

". . . ."

ရုတ်တရက် ဖြတ်ပြောလိုက်သည်။ လင်းရိပ် ရဲရဲပဲ ပြောထွက်သွားခဲ့သည်။ မထူးဘူး။ နောက်လည်း ပြောထွက်မိမည့် စကားပဲဟု ရုတ်တရက် တွေးမိကာ ဦးနှောက်နှင့်ပါးစပ် အလိုလို ချိတ်ဆက်ကာ ပြောထွက်သွားသည့် ပုံစံမျိုးနှင့် တူလှသည်။

တစ်ဖက်မှ ကြားလိုက်ရသော ခြူးမှာလည်း ငြိမ်ကျသွားသည်။ နေတာ သွက်နေသည့်ပါးစပ် အာစေးကပ်သလို ဖြစ်သွားသည်။ မျက်လုံးလည်း ဝိုင်းသွားသည်။ နားရွက်အစွန်းလေးများပင် ဆွဲဆန့်လိုက်သလို ထောင်သွားသလားဟု ထင်မိသည်။

". . . . ."

ခြူး ရင်ထဲမှ တဒုတ်ဒုတ်မြည်လာသလို ခံစားရ၍ ဖုန်းကို လက်ဘတ်နှင့်ဝေးဝေး ခွာလိုက်ရသေးသည်။ မျက်လုံးထဲရှိ မျက်ဆံကလေးများပင် ပိုမို နက်မှောင်သွားပါသလား။ အငိုက်မိသူတစ်ယောက်လို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် ခြူးကို ချစ်လို့ . . . 'ဟူသည့် အမှတ်မထင်ထွက်လာသည့် တစ်ဖက်မှ လင်းရိပ်၏အသံမှာလည်း သူမ ကြားဖူးသမျှ သူ့အသံထဲတွင် အတည်တံ့ဆုံး ဖြစ်နေသည်။ သူမ ထိုသို့ ခံစားသိတော့သိပါသည်။

သို့သော် သတိတစ်ခုဝင်လိုက်မိသည်နှင့် သူမ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ ချက်ချင်း ငြင်းချက်ထုတ်သည်။

"ဩော် . . . ရှင်က အခုတောင် သောက်ထားတာပေါ့လေ။ ဒါကြောင့် မကြောက်မရွံ့ လျှောက်ပြောနေတာပေါ့ . . . ဟုတ်လား"

"ကျွန်တော် တကယ်ပြော"

"တော်ပါ . . . တကယ်ဖြစ်ခဲ့ရင်တောင် ကျွန်မ အယုံအကြည်မရှိဘူး။ ယုံရင်တောင် စဉ်းစားမှာ မဟုတ်ပါဘူး။ စဉ်းစားရင်တောင် မုန်းတယ်ဆိုတဲ့ အဖြေပဲ ထွက်လိမ့်မယ်"

"ဘာလို့လဲ"

"အရက်သမားမို့လို့ . . . ဒါပဲ"

ခြူး . . . ဖုန်းချသွားသည်။

ခြူး ဖုန်းချလိုက်သံက လင်းရိပ်ရင်ထဲ နျူကလီးယားတွေ ကွဲသွားသလို ဖြစ်သွားသည်။ တစ်ယောက်ယောက်က လေယာဉ်ပေါ်က နောက်ကျောတွန်းချလိုက်သလို နာကျင်လစ်ဟာမှုမျိုး အသည်းထဲ အပ်တစ်စင်းလို ကျလာတော့သည်။

• • •

ခြူး ဖုန်းကိုကိုင်ကာ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။ သူ့အပေါ် ပြန်လည်အနိုင်ပိုင်းလိုက်ရသလို ပြောဆိုလိုက်ရ၍ ကျေနပ်သလိုလည်း ဖြစ်နေမိသည်။ သို့သော် သူပြောသည့် တစ်ခွန်းသောစကားကို ရွေးချယ်ပြန်ကြားယောင်မိစဉ်မှာတော့ ရင်ထဲက တစ်မျိုးဖြစ်ပြီး မျက်မှောင်လေး ကုပ်သွားရပြန်သည်။



ခေါင်းကို တစ်ချက်ခါယမ်းပြီး အိပ်ရာပေါ်ပဲ လှဲချကာ အတွေးတွေ ဖျောက်နေလိုက်သည်။ ထိုအချိန် ဖုန်းဝင်လာ၍ ကိုင်လိုက်ရပြန်သည်။ ဒီတစ်ခါဆက်သူကတော့ မိုးပန်။

"အေး . . . အတော်ပဲ မိုးပန်။ နင့်ကို ငါ ဆဲချင်နေတာ"

"ဘာဆဲမလို့လဲ။ လင်းရိပ် နင့်ဆီ ဖုန်းဆက်သွားလို့လား"

"အေး . . . နင် ဘာလို့ သူ့ကို ငါ့ဖုန်းနံပါတ် ပေးလိုက်တာလဲ"

"ငါပေးတာမဟုတ်ဘူးဟ သူက ငါ့ကို ဝိတ်ချတဲ့ Application ထည့်ပေးမယ်ဆိုပြီး ငါ့ဖုန်း ခဏတောင်းတယ်။ ငါလည်း ပျော်သွားတာပေါ့။ ဒါပေမဲ့ ငါ အိမ်သာခဏထသွားတုန်း သူ နင့်ဖုန်းနံပါတ်ကို မှတ်သွားတာထင်တယ်"

"လုပ်ပြီဟယ် . . . နင်ကတော့။ ဒါနဲ့ ဝိတ်ချတဲ့ Application ဆိုတာ တကယ်ရှိလို့လားဟ"

ဒါကိုတော့ ခြူးလည်း စိတ်ဝင်စားသလိုဖြစ်ပြီး မေးရသည်။ ခေတ်မီမိန်းကလေးတိုင်းက ဝိတ်ချနည်းကို ရည်းစားထက်ပင် ပိုမက်ကြသေးသည်မဟုတ်လား။ မိုးပန်က သူမ အမေးကို တည်တည်ကြီး တစ်ချက်ပြုံးကာ . . .

"အဟင်း . . . ဘာမှ မရှိပါဘူးဟယ်။ သူ ငါ့ဖုန်းထဲ ထည့်ပေးသွားတာက Temple Run Game ကြီးဟ"

"ဟင်း . . . ဘာမှလည်း မဆိုင်ဘူး"

ဘာမှလည်း မဆိုင်ဘူးဆိုပေမယ့် နည်းနည်းလောက်တွေးကြည့်တော့လည်း ခြူး သဘောပေါက်မိသလို ဖြစ်သွားသည်။ Tample Run က အချိန်တိုင်း ပြေးနေရသည့် Game မဟုတ်လား။ ဒါကြောင့် ဝိတ်ချရန်အတွက် ပြေးခိုင်းခြင်းဖြစ်မည်ဟု ခြူး သဘောပေါက်ကာ ရယ်မိတော့သည်။ ဟင်း . . . တော်တော်လာတဲ့ လ.ရ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါမျိုးကျ ရယ်တယ်နော် မိန်းမ။ အဲ . . . ဒါနဲ့ သူ နင့်နာမည်တွေ၊ နင့်ကို ဘယ်လိုစတွေ့သတိထားမိခဲ့တာတွေ ဘာတွေ ငါ့ကို ပြောပြသွားတယ်ဟ"

"ပြောစမ်းပါဦး . . . ကြားကြည့်ရအောင်"

"နံနက်စောစော ကျောင်းလာရင် ကျောင်းထိပ်က စတိုးဆိုင်ပေါက်စလေးမှာ နင် တစ်သျှူး ခဏခဏ ဝယ်နေကျဆို"

"အေး . . . ဟုတ်ပါတယ်။ ဝယ်ဖြစ်ပါတယ်"

"အေး . . . အဲဒါ ရေစက်ပဲ။ အဲ့ဒီ စတိုးဆိုင်ဘေးက ဂျာနယ်ဆိုင်မှာ လင်းရိပ်ကလည်း မကြာမကြာ ထိုင်နေကျတဲ့။ တစ်နေ့ နင်က တစ်သျှူးလာဝယ်တာကို လင်းရိပ်က ဒီဘက်ဂျာနယ်ဆိုင်ကနေ သမ္မတကြီးအကြောင်း သတင်းဖတ်နေရင်း နင့်ကို အမှတ်မထင် လှမ်းတွေ့မိတာတဲ့"

"လာပြန်ပြီ သမ္မတ"

သူတို့နှစ်ယောက်ကြား သမ္မတကလည်း ကန့်လန့်ကန့်လန့်။

"ဘာသမ္မတလဲ . . . မြန်မာသမ္မတလား၊ ဥရုဗွေးသမ္မတလား"

"အဲ့ဒါတော့ မမေးလိုက်မိဘူး။ မြောက်ကိုးရီးယားလည်း ဖြစ်ချင် ဖြစ်မှာပေါ့။ အယ် . . . အဲ့ဒါ ထားပါ။ ရှင်းရှင်းပြောရရင် နင့်ကို အဲ့ဒီလို စတွေ့မိရာက ကြွေသွားတာပဲ။ အဲ့ဒီကတည်းက နင့်ကို မကြာခဏ စောင့်ကြည့်နေခဲ့တာပါတဲ့။ နင့် ကျောင်းစာအုပ်ပေါ်ကနေ နင့်နာမည်လေးကိုလည်း သိမိတာပါတဲ့။ နင့်မှာ တစ်သျှူးစလေး ပါးမှာကပ်ကိုင်ပြီး လမ်းလျှောက်တတ်တဲ့ အကျင့်ရှိတာကိုလည်း သူ သတိထားမိတယ်တဲ့"

"ဟင် . . . ဘယ်လို"

ခြူး ကိုယ့်ကိုယ်ကိုယ်တောင် ကြောင်သွားလေပြီ။ ပြီးမှ ပြန်စဉ်းစားရသေးသည်။ ခြူးက တစ်သျှူးဆောင်တာ အကျင့်ဖြစ်နေသည်။



တစ်သျှူးစက္ကူလေးတွေကို လက်နှင့် အမြဲကိုင်ထားရမှ လုံခြုံနေသလို ခံစားရကာ တစ်ခါတစ်ခါ လက်က တစ်သျှူးလေးကို ပါးမှာ အမှတ်တမဲ့ ထိကပ်ရင်းနှင့် နေထားမိတာမျိုးလည်း ရှိသည်။ ခြူး ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိပါ။ သတိထားမိသူ ပေါ်လာပြီး ပြောမှ အံ့သြရတော့သည်။

မိုးပန်က ဆက်ပြောသည်။

"အဲ့ဒီတစ်သျှူးစလေး ပါးမှာကပ်ပြီး နင် လမ်းလျှောက်သွားတိုင်း သူက နင့်ကို ပါးပြင်မှာ လမင်းလေး ထွန်းညှိထမ်းရွက်ပြီး ပျံသန်းနေသလို မြင်မိတယ်တဲ့"

". . . . ."

ခြူး သိသိသာသာ ပြုံးမိသွားသည်။ သို့သော် ချက်ချင်း မျက်နှာပြန်ပုပ်ကာ . . .

"ဟဲ့ . . . နင်ကလည်း သူပြောတာ သေချာကို အလွတ်ရနေပါလား"

"ချရေးထားတာကိုဟဲ့။ ငါလည်း ငါ့ကိုတင်ဖြိုးကို ပြန်ပြောရအောင်"

သူ့ ကိုတင်ဖြိုးကဖြင့် ပါးမှာ မီးတောင်သဏ္ဍာန် ဝက်ခြံဖုကြီးနှင့်များဟု ခြူး ပြန်မပြောလိုက်ပါ။ ဒါမျိုးက စိတ်ထဲထားရမည် မဟုတ်လား။

"ပြောစမ်းပါဦး . . . ခြူး။ သူကကော နင့်ဆီ ဖုန်းဆက်ပြီး ဘာတွေပြောသွားလဲ"

"ပေါက်ကရတွေ ပြောတာပါဟယ်။ သူ့မှာ ဘာ အတည်အတံ့စကားရှိလို့လဲ။ ငါ ဖုန်းချခါနီးတောင် သူက ရည်းစားစကား ပြောလိုက်သေးတယ်။ အလကားမှုးလို့ ပါးစပ်ရဲနေတာ နေမှာ"

"ဟယ် . . . သူ တကယ်ဖွင့်ပြောပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com

မိုးပန်အသံက ဝမ်းသာသံကြီး ဖြစ်နေသည်။ ခြူး ဒီဘက်က နေ အမြင်ကပ်လိုက်တာ။

"မိုးပန် . . . ဘာလဲ ဟိုကောင်က နင်နဲ့ ငယ်ပေါင်း။ ငါနဲ့ကျ တော့ ကြီးပေါင်း။ ဒါကြောင့်မို့ နင် သူ့ဘက်ပါတာလား"

"အာ . . . အဲ့ဒီလို ကျီးပေါင်းတွေ၊ ဒူလာတွေနဲ့ မဆိုင်ပါဘူး။ ငါ နင်တို့အကြားမှာ အမှန်ဘက်ကပဲ ရပ်မှာပါ။ ဒါပေမဲ့ ငါထင်တယ်။ လင်းရိပ်က နင့်ကို တကယ်ချစ်နေတာနေမှာ"

"နင့်လူကို ငါမယုံဘူး . . . မိုးပန်"

"စောင့်ကြည့်ပါဦး . . . ခြူးရယ်၊ ဒီကောင်က ရည်းစားလည်း မထားဖူးသေးဘူးနော်"

"ငါကကော ထားဖူးနေလို့လား"

"အဲ . . . အဲဒီလိုပြောတာမဟုတ်ဘူးလေ။ နင်က ဘာလို့ သူနဲ့ဆို အကဲဆတ်နေတာလဲ။ သူ့မှာ နင်မကြိုက်တာ ဘာရှိလို့လဲ"

"မေးစရာတောင်မလိုဘူး . . . မိုးပန်။ ငါမကြိုက်တဲ့ အချက်က သူ့မှာ အကြီးကြီးကို ရှိတယ်။ သူက အရက်သမားဖြစ်နေလို့ပဲ"

"လူငယ်ဘဝ အပေါင်းအသင်းကဏ္ဍ နည်းနည်းပါးပါး နေမှာ ပါဟယ်။ ငါနဲ့ပေါင်းနေတာ ကြာပြီ။ မူးယစ်ရမ်းယားနေတာ တစ်ခါမှ မတွေ့ဖူးပါဘူး"

"နင် ရှေ့နေခ ဘယ်လောက်ရလို့လဲ။ ငါ ပိုပေးမယ် . . . မိုးပန်။ သူ့ကိုတော့ ကာဆီးကာဆီး လာပြောမနေနဲ့"

"မိန်းမ . . . နင် သူ့အပေါ်မြင်တာ အစွန်းရောက်နေမှာ စိုးလို့ . . . သိလား"

"သတိမပေးနဲ့။ ငါကတော့ သူနဲ့ လုံးဝ မပတ်သက်တော့ဘူး။ သူ ပတ်သက်လာရင်လည်း ငါ သည်းခံမှာ မဟုတ်တော့ဘူး။ ငါ့ကို ဒီနေ့တစ်နေ့လုံး လတ်လတ်ဆတ်ဆတ် အရက်ခွဲခံတာ နင် မေ့နေလား"



"အေး . . . အေး . . . ပြောမရလည်း နင့်သဘောပဲ။ ဒါပဲဟာ ငါ ဖုန်းချတော့မယ်။ ငါ ကိုတင်ဖြိုးနဲ့ ဖုန်းပြောရဦးမှာ"

"အေး . . . လွှသံနဲ့ ပြောကြ။ ဒါပဲ"

ခြူး ဖုန်းချလိုက်သည်။ ဘယ့်နှယ် . . . သူငယ်ချင်းတွေက သည်း သူ့ဘက်ကချည်း ရပ်တည်သဘောတူချင်နေကြသည်။ မုန်းစရာ ကြီးတွေ . . . ဟင်း . . . ။

ᄍ ᄍ ᄍ



www.burmeseclassic.com

www.burmeseclassic.com

**(7)**

"ဟောကောင် . . . ဘာဖြစ်နေတာတုံး။ မျက်နှာက ဖြူဖတ်ဖြူရော်နဲ့"

"အေး . . . ဘာဖြစ်မှန်း မသိဘူး။ နေလို့ သိပ်မကောင်းဘူး။ ခေါင်းအတွင်းထဲက ရှူးရှူးပြီး မူးနေသလိုပဲ"

ညက လင်းရိပ် အိပ်မရ။ ခြူးနှင့် ဖုန်းပြောရတာ အဆင်မပြေသည်နှင့် စိတ်ထဲ သိပ်မကောင်းဖြစ်နေသည်။ အိပ်ရာထဲမှာ အိပ်ရခက်စွာ ဟိုလှိမ့်သည်လှိမ့် လုပ်နေရသည်။ မိန်းမပျိုလေးတစ်ဦးက အရုပ်ရှုလေးပိုက်ပြီး ဟိုလှိမ့်သည်လှိမ့် လှိမ့်နေရင်တော့ ကြည့်ရတာ ကောင်းမည်ပေါ့။ အခု ယောက်ျားသားဖြစ်နေတော့ ထိုသို့ လှိမ့်ရတာလည်း အူကြောင်ကြောင်ဖြစ်နေသလို ခံစားရ၍ စာထဖတ်သည်။ စာဖတ်ရင်း အိပ်ပျော်သွားမည်ဟု မျှော်လင့်သော်လည်း လဝန်းသာ အိုသွားသည်။ မျက်ခွံက လေးမလာ။ ရုပ်ရှင်အခွေလေးဘာလေး ထိုးကြည့်တော့လည်း အိပ်ငိုက်ခြင်းမရှိ။ နောက်ဆုံး မိုးလင်းခါနီးမှ တစ်ချက် အိပ်ပျော်သွားပါသည်။

နံနက်ရောက်တော့ အိပ်ရေးက မဝ။ ညကကျန်သည့် ရေခဲသေတ္တာထဲမှ ဒံပေါက်ထုတ်ကာစားပြီး ကျောင်းထွက်ခဲ့သည်။ ကျောင်း



အသွား ကိုယ်စီးမိသည့် Bus က အနံ့တော်တော်ဆိုးဆိုးထဲက ဖြစ်နေသည်။ တစ်လမ်းလုံး ကားပေါ်က ဆီနံ့နှင့် အငွေ့တွေကို အလိုမတူဘဲ ရှူခဲ့ရသည်။ ကျောင်းရောက်တော့ ခေါင်းက သိသိသာသာ မူးနောက်နောက် ဖြစ်နေသည်။

ထို့ကြောင့် ပျို့တို့မောင်အဆောင်သို့ ခဏသွားအိပ်မည်ဟု တွေးကာ ထွက်လာသည်။ ဒီရောက်တော့ ဝက်စတူးတစ်ယောက်တည်းနှင့် တွေ့ခြင်းဖြစ်သည်။

"ဟိုကောင်တွေကော . . ."

"ထွန်းကိုအဘွား ပိုက်ဆံပို့လိုက်လို့တဲ့ ဘဏ်သွားကြတယ်။ မျိုးမင်းသန်းနဲ့ ရာဇာရှိန်း လိုက်သွားတယ်။ အပြန် မုန့်တွေအများကြီး ဝယ်ခဲ့မယ်တဲ့"

"ဟင်း . . . ဟင်း . . . ကလေးကျလို့။ ငါ ခဏအိပ်လိုက်ဦးမယ်ကွာ။ မင်း အင်္ဂလိပ်ကျူတိုရီရယ် သွားဖြေဦးမှာလား"

"အေး . . . မဖြေတာကြာလို့ သွားဖြေလိုက်ဦးမယ်။ မင်း အိပ်ရင် အိပ်နေခဲ့ပါရတယ်။ မင်းအတွက်ပါ ငါ နှစ်ယောက်စာ ဖြေပေးလိုက်မယ်ကွာ"

လုပ်တတ်ရင် ရပါသည်။

ထိုအချိန် ဘေးအိမ်ကလင်မယား ရန်ဖြစ်နေသံ ကြားရသည်။ လင်က စောစောစီးစီး အရက်သွားဖြိုပြီး ခု ပြန်လာတော့လည်း ပါဆယ်ဆွဲလာပုံရသည်။ မိန်းမက ဆူပူဆဲဆိုနေသည်ကို ယောက်ျားကလည်း လေသံထွေထွေနှင့် ပြန်တုံ့ပြန်နေသည်။ တော်တော်ဆူဆူညံညံ ရှိလှသည်။

လင်းရိပ် တစ်ချက် စဉ်းစားသည်။ ကိုယ့်အဆောင်လို ပြန်ပြေမယ့် တစ်ယောက်တည်း အိပ်နေခဲ့ရမှာမျိုးတော့ လင်းရိပ် မဖြစ်ချင်။ နောက်ပြီး ဘေးအိမ်ကလည်း ဒီအတိုင်းဆို စစ်အေးကာလရောက်ရန်



www.burmeseclassic.com

www.burmeseclassic.com

ကာလကြာမြင့်ဦးမည်ဖြစ်သဖြင့် ထိုအသံများကြောင့် အိပ်လို့လည်း ရမည်မဟုတ်နိုင်။ ကိုယ် ခေါင်းမူးတာကလည်း အသက်နှင့် တော်တော်ဆေးဦးမည်ဟု တွေးကာ ဝက်စတူးနှင့် ကျူတိုရီရယ်လိုက်ဖြေဖို့ပဲ ဆုံးဖြတ်လိုက်သည်။

အဆောင်ကအထွက် ခုနက ရန်ဖြစ်နေသည့် အိမ်ရှေ့ကအဖြတ် . . .

"သေနာကြီး . . . သောက်အရည်တွေပဲ သောက်နေတော့ ဘာသောက်အလုပ်မှ လုပ်မနေနဲ့တော့။ ရှင်ပဲ ခွေးဖြစ်မှာ"

"ဘာမှ လူက အရည်သောက်လို့ ခွေးမဖြစ်ဘူး။ ခွေးက အရက်သောက်ရင်လည်း လူမဖြစ်ဘူး။ မလိမ်နဲ့နော် . . . မလိမ်နဲ့ . . . ဟင်းဟင်း"

လင်လုပ်သူက လက်ညှိုးကြီး တယမ်းယမ်းနှင့် အတည်ပြန်ငြင်းနေသည်။ မိန်းမ အတော်ဒေါပွသွားသည်။

"အောင်မာ . . . ကြည့်စမ်း . . . ကြည့်စမ်း . . . "

"သူ့အရက်ဘက်ကများ ကာကွယ်နေလိုက်တာ။ ဟင် . . . ဒီလောက်မှ သောက်ချင်နေတာ . . . ရော့ . . . ရှင့်အသုဘ အရည်ထုပ်"

ဆဲဆိုသံ ကြမ်းကြမ်းပျစ်ပျစ်နှင့်အတူ လမ်းပေါ်ကို အထုပ်ကြီးတစ်ထုပ်က လွင့်လာတော့သည်။ ထိုအထုပ်ကလည်း သူ့ဘာသာသူကမ္ဘာအပြင်မလွင့်ရင်တောင် လွတ်ရာကျွတ်ရာ လွင့်သွားရင် တော်သေး။ အခုကျတော့ အိမ်ရှေ့မှ ဖြတ်သွားနေသော လင်းရိုပ်ပေါ်သို့ အတိအကျကြီး လာထိမှန်လေတော့သည်။

"ဖြန်း . . ."

ခနဲ အသံနှင့်အတူ အရည်ထုပ်က လင်းရိုပ်ခေါင်းကို မှန်ပြီးပေါက်ပြဲစီးယိုကျကုန်တော့သည်။ လင်းရိုပ် မျက်နှာကြီး ရှုံ့သွားသည်။

"ဟား . . . စိတ်ညစ်လိုက်တာ"



အိမ်ထဲက လင်မယားက ဒါတွေမသိ။ သူတို့ပစ်လွှတ်လိုက်သည့်အရာကိုလည်း ပြန်မစမ်းစစ်ဘဲ အိမ်ထဲမှာ စစ်ဖြစ်နေကြမြဲ။

လင်းရိုပ်ပေါ်က စီးကျနေသည့် အရည်တွေကို ဝက်စတူးက လက်ညှိုးနဲ့တို့ကာ မြည်းကြည့်သည်။

"ဟာ . . . လင်းရိုပ်၊ ဘီအီးတွေပဲကွ နမြောစရာကွာ . . . ကျွတ် "

"သူတောင်းစားက ငါ့ အရက်တွေ ပေကုန်တာကျ မပြောဘူး"

"ဟီး . . ."

• • •

"ငါမေးမယ် . . လူကြီးတစ်ယောက် ရှိတယ်။ သူက ထိပ်ပြောင်နေတယ်။ ဆံပင်ရှစ်ချောင်းပဲ ကျန်တော့တယ်။ ကဲ . . . သူ့ပြောင်နေတဲ့ ထိပ်ကို လူမမြင်အောင် ဘယ်လိုဖုံးမလဲ"

ဒီဇင်ဘာခြူးက မေးသည်။ နွယ်တာနှင့်ခက်ခက်ဖူးငုံက မျက်နှာကြီးကျုံ့ကာ စဉ်းစားသည်။ မိုးပန်ကတော့ တစ်ချက်စဉ်းစားပြီး အာရုံခြောက်တာနှင့် လက်ထဲက ပေါက်ပေါက်ကိုပဲ နှိုက်စားနေလိုက်သည်။ ခြူးတို့ မေဂျာအတန်းရှေ့မှာဖြစ်သည်။ ခုနက ပရက်တီကယ်တစ်ချိန်ပြီးသွား၍ နားနေကြခြင်းဖြစ်သည်။

နားတာလည်း ကောင်းကောင်းမနားရပါ။ ညက လင်းရိုပ် ဖုန်းဆက်သည့်ကိစ္စကို ပြောပြတော့ ခြူးဘက်က ဆက်ဆံတာ ရင့်သီးသည်ဟု မိန်းမတွေက ဝေဖန်ကြသည်။ လင်းရိုပ်မှာ လွယ်လွယ်ငြင်းသင့်သည့် ယောကျ်ားမျိုးမဟုတ်ကြောင်း မဲ့ကာရွဲ့ကာ ပြောကြသည်။

'မကြိုက်လို့ ငြင်းတာပေါ့' ဟု ခြူးက ပြောတော့လည်း 'မယုံဘူး' ဟု ပြန်အော်ကြသည်။ ခြူးက လင်းရိုပ်ကို မကြိုက်ဘူးဆိုတာ

www.burmeseclassic.com

မယုံကြဘူးတဲ့။ မကြိုက်ရင်တောင် အေးအေးဆေးဆေး ပြောသင့်ကြောင်းတွေဖြင့် ဝိုင်းပြောကြတာ ခြူး နားညည်းလာသည်။

ထို့ကြောင့် စကားစ ခဏပြတ်တုန်း ပဟေဠိလိုလို ကောက်မေးကာ စကားလမ်းကြောင်း လွှဲထားလိုက်သည်။

ခက်ခက်နှင့်နွယ်တာက နမူးပြောင်ပြောင်ကို ဆံပင်ရှစ်ချောင်းနှင့် ဘယ်လိုဖုံးရမလဲ စဉ်းစားရင်း ခေါင်းကုတ်နေကြသည်။ သူတို့ခေါင်းကတော့ ဆံပင်ရှစ်ပင်မက ရှိပါသည်။

"မဖုံးတော့ဘဲ ရှိတဲ့ဆံပင်ရှစ်ချောင်းကလေးနှင့် ဆံထုံးတစ်ထုံးရအောင်ထုံးပြီး စတိုင်လ်ထုတ်လိုက်ရင်ကော"

ဦးပုည၏ ဆံထုံးတော်ကြီး တမာသီးထက် ဆိုးသွားမည်။

"ဆံပင်တွေကို အကြေကောက်လုပ် ရှေ့ချထားရင်ကော"

မဖြစ်။ မြင်သူတိုင်း မာမားခေါက်ဆွဲစားချင်စိတ် ကုန်သွားမည်။ ဆင်သေကို ဆိတ်သားရေနှင့် ဖုံးမရသလို ပြောင်သည့်ထိပ်ကိုလည်း ဆံပင်ရှစ်ပင်နှင့် သူမတို့ မပိတ်တတ်ပါ။

"မစဉ်းစားတတ်တော့ဘူး"

"အေးလေး . . . ဆံပင်ရှစ်ချောင်းလေးနဲ့"

"ပြောစမ်းပါဦး အဖြေကို"

နွယ်တာနှင့် ခက်ခက်သာမက မိုးပန်ကပါ အဖြေဝင်မေးတော့ ခြူးက မိန့်မိန့်လေး တစ်ချက်ရယ်ပြုံးပြီး . . . .

"ဟင်း . . . ဟင်း . . . ဦးထုပ်ဆောင်းမှာပေါ့ဟဲ့"

"ဟင်း . . . နင်ပြောတဲ့အထဲမှာ ဦးထုပ်မပါဘူး"

"အေးလေ . . . ဆံပင်ရှစ်ချောင်းပဲ ပါတာလေဟာ။ ဘာညစ်တာလဲ"

"နင်တို့ကိုရော ဘယ်သူက ဆံပင်ရှစ်ချောင်းတည်းနဲ့ ထိပ်ပြောင်တာကို ဖုံးခိုင်းလို့လဲ။ အဲ့ဒီလို ဆံပင်ရှစ်ချောင်းကို အသုံးပြုပြီး ဖုံးပါလို့ ငါပြောခဲ့လို့လား"

"ဟင် . . . ဒါကတော့ နင်က ပုစ္ဆာရဲ့ ပေးထားချက်လိုလိုကြီး ပြောသွားတာကိုး"

"နင်တို့ဘာသာ ထင်တာလေ။ မေးခွန်းပုံစံကို တိကျအောင် မစစ်ဆေးဘဲ စဉ်းစားခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမယ်။ ဒါ့ထက် ဘာပဲဖြစ်ဖြစ် ငါ့ကို လင်းရိပ်နဲ့မစရင် ပြီးရော"

"ဟွန်း . . . ဘာမှလည်း မဆိုင်ဘူး"

"အေးလေ . . . ငါက ဘာမှမဆိုင်တာကို ပြောတာပဲလေ။ သူနဲ့ငါ ဘာမှကို မဆိုင်ဘူး။ နင်တို့ကြားက လော်ဘီတွေ၊ အောင်သွယ်တွေ၊ သံတမန်တွေ၊ အဖွဲ့တော်တွေ လုပ်ဖို့ မကြိုးစား . . ."

"အယ် . . . ဟိုမှာ လင်းရိပ်တို့"

ပြော၍မှ မဆုံးသေး။ ကော်ရစ်တာတွင် လျှောက်လာသော လင်းရိပ်တို့ကို တွေ့လိုက်ရသည်။ လင်းရိပ်တို့ ကိုယ့်အတန်းကို သွားနေခြင်းဖြစ်သည်။ လမ်းက ဖြောင့်ပေမယ့် လင်းရိပ်ခြေလှမ်းတွေက သိပ်မဖြောင့်ချင် ဖြစ်နေသည်။ ခေါင်းမူကာ ပျို့ချင်သလိုလို ဖြစ်နေသည်။ သည်ကြားထဲ အရက်ဖြူနှင့် လောင်းသလိုပါ ခံလိုက်ရသဖြင့် အရက်နံ့နံ့ကာ ပိုဆိုးလာသည်။ အဆောင်မှာ ဝက်စတူး၏အကျီ ယူဝတ်ကာလဲခဲ့သင့်သည်ကို လင်းရိပ် သတိမရခဲ့။ ဒီအတိုင်းဆို ကျူတိုရီယယ်လည်း ဝင်မဖြေဘဲ အခန်းလွတ်တစ်ခုရှာကာ သွားဝင်အိပ်တာ ကောင်းမယ်ဟု လင်းရိပ် စဉ်းစားနေမိသည်။

"ဟဲ့ . . . လင်းရိပ်လမ်းလျှောက်နေပုံ တစ်မျိုးဖြစ်နေသလားလို့"

"အေး . . . နည်းနည်း ယိုင်နေသလားလို့"

သူမတို့၏ အဝေးကြည့်မှတ်ချက်ကို ခြူးက လက်ပိုက်၍ 'ဟင့်ခနဲ' တစ်ချက်ရယ်ကာ . . .

"မူးလာပြီ နေမှာပေါ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com

လင်းရိပ်တို့လည်း လျှောက်လာရင်း အနီးရောက်တော့ မြင်သင့်မြင်ထိုက်သည့် အနေအထားဖြစ်နေ၍ အလိုလို မြင်သွားသည်။ ခြူးကို မြင်တော့ လိုက်ခနဲ တစ်ချက် ပျော်သွားသည်။ သို့သော် ညက ဖုန်းပြောသည့် အခြေအနေများနှင့် ယခု ခေါင်းကလည်း ရီဝေဝေဖြစ်နေသည်ကြောင့် သူ့မျက်နှာ ပုံမှန်ရွှင်လန်းမှု မရခဲ့ပါ။

သူ သက်ပြင်းတစ်ချက် ချသည်။ မထူးတော့ ထိပ်တိုက်တွေ့နေမှတော့ ရှောင်လွှဲကာသွားလျှင် ပိုရုပ်ပျက် အနေခက်နေမည်။ သူ ခြူးရှေ့သို့ ပုံမှန်အတိုင်း သွားလိုက်သည်။

"ဟင် . . . ဘာအနံ့လဲဟ"

"ကျွတ် . . . ဒါ အရက်နံ့ပဲ မဟုတ်လား"

လင်းရိပ်အနားရောက်လာသည်နှင့် သူမတို့ အသီးသီး ရေရွတ်ကြသည်။ ခြူးက မိုးပန်ဘက်လှည့်ကာ . . .

"ကဲ . . . မိုးပန် နင်ကိုယ်တိုင်ကြည့်။ နင့်သူငယ်ချင်း အရက်သမားဆိုတာ ယုံပြီလား။ အနံ့ကို သေချာခံကြည့်"

". . . ."

မိုးပန် နှာခေါင်းတရှုံ့ရှုံ့လုပ်ပြီး မျက်နှာပျက်သွားသည်။ လင်းရိပ် ခေါင်းငိုက်လျက်သားအနေအထားနှင့် ခပ်လေးလေး ခေါင်းထပ်ယမ်းမိသည်။ သူ့ကိုယ်ပေါ်က အနံ့အသက်ကို ခြူး အထင်လွဲနေပြီမှန်း သူ သိသည်။ သို့သော် ကိုယ့်အပေါ် အမြဲတမ်း မကောင်းမြင်ဖို့ အသင့်ဖြစ် အသားကျနေပြီးသား မိန်းကလေးတစ်ယောက်အပေါ် သူ ရှင်းပြချင်စိတ် ကုန်ခမ်းနေသည်။

ထို့ကြောင့် စထားသည့်ကိစ္စတစ်ခု အဆုံးသတ်ရန်အတွက်သာ အိပ်ကပ်ထဲက ငွေတချို့ ထုတ်ယူရေတွက်၍ သူမထံ ထိုးပေးလိုက်သည်။ သူမအပေါ်ပေးရန် ကျန်ရှိနေသော ငွေအရေအတွက် အတိအကျအား သူမ လှမ်းယူလိုက်သည်။ လှမ်းယူရင်းလည်း မကြည်မသာဖြစ်နေသော



သူ့ကို ခြူး သုန်သုန်မှုန်မှုန် ဖြစ်မိသည်။ သူ သူမအပေါ် အာရုံမထားသလို စိတ်ပျက်ပျက်ဟန်ပန် ဖြစ်နေသည်ဟု ခြူး ရုတ်တရက် ထင်မိသည်။

ငွေပေးပြီးသည်နှင့် လင်းရိပ် လှည့်ထွက်ရန် ပြင်လိုက်သည်။ ထိုအခါမှ 'ဝက်စတူး' က . . .

"ဘာတုံးဗျ . . . ခင်ဗျားတို့က ကျုပ်သူငယ်ချင်းကို မူးနေတယ် ထင်တာလား"

"မဟုတ်လို့လား"

"ဟုတ်တယ်လေ . . . အဲ . . . အရက်မူးတာတော့ မဟုတ်ဘူး။ သူ့ဘာသာသူ ခေတ်ကြီးလေးပါး မညီညွတ်လို့ ခေါင်းမူးနေတာ။ အရက်က ကျွန်တော်တို့အဆောင်ဘေးအိမ်က လင်မယားရန်ဖြစ်ပြီး မိန်းမလုပ်တဲ့သူက အရက်ထုပ်ကို လွှင့်ပစ်လိုက်တာ။ အဲဒါ လမ်းပေါ်က လင်းရိပ်ကို ကံဆိုးပြီး လာမှန်သွားတာ"

ဝက်စတူးက ခေတ်ကြီးလေးပါးတွေ ဘာတွေနှင့် အတိအကျရှင်းပြပါသည်။ ခြူးက တစ်စက်ကလေးမျှတောင် မယုံဟန်ဖြင့် နှုတ်ခမ်းဝင် တစ်ချက်မဲ့လိုက်သေးသည်။ လင်းရိပ်က လက်ဝင်ကာပြကာ . . .

"ဝက်စတူး . . . ရှင်းပြမနေနဲ့ သူ ငါ့ကို ယုံမှာမဟုတ်ဘူး။ လာ . . . သွားစို့ကွာ"

"သွားပါ . . . သွားပါ . . . အရက်သမားကြီးရယ်"

ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး ထွက်သွားမှတောင် ခြူး၏ ရွဲ့သံစွာစွာနှင့် အရက်သမားဟုခေါ်သည့်အသံ ကြားလိုက်ရသည်။ အေးရာအေးကြောင်း ကိုယ့်လမ်းကိုယ်သွားချင်စိတ်များ ထောင်းခနဲ ပျောက်သွားသည်။ လင်းရိပ် ဆတ်ခနဲ ပြန်လှည့်ရပ်ကာ . . .

"ကျွန်တော် အရက်သမားမဟုတ်ဘူးလို့ ဘယ်နှခါပြောရမလဲ ခြူး။ အခု အရက်နံ့တွေ ထွက်နေတာအတွက်လည်း ခုနက ဝက်စတူး ရှင်းပြတဲ့အတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ယုံချင်စရာကို မရှိ။ ရှင် မမူးရင် ဘာလို့ ခြေလှမ်းတွေက ပုံမှန်မဟုတ်တာလဲ"

"လင်းရိပ် . . . နှင် . . . တကယ် . . . သောက် . . . သောက် နေတာလားဟ"

မိုးပန်ကပါ ငြိုငြင်ပျက်ယွင်းသည့် မျက်နှာနှင့် ဝင်မေးလာသည်။

လင်းရိပ် ခေါင်းတော်တော် မူးနေရသည့်ကြားက သူတို့နှင့် စကားများများ ပြောရတော့မည်ထင်သည်။ အရက်သမားဟုခေါ်သည့် ခြူးအသံကို သူ မကြားချင်လွန်းတော့ပါ။

"ကဲ . . . ကျွန်တော် ဘယ်လိုလုပ်ရင် မမူးဘူးလို့ ခင်ဗျား ယုံမလဲ။ ကျွန်တော် မမူးကြောင်း ဘယ်လိုသက်သေပြရမလဲ"

ခြူးကို ဒဲ့ကြည့်ကာ သူလိုရင်းကို ခပ်တင်းတင်း မေးလိုက်သည်။ ခြူးကလည်း သူ့ကို စိုက်ကြည့်မိသွားသည်။

ခက်ခက်နှင့် နွယ်တာကက ခြူးတစ်ဖက်တစ်ချက်စီ ဝင်၍ တီးတိုးအကြံပေးကြသည်။

"သူ့အမေလင်ရဲ့ တစ်ဦးတည်းသော မိန်းမကမွေးတဲ့ သူ့ရဲ့ တစ်ဦးတည်းသောသားဟာ သူနဲ့ဆို ဘယ်လိုဆွေမျိုးတော်မလဲဆိုတာ မေးလိုက်"

ဟု ခက်ခက်က ပြောသလို နွယ်တာကလည်း . . .

"ငါ ကြက်ဥသုံးလုံး သွားဝယ်ပေးမယ်။ သူ့ကို အနှစ်မပေါက်အောင် အခွံခွဲခိုင်းကြည့်။ သုံးလုံးမှာ တစ်လုံးအနှစ်ပေါက်ရင် သူ နည်းနည်း မူးနေတာ။ နှစ်လုံးပေါက်ရင် ရေချိန်ကိုက်နေတာ။ သုံးလုံးလုံး ပေါက်ရင် သူ တော်တော့်ကို အိုဗာလစ်မစ်ဖြစ်နေတာပဲ . . . ခြူး"

ဟု တီးတိုးစွာ လေသံအုပ်အုပ်နှင့် ပြောသည်။

ကြားဖူးနားဝ အရက်မူးမမူးစမ်းသပ်သည့် နည်းလမ်းများဖြစ်မည်။ ခြူးကလည်း စဉ်းစားသည်။ လင်းရိပ်က မူးပေမယ့် ခပ်ညံ့ညံ့



တည်းကမဟုတ်မှန်း ခြူး သိပြီးသား။ ခုနက နည်းလမ်းတွေနှင့်ဆို သူ ဟန်ကိုယ့်ပြီး ဖြေရှင်းနိုင်သွားလိမ့်မည်။ အားနည်းချက်ကို စဉ်းစားရ မည်။

"မဒီဇင်ဘာခြူး . . . ဘာလုပ်ခိုင်းခိုင်း ကျွန်တော် လုပ်ပြ မယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်က အောင်မြင်အောင် လုပ်ပြနိုင်ရင် နောက် ဘယ်တော့မှ ကျွန်တော့်ကို အရက်သမားလို့ မခေါ်ပါနဲ့"

လင်းရိပ်အသံက တကယ်ပြောနေခြင်းဖြစ်သည်။ ခါတိုင်း သူမ ခေါ်တုန်းက အပျော်ဟု သဘောထားကာ သူ့စိတ်ထဲမထားသော်လည်း ဒီနေ့ညကစ၍ သူမ အရက်သမားဟုခေါ်သည်မှာ ညစ်ခေါ် ခေါ်သည် ဆက် ပိုနေမှန်း သူ ခံစားသိမိသည်။ ခြူး သူ့ကို သည်လောက် အထင် သေးခွင့် သူ မပြုနိုင်ပါ။

ခြူးလည်း လင်းရိပ်၏ စိတ်နာစိမ်းကားနေဟန်ရှိသော အရိပ် အငွေ့များကို ခံစားမိနေပါသည်။သို့သော် ဘာမှမဖြစ်သည့်ဟန့်ဖြင့် . .

"ကောင်းပြီ . . . ကျွန်မ စမ်းသပ်ကြည့်မယ်။ ရှင် အရက် သောက်မထားဘူးဆိုတာ သက်သေပြနိုင်ရင် ရှင့်ကို ဘယ်တော့မှ အရက် သမားလို့ မခေါ်တော့ဘူး။ ခေါ်ဖို့အကြောင်းလည်း ရှိမှမရှိတော့ဘဲ။ ရှင် နဲ့ အကြွေးကလည်း ကျေပြီဆိုတော့ ဘာမှ ပတ်သက်စရာအကြောင်းမှ ရှိတော့တာပဲ"

ခြူးစကားက ရက်စက်ပေမယ့် ခြူး မျက်တောင်ကော့ကော့ အားတွေက လှနေသည်ကို လင်းရိပ် မြင်နေရသည်။

"ပြောပါ . . . ဘာလုပ်ပေးရမလဲ"

"ပြောမယ်"

သူမ စဉ်းစားမိသည့် နည်းလမ်းကို စပြောတော့မယ်။

"ရှင် ဒီနေရာကနေ ဟိုး ကော်ရစ်တာကွေ့အထိ လျှောက်ရ မယ်။ ပြီးရင် ဒီကို ပြန်လာရမယ်။ လျှောက်နေစဉ်အတွင်းမှာ ခြေလှမ်း က မယိမ်းရ မယိုင်ရဘူး။ နောက်ပြီး ကော်ရစ်တာတစ်လျှောက်က



www.burmeseclassic.com

www.burmeseclassic.com

ထောက်တိုင်လုံးတွေကိုလည်း ရေတွက်ခဲ့ရမယ်။ ရှင် မယိုင်မနဲ့ ဒီနေရာကို လျှောက်လာနိုင်ရင် တိုင်လုံးအရေအတွက်ကိုလည်း မှန်အောင်ပြောနိုင်ရင် ရှင် မမူးလို့ ကျွန်မ ယုံလိုက်မယ်”

“အိုကေ . . . အခု စမယ်”

ထိုသို့ လင်းရိပ် ပြောလိုက်သည်နှင့် ဘာရယ်မဟုတ်။ အားလုံး အသင့်အနေအထားတစ်ခုလို ဖြစ်သွားသည်။ ခက်ခက်၊ နွယ်တာ၊ မိုးပန်းနှင့် ဝက်စတူးတို့က လင်းရိပ်ကို တစ်လှည့်၊ ခြူးကိုတစ်လှည့် ကြည့်နေသည်။

လင်းရိပ် ခြူးကို တစ်ချက်ကြည့်ပြီး ကျောလှည့်ကာ စလျှောက်တော့သည်။

“တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း”

လင်းရိပ် လျှောက်လှမ်းနေသည်ကို ကျန်ခဲ့သူများ၏ စိတ်အတွင်းမှ ရေတွက်နေကြခြင်းဖြစ်သည်။ ခြေလှမ်း သုံးလှမ်းကျော်လေးလှမ်းလောက်တွင် တိုင်လုံးတစ်ခုရှိသည်။

လင်းရိပ်ခေါင်းထဲမှ တရိပ်ရိပ် မူးနေသည်။ ထိန်းလျှောက်ရင်း တိုင်လုံးတွေကိုလည်း ရေတွက်နေရသည်။

“လေးလုံး . . . ငါးလုံး . . .”

ခေါင်းထဲတွင် အဆိပ်ရည်ကြည်တစ်ခု ရုန်းကန်နေသလို ခံစားရသည်။ မခံမရပ်နိုင်အောင် ကိုက်လာသည်။ ခြေလှမ်းတွေ ယိုင်ချလာသည်။ သူ ခြေလှမ်းတွေ မယိုင်အောင် ကိုယ့်ခြေထောက်ကိုယ် ငုံ့ကြည့်လည်း လျှောက်လာရသည်။

ခြူးတို့နှင့် ခပ်လှမ်းလှမ်း ဖြစ်သွားပြီ။ လင်းရိပ် ခြေလှမ်းနည်းနည်းယိုင်သလို မြင်နေရပြီး ခြူး ပြုံးသင့်ပေမယ့် မပြုံးမိ။ ကျန်တဲ့သူတွေလည်း စိတ်လှုပ်ရှားမှုတစ်မျိုးနှင့် ကြည့်နေကြသည်။ ဝက်စတူးက သူ့ကောင် အရက်မမူးမှန်းသိပေမယ့် ကျန်းမာရေးဘာမှန်း မသိတာကြောင့် စိုးရိမ်နေသည်။



လင်းရိပ် တည်တည်ငြိမ်ငြိမ် အောင်မြင်စွာ ပြန်လျှောက်နိုင်မလား။ လမ်းတစ်ထောင့်မှာ သိသိသာသာ ခွေယိုင်ကျနေမလား။ စောင့်ကြည့်ရမည်။

သို့သော် ဖြစ်နိုင်ချေများထက်ပင် ပိုခြားနားစွာ ဖြစ်ပေးစေသော ကံအထားအသို အလှည့်အပြောင်းများကလည်း ရှိနေသေးသည်မဟုတ်လား။ မမြင်ရသည့်ထောင့်က ဘာထွက်လာဦးမည်နည်း။

လင်းရိပ် ခေါင်းငုံ့ကာ ကိုယ့်ခြေထောက်ကိုယ် ကြည့်လျှောက်သွားရာ တော်တော်မူးနေသည်။ အဘယ်ကြောင့် ဒီလို မူးနေမှန်းလည်း သူမသိ။ သို့သော် အခုချိန် တစ်ယောက်ယောက်ကသာ ကိုင်လှုပ်လိုက်ရင် သူ အမြှုပ်ထွက်ကာ မူးမေ့သွားမည်မလားပင်။

ခြူးနှင့် ခြေလှမ်းပေါင်းလေးဆယ်အကွာလောက်မှ ထိုသို့ တွေ့နေစဉ်တွင် . . .

“အင့် . . . ”

“ဟာ . . . ”

“ . . . . . ”

သူ ခေါင်းငုံ့လျှောက်လာ၍ ရှေ့ကလူကို မမြင်။ မြင်သော ရှေ့ကလူကလည်း ဖယ်ပေးပုံမရ။ ထို့ကြောင့် ဝင်တိုက်မိသောအခါ လင်းရိပ် ခြေခိုင်ဘဲ ယိုင်လဲကျတော့သည်။

လင်းရိပ် ခေါင်း မိုက်ခနဲပင် မူးသွားသည်။ သူ့ကို ရှေ့မှပိတ်ထားသူကို ချက်ချင်း ခေါင်းထောင်ကြည့်တော့ . . .

“ဟာ . . .”

မော်ကွန်းထိန်းဆရာကြီး ဦးကျော်ထင်ဖြစ်နေသည်။ ကျော်ထင်က သူ့ကို တင်းမာခေါက်ခက်စူးစိုက်စွာ ကြည့်နေသည်။ သူ ဖုတ်ဖတ်ခါ ထတော့ ဆရာကြီးက သူ့ကုပ်ကို ဖမ်းဆွဲညှစ်လိုက်သည်။

“မင်း . . . လမ်းလျှောက်လာတာ ပုံမှန်မဟုတ်မှန်းသိလို့ ငါ ရှေ့က ပိတ်ကာထားတာ။ ဒါတောင် ငါ့ကိုမမြင်ဘဲ ဝင်တိုက်သေးတယ်။ ကွန်း . . . ဘယ်မြင်မလဲ မူးရူးနေတာကို”



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . . မ . . . မဟုတ် . . . "

မော်ကွန်းထိန်း၏ အော်ဟစ်ဟိန်းခြောက် ဒေါသသံကြောင့် တခြားကျောင်းသားကျောင်းသူတွေပါ သွားလာရာက ရပ်တန့်ကြည့်ကုန်ကြသည်။ နီးသူများက ဝိုင်းကြည့်၊ ဝေးသူများက လှမ်းကြည့်ကုန်ကြသည်။

"တောက် . . . အရက်နံ့ကလည်း ဟောင်နေတာပဲ။ ဒီပုံစံနဲ့ ကျောင်းထဲ ဝင်ရဲသေးတယ်ပေါ့။ ဟင်း . . . ကောင်းရောကွာ။ ပညာရေး နိမ့်ကျတယ်ဆို စီ'ခနဲ ဝေဖန်ပြီး မင်းတို့လို အကျင့်ပျက်ကောင်တွေကို မမြင်တာကျတော့ ငါတို့က နစ်နာတယ်ကွ။ ပြောစမ်း . . . မင်း ဘယ် မေဂျာကလဲ"

"ကျွန် . . . ကျွန်တော် . . ."

"ကြာပါတယ်ကွာ . . . လာစမ်း . . . မင်းကို ပါချုပ်ရုံးခန်း ခေါ်သွားမယ်"

"မဟုတ် . . . မဟုတ်ဘူး ဆရာ"

ကျောင်းသားကျောင်းသူတွေ ဝိုင်းကြည့်နေကြသည်။ ထိုကြား ထဲမှ ဦးကျော်ထင်က လင်းရိပ်ကို ကုပ်မှအကျီစကို ဆွဲ၍ ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။

တစ်ခုခု အခြေအနေ ဆိုးရွားသွားမှန်းသိသဖြင့် ဝက်စတူး ကာကွယ်ဖို့ ပြေးပေမယ့် ဦးကျော်ထင်က ခေါ်သွားပြီ။ ကျောင်းသား တွေက လင်းရိပ်ကိုယ်ပေါ်မှ အနံ့ကိုသိကာ လင်းရိပ်ကို အကျင့်ပျက် ကျောင်းသားတစ်ယောက်လိုလို ထင်သွားကြသည်။ နွယ်တာ၊ ခက်ခက် နှင့် မိုးပန်တို့လည်း စိုးရိမ်စိတ်နှင့် အခြေအနေ ပြေးကြည့်ကြသည်။

နေရာတွင် ခြူးတစ်ယောက်သာ ကျန်ခဲ့တော့သည်။



ချစ်သူက ဆဲတယ်
ပန်းသီးအာမည်းနဲ့ပဲ တန်တဲ့ကောင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းရောက်တော့လည်း ထင်သလောက် မဆိုးခဲ့ပါ။ လင်းရိပ် အရက်မူးနေတာမဟုတ်ကြောင်း ဝက်စတူး ဝင်ရှင်းပြချက်အရကော၊ စမ်းသပ်မှုအရကော သိရသည်။ ခေါင်းမူးပြီး အန်နေသည့် လင်းရိပ်ကို ပါမောက္ခကိုယ်တိုင် ဆေးခန်းပို့ပေးပါသည်။

အစာ အဆိပ်သင့်တာကြောင့်ဟု သိရသည်။ ရေခဲသေတ္တာထဲ အကြာကြီးထားထားသည့် ဒန်ပေါက်ကို စားခြင်းကြောင့်ဟု ပြောသည်။ ပြီးလျှင် မြို့ပြအဆိပ်သင့်မှုဟုခေါ်သော လေဆိုးလေညစ်တွေ နှောင့်ယှက်မှုကြောင့်လည်း ပါဝင်ကာ ညဘက်က အိပ်ရေးပျက်ထားမှု၊ ပြီးတော့ မနေ့က သွေးလှူထားမှု၊ ထို့ကြောင့် အားနည်းနေခြင်းလည်း ပါဝင်ကြောင်း အချက်အလက်တွေ တွေ့ရှိရသည်။

ဟုတ်သည်။ မနေ့က လင်းရိပ် ကျောင်းခဏပဲ ရောက်နိုင်ပြီး မိတ်ဆွေတစ်ယောက် အရေးပေါ် (A) သွေးလို၍ သွားလှူခဲ့ရသည် မဟုတ်ပါလား။

ယခု စိုးရိမ်စရာ မရှိတော့ပါ။ တစ်ရက်လောက် သေချာအနား ယူလိုက်ရင် သက်သာကာ ပုံမှန်ပြန်ဖြစ်သွားမည်ဖြစ်သည်။



**(8)**

သို့သော် နောက်ရက် တော်တော်ကြာသည်အထိ လင်းရိပ် ကျောင်းသို့ရောက်လာခြင်းမရှိပါ။ ခြူးလည်း သိရသည်။ မော်ကွန်းထိန်းက အင်္ကျီကုပ်ဆွဲပြီး ခေါ်သွားသည့်သတင်း ပျံ့နှံ့နေသည်။ မိန်းကလေးတွေ၏ ပါးစပ်များမှာ ပိုပြောနေကြသလားဟု ခြူး ထင်သည်။ သို့သော် လင်းရိပ် အရက်မသောက်ထားကြောင်းလည်း အားလုံး သိရှိသွားကြပြီးဖြစ်သည်။

လမုန်ကြီးမိုင်ကပင် ခြူးကို လာမေးသည်။

"ခြူး . . . နင်နဲ့ အကြွေးရှိတဲ့ကောင်လေးကို မော်ကွန်းထိန်းက ရုံးခန်းခေါ်သွားတာဆို။ ဘာဖြစ်လို့လဲ"

"အရက်သောက်လို့တဲ့"

"ဟဲ့ . . . ငါကြားပြီးပါပြီ။ သူက အရက်မသောက်ထားပါဘူးတဲ့"

"နင် သိနေပြီးသားပဲ။ ဘာလို့ လာမေးနေသေးလဲ"

"နင်များ တစ်ခုခု ပိုပြောနိုင်မလားလို့ပါ။ သနားပါတယ်ဟယ် မော်ကွန်းထိန်းကလည်း ခပ်ကြမ်းကြမ်းကြီး ခေါ်သွားတာဆို။ ခြော် . သူ နာနေတော့မှာပဲ . . . ကျွတ် . . . ကျွတ် . . ."



www.burmeseclassic.com

www.burmeseclassic.com

ရှေ့တည့်တည့်လာပြီး လင်းရိပ်ခံစားပြနေသည့် လမုန်ကြီးမိုင်ကို အမြင်ကတ်လိုက်တာ ပြောမနေပါနှင့်။ လမုန်ကြီးမိုင်ထွက်သွားတော့ ခက်ခက်တို့သုံးယောက် ဆူပုပ်ပုပ်နှင့် အနားကပ်လာသည်။

"နင် တစ်ခုခုလုပ်သင့်တယ်လို့ မထင်ဘူးလား . . . မိခြူး"

"အီကွေးရှင်းတွေ သေချာကြည့်သင့်တယ်လို့ ထင်တယ်ဟ"

"အာ . . . ကျောင်းစာပြောတာ မဟုတ်ဘူး။ လင်းရိပ်ကိစ္စကို ပြောနေတာ"

သိသားပဲ . . . ခြူးက သပ်သပ်လျှောက်ပြောပစ်ခြင်းဖြစ်သည်။

"ငါက ဘာလုပ်ရမှာလဲဟ။ သူ့ဘာသာသူ ဖြစ်တာလေ"

"အယ် . . . ပြောရက်လိုက်တာ။ ဒီလိုဖြစ်အောင် နင်လုပ်လိုက်တာလေ"

"မဆိုင်လိုက်တာဟာ"

"ဆိုင်သမှ သိပ်ဆိုင်"

"ဆိုင်တယ်ထင်ရင် နင်တို့ပဲဆိုင် ငါတော့ မဆိုင်ပေါင်"

"အေး . . . ဒါဆို ငါတို့ လင်းရိပ် ဘယ်လိုအခြေအနေရှိလည်း သွားကြည့်မယ်။ နင် လိုက်မလာနဲ့"

ခြူးကိုချန်ထားကာ သူငယ်ချင်းတွေ လင်းရိပ်ကို သွားရှာကြသည်။ လင်းရိပ်ကို မတွေ့။ ရာဇာရှိန်းတို့နှင့် တွေ့သည်။ လေနှင့်ပါးစပ်ကြားခံထား၍ ရန်ဖြစ်ကြသည်။

"သွားစမ်းပါဟာ . . . ငါတို့က အရက်သမားတွေပါ။ နင်တို့ လာပေါင်းစရာ မလိုပါဘူး"

ထွန်းကိုက စကားနာ စထိုးသည်။ ခက်ခက်က . . .

"အရက်သမားကို မပေါင်းတာတော့ မှန်တယ်။ ဒါပေမဲ့ နင်တို့က အရက်သမားမဟုတ်မှန်း ငါတို့ သိပါတယ်ဟာ"

"သွားစမ်းပါဟာ။ ငါတို့ကောင်ကို မူးလဲအောင်လုပ်ထားတာ တစ်သက်မကျေဘူး"



"ဟုတ်တယ် . . . ငါတို့ကောင် ရှုံးခန်းရောက်အောင် မိန်းမမာယာ သဲကိုးဖြာနဲ့ လီဆယ်လိုက်တာ ဆယ်ကမ္ဘာမကျေဘူး"

"ဟုတ်တယ် . . . ငါတို့ကောင် အရှက်တကွဲ အကျိုးနည်းသိက္ခာကျ လိပ်ပြာမလုံအောင် အိုးမည်းသုတ်ထားတာ။ သမ္မတကြီးနဲ့ တိုင်ပြောရရင်တောင် မကျေနပ်ဘူး"

ပြောနေကြပုံကလည်း ဖက်ဆစ်ဂျပန် တော်လှန်ရေးသမားတွေလို ဇာတိမာန်ကြီးနှင့် လာပြောနေကြသည်။ သူတို့မေဂျာရှေ့မို့လို့ ကျယ်နေကြခြင်းလည်း ဖြစ်သည်။

"အဲဒါကြောင့် ငါတို့ အခြေအနေ လာမေးတာပေါ့ဟဲ့။ သူသက်သာသွားပြီလား။ ခြူးကလည်း သူမှန်းလို့မှ မဟုတ်တာ။ ဒီအတိုင်းခင်လို့ အကဲစမ်းကြည့်တာမျိုးပါ"

"အဲ့ဒီမိန်းမကို ပြောလိုက်၊ အခုမှ လာခင်မနေနဲ့လို့"

"ဟုတ်တယ် . . . လင်းရိပ်က သူ့ကို မုန်းသွားပြီလို့ . . . ပြောတ်ထား"

"အောင်မာ . . . ကောင်းကောင်းပြောနေတာကို ကောင်းကောင်းပြန်မပြောဘူး။ ဒီမှာ တာဝန်သိလို့ လာမေးနေတာကို ကျီးကန်းတွေလို ဆိုးအာနေတယ်"

တစ်ဖွဲ့တစ်ခွန်း ပြိုင်အော်ကြပြီး မောမှ သူမတို့ လှည့်ပြန်လာခဲ့သည်။

ခြူးကလည်း သူမတို့နှင့် လိုက်မသွားသော်လည်း သတင်းထူးများ ပါမလားဟု မျှော်မိတာ အမှန်ဖြစ်သည်။ သို့သော် ထိုစိတ်ကိုလည်း သူမကိုယ်သူမ ဝန်ခံပုံမရ။ မိုးပန်တို့ ပြန်လာတော့ ခြူးက စိတ်မဝင်စားချင်ဟန် ဆောင်နေသည်။

ဆူပုပ်ဆူပုပ်နှင့် ပြန်လာသော သူမတို့ကို ကြည့်ပြီး သူမ ရယ်ချင်နေသည်။ သို့သော် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းလိုက်သော နှယ်တာ၏ တစ်ခွန်းတည်းသော စကားကြောင့် သူမ မရယ်နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"လင်းရိပ်က နင့်ကို မုန်းသွားပြီတဲ့"

ခြူးရင်ထဲ အောင့်သွားသည်။

နောက်နေ့ကျတော့လည်း သူ့ကို မတွေ့ရပေ။ အံ့တိုးက စာထပ်လာပေးပြန်သည်။ အံ့တိုး စာလာပေးတာမြင်တော့ လင်းရိပ်ကို တစ်ချက်သတိရကာ သူမ ပြုံးဖြစ်သည်။ ဒါကို အံ့တိုးက သူ့ကို ပြုံးပြသည် အမှတ်နှင့် ဖီးလ်တက်နေ၍ ခြူး ခွကျသေးသည်။

ကျောင်းဓမ္မာရုံဆီ ဘုရားပန်းကပ်ဖို့ သွားကြတော့လည်း ဘုရားခန်း အပေါက်ဝရှိသေး . . .

"အရှင်ဘုရား . . . တပည့်တော်တို့ ကံငါးပါးအနက်မှ သူရာမေရယဟူသော အရက်သေစာသောက်စားခြင်းကို မပြုမူပါဘဲနှင့် အရက်သမားဟု ကင်ပွန်းတပ်သမုတ်ကာ စွပ်စွဲခံရခြင်းမှ ကင်းဝေးရပါလို၏ဘုရား"

အသံကြားရုံနှင့် သိသည်။ ရာဇာရှိန်း၏ အသံကြီး။

ကိုယ်တော်များက ဘယ်က ဘယ်လိုရောက်နေမှန်းမသိ။ ဓမ္မာရုံနှင့် သူတို့နှင့်လည်း ဒီလိုအပ်စပ်ပြီး ရောက်လာနိုင်ချေရှိသည်ဟုလည်း တစ်ခါမှ ခြူးမတွေးဖူး။ ယခုတော့ သူတို့က ကြိုရောက်နှင့်ကာ ဘုရားရှေ့ထား၍ တိုက်စစ်ဖွင့်နေသည်။ ခြူး မျက်လုံးဝေ့ပြီး ရှာကြည့်တော့လည်း လင်းရိပ်ကို မတွေ့ပါ။

သူတို့ ရွဲ့ပြောသည့်စကားများကို မကြားချင်ယောင်ဆောင်ကာ ခြူးတို့ ဘုရားပန်း မြန်မြန်ကပ်ခဲ့ရသည်။ ခြူးတို့ ဘုရားခန်းက ထွက်တော့လည်း ဝက်စတူးက ကြမ်းတိုက်ဝတ်နှင့် ခြူးတို့နင်းလျှောက်သွားသော နေရာများကို ဖိတိုက်ရင်း . . .

"အကျင့်ပုပ်သူတို့ရဲ့ခြေရာ ဓမ္မာရုံထဲမှာ မထားကောင်းဘူး"

ဟု အော်သေးသည်။

ခက်ခက်က ကိုင်ဆောင့်ဆွဲပစ်ချင်စိတ်နှင့် ဆွေ့ဆွေ့ခုန်နေသော ကြောင့် ဆွဲခေါ်ခဲ့ရသေးသည်။



နေ့လယ်တစ်ခု ခြူးကျောင်းမှ အိမ်ပြန်စဉ် ဘတ်စ်ကားကြီးက ပျင်းစရာ ကောင်းနေသည်။ သူမ ပြတင်းပေါက်နား ထိုင်နေမိသည်။ ခြောက်ကပ်ကပ် မှတ်တိုင်လေးဆီရောက်တော့ . . .

မုန့်လက်ကောက်သည်အဒေါ်ကြီး တက်လာသည်။ ထိုတိုက်ဆိုင်မှုက လင်းရိပ်ကို သတိရသွားစေပြန်သည်။ နံဘေးမှာ ပျော်စရာစကားတွေ တတွတ်တွတ်ပြောတတ်သည့် ကောင်လေးပါလာရင် ဘယ်လောက်ကောင်းမလဲနော်။

"ဟာ . . . ဆရာရှေ့မှာ လူငယ်တစ်ယောက် လိုက်ဦးမယ်"

ကားပြန်စစထွက်ချင်းပဲ စပယ်ယာက အော်လိုက်သည်။ ခြူး ခေါင်းငုံ့ထားရာမှ ဖျတ်ခနဲ ခေါင်းထောင်ကာ ကြည့်လိုက်သည်။ ကားပေါ် ဆွေ့ခနဲခုန်တက်လာသည့် လူငယ်က တီရှပ်ဖြူနှင့် ပုဆိုးနှင့်ပါ။ လင်းရိပ်ကို စတွေ့တုန်းက ပုံစံအတိုင်းပင်။ သို့သော် လင်းရိပ် မဟုတ်ခဲ့ပါ။

ခြူး သက်ပြင်းချမိသည်။

နောက်နေ့လည်း ကျောင်းရောက်တော့ လင်းရိပ်ကိုမတွေ့။ သူတို့မေဂျာရှေ့ နွယ်တာတို့ ရိပ်ခြည်သန်းခြည် သွားလုပ်ကြည့်တော့လည်း ထုံးစံအတိုင်း မျိုးမင်းသန်း၊ ရာဇာရှိန်း၊ ဝက်စတူးနှင့် ထွန်းကိုတို့သာ တွေ့ပြီး လည်ချောင်းနာလောက်အောင် ပြိုင်အော်ပြီး ပြန်ခဲ့ကြ။ လင်းရိပ် ဘယ်ရောက်မှန်းမသိ။

ခြံချင်းနီးသော မိုးပန်ကလည်း အိမ်သွားရှာပေမယ့် မတွေ့ဟု ပြောသည်။ ဘယ်သွားမှန်းလည်း စုံစမ်းမရဟု ပြောသည်။

တကယ်တော့ မိုးပန် သိနိုင်ပါသည်။ ခြူး တစ်ခုခုခံစားရအောင် ထိမ်ချန်ကွယ်ထားတာမျိုး ဖြစ်နိုင်သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

လမ်းထိပ်မှာ လူငယ်တွေ မူးပြီး ရန်ဖြစ်ကြသည်ဆို၍ ရပ်ကွက်လူကြီးဦးဘခြူးက ဖြေရှင်းရန် ထွက်သွားသည်။ ရွာသူကြီးမဟုတ်၍ နှစ်လုံးပြူးတော့ ယူသွားစရာမလို။

ဦးဘခြူးထွက်သွားပြီး ဘာမှမကြာ မိဖြူက ကလေးလက်ဆွဲ၍ တရှုတ်ရှုတ်ငိုကာ အိမ်ပေါ်တက်လာသည်။ ယောကျ်ားမူးပြီး ရိုက်၍ ထွက်ပြေးလာခြင်းဖြစ်သည်။ ဦးဘခြူးမိန်းမမ ခြူး၏မေမေ ဒေါ်ကြူကြူက မိဖြူကို ချော့ရသည်။ မိဖြူ၏ကလေးကို ခြူး၏ အန်တီလေးက ထမင်းခေါ်ကျွေးကာ ထိန်းထားရသည်။

ခြူး စိတ်ရှုပ်ရှုပ်နှင့် အိမ်အပေါ်ထပ်ဝရန်တာဆီ တက်သွားကာ မည်သူ့ကိုမျှ မမျှော်ဘဲ ရပ်နေမိတော့သည်။ မညီညာသော ညလမ်းမထက်မှ အိမ်ပြန်လူသားများကို ခြူးအပေါ်စီးမှ မြင်နေရသည်။ ယိုင်ယွဲ့စွာ လျှောက်လှမ်းနေကြသူများသဖြင့် ဂျပန်ပန်းချီကားတစ်ချပ်ကိုပင် သတိရသွားစေသည်။ တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး အရိပ်ပင် ယိုင်နဲ့နေသည့် လူနှစ်ယောက်ကာလည်း . . .

“အသည်းကို ပွတ်ဆိတ်ကိုက်သလို နာကျင်မိပါတယ်။ အို . . အေးစိန်ရယ်”

ဟု အော်ဆိုသွားကြသည်။ ဘာသီချင်းကြီးမှန်းလည်း မသိ။ သီချင်းထဲမှာ အေးစိန်ပါတာလည်း ခြူးတစ်သက်နှင့် တစ်ကိုယ်မကြားဖူး။ နောက်ပြီး ပုရွက်ဆိတ်ကိုလည်း ပွတ်ဆိတ်တဲ့။

နောက်ထပ် အသက်ကြီးကြီး အရက်သမားတစ်ယောက်တွေ့ပြန်သည်။ စက်ဘီးအိုကြီးကို တလှုပ်လှုပ်စီးနေရာမှ ဘိုင်း'ခနဲ လဲကျသွားသည်။

“ဘူတုန်းကွ ငါ့ကို ခဲနဲ့ထုတာ”

သူ့ဘာသာသူ လဲတာလည်း သူများခဲနှင့်ထုလို့ဟု ထင်နေသည်။ ပြီး . . . လူလည်း မထနိုင်၊ စက်ဘီးနှင့် မထူနိုင်။ နေရာတွင်ပင် လှဲအိပ်သွားတာ မြင်လိုက်ရသည်။



ခြူးမျက်နှာ စိတ်ဆင်းရဲစွာ ရှုံ့သွားသည်။ တစ်ညတစ်ည ဒီမြင်ကွင်းတွေပဲ မြင်နေရသည်။ စိတ်ရှုပ်လို့ကို မရိုးနိုင်။ လူတွေ ဒီလိုပဲ မူးရူးနေလျှင် လူ့စွမ်းအား အရင်းအမြစ်တွေလည်း အလဟာသဖြစ်ကုန်တော့မည်ဟု နိုင်ငံတော်အထိပါ တက်တွေးမိတော့ ဝမ်းနည်းစရာကောင်းလာသည်။ ခြူး မျက်လွှာချကာ ကြေကွဲသလိုလိုပင် ဖြစ်မိသည်။ ရပ်ကွက်ထဲမှာ အရက်ကျေးကျွန်ဖြစ်နေသော အိမ်ထောင်ဦးစီးများကြောင့် အပူသည်အိမ်တွေများများလာတာ ခြူး ကိုယ်တွေ့ လက်တွေ့ ရင်ဘတ်နှင့် တွေ့နေကျမဟုတ်လား။

ဒီလောက် အရက်ကြိုက်နေသည့် ယောကျ်ားသားတွေကို ဖြစ်နိုင်လျှင် အကုန် အရက်ဖြတ်ပေးပစ်ချင်ပါသည်။ သို့သော် ဒါ မဖြစ်နိုင်ဘူး မဟုတ်လား။ ဟင့်အင်း . . . မဖြစ်နိုင်ဘူးဆိုသည့် စကားလောက်တော့ သူမ လင်း'ခနဲ တွေးမိသွားသည်။

ထိုအတွေးကြောင့် သူမ ပျော်သွားသည်။ သို့သော် ချက်ချင်းပဲ ပြန်မှိုင်ကျသွားပါသည်။ သက်ပြင်းပင် ပူပူနွေးနွေး ချပစ်လိုက်မိသည်။ သူမ တွေးမိသည့် သူက အခု ဘယ်နားပင်ရောက်မှန်းမသိ ဖြစ်နေသည်မဟုတ်ပါလား။

“ဘာလို့ အခုထိ ကျောင်းပြန်မတက်သေးတာလဲ”

ရေရွတ်၍ပင် မြည်တမ်းမိသည်။ တစ်ဆက်တည်း နွယ်တာပြောသော စကားကိုလည်း ပြန်ကြားယောင်သွားသည်။ ‘လင်းရိပ်က နင့်ကို မုန်းသွားပြီတဲ့’။

ကြားယောင်မိတော့ ရင်ထဲ စူးသွားသည်။ ဆူးလည်း မရှိဘဲ စူးသွားခြင်းသည် ဆန်းကြယ်သော နာကျင်မှုပင်။ သက်ပြင်း ထပ်ချပြီး အိပ်ရာဝင်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နေတတ်ရင် ဘုရားသခင် မလိုပါဘူး
အေး . . . မနေတတ်ရင်တော့
နတ်ဆိုးက သူ့ဘာလိုလို ရောက်လာလိမ့်မယ်။



(၇)

"ဝက်က အရက်စွဲနိုင်တယ်ဆိုတာ အမှန်ပဲကွ။ ငါ ဝက်ကို မနက်တစ်ခါ ညနေတစ်ခါ တိုက်ကြည့်တာ ပထမ တစ်ရက်နှစ်ရက်တင် အရက်ကို ကြိုက်သွားတာကွ။ သုံးလေးရက်မြောက်ကျတော့ မသောက်ရရင် . . . တအင်းအင်းနဲ့ တောင်းလာရော။ အေး . . . နောက်ရက်များကျတော့ သောက်နေကျအချိန်မသောက်ရရင် တဂူးဂူးနဲ့ ခြံထဲ ပတ်ပြေးနေတော့တာပဲ"

"ဟာ . . . တကယ်လားဟ"

"တကယ်ပါဆို"

ထိုသို့ တွေလာဆန်းကြယ် စကားအသွယ်သွယ်ကို ကြားရပြီဆိုကတည်းက လင်းရိပ် ပြန်လာပြီမှန်း သိကြလိမ့်မည်။ ဟုတ်သည်။ လင်းရိပ်က သူ့ကိုအလွန်ချစ်သော ရွာက ဘကြီးဘုန်းကြီးတစ်ပါး နေမကောင်းဖြစ်သည်ဟူ၍ သွားခြင်းဖြစ်သည်။ ဟိုရောက်တော့ နှာမှာ ပျော်နေသည်။ သစ်စခန်းဆင်စခန်းတွေဘက် သွားကာပင် လေ့စုလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီဝက်သာ သေတဲ့အထိ အရက်စွဲသွားမယ်။ ဝက်အရက်သမား ဖြစ်သွားမယ်ဆို အဲ့ဒီဝက်သားနဲ့ အမြည်းလုပ်စားရင် ပိုမူးတော့မှာပေါ့နော်"

"မျိုးမင်းသန်း . . . ငေါက် . . . ဒီတစ်ခါ မင်း ကျိုးကြောင်းစပ်ဆက်မှုက သစ်လုချည်လားကွ။ မတွေ့ရတဲ့ လေးငါးရက်အတွင်း အတွေးအခေါ်တွေ လန်းလာတာပဲ"

"အဟဲ . . . "

လင်းရိပ်က ချီးကျူးတော့ မျိုးမင်းသန်း တဟဲဟဲဖြစ်သွားသည်။ ထွန်းကိုက ဝက်ကို အရက်စွဲတာလောက်နဲ့ အားမရဘဲ . . .

"မင်းကလည်း ဆင်စခန်းတွေလည်း ရောက်ခဲ့တာဆို။ ဘုရားလက်ထက်က နာဠာဂီရိဆင်မိုက်ကြီးလို ဖြစ်၊ မဖြစ် ဆင်တွေကိုလည်း အရက်တိုက်ကြည့်ပါလား"

"အေး . . . စမ်းသပ်မလို့ပါပဲ။ ဒါပေမဲ့ ကျောင်းပျက်ရက်တွေ များနေမှာစိုးလို့ရယ်၊ ခြူးကိုလည်း သတိရလို့ရယ်ကြောင့် ပြန်လာတာ"

"ဟင်း . . ."

ဝက်စတူးက ဝင်မေးသည်။

"မင်း ခြူးကို မမုန်းဘူးလားကွာ။ ဒီလောက် မင်းကို အရက်သမားလို့ စွပ်စွဲခဲ့တာကို ။ ပြီးတော့ ရုံးခန်းရောက်အောင် လုပ်ထားတာ"

လင်းရိပ် ခြူးမျက်နှာကို မြင်ယောင်ရင်း ပြုံးလာကာ . . .

"မုန်းတော့ မုန်းတာပေါ့ကွာ။ ဒါပေမဲ့ကွာ . . ."

"မမုန်းဘူးပေါ့"

"အေး . . . ချစ်တာ . . ."

ရာဇာရှိန်းက ဘိန်း'ခနဲ ပုဆိုးပြင်ဝတ်ကာ (ပုဆိုးကို ထိုသို့ အသံထွက်အောင်ဝတ်မှ ယောကျ်ားပီသသည်ဟု ယုံကြည်ထားသူဖြစ်သည်။)



"ဒါပေမဲ့ အခုရက်ပိုင်းတော့ မင်း မုန်းချင်ယောင် ဆောင်ရမယ်။ ငါတို့က မင်း သူ့ကို စိတ်နာသွားပြီလို့ သတင်းလွှင့်ထားတာ။ မိုးပန်ကလည်း တိတ်တိတ်လေး သတင်းလာပို့တယ်။ မင်း . . . မုန်းသွားပြီလို့ ပြောလိုက်တော့ သူလည်း နည်းနည်းခံစားနေရသလိုပဲတဲ့"

"ဟဲ . . . ဟဲ . . . ဒီလိုပဲ ဖြစ်ရမှာပေါ့"

လင်းရိပ် ပျော်နေလိုက်သည်။

လင်းရိပ် ကျောင်းပြန်တက်သည့်အကြောင်း သူမတို့လည်း သိသွားကြသည်။ ထုံးစံအတိုင်း ခြူးကို သူမသူငယ်ချင်းတွေက အပြေးအသတင်းပို့ကြသည်။

"နင် စိတ်ထဲက ကြိတ်မျှော်နေတာ မဟုတ်ဘူးလား"

"ဝေးသေး"

"ဒါဆိုလည်း နင်နဲ့ မပြောတော့ဘူး။ ငါတို့ဘာသာပဲ ပြောတော့မယ်"

နွယ်တာနှင့် ခက်ခက်ပဲ လင်းရိပ်အကြောင်း ထိုင်ပြောကြသည်။ ပြောနေတော့ မိုးပန် ရောက်လာသည်။ မိုးပန်က အကြောင်းစုံ ပိုပြောနိုင်နေသည်။ လင်းရိပ် ရွာခဏသွားတာကအစ။ ဝက်ကို အရက်တိုက်တာအလယ်၊ ရွာကိုရောက်သည့် ရက်ပိုင်းအတွင်းလေး ထွေးညိုနှင့်ထွေးဖြူကို အောင်သွယ်ပေးခဲ့တာတွေကအစ ပြောကြသည်။

နားစွန်နားဖျား ကြားရသော ခြူးပင် မျက်မှောင်ကြုတ်ကြုတ်သွားရသည်။ တော်တော် သူတစ်ပါး မျက်မှောင်ကြုတ်ရအောင် ပြောတတ်သည့် ကောင်လေး။ တော်တော်မလွယ်တဲ့ လ.ရ ဟုလည်း ရေရွတ်ဖြစ်သေးသည်။ စကားဝိုင်းထဲမှာ သူမ ထီးထီးကြီးရှိနေလျက်နှင့် သူမတို့အချင်းချင်းသာ ပြောဆိုနေကြသဖြင့် ခြူး အောင့်သက်သက် ဖြစ်နေသည်။ စိတ်မပါဘဲ ကျောင်းစာအုပ်ကို ဟိုလှန်သည်လှန် လုပ်နေရသည်။ စိတ်ထဲမှာတော့ လင်းရိပ်အကြောင်းကို မဖယ်ရှားနိုင်ဘဲ ကျယ်ကျယ်ပြန့်ပြန့် တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းရိပ် အလင်းက ဖြစ်သည့်အရိပ်။ ထိုအရိပ်က သူမအပေါ် ဆိုးကျနေပြီလား။ သူမ တစ်ခါမှ ယောကျ်ားသားတစ်ဦးအကြောင်း မတွေးခဲ့ဖူးပါ။ အခု သူ့ကိုတော့ အလိုလို တွေးနေမိပြီ။ ကြည်ရွှင်သောမျက်နှာနှင့် သွက်လက်ချက်ချာသော လူငယ်တစ်ဦး။

ခက်ခက်၊ မိုးပန်နှင့် နွယ်တာ လင်းရိပ်အကြောင်းပြောရင်း ဘာသဘောကျစရာတွေ့လို့လည်း မသိ။ တခွိခွိ ထရယ်နေကြသည်။ သူမ သည်းမခံနိုင်တော့။

"မိုးပန် . . . "

ဟု ကျယ်ကျယ်လောင်လောင် အော်ပစ်လိုက်တော့သည်။

မိုးပန် အူတူတူလေးဖြစ်သွားကာ ခြူးကို လှည့်ကြည့်ရှာသည်။

"ဘာလဲ . . . ခြူးရဲ့။ အသံက ကျယ်လိုက်တာ"

"နက်ဖြန် လင်းရိပ်ကို ငါထိုင်နေကျ ကန်တင်းကို လာခဲ့လို့ ပြောလိုက်"

"ဟင် . . . ဘာ . . . "

"နင် . . . နင် . . . သူ့ . . . သူ့ကို ချိန်းတာလား"

သူမတို့က စကားထစ်နေကြသေးသည်။ ကြားကနေ ဝင်ဖော်ပြီး ရင်ခုန်သွားကြခြင်း ဖြစ်သည်။ ခြူးက မျက်စောင်းတစ်ချက်စီထိုးကာ နှစ်ခါမပြောချင်သလို မျက်နှာပေးနှင့် ဟိုဘက်လှည့်သွားသည်။ ပြီးမှ . . .

"ဟုတ်တယ် . . . ငါ သူ့ကို ပြောစရာရှိတယ်။ နံနက်ကိုးနာရီ လာခဲ့ခိုင်းလိုက်"

• • •

09:00 AM

မတိုင်ခင် ဆယ်မိနစ်ကတည်းက လင်းရိပ် ကြိုစောင့်နှင့်နေသည်။ ဂျက်လန်ဒန်ဝတ္ထုတို သုံးပုဒ်စာအုပ်ထုတ်ဖတ်ကာ ချစ်သူကို စောင့်နေလိုက်သည်။

ကိုးနာရီတိတိမှာ သူမ ရောက်လာသည်။ ချိန်းသည့်အချိန်ထက် နောက်ကျမှ ရောက်လာခြင်းကို နည်းစနစ်တစ်ခုလို အသုံးချချင်သည့် မိန်းကလေးတွေရှိသော အခုခေတ်ထဲ အချိန်အတိအကျရောက်လာသော သူမကို သူ လေးစားလိုက်သည်။ ခြူးမို့ အလိုလို အကောင်းမြင်နေတာလည်း ဖြစ်မည်။

အပြာရောင်ဝတ်စုံလေးနှင့် ကန်တင်းထဲဝင်လာသော သူမကို Monique Prieto ၏ အပြာရောင်နှစ်ခု ပန်းချီကားတစ်ချပ်လို မြင်သည်။ ဝင်းမို့နေသော ခြေဖမိုးဖြူဖြူလေးတွေက ပျော်ရွှင်စွာ ပြေးတက်ချင်စရာကောင်းသော တောင်ကုန်းပြေပြေကလေးများကဲ့သို့။ သူ့ရှေ့အရောက်တွင် ခနဲရပ်သွားသော ခြေလှမ်းကိုတော့ သူ မဖွဲ့နွဲ့တတ်တော့ပါ။ ချစ်သူကိုယ်နှင့်နီးလေလေ ကိုယ့်အတွက် စကားလုံးရှားပါးလာလေလေ ဖြစ်သည်က ကိုယ်ညံ့ဖျင်းမှုကြောင့်လား။ ရူပဗေဒနှင့် မသက်ဆိုင်သော ချစ်သူ၏ အဟုန်တစ်မျိုးကြောင့်လား။

သူမ သူ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ သူက ကြည့်နေဆက်သား ရှိပါသည်။ စားပွဲထိုးက ကော်ဖီအေးတစ်ခွက် သူမရှေ့မှာချပေးတော့ သူမ အံ့သြဟန်ဖြင့် ငုံ့ကြည့်သည်။

"ကျွန်တော် မှာပေးထားတာ"

"သြော် . . . "

တစ်မှတ်ပဲ။ သူမ နှုတ်ခမ်းထောင့်စွန်းက ခွက်၍ ပြုံးယောင်သန်းသွားသည်။ ကော်ဖီအေးကို မသောက်သေးဘဲ အိတ်ထဲက တစ်ခုခုကိုထုတ်ကာ သူ့ကို ပေးလိုက်သည်။ သူ့ကျောင်းသားကတ်ပါ။ 'ကျွန်တော့်ကျောင်းသားကတ်ကို အိပ်ခါနီးကျ တစိမ့်စိမ့်ကြည့်ပြီး အာဘွားတွေ ရှလွှားရှလူး လုပ်သေးလား' ဟု မေးလိုက်ချင်ပေမယ့် လင်းရိပ် ကြိတ်ပြုံးသော စိတ်ထိန်းလိုက်ပါသည်။

သူမသည် ကော်ဖီအေးကို နှုတ်ခမ်းနားကပ်၍ စိုစွတ်ရုံသောက်ပြီး ပြန်ချကာ . . .

www.burmeseclassic.com

"တောင်းပန်ပါတယ်နော် . . . ဆောရီးပဲ။ ရှင့်ကို ရုံးခန်း ရောက်စေတာ၊ မော်ကွန်းထိန်းရဲ့ဒေါသနဲ့ တိုးစေတာ ကျွန်မ ပယောဂ မကင်းတဲ့အတွက် . . ."

"ရပါတယ် . . . ကျွန်တော်လည်း မော်ကွန်းထိန်းပုဆိုးပေါ် အန်ခဲ့ပါတယ်"

"အာ . . . ရှင်ကတော့လေ"

ခြူး ခေါင်းလေး လေ . . . နေအောင်ခါကာ ရယ်သွမ်းသွေးမိ သည်။ ပြီးမှ . . . ပြန်တည်ပြီး . . .

"ကမ္ဘာပေါ်မှာ အရက်မရှိရင် မဖြစ်ဘူးလားဟင်"

"ကမ္ဘာပေါ်မှာ အရက်မရှိရင် ဖြစ်ပါတယ်။ ဒါပေမဲ့ အခိုင်အမာ ရှိပြီးသား ဖြစ်နေပြီ။ ပျက်ဖို့တော့ ခက်ခဲတော့မှာပဲ"

"ကျွန်မက အရက်သမားတွေကို သိပ်မုန်းတာ"

"ကျွန်တော်က အရက်သမား မဟုတ်ဘူး"

ဒါကြောင့် ချစ်လို့ရသည်ဟူသည့် သဘော။

"ရှင် . . . အရက်သမားမဟုတ်မှန်း ကျွန်မသိပါပြီ။ ဒါပေမဲ့ ကျွန်မအဖေကလည်း သောက်တယ်ရှင့်"

"သြော် . . . ခြူးက အရက်သမားသမီးကို"

"ဘာ . . ."

ကြည့်။ သူ့ပြောတော့ မကြိုက်။

"မဟုတ်ဘူး။ ခြူးအဖေကလည်း နည်းနည်းပါးပါး သောက် တတ်တာနေမှာပါလို့ ပြောတာပါ"

သည်လို ပြန်ဖာမှ မျက်စောင်းလှလှလေးကို လိပ်ပြာကလေး တောင်ပံချပ်လိုက်သလို ပြန်ခေါက်သိမ်းသွားပါသည်။ ပြီးတော့ . . . ဘာမှဆက်မပြောဘဲ ငြိမ်နေသေးသည်။ ကန်တင်းထဲမှာ သူသူငါငါ စုံတွဲ လေးတွေ ရှိနေပေမယ့် စုံတွဲမဖြစ်သေးသော သူတို့ဝိုင်းလေးလောက်ပင်



မတောက်ပတော့ဟု ကိုယ့်နှလုံးသားဘက် ကိုယ်ယက်ကာ သာယာနေ မိသည်။ သူ့မျက်လုံးထဲတွင် ခြူး၏ ဆံပင်တစ်ချောင်းချင်းစီကလည်း ရှုက်တတ်သော ရေတံခွန်လေးတွေ ဖြစ်နေသည်။

"ရှင် ကျွန်မကို တကယ် ဟိုဟာဖြစ်တာလား . . ကိုလင်းရိပ်"

"ဘယ်ဟာလဲ"

"ဟိုဟာလေ . . . ကျွန်မကို ဖုန်းထဲမှာ ရှင်ပြောတဲ့ဟာလေ"

ချစ်ဆိုသည့် စကားလုံးကို နှုတ်ထွက်ဖို့ တွန့်ဆုတ်နေသည့် ချစ်သူကို သူ ချစ်၍မဆုံး ဖြစ်နေမိတော့သည်။ သူ သိသိလျက်နှင့် ညစ် မေးသည်။

"ဟိုဟာဆိုတာ ဘယ်ဟာလဲဟင်။ ဖုန်းထဲမှာ ဘာ ဟိုဟာခဲ့ လို့လဲ"

"ကျွတ် . . . ဟိုဟာပါဆို ရှင်ကလည်း"

"ဘယ်ဟာလဲလို့ ခြူးကလည်း"

ခြူး၏ မျက်နှာလေးဖောင်းကာ မျက်စောင်းလှလှလေး သူ့ အပေါ် အသုံးပြုလာပြန်သည်။ သူကလည်း အဲဒီမျက်စောင်းလေးကိုပဲ လိုချင်ခဲ့သည် မဟုတ်ပါလား။ ခြူး သက်ပြင်းမွှေးမွှေးလေးချကာ (ထို သက်ပြင်းသည် မွှေး၏ဟု လင်းရိပ်ဘက်က အတိအကျ ယုံကြည်ထား ပါသည်) စိတ်မရှည်တော့ဟန်ဖြင့် . . .

"ရှင် ကျွန်မကို တကယ်မေတ္တာရှိတာလားလို့ မေးနေတာ"

" . . . . . . . . . . "

လူတွေက သည်လိုပဲ။ ပြောစရာမလိုသည့် မေးခွန်းတွေမေး တာ သေချာမှုကို ပိုလိုခဲ့ကြသည်ပဲ။ သူ အတည်ကြည်ဆုံး ခေါင်းညိတ် ပြလိုက်သည်။

"ဟုတ်တယ် . . . ကျွန်တော် ခြူးကို . . . "

"ဟော့ . . . တော်ပြီ . . . ရပြီ . . . ဆက်မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ခြူးက အခုထိ မကြားရဲချေ။ မေးစေ့ကလေးကုတ်ကာ ရှိုးတိုးရှန်းတန်းဖြင့် ဟိုဟိုဒီဒီ လှျောက်ကြည့်နေသည်။ ပြီးမှ . . . ပြန်တည်ငြိမ်သွားပြီး . . .

"ကျွန်မကို တစ်ခု ကူညီပေးနိုင်မလား . . . ကိုလင်းရိပ်"

"ဘာကို ကူညီရမှာလဲ"

"ရှင် ကျွန်မကို အကောင်းဆုံး ကူညီပေးနိုင်ခဲ့ရင် ရှင် ကျွန်မကို မေတ္တာရှိတယ်ဆိုတဲ့စကားအပေါ် စဉ်းစားပေးမယ်"

"ဟင် . . . တကယ်လား"

"ကျွန်မ လိမ်မယ့်ရုပ် ပေါက်လို့လား"

မထင်ပါ။ မွေးကတည်းကနေ အခုထိ တစ်ခါမှ မလိမ်ဖူးဟုပင် ထင်ပါသေးသည်။ အိုး . . . ရင်ထဲတွင် အမွေးဖွားဖွားနှင့် ပန်းပွင့်ကလေးများ လှိုက်တက်လာသည်ထက်ပို သူ လွတ်ထွက်လိုက်မောသွားသည်။

"ပြောပါ . . . ခြူး၊ ကျွန်တော် ဘာကူညီပေးရမလဲ"

သူ အားတက်သရော မေးသည်။ ခြူးက ခဏငြိမ်နေသေးပြီးမှ တစ်လုံးချင်း ဖြေသည်။

"ကျွန် . . . မ . . . ကို အရက်ဖြတ်ပေးရမယ်"

"ဟင်း . . . ခြူးကလည်း သောက်နေတာလား"

"အာ . . ."

ခြူး အကောင်းပြောနေလျက်က မျက်လုံးပြူးပြီး အော်ရပြန်သေးသည်။

"ကျွန်မကို ဖြတ်ပေးရမှာ မဟုတ်ဘူးလေ၊ တခြားသူကို"

"သြော် . . . ပေါက်ပြီ။ ခြူးအဖေကို ဖြတ်ပေးရမှာပေါ့"

နားခွက်က မီးတောက်သွားသည့်အသံနှင့် သူ စကားထောက်လိုက်သည်။ ဒီတော့မှ ခြူး ခေါင်းညိတ်ပြသည်။ သို့သော် . . . ချက်ချင်းပဲ ခေါင်းပြန်ခါပြလိုက်ပါသည်။



"ကျွန်မအဖေကို ဖြတ်ပေးရမှာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မအဖေတစ်ယောက်တည်းကို ဖြတ်ပေးရမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်သူတွေကိုကော ဖြတ်ပေးရမှာတုံး"

"တစ်ရပ်ကွက်လုံး"

"ဗျာ . . . "



www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီခွက်မှာ မင်း တံတွေးစလေး ကျန်ခဲ့တယ်
အဲဒီကရတဲ့ **DNA** နဲ့ နောင်ဘဝ မင်းကို လိုက်ရှာမယ်။



## (10)

"ဖွဲ့စည်းပုံ မပြင်တော့ဘူးလား . . . ခြူး"

"လူတစ်ယောက် အရက်ပြတ်ဖို့တောင် မလွယ်တာ။ တစ်ရပ်ကွက်လုံးကို အရက်ဖြတ်ခိုင်းတာဆိုတော့ impossible ကြီး ဖြစ်နေတာပေါ့။ ဒီလိုပုံနဲ့ဆို လင်းရိပ်က နင့်ဘဝအတွက် သမ္မတနေရာရဖို့ ခက်ပြီပေါ့လေ"

ခြူးက သူမတို့စကားကို သဘောကျသလို ပြုံးသည်။ မခက်ပါ။ လင်းရိပ်သာ တကယ်ကြိုးစားပြရင် ခြူး၏ နှလုံးသားနိုင်ငံတော်တွင် သူသာ သမ္မတဖြစ်နိုင်ပါသည်။

ကျောင်းပိတ်ရက်ဖြစ်သည်။ ခြူးတို့အိမ်တွင် အားလုံးစုရောက်နေကြပြီး စကားဝိုင်းဖွဲ့နေကြသည်။ ခြူးကတော့ ပျောက်ဆုံးနေသော MH-370 လေယာဉ်အကြောင်း၊ အမျိုးသမီးအခွင့်အရေးအကြောင်း၊ ကျောင်းပြီးရင် ဘာလုပ်ကြမလဲဆိုသည့်အကြောင်းနှင့် သူမကတော့ နယ်လှည့်ကတ်ပုံရိုက်ခွင့်ရသော အလုပ်တစ်ခုလုပ်ချင်ကြောင်းတွေ ပြောချင်ပေမယ့် မယ်မင်းကြီးမများကတော့ လင်းရိပ်အကြောင်းဝဲလျှာမလည်အောင် ဆွေးနွေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ . . . လင်းရိပ်ကို နင် အခက်တွေ့အောင် လုပ်တာလို့တော့ ငါ မထင်ဘူး . . . ခြူး။ လင်းရိပ်မှာ အစွမ်းတစ်မျိုးရှိတယ်လို့ နင် ယုံကြည်လိုက်တာပဲ . . . ခြူး"

ထိုစကားပြောသူက မိုးပန်ပါ။ လေးနက်မှုပါသော စကားကြောင့် မိုးပန်းကို ခြူး လှည့်ကြည့်သည်။

"နင် လင်းရိပ်ကို အထင်ကြီးနေပြီပဲ ခြူး။ ဒီရပ်ကွက်က လူတွေကို ပြောင်းလဲပစ်ဖို့ လင်းရိပ် လုပ်နိုင်မယ်လို့ နင်တွေးမိခဲ့ပြီပေါ့ ခြူး"

သူမ မထိန်းနိုင်တော့ဘဲ နှုတ်ခမ်းလေးကျယ်၍ ပါးပြင်လေးခွက်အောင် ရှက်ဝံ့စိတ်ဖြင့် ငုံ့ရယ်သွားသည်။ မိုးပန်က သူမစိတ်ကို အသေးစိတ် လာဖတ်နေသည်မဟုတ်လား။

ခက်ခက်က . . .

"ဒါပေမဲ့ . . . လင်းရိပ် ဘယ်လိုလုပ်မှာလဲဟ။ နင့်ရပ်ကွက်က လူတွေက ဒီလောက် ယစ်ထုပ်တွေကို"

"အေးလေ . . . လင်းရိပ် ဘယ်က စလုပ်မလဲ"

"ဟာ . . ."

"ဟို . . . ဟိုမှာတော့ . . . သူ . . . သူတို့ . . ."

ခက်ခက်နှင့်တွယ်တာ တစ်ယောက်တစ်ခွန်းမဆုံးခင် ခြူးနှင့် မိုးပန်၏ တစ်ယောက်တစ်ခွန်း ထစ်အမှုကြောင့် လမ်းမဘက်သို့ သူမတို့ ကြည့်လိုက်ကြသည်။ ထိုအခါ တွေ့လိုက်ရလေတော့သည်။

ဝက်စတူးက အညာထန်းခေါက်ဖာကြီး ခေါင်းရွက်လာသည်။ ထွန်းကိုက ခရီးဆောင်အိတ်အစင်းကျားကြီးကို နဖူးမှာ ပလိုင်းလွယ်သလို ချိတ်ကာ လက်က သံသေတ္တာငယ်တစ်လုံးကို မ,လာသည်။ ရာဇာရှိန်းက နီးချောဖျာကြီးကို ရင်ခွင်ပိုက်လျက်သယ်ကာ ပခုံးက အိတ်တစ်ခုကိုလည်း လွယ်ထားသေးသည်။ လင်းရိပ်ကတော့ တောင်တက်သမားလို ကျောပိုးအိတ်ပွပွကြီး ကျောမှာလွယ်ကာ ရေသန့်ဘူးမော့သောက်လျက် လာနေသည်။



သူမတို့ ကြည့်ငေးကြောင်အ, နေစဉ်မှာပင် . . .

"ဟေ့ . . . ခြူး၊ ဒါ နင်တို့ အိမ်လားဟ"

ဟု အာလုတ်သံကြီးနဲ့ ခြူးတို့ကို လှမ်းတွေ့ပြီး ရာဇာရှိန်းက လှမ်းအော်သည်။ ပြီး . . . ခြူးတို့ အိမ်ဆီကွေ့ဝင်ကာ စေ့ထားသော ခြံတံခါးကို တွန်းဖွင့်ကာ တရင်းတနှီးကြီး ဆိုက်ချလာသည်။

"ဝမ်းသာတယ် . . . ခြူးရာ၊ နင်တို့အိမ် ဒီမှာရှိမှန်း ငါတို့ မသိဘူး"

"ရေစက်လို့ ဆိုရမှာပဲ။ ငါတို့လည်း ဒီရပ်ကွက်ထဲ အိမ်ငှားနေမလို့ ပြောင်းလာတာဟ"

ရေစက်နှင့်တောင် တွေ့နေသေးသည်။ သူတို့ တမင်သက်သက် ဒီရပ်ကွက်ထဲသို့ ကူးပြောင်းလာကျမှန်း သူမတို့ ပြုံးစေ့စေ့ဖြစ်ရင်းပင် သိနှင့်ပြီးလိုက်ပါပြီ။

ငင်းတို့ အာပေါင်အာရင်းသန်သန် နှုတ်ဆက်မှုကြောင့် အန်တီလေးပင် အိမ်ရှေ့ထွက်ကြည့်လာသည်။ စူးစူးစမ်းစမ်းဖြစ်နေသော အန်တီလေးကို ခြူးက သက်ပြင်းနည်းနည်းနှင့် အလိုက်အထိုက် ရှင်းပြရတော့သည်။

"သမီးတို့ကျောင်းက အသိတွေပါ။ ဒီရပ်ကွက်ထဲ ပြောင်းလာကျတာတဲ့"

"ဩော် . . ."

အန်တီလေးက 'ဩော်' ရုံရှိသေး ထွန်းကိုက ထအော်သည်။

"ဟေ့ကောင် . . . ဝက်စတူး၊ ခြူး အန်တီလေးအတွက် လက်ဆောင်ထုတ်ပါဦးဟ"

"အော် . . . အေး . . . အေး"

ဝက်စတူးက တက်ကြွစွာ ခေါင်းပေါ်မှ ထန်းခေါက်ဖာကြီးကို အားရပါးရ ရှေ့ချသည်။ အထဲမှ အထုပ်တွေထုတ်ကာ အန်တီလေးကို

www.burmeseclassic.com

ပြောပေးသည်။ ထန်းလျက်ထုပ်တဲ့၊ ပုန်းရည်ကြီးတဲ့၊ သနပ်ခါးတုံးတဲ့။ မသိရင် အညာဘက်ကပဲ တက်လာလိုလို။

"ကျွန်တော်တို့ ဒီရပ်ကွက်ထဲမှာ နေတော့မှာ . . . အန်တီလေးရဲ့။ အမြင်မတော်တာရှိရင်လည်း ကိုယ့်တူကိုယ့်သားလို ဆုံးမပါ၊ ပဲ့ပြင်ပါ . . . အန်တီလေးရယ်"

"သြော် . . . အဟင်း . . . အေး . . . အေးကွယ့်"

ဝက်စတူး၏ ဂါဝရတရားဆိုတာကြီးနှင့် ဝင်ရောမှုမှာ အန်တီလေး အိုးအိုးအမ်းအမ်း ဖြစ်သွားသည်။ လင်းရိပ်ကတော့ ဘာမှဝင်မပြော။ သူ့ကောင်တွေ လှုပ်ရှားမှုကိုသာ ပြုံးစေ့စေ့ ကြည့်နေသည်။ ခြူးနှင့် မျက်လုံးချင်းဆုံတော့ မျက်ခုံးပင့်ပြသည်။ ခြူးက မျက်စောင်းထိုးပစ်လိုက်သည်။ ရာဇာရှိန်းက ခြူးတို့ဝိုင်းဖွဲ့စကားပြောနေကြသော စားပွဲဝိုင်းမှ စားစရာများကို မြင်သွားသည်။ ချက်ချင်းပဲ တဟဲဟဲရယ်ရင်း ဘာမှမဆိုင်ဘဲ လက်ဖက်သုပ်ပန်းကန်ကို ကောက်ကိုင်ကာ ဖွန်းကြီးကို ကွေးဝိုက်၍ နှစ်ဖွန်းဆက်တိုက်စားလိုက်သလို ထွန်းကိုနှင့် ဝက်စတူးကလည်း တခြားသောမုန့်များကို အသီးအသီး အပီအပြင် ဧည့်မခံဘဲ ဝင်နှိုက်စားလာတော့သည်။

"ကောင်းတယ်ဟာ . . . ငါတို့ သူငယ်ချင်းတွေ တစ်ရပ်ကွက်ထဲ ဖြစ်သွားတော့ သေရင်တောင် အသုဘလိုက်ပို့ဖို့ လွယ်သွားတာပေါ့ဟာ . . . ဟေး ဟေး"

"ငါတို့ ကာလသားတွေရောက်လာတော့ နင်တို့ ဒီရပ်ကွက်အတွက် ပိုအားရှိတာပေါ့။ ရပ်ကျိုးရွာကျိုး ဆထက်ထမ်းပိုးပေါ့ဟာ"

အသားလွတ်ကြီးတွေ အလွတ်တွေ ပြောနေသည်။

တော်သေးသည်။ ခြူးဖေဖေ မရှိလို့။ ဖေဖေ ရှိလို့ကတော့ သင်းတို့ မလွယ်ဟု ခြူးတွေးနေမိသည်။ သူ့ကောင်တွေ သောင်းကျန်းစားသောက်လို့ဝမှ လင်းရိပ်က . . .



"ကဲ . . . ခြူး ငါတို့သွားဦးမယ်။ ငါတို့က ဟိုရပ်ကွက်အစွန်က ကိုခိုင်တို့အိမ်မှာ ငှားနေမှာ။ ကဲ . . . ငါတို့ သွားတော့မယ်"

သူကပါ နင်တွေ၊ ငါတွေနှင့် ပြောလာနေသည်။

ထို့နောက် သူတို့ အလာတုန်းက ပုံစံအတိုင်း အညာဘုရားဖူးလှည့်သလို ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားကြလေတော့သည်။

ခြူး ထိုင်ခုံမှာပြန်ထိုင်ချမိတော့ ခြူးကို သူငယ်ချင်းမတွေက ဝိုင်းကြည့်ကာ ရယ်ကြသည်။ အန်တီလေးကပါ တစ်မျိုးသောအကြည့်နှင့် ဝင်ကြည့်ကာ 'ဟင်းဟင်း . . . ဟင်းဟင်း' နှင့် မေးစေ့ကြီး ရှေ့ထွက်အောင် ပြုံးနေသည်။

"အန်တီလေးနော် . . . အဲဒါ ဘာပြုံးနေတာလဲ"

ခြူး လှမ်းရန်လိုတော့ အန်တီလေးက . . .

"ဟင်း . . . ဟင်း . . . ငါသိနေတယ်။ ဒါ အပျိုကြီးတွေရဲ့ ဆဋ္ဌမအာရုံနဲ့ပဲ သိနိုင်မယ့် အသိမျိုးပေါ့ဟယ်။ နင်တို့ မသိနိုင်ပါဘူး"

"ဟား . . . လေတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com

## (11)

လင်းရိပ်တို့အဖွဲ့ တော်တော်ကြိုးစားနေကြသည်။

ကျောင်းမှာလည်း တကုပ်ကုပ်နှင့် ခြူးတို့ မေဂျာဘက်ပင် သိပ်ရောက်မလာ။ အရက်ဖြတ်နည်းတွေ လိုက်လံစုဆောင်းနေကြသည်။ အရက်ဆိုင်တကာ လိုက်မေးနေကြသည်ဟုလည်း ကြားသည်။

သူမတို့ စာကြည့်တိုက်ထဲ ရောက်နေချိန် တစ်ခုမှာတော့ သူတို့လည်း ကျောင်းစာကြည့်တိုက်ထဲ ရောက်လာတာတွေ့သေးသည်။ သူတို့ကတော့ သူမတို့ကို မတွေ့။ သူတို့ စာကြည့်တိုက်ထဲ ဝင်ဝင်ချင်းကော။

"အစ်ကိုကြီး . . . ကျွန်တော် ဆရာမင်းလူရဲ့ ယမကာလုလင် ဘယ်နားရှာရမလဲဟင်"

"ကျွန်တော်က သုတေသီဘုန်းမြင့်သွေးရဲ့ အရိုင်းတွင် အရက်ဆိုတဲ့စာအုပ် လိုချင်တာ"

"ကျွန်တော့်ကို ဆရာသော်တာဆွေရဲ့ စာအုပ်တွေရှိတဲ့နေရာပြောပါ"

"ကျွန်တော်ကကျတော့ . . ."

"နေ . . . နေကြပါဦးကွ"



ကောင်တာထိုင်သည့် လူကြီး နည်းနည်း ချွေးပြန်သွားသည်။ ဆားက ရေသန့်ဘူးကို မြန်မာဘီယာအမှတ်နှင့် ဂလု ဂလု မော့သောက်လိုက်ပြီးမှ . . .

"ဟူး . . . မင်းတို့လိုချင်တဲ့ စာအုပ်တွေကလည်း တစ်ဝိုင်းဝိုင်းချင်စရာကြီးကွာ။ ကဲ . . . ငှားပြီးရင်တော့ ပြန်အပ်ကြနော်။ အမြည်းနဲ့လည်း လဲစားမနေနဲ့ဦး"

ဟု စိုးရိမ်တကြီး မှာသေးသည်။

ခပ်လှမ်းလှမ်းမှာ ရှိနေသော သူမတို့ မျက်လုံးချင်းဆုံကြသည်။ သူတို့ တကယ်ကြိုးစားနေကြပြီပဲ။

ရပ်ကွက်ထဲတွင်လည်း လင်းရိပ်တို့ ရောက်ရှိခြင်း သတင်းပျံ့နှံ့နေပြီဖြစ်သည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကလည်း မဟုတ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ကလည်း မဟုတ်ဘဲ အရက်ဖြတ်ပေးဖို့ ရောက်လာကြမှန်းသိတော့ အားလုံး အံ့သြသွားကြသည်။

ခြူး၏ အန်တီလေးဆီမှ သတင်းအစထွက်ကာ ပြန့်နှံ့သွားခြင်းဖြစ်သည်။ အန်တီလေးသည် ရပ်ကွက်၏ နေ့စဉ်ထွက် အချိန်နှင့်တပြေးညီ လော်စပီကာ သတင်းစာပင်ဖြစ်သည်။ ခြူးတို့ စကားဝိုင်းမှတစ်ဆင့်ကြားကာ လင်းရိပ်တို့အကြောင်းသိပြီး "Facebook" လည်းမသုံးဘဲ ဖွတော့သည်။ ကြားသည့်သူတွေကလည်း ကိုယ့်ထမင်းကိုယ်စားပြီး "Like" ကြသည်။ သည့်ထက်ပိုပြီး ကိုယ့်ရေကိုယ်သောက်ကာ သူတို့အမြင် "coment" တွေ ပေးကြသည်။ "Share" ကြသည်။

ထိုသို့နှင့်ပင် တစ်ရပ်ကွက်လုံး လင်းရိပ်တို့လို ကာလသားတစ်စု သူတို့ရပ်ကွက်ထဲ ဘာကြောင့် ရောက်လာကြကြောင်း သိကုန်ကြတော့သည်။

"ဒီရပ်ကွက်ထဲ အရက်ဖြတ်ပေးဖို့ ရောက်လာတယ်ဆိုတာ မောင်ရင်တို့မို့လား"

နံနက်စောစော မျက်နှာသစ်နေတုန်းရှိသေး လူကြီးတစ်ယောက် အိမ်ပေါ် ဖွတ်ဇက်တက်လာပြီး မေးသည်။ ဝက်စတူးကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးက ဘယ်သူလဲ"

"ငါက ဒီရပ်ကွက်ထဲက ဆရာဝန်ပဲ။ နာမည်က ဦးခွန်သာတဲ့"

"ဪ . . ."

"ဪ . . . မင်းတို့က ကိုယ်တိုင်မသောက်တဲ့အပြင် သောက်တဲ့သူတွေကိုပါ ဖြတ်ပေးမယ်ဆိုတဲ့အတွက် ငါ ပီတိဖြစ်တယ်ကွာ။ အဲဒါကြောင့် ငါ ကွန်ဂရက်ကျူလေးရှင်း လာလုပ်တာပါ"

ဒေါက်တာ ဦးခွန်သာက လင်းရိပ်တို့ကို တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ပြီး . . .

"မင်းတို့ အကူအညီလိုရင် ငါ့ကို ဆက်သွယ်ကြ . . . ကြားလား။ ငါ မင်းတို့ (Plan) မှာ ဆေးဘက်ဆိုင်ရာ အားဖြည့်ပေးမယ်။ ဟုတ်ပြီလား . . . အေ့"

"ဟုတ် . . ."

"ကဲ . . . ဒါဆို ငါသွားဦးမယ်။ အေ့ . . . ဘိုင်ဘိုင် . . . အေ့"

ဆရာဝန်ကြီး ထွက်သွားတော့ လင်းရိပ်တို့ တိုင်နှင့်ခေါင်းနှင့် ဆောင့်ချင်သွားသည်။ ဒီရပ်ကွက်၏ ဆရာဝန်ကြီးကိုယ်တိုင်က နံနက်ကောင်းကောင်းမလင်းသေးဘူး တအေ့အေ့ဖြစ်နေသည် မဟုတ်ပါလား။

"ဟူး . . ."

"ဟူး . . ."

သက်ပြင်းများသာ ချမိသည့်ပေါ့။

လင်းရိပ်တို့နားနေသည့်အိမ်က အောက်ထဲ ရေဝင်သည်။ ကြမ်းခင်းတွေက ဝါးခြမ်းတွေနှင့်မို့ အိပျော့နေသည်။ ခြင်က တအားကိုက်သည်။ မီးက မကြာမကြာ ပြတ်သည်။ အနံ့အသက်က မကောင်း။ ညဆို တစ်အိမ်ကျော်၊ နှစ်အိမ်ကျော် အေးချင်းကပ် စသဖြင့်မှ လက်ညှိုးထိုးမလွဲ အိပ်နီးနားချင်းတွေဆီမှ ရန်ဖြစ်သံတွေ ကြားရသည်။ ချစ်လို့ယူ



ထားသည့် လင်မယားတို့၏ ရန်ပွဲသံများကို အလှည့်ကျ ကြားကြရသည်။ အိပ်ကောင်းခြင်းလည်း အိပ်မရပေ။ သည့်အတွက်တော့ သူ့ကောင်တွေက လင်းရိပ်ကို ငြူစူသည်။

သူငယ်ချင်းအတွက် အကျိုးဆောင်ရန် ဒီရပ်ကွက်ထဲ ပြောင်းလာကြပေမယ့် ထင်သလောက် ဆိုးမည်မထင်ခဲ့။ ယခုတော့ ထင်တာထက် ပိုဆိုးခဲ့သည်။ သူတို့ပရောဂျက်ထဲ မျိုးမင်းသန်းကြီးကိုတော့ ဆွဲခေါ်မလာကြ။ ဒုံးဝေးလွန်းသော မျိုးမင်းသန်းကိုတော့ သူတို့ကျောင်းမှုကိစ္စ အစားလက်မှတ်ထိုးခိုင်းရန် ကျောင်းမှန်မှန်တက်ရန်သာ တာဝန်ပေးထားသည်။

ထိုရပ်ကွက်ထဲတွင် အရက်ဆိုင် သုံးဆိုင်ရှိသည်။ ဘီယာနှင့် အရက်တွဲရောင်းသော ဆိုင်သန့်သန့်တစ်ဆိုင်၊ ရမ်စတေရှင်တစ်ဆိုင်နှင့် ခေါင်ရည်လည်းရသော B.E အရက်ဖြူဆိုင်တစ်ဆိုင်တို့ ရှိကြသည်။ အကယ့်စည်းမျဉ်းစည်းကမ်းအရဆို သည်လောက်အတိုင်းအတာ မရှိသင့်ဟု ထင်သည်။

လင်းရိပ်တို့ ယခု အရက်ဆိုင်သုံးဆိုင် ရှိသည့်အနက်က အနိမ့်ဆုံးဆိုင်ဖြစ်သည့် အရက်ဖြူဆိုင်လေးတွင် ရောက်ရှိနေသည်။ နှစ်ပေမီးချောင်းလေးတွေက မပြည့်ဝစွာ လင်းနေသည်။ ခြောက်ဆယ်ဝပ်မီးလုံးလေးတွင် ပိုးကောင်တချို့ စက်ဝိုင်းရေးနေကြသည်။

ခုံပုလေးတွေနှင့် ထိုင်ရသည်။ စားပွဲငါးဝိုင်းသာရှိသည်။ အိမ်လေး၏ အတွင်းဘက်တွင် စားပွဲဝိုင်းသုံးဝိုင်း အပြင်ဘက်တွင် စားပွဲနှစ်ဝိုင်းရှိသည်။ ချိန်ခေါင်ရည်နှစ်လုံး၊ ဘီအီးတစ်လုံး၊ မုန်လာချဉ် နှစ်ပွဲနှင့် ကြက်ခြေးတောက်တစ်ပွဲ မှာလိုက်သည်။ ကျားနှင့် ရင်ဆိုင်ချင်မှ တောသို့ တောတိုးရမည်ပင်။ ယခု ခိုးသမားတွေနှင့် ရင်ဆိုင်ရမည်ဆိုမှတော့ အရက်ဆိုင်အတွင်း ဝင်ရမည်။

သီချင်းသံ မရှိ၊ ဘောလုံးပွဲ မပြ။ သိပ်ကို အိုမင်းချည့်နဲ့သော ပရိဘောဂများနှင့် ဖွဲ့စည်းထားသည့် ခွက်ပုန်းဆိုင်ကလေး။

www.burmeseclassic.com

လင်းရိပ်တို့ မမူးအောင် ခေါင်ရည်လောက်ကိုပဲ မျှင်းသောက်ကာ အမြည်းများစားရင်း ဆိုင်အခြေအနေကို အကဲခတ်နေလိုက်ကြသည်။

ဒီနေ့ လပြည့်ညမို့လားမသိ။ အရောင်းပါးပုံရသည်။ ဆိုင်ထဲတွင် အရက်သောက်သူဆို၍ လင်းရိပ်တို့ဝိုင်းသာ ရှိသည်။

"ဘယ်သူမှလည်း မလာကြပါလား"

"ငါတို့ ပထမဆုံးခြေလှမ်းကိုတောင် ကြောက်နေကြပြီထင်တယ်"

"စောင့်ကြည့်ပါဦး"

ဆက်စောင့်ကြည့်ရာ ခဏအကြာတွင် လူတစ်ယောက် ဝင်လာသည်။ အသက်သုံးဆယ်ကျော်ခန့်ရှိမည်။ လူပုံက ညစ်ထေးထေးနှင့် ဘာကိုမှ ထီမထင်သည့်ဟန်။ တခြားဆိုင်မှာ သောက်ခဲ့ပြီး၍ မူးလာခဲ့ဟန်ရှိသည်။ ယခု ဒီဆိုင်မှာ ပါဆယ် ထပ်လာဝယ်နေသည်။ ဆိုင်ရှင်အဘိုးကြီးက မပေးချင်ပေးချင်နှင့် ဘီအီးတစ်လုံး ထည့်ပေးလိုက်သည်။ ထိုလူ ပါဆယ်ထုပ်ဆွဲ၍ ခပ်မိုက်မိုက်ထွက်သွားသည်။ သူ့ဘာသာသူနေနေသည့် ခွေးကို ပိတ်ကန်သွားသေးသည်။ ဆိုင်နှင့် ခပ်လှမ်းလှမ်းရောက်တော့ အော်ကြီးဟစ်ကျယ် အော်ဆဲသွားသည်။ တစ်လမ်းလုံးကိုလည်း စိမ်ခေါ်သွားသည်။

"အဲ့ဒါ မောင်စိုးပေါ့"

ဘယ်အချိန်က သူတို့နားရောက်နေမှန်းမသိသည့် ဆိုင်ရှင်ဦးလေးကြီး၏ အသံဖြစ်သည်။ ဆက်ပြီးလည်း . . .

"အဲ့ဒါ ရပ်ကွက်ထဲမှာ အရိုင်းဆုံး။ အားလုံး လက်လျှော့ထားရတဲ့ အကောင်ပေါ့"

"ဩော် . . ."

"ဒီကောင် အစကတည်းကလည်း သောက်စားဆိုးပေနေတဲ့ကောင်ပဲ။ မနှစ်က သူ့သားအကြီးကောင် ရပ်ကွက်ထိပ်က ရေကန်မှာ ဆုံးသွားပြီးတော့ ပိုဆိုးလာတယ်။ ဇ' ပြင်းတယ်။ လက်ယဉ်တယ်။



ဘယ်သူမှ ယှဉ်မမိုက်ရဲဘူး။ မင်းတို့ အရက်ဖြတ်မယ်ဆို အဲဒီလိုကောင်ကို အဓိကထားပြီး ဖြတ်ကြစမ်းပါ"

ထိုပြောစကားအရ ဆိုင်ရှင်ဦးလေးကြီးက လင်းရိပ်တို့ကို သိပြီးသားဆိုသည့် သဘောပေါ့။ လင်းရိပ်က ခေါင်းတညိတ်ညိတ်လုပ်ကာ ဦးလေးကြီးကို မော့ကြည့်ပြီး . . .

"ဦးလေးနာမည်က ဘယ်လိုခေါ်လဲ"

"ငါ့နာမည် ဦးဘိုတဲ့"

"အိုကေ . . . လိုအပ်ရင် ကျွန်တော် အကူအညီတွေ လာတောင်းမယ်နော်"

ဦးဘိုက အတန်ငယ် စဉ်းစားပြီး ခေါင်းခါသည်။

"မင်းတို့ကို ကူညီရင် ကိုယ့်ထမင်းအိုးကိုယ် တုတ်နဲ့ထိုးသလိုဖြစ်နေမှာပေါ့။ မင်းတို့က အရက်ဖြတ်ပေးမယ့်သူ၊ ငါက အရက်ရောင်းတဲ့သူ ပြဒါးတစ်လမ်း၊ သံတစ်လမ်းကြီးဆိုတော့ မကူညီကောင်းပါဘူးကွာ။ ဟိုကောင် မောင်စိုးကိုက ဆိုးလွန်းလို့ ဖြတ်ခိုင်းတာကွ။ ဒါပဲ မင်းတို့နဲ့ မပြောတော့ဘူး။ မင်းတို့လည်း သောက်စရာရှိတာ သောက်ပြီး ပြန်ကြတော့"

ဦးဘိုက သူ့ဘာသာသူ ငြင်းငြင်းဆန်ဆန်ပြောရင်း အနားကထွက်သွားလေတော့သည်။ လင်းရိပ်ကတော့ အသာပြုံးပါသည်။ ဦးဘိုကို ဘယ်လိုထိန်းချုပ်ရမလဲ စဉ်းစားသိရှိသွားပုံရသည်။ ခဏအကြာတွင် လင်းရိပ်တို့ဘေးဝိုင်းသို့ လူငယ်လေးတွေ ရောက်လာကြသည်။

ထိုလူငယ်လေးတွေ အရက်များများနှင့် အမြည်းများများ မှာပြီး လေကန်ကြသည်။ ရယ်စရာအဖြစ် ရပ်ကွက်ထဲတွင် ကောင်မလေးတွေအကြောင်း၊ တီးတိုးအားမရစရာအဖြစ် မန်ယူဘောလုံးအသင်းအကြောင်းနှင့် နောက်ဆုံး လောကကြီးအပေါ် မကျေနပ်ကြောင်း၊ အစိုးရအပေါ် နာကျည်းကြောင်း၊ အိမ်၏အပူတွေအကြောင်း၊ ဒီနိုင်ငံမှာ လူဖြစ်လာတာကိုက တော်တော် ကိုယ်ကျိုးနည်းကြောင်းတွေ ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူငယ်အဖွဲ့မှာ အလုပ်လက်မဲ့များဖြစ်ကြောင်း လင်းရိပ်တို့ နားစွန်နားဖျား ကြားမိသည်။ အလွန်ဆုံးရှိ (၁၇) (၁၈) အရွယ်ရှိသည့် လူငယ်လေးတွေဖြစ်သည်။ အိမ်ကတောင်းလာသော (သို့) သူတို့ဘာသာ အလုပ်မရှိပေမယ့် တစ်နေရာရာက ကြံဖန်လာသောငွေများနှင့် အရက်များ တစ်လုံးပြီးတစ်လုံး မှာသောက်ကာ မကျေနပ်ချက်များကို ပလတ်စတစ်အိတ်ထဲ လေမှုတ်ထည့်ကာ လက်နှင့်ရိုက်ဖောက်သလို တစ်လုံးပြီး တစ်လုံး ဖောက်နေကြသည်။

"ကွာ . . . ပညာတတ်ဆိုတဲ့ကောင်တွေတောင် အလုပ်တစ်ခုရဖို့ အသည်းအသန်ကြိုးစားနေရတဲ့ ခေတ်ကြီးမှာ ငါတို့လို ဆယ်တန်းမအောင်တဲ့ကောင်တွေက ဘာလုပ်ရမှာလဲကွ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ ပြည်ပထွက်မယ်ကွာ"

"အောင်မာ . . . မင်းမှာ ပိုက်ဆံရှိလို့လား"

"အောက်ပိုင်းက ထွက်မယ်ကွာ။ ဟိုရောက်မှ အိမ်သာဆေးရဆေးရ၊ ကျွန်ဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်ကွာ။ ဒီမှာ ကြာလာရင် ဘာလုပ်ရမှန်း မသိတာနဲ့ ရူးတော့မယ်"

မျှော်လင့်ချက်မဲ့သူတို့၏ လေနှင်ရာလွင့်သော စိတ်ကျစကားဝိုင်းလေးတစ်ခုပင်။ နာတတ်လျှင် ရင်ထဲအောင့်နေအောင် နာနိုင်သော တစ်နိုင်ငံတည်းသား ဆင်ခြေဖုန်းလူငယ်တွေ၏ စကားတချို့ကို ဒီဘက်ဝိုင်းက လင်းရိပ်တို့ တက္ကသိုလ်ကျောင်းသားအရွယ်လူငယ်တွေက ကောင်းကောင်း ကြားနေရပါသည်။

လင်းရိပ် ချက်ချင်း ထသည်။ ထွက်သွားသည်။ ဟိုလူငယ်ဝိုင်းသို့ ထသွားခြင်းတော့မဟုတ်။ ဆိုင်ရှင်ဦးဘိုကြီးထံ သွားခြင်းဖြစ်သည်။

ကောင်တာမှ ပုလင်တွေကြားထဲထိုင်နေသော ဦးဘိုကြီးဆီ ရောက်တော့ လေသံသဲ့သဲ့နှင့် . . .

"ဒီကောင်တွေ ဒီရပ်ကွက်ထဲကပဲလား"

"ဟုတ်တယ် . . . ဟောလားဝါးလား အချိန်ကုန်နေတဲ့ ကောင်တွေပဲ။ ညတိုင်းနီးပါး လာတယ်။ မကြာခင် အရက်သမားဘွဲ့ရမယ့် ကောင်တွေပေါ့ကွာ"

"အဟင်း . . . ကျွန်တော် ပေါင်ရည်တစ်လုံး ယူသွားဦးမယ် ဦးဘို"

ကောင်တာမှ ခေါင်ရည်ပုလင်းတစ်လုံးဆွဲကာ လင်းရိပ် ထွက်ခဲ့သည်။ သူ ဝိုင်းသူပြန်ခြင်းမဟုတ်။ ဟို လူငယ်တွေဝိုင်းသို့ သွားခြင်းဖြစ်သည်။

လူငယ်ဝိုင်းသို့ ရောက်တော့ လင်းရိပ် ခပ်တည်တည်နှင့် ရပ်လိုက်သည်။ လူငယ်တွေက မော့ကြည့်သည်။

"မင်းတို့ ဇရှိလား"

လင်းရိပ်က မေးသည်။

လူငယ်တွေ မျက်မှောင်ကုပ်သွားသည်။ မခိုးမခန့် ဖြစ်သွားသည်။ ဘလိုင်းကြီး လာဖြနေပါလားဟု ထင်သွားပုံရသည်။ လူငယ်တစ်ယောက်က တစ်ခုခုပြောမည် ပြုစဉ် . . .

"ခွမ်း . . ."

ခေါင်ရည်ပုလင်း ကျိုးကြေကွဲထွက်ပြီး လင်းရိပ်လက်ထဲမှာ အချွန်လိုက်တောက်တောက်ပပ ပုလင်းခေါင်းမှတစ်ဝက် ပြတ်ကျန်နေခဲ့သည်။ စားပွဲစောင်းနဲ့ ရိုက်ခွဲလိုက်ခြင်းပါ။

"မင်းတို့ ဇရှိလားလို့ ငါ မေးနေတယ်"

လူငယ်တွေ ခပ်ရွံ့ရွံ့နှင့် ကြောင်သွားသည်။ လူငယ်တွေတင်မဟုတ်၊ ဒီဘက်ဝိုင်းမှ ရာဇာရှိန်း၊ ထွန်းကို၊ ဝက်စတူးတို့ပါ ကြောင်သွားသည်။ သူ့ကောင် ဘာဖောက်ပြီလဲ မသိဟု။

ဦးဘိုက အရက်ဆိုင်ပိုင်ရှင်ပီပီ ဖုန်းကိုထုတ်ကာ ၁၉၉ နှိပ်ဖို့ ရွယ်ထားနှင့်သည်။ လင်းရိပ်က လူငယ်တွေကို ပုလင်းကွဲနှင့် ချိန်ကာ ရှုရှုကြည့်၍ . . .

"အေး . . . မင်းတို့ ဇ ရှိရင် ငါ့အိမ်လိုက်ခဲ့ကြ"





www.burmeseclassic.com

www.burmeseclassic.com

ဒီပြတင်းပေါက်ကို ဖွင့်လိုက်ရင် ကြယ်ပြာလေးနဲ့တွေ့မယ်။ သတိ ။ ။ ခုန်းမ မဖွင့်ရ။



## (12)

"ဟဲ့ . . . ငါ့တူမ ဒီဇင်ဘာခြုံး"

ဘရိုတ်ဖတ်စားနေတုန်း အန်တီလေးက ပျာပျာသလဲ အနားလာထိုင်သည်။

"ဘာရဲ့ . . . အန်တီရေး . . . ရဲ့"

ပေါင်မုန့် ပလုတ်ပလောင်းစားရင်း သူမ ပြန်ထူးတော့ အန်တီလေးက မေမေ့အရိပ်အခြေကို အရင်လှမ်းကြည့်သည်။ မေမေက ဘုရားဆောက်တော်ရေခွက်များကို သယ်ကာ ဘုရားကပ်ရန် အပေါ်ထပ်တက်သွားမှ အန်တီလေးက လေသံသဲ့သဲ့နှင့် . . .

"ညက လ.ရ တို့အဖွဲ့ ဦးဘိုတို့ခွက်ပုန်းဆိုင်မှာ ရန်ဖြစ်လို့ဆို"

"ဟင် . . . "

"လ.ရ အရက်ဖြတ်တာ အနုနည်းနဲ့ ပညာနဲ့ဖြတ်မှာ မဟုတ်ဘူးလား။ အခုလို လက်စွမ်းပြနေရင် ရပ်ကွက်ထဲက ရိုက်လွှတ်တာနဲ့ သေနေဦးမယ်"

"အာ . . . အန်တီလေးကလည်း မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"လူမိုက်မဲ့တဲ့တိုင်းပြည်လည်း မဟုတ်ဘူးလေ . . . မိချိုးရဲ့ ငါ့တူမရဲ့"

"ထားပါ။ ဒါနဲ့ ဘယ်အထိ ဖြစ်သွားကြတာလဲ"

"သေချာမသိဘူး။ ရပ်ကွက်ထဲက ကိုဖြိုးတို့ ဂျလေဘီအဖွဲ့နဲ့ ဖြစ်တာပဲ။ လ.ရ က ပုလင်းခွဲပြီး မိုက်သွေး အရင်ပြတာတဲ့။ ဇ ရှိရင် ငါ့အိမ်လိုက်ခဲ့လို့ ပြောတာတဲ့။ အဲ့ဒါနဲ့ ဂျလေဘီတွေလည်း သူ့အိမ်လိုက်သွားတယ်တဲ့။ အဲ့ဒီအထိပဲ ငါလည်း သိတယ်။ နောက်ပိုင်း ဘာဆက်ဖြစ်လဲ ငါလည်း မသိဘူး"

"ကျွတ် . . . လ . ရ နဲ့တော့ ခက်ပါတယ်"

သူမ ရင်ပူသွားသည်။ အရက်ဖြတ်ပေးမယ့်သူက အရင် အရက်ဆိုင်မှာ ဖိုက်တာလုပ်နေသည်။ သိပ်တော့ ဆိုးဆိုးရွားရွား ဖြစ်ပုံမရ။ ဖြစ်လျှင်လည်း ချိုးဖေဖေဆီ သတင်းရောက်ကာ ဖြေရှင်းဖို့ လာခေါ်ကြလိမ့်မည်။ ဒီအချိန်ဆို လင်းရိုပ် ကျောင်းသွားလောက်ပြီ။ Busနှင့် မသွားဘဲ အိမ်က ကားထုတ်ကာ ကျောင်းအမြန်သွားပြီး သူနှင့်တွေ့ရမည်ဟု ချိုးတွေးကာ ချက်ချင်းထတော့သည်။

"အဲ . . . ဒါနဲ့ အန်တီလေး"

"ဘာလဲ . . . ငါ့တူမ"

"လင်းရိုပ်ကို နောက်တစ်ခါ လ.ရ လို့ မခေါ်နဲ့"

"ဘာလို့လဲ"

"အဲ့ဒါ သမီးတစ်ယောက်တည်း မူပိုင်ခေါ်ချင်တာ"

ပြောပြီး လှည့်ထွက်ခဲ့လိုက်သည်။ အန်တီလေးက ပြုံးနေသည်။ အပျိုကြီးများ၏ ဆဋ္ဌမအာရုံနှင့်သာ ပြုံးနိုင်သည့် အပြုံးမျိုးဖြစ်ချေသည်။

ချိုးကျောင်းရောက်တော့ သူ့ကို ရှာရသည်။ ကန်တင်းတစ်ခုတွင် ဆရာသက်တင်နှင့်အတူထိုင်နေသော သူ့ကို အဝေးမှ ချိုးလှမ်းတွေ့ရသည်။ ချိုးမြန်မြန်လျှောက်ကာ အနားရောက်တော့ ဆရာသက်တင်က လင်းရိုပ်ကို စကားလှည့်ပြောနေရာမှ ရုတ်တရက် မပြောတော့ဘဲ



ရပ်ပစ်လိုက်သည်။ မျက်မှန်ကို ခဏချွတ်ကာ ချေးသုတ်ပြီး ချိုးကို ကမန်းကတန်း ပြုံးပြသည်။

"လာ . . . ထိုင်လေ . . . သမီး ဒီဇင်ဘာချိုး။ ဆရာတော့ သွားတော့မယ်"

သမီးဟု ခေါ်သော်လည်း ဆရာက အသက်သုံးဆယ်မျှ ရှိချေဦးမည်။ ချိုး ထိုင်လိုက်တော့ ဆရာသက်တင်က သက်ပြင်းပူပူတစ်မျိုးချကာ ထွက်သွားပါတော့သည်။

"ဟဲ့ . . . နင်နဲ့ ဆရာသက်တင် ဘာတွေပြောနေတာလဲ"

"နင်နဲ့ ငါနဲ့ ပြောသလို ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာ စကားလေးတွေ့တော့ မဟုတ်ဘူးပေါ့"

ချိုးက မျက်စောင်းထိုးတော့ လင်းရိုပ်ရယ်သည်။ လင်းရိုပ်နှင့် ချိုးက အလိုလိုပဲ 'နင်နှင့်ငါ' သုံးဖြစ်နေကြပြီဖြစ်သည်။ ချိုး၊ လင်းရိုပ်ကို ကြည့်သည်။ မျက်နှာတွင် ညိုမည်းဖူးယောင် အရှအနာတစ်ခုမှမတွေ့သဖြင့် နည်းနည်းစိတ်ပူလျော့ရသည်။

"နင်မနေ့ညက ရန်ဖြစ်ထားတာဆို။ ရပ်ကွက်ထဲက ဂျလေဘီတွေနဲ့ ဖိုက်ထားတာဆို"

"ဖြစ်ပါဘူး . . . ဖိုက်ပါဘူး"

"ဇရှိရင် အိမ်လိုက်ခဲ့လို့ နင်က စိန်ခေါ်တာဆို"

"အဲ့ဒါတော့ ဟုတ်တယ်။ သူတို့လည်း အိမ်လိုက်ခဲ့တယ်လေ"

"အဲ့တော့ ဖိုက်ပြီပေါ့"

"မဖိုက်ဘူးလို့။ မဖိုက်တဲ့အပြင် လကုန်ရင်တောင် ငါ့အတွက် ခေါက်ဆွဲကြော်ထုတ် လာပေးနေဦးမယ်"

"ဘယ်လို . . . "

"ဒီလိုလေ"

ဟု လင်းရိုပ် ရှင်းပြတော့သည်။ မနေ့ညက လူငယ်လေးတွေက လင်းရိုပ်စိန်ခေါ်သဖြင့် အိမ်လိုက်လာသည်။ အိမ်ရောက်တော့ လင်းရိုပ်



www.burmeseclassic.com

www.burmeseclassic.com

က အိမ်ပေါ်တက်ထိုင်ခိုင်းကာ အကောင်းစား အရက်ပုလင်းတစ်လုံး ထောင်ပေးလိုက်သည်။ လူငယ်တွေ အံ့သြသွားကြသည်။ သူတို့နှင့် မိုက်သွေးစမ်းရန် အိမ်ခေါ်လာသူက အိမ်ရောက်တော့ အကောင်းစား အရက်တွေ ချတိုက်နေသောကြောင့် ဖြစ်သည်။ ပြီးတော့ အကောင်းစား အမြည်းတွေ သွားဝယ်ခိုင်းကာ တည်ခင်းပြန်သည်။ လူငယ်တွေ လင်းရိပ်၏ အပြုအမူတွေကို အံ့သြပြီးရင်း အံ့သြနေကြသည်။

လင်းရိပ်က ခုနက ပုလင်းခွဲပြီး စိန်ခေါ်သည့်ကိစ္စကို ဘာမှ မဖြစ်သလို ပေါ့ပေါ့လေးထားကာ လူငယ်တွေနှင့် မိတ်ဆွေဖွဲ့ကာ အရက်တွေဘာတွေ ငုံ့ပေးလိုက်သည်။ လူငယ်တွေလည်း လင်းရိပ်ကို ဘာကြောင့်မှန်းမသိ သဘောကျသလို ဖြစ်သွားသည်။ ပြီးတော့ ဘာမှစဉ်းစားမနေတော့ဘဲ သောက်ကြစားကြတော့သည်။ လင်းရိပ်က ဟန်ပြစားသောက် လူငယ်တွေ မူးချိန်ကျမှ သူ့သိချင်သည့် လူငယ်တွေ၏ ဘဝခံယူချက်တွေ ဖြစ်ချင်သည့် ဝါသနာဆန္ဒတွေကို မေးတော့သည်။ လူငယ်တွေက ဂီတလိုင်းထဲ ဝင်ချင်ကြသည်။ သူငယ်ချင်းတွေပေါင်းပြီး Rock Band ထောင်ချတာဟု ပြောသည်။

လင်းရိပ်က သူကူညီမည်ဟုပြောသည်။ လောလောဆယ် သူတို့အတွက် အလုပ်ရှာပေးမည်။ ဂီတသင်တန်းတွေတက်ဖို့ ထောက်ပံ့မည်။ ဂီတလိုင်းထဲမှ အဆက်အသွယ်တွေ ရှာပေးမည်ဟု ပြောပြလိုက်သည်။ သူတို့တွေ လင်းရိပ်ကို မယုံသလိုကြည့်ကာ အံ့သြသွားကြသည်။ လင်းရိပ်တကယ်ပြောနေတာမှန်းသိတော့ သူတို့တန်ခိုးရှင်နှင့် တွေ့ရသလို ကျေးဇူးတင်သွားကြသည်။ လင်းရိပ်ကို အကြီးအကျယ် လေးစားသွားကြလေတော့သည်။

"သူတို့ မလေဖို့၊ ပုံမှန်ဝင်ငွေရဖို့ ငါ့အမေရဲ့ အထည်ချုပ်စက်ရုံတစ်ခုမှာ လုံခြုံရေးလူလိုနေတဲ့နေရာမှာ သူတို့ကို အလုပ်ပေးလိုက်တယ်။ ငါ့မိတ်ဆွေအသိတွေထဲမှာ ဂီတလိုင်းက လူတွေလည်းရှိတော့ သူတို့ကို အဆင်ပြေလောက်မယ့် သူနဲ့ ချိတ်ပေးထားလိုက်တယ်။ အဲ့ဒီအတွက်



သူတို့ ပြန်လုပ်ပေးရမှာက အရက်မသောက်ဖို့ဘဲ။ တစ်ခါတလေဆိုတဲ့ ခေါင်းစဉ်အောက်မှာ သောက်ချင်ရင်လည်း တစ်လမှ နှစ်ခါ သုံးခါလောက်ပဲ သောက်ခိုင်းလိုက်တယ်။ ဒါပဲ . . ."

"ဟင်း . . . နင် သူတို့ကို အဲ့လောက်ထိ ကူညီလိုက်တာလား။ နင် သူတို့ကို ယုံလို့လား"

"ယုံတာ မယုံတာဟာ အချိန်တိုအတွင်း ပြောဖို့ခက်တဲ့အရာပဲ။ ငါသိတာကတော့ ဒီခေတ်လူငယ်တွေမှာ ခေတ်အဆိပ်သင့်မှု သိပ်များတယ်။ လုပ်ချင်တာ မလုပ်နိုင်ဘူး။ အသိအမှတ်ပြု မခံရမှုတွေပေါ့။ ဒါက အခု သူတို့ဆန္ဒတွေကို အသိအမှတ်ပြုပေးလိုက်တာမျိုးပေါ့။ သူတို့ ရည်မှန်းချက်အတိုင်း ဖြစ်မဖြစ်ကတော့ သူတို့လုပ်ဆောင်ချက်အတိုင်း သွားမှာပေါ့။ ငါကတော့ လမ်းကြောင်းပေါ် ပို့ပေးလိုက်တာပဲ။ လောလောဆယ် ကြည့်မယ်ဆိုရင် သူတို့အရက်မသောက်ဖြစ်ဖို့ ငါ ဖန်တီးနိုင်ခဲ့ပြီလေ"

လင်းရိပ်၏ လုပ်ရည်ကိုင်ရည်နှင့် စိတ်ထားတွေကို ခြူး စိတ်တွင်းမှ လေးစားချီးကျူးနေမိတော့သည်။

"ဒါနဲ့ နင်က သူတို့ကို ကူညီမှာများ ဘာလို့ အစကတည်းက ရိုးရိုးမပြောဘဲ ဖိုက်တာလိုလို ဘာလိုလို ပုလင်းတွေ ခွဲပြရတာလဲ"

"အင်း . . . အဲ့ဒါက ဆိုက်ကိုသုံးတာလေ။ ဆွဲဆောင်မှုလည်း ရှိအောင်လို့ပေါ့။ သူတို့လို မိုက်သွေးကြွလူငယ်တွေရှေ့မှာ ကိုယ်က လေသံချိုလေးနဲ့ ကိုယ်မင်းတို့ကို ကူညီချင်လို့ပါ။ ကိုယ့်အိမ်လိုက်ခဲ့ပါလို့ ပြောရင် ဘယ်လောက်တောင် အူကြောင်ကြောင်နိုင်ပြီး သူတို့က လည်း လှောင်လိုက်ကြမလဲ။ လူမိုက်တွေက သူတို့ထက် ပိုမိုက်ပြတဲ့သူကို ကြွေတတ်ကြတယ်လေ။ ဒါကြောင့် စစချင်း ဖိုက်တာအချိုး ချိုးပြလိုက်တာပေါ့"

"အဟင်း . . . ဒါဆို အရက်သမားတစ်စုကို အရက်မသောက်အောင် တားနိုင်လိုက်ပြီပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com

"သူတို့က အရက်သမားမဟုတ်ပါဘူး။ အရက်သမား ဖြစ်လာနိုင်ခြေရှိတဲ့ လူငယ်တွေပါ။ မီးသတ်သမားတွေ မီးသတ်တဲ့အခါ မီးလောင်နေတဲ့နေရာကို မငြိမ်းခင် မလောင်သေးပေမယ့် လောင်တော့မယ့်အရာတွေကို ကြိုရေဖြန်းထားလိုက်သလို အရက်သမားမဖြစ်သေးပေမယ့် ဖြစ်နိုင်ခြေရှိတဲ့ သူတွေကို အရင်ရှင်းထားရတာပေါ့"

"အဟင်း . . . တော်တော် အကွက်စေ့နေပါလား"

"နောက်ထပ် အကွက်တွေလည်း တွေ့ရဦးမယ်။ ဟော . . . ပြောရင်းတောင် ဟိုမှာ ဟိုကောင်တွေ လာပြီ"

ဝက်စတူး၊ ရာဇာရှိန်းနှင့် ထွန်းကိုအပြင် မျိုးမင်းသန်းပါ ပါလာသည်။ သူတို့လက်ထဲတွင် စတာပလာနှင့် ချုပ်ကာ အနေခင့်တိပ်အုပ်ထားသော လက်ဖြစ်စာအုပ်များနှင့် တခြားစာရွက်များပါ အထပ်လိုက်ပါလာသည်။ တစ်ဆက်တည်းပင် မိုးပန်နွယ်တာနှင့် ခက်ခက်တို့လည်း ချိန်းထားသလို ရောက်လာသည်။ ခုံဝိုင်းမဆန့်၍ နှစ်ဝိုင်းဆက်လိုက်ရသေးသည်။

ထွန်းကိုက လက်ထဲမှ စာရွက်တွေ၊ စာအုပ်တွေကို စားပွဲပေါ်ချကာ

"ရပ်ကွက်ထဲက တွေ့သမျှ ဓာတ်တိုင်တွေ ရှိသမျှ နံရံတွေမှာတော့ ကြော်ငြာစာရွက်တွေ ကပ်ခဲ့ပြီး . . . လင်းရိပ်"

"ဟင် . . . ဘာကြော်ငြာချက်လဲ"

သူမတို့ ယူကြည့်လိုက်ကြသည်။ 'အလုပ်အကိုင် ရှာဖွေပေးမည်' ဟူသော ကြော်ငြာစာရွက်များပင်။ လိပ်စာနှင့် ဖုန်းနံပါတ်က လင်းရိပ်တို့ တည်နေရာကြီး။ ခြူးက မော့အကြည့် လင်းရိပ်က . . .

"ငါ လေ့လာထားတယ်။ နင်တို့ ရပ်ကွက်အရက်သောက်တဲ့သူများတဲ့အချက်ထဲမှာ အလုပ်လက်မဲ့ပေါတာ၊ အလုပ်အကိုင်အတည်တကျမရှိဘဲ ကြုံရာကျပန်း လုပ်စားတဲ့သူပေါတာကြောင့်လည်း ပါတယ်



ခြူး။ ဘာကြောင့်လဲဆိုတော့ နင်တို့ရပ်ကွက်က ဆင်ခြေဖုံးကျူးကျော်ရပ်ကွက်နဲ့ပါ ဆက်နေတာကြောင့်ပဲ။ ဒါကြောင့် အလုပ်ရှာပေးတဲ့နည်းနဲ့ အရက်သောက်သူနည်းအောင် တိုက်ချပစ်ရမယ်"

"နင် ဒီလောက်လူတွေအများကြီး အလုပ်ရှာပေးဖို့လွယ်ပါ့မလား"

"လွယ်တော့ မလွယ်ပါဘူး။ ဒါပေမဲ့ ငါ့မှာ အသိမိတ်ဆွေတွေ ပေါပါတယ်။ အဲ့ဒီအတွက် ငါရှာကြံပါ့မယ်။ လုံးဝ မစိုးရိမ်ပါနဲ့"

ဟုတ်တော့ ဟုတ်သည်။ လင်းရိပ်တို့အိမ်က တော်တော်ကြီးချမ်းသာကြွယ်ဝမှန်း မိုးပန်ပြောပြောပြနေသဖြင့် ခြူး သိပြီးသားဖြစ်သည်။ လူကုံထံမိတ်ဆွေတွေ ပေါများကာ အလုပ်ရှာဖွေပေးဖို့ ခက်မည်မဟုတ်နိုင်။

"ဒီစာအုပ်တွေကော ဘာစာအုပ်တွေလဲ"

လက်ဖြစ် စာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ မေးသူက ခက်ခက်မှုးငုံ။ လင်းရိပ်က . . .

"အရက်ရဲ့ ဆိုးဝါးပုံနဲ့ အရက်ဖြတ်နည်း တော်တော်များများစုစည်းထားတဲ့ စာအုပ်ပါ။ ဆေးပညာအရ ဖြတ်နည်းတွေအပြင် တန်ခိုးကြီးဘုရားတွေမှာ သစ္စာဆိုပြီး ဖြတ်တဲ့နည်းတွေပါ ပါတယ်။ ကုန်ကုန်ပြောရရင် ကြားဖူးနားဝရှိတဲ့ တီကောင်ကြော်ကျွေးနည်း စတဲ့ နည်းတွေပါ ရေးပြထားတယ်"

"ဟင် . . ."

သူမတို့ ပြိုင်တူကြီး နှာခေါင်းရှုံ့သွားကြသည်။

"မစိုးရိမ်ပါနဲ့။ အခြေအမြစ်မရှိတဲ့ ဖြတ်နည်းတွေကိုတော့ နောက်ကနေ တားမြစ်မှတ်ချက် ရေးပြထားပါတယ်။ အများစုက အိမ်ရှင်မတွေ လုပ်ဆောင်နိုင်အောင် အလွယ်တကူ အရက်ဖြတ်ပေးနိုင်မည့်နည်းတွေကို ဦးစားပေး ရေးပြထားလိုက်တယ်"

"ရေးပြီး ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရပ်ကွက်ထဲက အရက်သမားတွေရဲ့ မိန်းမတွေဆီကို Under-ground နည်းနဲ့ ဖြန့်ဝေမယ်။ သူတို့ တနိုင်တပိုင် လှုပ်ရှားနိုင်အောင်ပေါ့"

"နင်တို့ဝေတိုင်း သူတို့က ယူပါ့မလားဟဲ့"

"ယူလွန်းလို့ အခု နင့်ရှေ့ရောက်နေတဲ့စာအုပ်က ဒုတိယအကြိမ် မိတ္တူဆွဲထားရတာ။ Publish ထုတ်ရောင်းရင် အခု Best Seller ဖြစ်နေတဲ့ စာရေးဆရာတွေ အကုန်ထိုင်ငိုသွားမှာဆိုးလို့တောင် အရေးအသား နည်းနည်း လျှော့ပေးထားရတယ်။ ဟဲ ဟဲ . . ."

သူမတို့ မျက်စောင်းတွေ ဝိုင်းထိုးကြသည်။

လင်းရိပ် လှုပ်ရှားချက်တွေက အားရစရာ အပီအပြင်တွေ ဖြစ်နေသည်။ ခြူးတို့စာအုပ်တွေကို ဆွဲယူကာ လှန်ကြည့်မိတော့သည်။ ပြီးတော့လည်း . . .

"ဆက်ပြောပါဦးဟ . . . နားထောင်ကောင်းလို့။ နောက်ထပ် ဒီရပ်ကွက်လေးရဲ့ ပုလင်းတိုက်ပွဲမှာ အောင်နိုင်ဖို့ ဘယ်လိုနည်းတွေသုံးဖို့ စီစဉ်ထားသေးလဲ"

လင်းရိပ်က စနစ်တကျ ရှင်းပြရပြန်သည်။

"အရင်ဆုံးအနေနဲ့ အရက်သမားဖြစ်နေတဲ့သူနဲ့ သာမန်သောက်သုံးသူအဆင့်ကို အရင်ခွဲရမယ်။ နေ့တိုင်း သောက်နေရင်တော့ အရက်သမားပေါ့။ သာမန်သောက်နေတဲ့သူကတော့ မသောက်လည်း ဘာမှမဖြစ်၊ သောက်လည်း ဘာမှမဖြစ်။ အလွန်အကျွံလည်း မသောက်တဲ့သူတွေကိုတော့ ခဏထားလိုက်တော့။ တကယ့်အရက်သမားတွေကို ဦးစားပေးဖြတ်ရမယ်"

"အင်း . . ."

"စစ်ရေးဗျူဟာတွေမှာ ရှိတယ်။ ကိုယ့်ဘက်က အင်အားနည်းပြီး ရန်သူ့ဘက်က အင်အားများနေရင် ရန်သူ့ဘက်က ခေါင်းဆောင်အချုပ်ကို အရင်ဆုံးလက်ရဖမ်းနိုင်အောင်၊ ဒါမှမဟုတ် သုတ်သင်နိုင်



အောင် ပစ်မှတ်ထားရတယ်။ ဒီလို ခေါင်းဆောင်ပိုင်းကို နှိမ်နင်းနိုင်မှ ရန်သူ့တပ်ကို ထိန်းချုပ်နိုင်မှာ။ ဒါကြောင့် အခု အရက်ဖြတ်မဲ့အထဲမှာလည်း အဆိုးရွား ဆုံးအရက်သမားတချို့ကို အရင်ရှာပြီး ဖြတ်ပေးရမယ်"

"အင်း . . . စစ်ရေးသုံးတာပေါ့လေ"

"အင်း . . . နောက် ရပ်ကွက်ထဲမှာ ဆိုင်သုံးဆိုင်ရှိတယ်။ အဲ့ဒီ ဆိုင်သုံးဆိုင်မှာ နေ့စဉ် ဆိုင်စွဲပြီး သောက်တတ်တဲ့ အရက်သမားသုံး ယောက်ကို ငါ ရွေးချယ်ထားတယ်။ (၁) ဘီအီးဆိုင်က မောင်စိုးကို အရင်ဖြတ်ရမယ်။ သူက ရပ်ကွက်ထဲမှာ အရမ်းဆုံး၊ အရိုင်းဆုံးပဲ။ သူ့ကို ဖြတ်ဖို့ တော်တော်ရင်ဆိုင်ရမှာ။ (၂)က 'ရမ်'ဆိုင်မှာ နေ့တိုင်း ညနေဘက် ကတည်းက ထိုင်ပြီး ဆိုင်တံခါးပိတ်မှ ထပြန်တတ်တဲ့ ကိုရှည်ကြီးဆို တဲ့ လူပဲ။ သူ့ကို အဓိကထားဖြတ်ရမယ်။ (၃) ကတော့ ဘီယာဆိုင်မှာ ညတိုင်း ဒါမှမဟုတ် မကြာခဏ ထိုင်တတ်တဲ့ ခြူးအဖေပဲ"

"ဟင်း . . . ငါ့အဖေကလည်း အဓိကထားဖြတ်ရလောက် အောင် ဆိုးတဲ့အထဲ ပါတယ်ပေါ့"

"သောက်ရုံသက်သက်ကတော့ မဆိုးလောက်ပါဘူး။ ရပ်ကွက် အကျိုးဆောင်ရွက်တာတွေလည်း တော်တယ်ကောင်းတယ်လို့ ပြောကြ ပါတယ်။ ဒါပေမဲ့ ရပ်ကွက်လူကြီးက ညတိုင်း ဘီယာဆိုင်ရောက်နေ တာ မကောင်းဘူးလေ။ ရပ်ကွက်လူကြီးတောင် သောက်နေသေးတာပဲ ဆိုတဲ့ တော်တန်ရုံကောင်တွေအတွက် အကြောင်းပြချက်ရနိုင်တယ်လေ။ ဒါကြောင့် ဦးဘခြူးကိုလည်း အဓိကထားဖြတ်ရမယ်။ အဲ့ဒီ သုံးယောက် ကိုသာ ဖြတ်နိုင်ရင် ကျန်တဲ့အပိုင်းတွေ လွယ်သွားမှာလို့ ထင်တယ်"

"ဗျူဟာတွေက လန်းလှချည်လား"

"အဟင်း . . . ငါက စစ်ဆေးရေးတစ်ခုလို့ သဘောထား တာကိုးဟ။ ဒါကြောင့် ငါက ဒီစစ်ဆင်ရေးကို နာမည်တောင် [illegible] ပေးထားသေး"

"ဟုတ်လား"

www.burmeseclassic.com

"ဘယ်လို နာမည်ပေးထားတာလဲ"

အားလုံး သိချင်လွန်းစွာ အမြန်မေးလာကြပြန်သည်။ လင်းရိပ်အသားပြုံး၍ တစ်လုံးချင်း လုပစွာ ဖြေပြလိုက်ပါသည်။

"ပုလင်းဆိပ်ကမ်းသို့ ဗုံးကြဲခြင်း"

အားလုံး ပြုံးသွားကြသည်။ သူ့ စစ်ဆင်းရေးနာမည်က အနုပညာမြောက်နေသလိုလို။ တကယ့်ကို သူရာမေရာယအရေးတော်ပုံပင်။

နောက်တော့ လင်းရိပ်တို့ နှုတ်ဆက်ကာ အတန်းတက်ရန် ထွက်သွားကြသည်။ သူမတို့သာ ဆက်ထိုင်၍ ကျန်ခဲ့ကြတော့သည်။ ဘာကြောင့်မှန်းမသိ၊ ခြူး၏ မျက်နှာလေးသည် ပြုံးစိုစိုလေး ဖြစ်နေရှာ၏။ ဒါကိုမြင်သော မိုးပန်က အအေးပိုက်ကို မိုက်ခရိုဖုန်းကိုကိုင်ကာ . . .

"ညီမလေး ဒီဇင်ဘာခြူးအနေနဲ့ အခုအခြေမှာဆိုရင် ကိုလင်းရိပ်ကို ဘယ်လိုခံစားနေရပါပြီလဲရှင်"

အင်တာလာဗျူးနေသည်။ ခြူးကလည်း ပြုံးစစနှင့် အဟင်းအဟင်းဟု လည်းချောင်းရှင်းကာ . . .

"တော်တော်တော်တဲ့ ရက်ဘဲလေးလို ခံစားနေရပါတယ်ရှင်"

ဝါး' ခနဲ တခြားဝိုင်းတွေ လှမ်းကြည့်ရလောက်အောင် သူမတို့အော်ရယ်လိုက်ကြပါတော့သည်။

ϰ ϰ ϰ



**(13)**

ည။

လင်းရိပ်တို့ လူခွဲလှုပ်ရှားရန် စီစဉ်သည်။ ထွန်းကိုက ဘီအီးဆိုင်ကိုသွားကာ ကိုမောင်စိုးကို လေ့လာမည်။ လင်းရိပ်က ဦးဘခြူးကိုအကဲခတ်ရန် ဘီယာဆိုင်သွားမည်။ ရာဇာရှိန်းက 'ကိုရှည်ကြီး' ဆိုသည့်သူကို ချဉ်းကပ်ရန် 'ရမ်'စတေရှင်သို့ သွားမည်။ ဝက်စတူးက အိမ်မှာသုပ်စရာရှိသည့် အလုပ်နည်းနည်းလုပ်ပြီးရင် ရာဇာရှိန်းရှိရာသို့ သွားရောက်ပူးပေါင်းမည်ဖြစ်သည်။

ယခု ရမ်ဆိုင်သို့ ရာဇာရှိန်း ရောက်လာသည်။ ဆိုင်ထောင့်ကတွင် သောက်နေသော ကိုရှည်ကြီးဆိုသူကို လှမ်းတွေ့ရသည်။ ကိုရှည်ကြီးသည် နာမည်အတိုင်း အရပ်ရှည်သည်။ ထို့ကြောင့် ကျန်သည့်အရာတွေကလည်း တိုနေရင် မကောင်းသဖြင့် လိုက်လျောညီထွေစွာ လိုက်ရှည်တော့သည်။ လက်ရှည်သည်။ ခြေထောက်ရှည်သည်။ လည်ပင်းရှည်သည်။ ဝတ်သည့် အင်္ကျီတောင် လက်ရှည်သည်။ ပုဆိုးကိုတောင် ခြေဖျက်စီအထိ ရှည်ရှည်ထားဝတ်သည်။ ဆံပင်တော့ အရှည်မထား။

ရာဇာရှိန်းက သူ့လောက်မရှည်ပေမယ့် သူ့အနားရောက်လာခဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကိုရှည်ကြီး . . . ကျွန်တော် ဒီနားထိုင်လို့ရမလားဟင်"

"မင်းဖင်နဲ့မင်း ဆုံးဖြတ်ပေါ့"

"အဲ . . ."

ကိုရှည်ကြီးက သစ်ကုလားအုတ်လို လည်ပင်းရှည်ကြီးနှင့် ဆတ်ခနဲ တစ်ချက်မော့ကြည့်ပြီး တစ်ခွန်းတည်း ပြန်ပြောလိုက်တော့ ရာဇာရှိန်းကြီး 'အဲ' သွားသည်။ သို့သော် ရှက်ရှက်နှင့် ထိုင်တော့ထိုင်ရှာသည်။

ရာဇာရှိန်း အရှက်ပြေ ရမ်တစ်ပိုင်း အော်မှာလိုက်သည်။ ကိုရှည်ကြီးက ဆိုင်၏ T.V မှ Replay ဘောလုံးပွဲကို ကြည့်နေသည်။

"တစ်ယောက်တည်းသောက်ရမှာ ပျင်းလို့ပါဗျ . . . အဟဲ ။ ဒါနဲ့ ကိုရှည်ကြီးက ဘာလို့ ဓာတ်တိုင်လောက်ကြီး အရပ်ရှည်နေတာလဲဟင်"

"မွေးတုန်းက ဆရာဝန်က ညှပ်နဲ့ဆွဲမွေးခဲ့လို့ နေမှာပေါ့"

"အဲ . . ."

ဒုတိယတစ်ခါ အဲ'ရပြန်သည်။ ပြောရတာ တော်တော်အပေါက်အလမ်းမတည့်။ ကိုရှည်ကြီး ရုပ်အမာကြီးနှင့်ပင် . . .

"ဟာ . . . ဝက်စတူး လာပြီ"

"ဝက်စတူး မင်းမှာထားတာလား။ ငါ ဝက်သားမစားဘူးနော်"

"အဲ . . . မဟုတ်ဘူးဗျ။ ကျွန်တော့်သူငယ်ချင်းလာတာကို ပြောတာ။ သူ့နာမည်က ဝက်စတူးတဲ့"

ဝက်စတူး ဝင်လာသည်။ ရာဇာရှိန်းစတိုင်လ်အတိုင်း ဘိန်း'ခဲ' ပုဆိုးပြင်ဝတ်ပြီးမှ ဝင်ထိုင်သည်။ ရာဇာရှိန်းက ဆက်ပြီး . . .

"သူ့နာမည် ဝင်စံတိုးပါ။ ကျွန်တော်တို့က ချစ်စနိုးနှင့် ဝက်စတူးလို့ခေါ်ကြတာ"

"ကျွတ် . . . နာမည်ကလည်း ဝင့်ကြီးလိုက်တာ"

"အဲ . . ."



ဒီတစ်ခါ အဲ'ရသူက အခုမှ ဝိုင်းထဲရောက်လာသည့် ဝက်စတူးပါ။ ချက်ချင်း မျက်နှာလေး ကံစမ်းမဲမပါသည့် ပုလင်းအဖုံးလေးလောက် ငယ်သွားရှာသည်။

ဘာဆက်ပြောရမှန်းမသိလို့ တစ်ခွက်နှစ်ခွက်လောက် အသံတိတ် သောက်လိုက်ရသေးသည်။ ပြီးမှ ဝက်စတူးက . . .

"ကိုရှည်ကြီးက ရမ်ပဲသောက်တာနော်။ အဲဒါ ဘာလို့လဲဟင်"

"အသံထွက်ကို ကြိုက်လို့။ မင်း ရွတ်ကြည့်လိုက်၊ 'ရမ်' တဲ့။ ဘယ်လောက် ဌာန်ကရိုဏ်း စမတ်ကျသလဲ။ အရက်စသောက်တတ်ကတည်းက 'ရမ်' တစ်မျိုးပဲ သစ္စာရှိရှိ သောက်ခဲ့တာ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က တစ်ပက်မှ တစ်ရာပဲရှိသေးတယ်။ လေးဖြူ ကြော်ငြာပြီးတော့ တစ်ရာ့ငါးဆယ် ဖြစ်သွားတယ်။ ငါ့အိပ်ရာခေါင်းရင်းမှာ ကြိုက်လွန်းလို့ အဲ့ဒီကြော်ငြာ 'ဝေါရှို'တောင် ကပ်ထားသေးတယ်။

တကယ့်အရက်ရဲ့ တန်ဖိုးကို နားလည်သူတိုင်းက ရမ်'သောက်တယ်ကွ။ ရမ်က ဈေးမကြီးဘူး။ ဈေးမပေါဘူး။ အတန်းအစား မခွဲဘူး။ Social ကျမယ်။ ရင်ထဲ ရောက်တယ်။ Alcohol 43% ပါတဲ့ Army Rum မှာဆိုရင် ငှက်ဖျားရောဂါကာကွယ်နိုင်သည်ဆိုတဲ့ စာသားတောင် ပါသေးတယ်။ သောက်တတ်ရင် ဆေးပဲ။ ဒါကြောင့် Rum သောက်ခြင်းဖြင့် ဂုဏ်ယူလိုက်"

ကိုယ်တွေက တစ်ခွန်းမေးရသေး၊ သူက Rum ဋီကာကို လက်ဆန့် ပါးစပ်တန်း ရွတ်ပြသွားနေသည်။ တော်တော် Rum ကျမ်းကြေသည့် လူကြီးထင်သည်။

"ငါတွေ့ဖူးတဲ့ ကျိုကျိုတက် သူဌေးကြီးတစ်ယောက်တောင် ကျွန်တော်တကယ်ကြိုက်တာက ပြင်သစ်ဝိုင်လည်းမဟုတ်ပါဘူး။ Rum ကိုပဲ ကြိုက်တာပါလို့ ဝန်ခံဖူးတယ်"

"သြော် . . ."



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ကြားဖူးမှာပါ။ ဝတ္ထုတွေ၊ ကဗျာတွေရေးတဲ့ 'သူဝေး' ဆိုတဲ့ စာရေးဆရာကို။ အေး . . . သူဆို 'ရမ်' ကြိုက်လွန်းလို့ သူ့သူငယ်ချင်းကဗျာဆရာတွေ ဘာတွေက 'ရမ်ဝေး' လို့ တောင် ပြောင်းခေါ်ကြတာ"

"အာ . . . အဲဒါတော့ မဟုတ်လောက်ပါဘူး။ ကျွန်တော်တို့ ကြားဖူးတာ သူဝေးဆိုတဲ့သူက အရက်ဆို အနံ့တောင် ခံနိုင်တာမဟုတ်ဘူးတဲ့။ ဒါ သူ့အပေါင်းအသင်း ကဗျာဆရာတွေက သူချောတာကို မနာလိုလို့ အပုပ်ချတာပဲနေမှာ"

"အေး . . . ငါလည်း အဲ့လိုထင်ပါတယ်"

ပြောရင်းဆိုရင်းပဲ ကိုရှည်ကြီးက ရမ်ကို တစ်ခါမော့လိုက်ပြန်သည်။ မော့ပြီးတော့ 'အား' ဟူသည့်အသံကို 'ခါး . . .' ဟူသည့်အသံနှင့် ရောသလို လည်ချောင်းသံ တိုးညှင်းညှင်းနှင့် ညည်းရင်းမှ ခွက်ကို ဖြည်းဖြည်းချင်း ချရှာသည်။ ရမ်တွေ လည်ချောင်းတစ်လျှောက် စီးဆင်းသွားသည်ကို အရသာခံနေခြင်းဖြစ်သည်။

ဝက်စတူးနှင့် ရာဇာရှိန်း သူ့အမူအရာတွေသာ အစအဆုံး လိုက်ကြည့်နေမိသည်။ သူ အရက်မသောက်အောင်တားဖို့ လမ်းစ ဟာကွက်လေးတစ်ခုပင် သူတို့မတွေ့ရှိသေး။

ထိုအချိန် အကျဲသည် သူတို့ဝိုင်းသို့ ဘယ်တုန်းက မှာထားမှန်းမသိသော အမြည်း လာချပေးသည်။ 'အကျဲ'ဆိုသည်က ဒီဆိုင်ပိုင်ရှင် လုံးကြီးပေါက်လှ တရုတ်မဖြစ်သည်။ လာချပေးသည့် အမြည်းက ဖားကြော်တွေပါ။

ကိုရှည်ကြီးက ပြန်လှည့်ထွက်သွားသော အကျဲကိုကြည့်ရင်း ဖားကြော်တစ်ဇွန်း ကော်စားသည်။ ရမ် ထပ်မော့သည်။ စားဖားများကို ခုတ်ထစ်ကာ ငရုတ်သီးနှင့် ငါးခြောက်ကြော်သလို ကြော်ထားခြင်းဖြစ်သည်။



စားပွဲအလယ်မှာ ဖားကြော်ပန်းကန်ကို ငုံ့ကြည့်ပြီး ရာဇာရှိန်း ခေါင်းထဲ အလင်းတစ်ချက် ပွင့်သွားသည်။ 'ဟား . . . ဟုတ်ပြီ' ဆိုသည့် အပြုံးမျိုး ပါးစပ်ကြီးမှ ရုတ်တရက်ပြုံးသွားသည်။ ပြီးမှ ချက်ချင်းပြန်တည်ကာ . . .

"ကိုရှည်ကြီး . . . ကျွန်တော် တစ်ခုပြောမလို့။ ပြောရမှာလည်း အားနာပါတယ်။ ဒီဆိုင်က အမြည်းတွေက စိတ်မချရဘူးဗျ။ အခု ကိုရှည်ကြီးစားနေတဲ့ဟာဆို ပိုဆိုး"

"ဘာဖြစ်လို့လဲ . . . ရှင်းစမ်းပါဦး"

"ဟိုတစ်နေ့က အိမ်ကကြောင်မလေး ရှက်ကီရာ ပျောက်သွားလို့ ကျွန်တော်တို့ ရပ်ကွက်အနှံ့ လိုက်ရှာရတယ်ဗျ။ ရပ်ကွက်ချောင်ကြိုချောင်ကြား နောက်ဖေးတွေအထိပါ လိုက်ရှာရတယ်။ အဲ့လိုရှာရင်း ဒီဆိုင်အနောက်ကို ရောက်လာမိတယ်ဗျ။ အဲဒီမှာ 'အကျဲ' ရေချိုးခန်းထဲက ထွက်လာပြီး အဝတ်လှန်းတာကို တွေ့လိုက်ရတယ်လေ။

ထဘီရင်လျားနဲ့ပေါ့ဗျာ။ အဲ့လို လှန်းနေတုန်း ထဘီလှန်းတဲ့ ကြိုးတန်းအောက်မှာ ဖားကြီးတစ်ကောင် ရောက်နေတယ်ဗျ။ ဖားကြီးရဲ့ ကျောကုန်းပေါ် အကျဲလှန်းလိုက်တဲ့ ဆပ်စပင်ဒါရေစိုကြီးဆီက ရေစက်တွေ တဘတ်ဘတ်နဲ့ တစ်စက်ချင်း ကျနေတယ်။ ဖားကြီးက အဲဒီ ဆပ်စပင်ဒါကြီးရဲ့ ရေစက်တွေကို အရသာခံပြီး မှိန်းနေတာပဲဗျ။ သူ့အတွေးထဲမှာ သင်္ကြန်ကျပြီး ရေပက်ခံကားနဲ့ Alpine မဏ္ဍပ်အောက် ရောက်နေတာလို့ ထင်ရင် ထင်နေမှာပေါ့။ အဲ့လိုရုပ်မျိုးနဲ့ဗျ ဖားက . . နော် . . . ဝက်စတူး မင်းလည်း တွေ့တယ်နော်"

"အေး . . . တွေ့တယ်လေ။ ဖားက ဖားသိုးကြီးလေ"

ရာဇာရှိန်း စိတ်ကုန်သလို မျက်လွှာဖြည်းဖြည်း ချသွားသေးသည်။ ဘယ့်နှယ် . . . လိုအပ်လို့ ဖော်လိုခေါ်တာကို ဒင်းက overကြီး လုပ်ပစ်သည်။ ဝက်သိုးတို့၊ နွားသိုးတို့ပဲ ကြားဖူးပါသည်။ သူ့ကျမှ လာပြီး ဖားသိုးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုရှည်ကြီးက အမှုမဲ့ အမှတ်မဲ့မို့ တော်သေးသည်။ သူ့အမူ အရာ ပျက်သွားတာ မမြင်။

"ဆက်ပြောပါဦး . . . ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ ဆပ်စပင်ဒါကကျတဲ့ ရေတွေနဲ့ မှိန်းနေတဲ့ ဖားကြီးကို ဘုန်းခနဲ အကျဲက လက်ရိုက်တုတ်နဲ့ ဖြင်းလိုက်တယ်လေ ဗျာ။ ဖားကြီး ကားပြီး သေသွားတယ်။ အခု ကိုရှည်ကြီးစားနေတဲ့ ဖားကြော်က အဲဒီဖားကို ကြော်ထားတာပဲဗျ။ အော် . . . ဖွီ"

ပြောလည်းပြော ဦးဆောင်လည်း ရှုံ့ပြလိုက်သေးသည်။

ရာဇာရှိန်း၏ အပြောနှင့် အမူအရာကြောင့် ကိုရှည်ကြီး ခဏ ငြိမ်သွားသည်။ ပြီးမှ . . . သတိပြန်ဝင်သွားပြီး . . .

"မင်းတို့ တကယ်ပြောတာလား။ အခု ဖားကြော်က အကျဲရဲ့ ဘောင်းဘီလျှော်ထားတဲ့ အရေတွေ ထိခဲ့တယ်ဆိုတာ"

"တကယ်ပါဆို အော် . . ."

"သေချာတယ်နော်"

"သေချာပါတယ်ဗျာ"

ကိုရှည်ကြီးတော့ ရှုံ့လွန်းလို့ ပန်းကန်ကို ဆွဲလွှင့်ပစ်မည်ဟု ထင်လိုက်သည်။ သို့သော် . . . ကိုရှည်ကြီးသည် ပန်းကန် သူ့ရှေ့ဆွဲယူပြီး ဇွန်းနှင့် အမောက်လိုက် သွက်သွက်ခပ်ကာ စားတော့သည်။ နောက် ပန်းကန်လိုက်ပါ ပါးစပ်ထဲ လောင်းထည့်၍ တကြွပ်ကြွပ် ဝါးစားလေတော့သည်။

ဝက်စတူးနှင့် ရာဇာရှိန်း အကြောင်သား ကြည့်နေကြသည်။ ကိုရှည်ကြီးက အားရပါးရစားပြီး နှုတ်ခမ်းတစ်ချက်သပ်ကာ . . .

"ညီလေးရေ . . . ဖားကြော် နောက်တစ်ပွဲဟေ့"

ဟု ထပ်မှာလိုက်လေတော့သည်။

ထိုအချိန် လင်းရိပ်က ရပ်ကွက်ထိပ်မှ ဘီယာဆိုင်တွင် ဖြစ်သည်။



ဘီယာဆိုင်၏ အပေါ်ထပ် ညာဘက်ထောင့်စားပွဲတွင် ဘီယာတစ်ခွက်မှာကာ တိုင်လုံးတစ်ခုကွယ်၍ ငြိမ်သက်စွာ ထိုင်နေလိုက်သည်။ လင်းရိပ် လှမ်းကြည့်နေသော ဘယ်ဘက်ထောင့်စားပွဲတွင်တော့ ခြူးအဖေ ဦးဘခြူးတို့ ထိုင်နေကြသည်။ ရပ်ကွက်ထဲမှ လူကြီးများ၏ လူကြီးဝိုင်းမို့ ဣန္ဒြေရသည်။ ရပ်ကွက်သာရေး နာရေးအတွက် တာဝန်ချိန်ပြင်ပဖြစ်ပေမယ့် အလွတ်သဘော ပြောဆိုဆွေးနွေးနေကြသည်။

အကောင်းစား အရက်ပုလင်းတစ်လုံးကို အလယ်မှာထားကာ ပြောကြသော ထိုစကားဝိုင်းတွင် ဦးဘခြူးကပဲ ဦးဆောင်ဆွေးနွေးနေသည်။ အရှေ့အလယ်ပိုင်းကိစ္စ၊ အမေရိကန်နှင့် တောင်ကိုရီးယား၊ စစ်ရေးပူးပေါင်းလေ့ကျင့်မှုအပေါ် မြောက်ကိုရီးယား၏ သဘောထားမှအစ ပြောကြသည်။ ဦးဘခြူးကချည်း နှိုက်နှိုက်ချွတ်ချွတ် ဦးဆောင်ဆွေးနွေးနေသည်။

ဦးဘခြူးသည် တော်သေးတတ်သော လူတစ်ယောက်ဖြစ်မှန်း လင်းရိပ် စုံစမ်းသိရှိပြီး ဖြစ်သည်။ ကိုယ်က ယောက္ခမတော်ချင်နေတာကြောင့် ပြောတာမဟုတ်၊ တကယ်တော်ခြင်းဖြစ်သည်။ သို့သော် . . . ရုပ်ကိုတော့ သိပ်ဘဝင်မကျ။ ထိပ်နည်းနည်းပြောင်ပြီး နှာခေါင်းနည်းနည်း ပွချင်နေသည်။ ခြူးကို သူ့သမီး ဟုတ်ရဲ့လားဟုပင် သံသယဝင်မိသေး။

ဦးဘခြူးသည် တစ်ချက်တစ်ချက် ဖုန်းဝင်လာလျှင်တော့ ဆိုင်၏ ဝရန်တာလိုမျိုး အပေါ်ထပ်စကြံနေရာလေးသို့ သွားကာ ဖုန်းပြောသည်။ သို့သော် . . . ဖုန်းပြောချိန်တောင် အရက်ခွက်ကလေးကို မချ။ ယူသွားတတ်သည်။

ရပ်ကွက်လမ်းခင်းဖို့ကိစ္စနှင့် ကျန်းမာရေးအတွက် ရေဆိုးမြောင်း သန့်စင်ဖို့ ကိစ္စတွေ ပြောကြပြန်သည်။ ဘတ်ဂျက်တွေ ရန်ပုံငွေတွေနှင့် လောက်ငှလျှင် ကိုယ်ထူကိုယ်ထလုပ်ရန် ပြောနေကြသည်။ ရပ်ကွက်အကျိုး



www.burmeseclassic.com

www.burmeseclassic.com

တော့ တကယ်လုပ်သည့် လူကြီးပင်။ ထို့ကြောင့်လည်း ရပ်ကွက်လူကြီး အဖြစ် တင်မြှောက်ထားသည်ပေါ့။

လင်းရိပ် စောင့်ကြည့်နေခဲ့သည်မှာ အတော်ကြာပြီ၊ ဦးဘခြူး ကို ဘယ်လိုရင်ဆိုင်အကွက်ချရမလဲ။ စဉ်းစားမရ ဖြစ်နေသည်။ ဒီလူကြီး က လွယ်မည်မဟုတ်။ Brain ချင်း ယှဉ်ရမည်မှန်း သူ အလိုလိုသိနေ သည်။ သူ ဦးဘခြူးအရက်မသောက်ရန်အတွက် သင့်လျော်မည့်နည်း လမ်းကို စူးစိုက်စဉ်းစားနေရင်း ဒီအချိန် ဘီအီးဆိုင်ထဲတွင် ရောက်နေမည့် ထွန်းကိုကော အဆင်ပြေရဲ့လားဟု တွေးနေမိလိုက်သေးသည်။

မပြေပါ။ ထွန်းကို မူးနေပြီ။

"သူ့လို မဖြစ်ချင်ရင် သူ့ကိုလေ့လာပါ။ သူ့ကို လေ့လာ ရင်းနှင့်လည်း သူ့လို ဖြစ်သွားတတ်သည်"

ဟူသော နိုင်ငံရပ်ခြားစာသားတစ်ခုကို သူ သိပါသည်။ ယနေ့ လူရမ်းကား မောင်စိုးကိုလေ့လာရင်း သူက ပြန်မူးနေပြီ။ မောင်စိုးကို စောင့်ကြည့်ရင်း မျှင်းသောက်ရုံဖြင့်ကို ထွန်းကို တော်တော်မူးနေပါပြီ။

မောင်စိုးက မမူးဘဲလည်း မိုက်သလို မူးလျှင်လည်း ပြဿနာအဆိုး ဆူးလှည်းဖြစ်သည်။ တွေ့သမျှလူ ဝါးလုံးသိမ်းရစ်သည်။ ဆိုင်ထဲဝင်လာ သူမှန်သမျှ မထိမဲ့မြင်လုမ်းလုပ်သည်။ ရန်စချင်နေသည်။ တချို့လူတွေ ဆီက ပိုက်ဆံပင် လုမ်းတောင်းလိုက်သေးသည်။

ဆိုင်ကထတော့ ပါဆယ်ပုလင်းတစ်လုံး ဆွဲသွားသေးသည်။ ဦးဘိုကိုလည်း အရက်ဖိုး ပါသလောက်ပဲ ချေသွားသည်။ ထွန်းကို သူ့ နောက်မှ နောက်ယောင်ခံလိုက်ခဲ့သည်။

မောင်စိုး ဆိုင်ကထပေမယ့် အိမ်တန်းမပြန်။ ရပ်ကွက်ထဲ လှည့် လှည်အော်ဆဲနေသေးသည်။ ပုဆိုး မနိုင်တော့။ လမ်းတွေသည့် သူ့ ဘာသာသူသွားနေသည့် စက်ဘီးသမားကို ပြေးကန်သေးသည်။ စက်ဘီး သမားက ပြေးသွားသည်။ ရပ်ကွက်ထဲက ခွေးတွေ ထဟောင်ကြသည်။



ခဲနှင့် လိုက်ထုသည်။ သူများအိမ်တွေ ခြံစည်းရိုးတွေ သွားမှန်သည်။ မောင်စိုးလက်ချက် ကြောင့် အိမ်တွေ မီးမှိတ်ကုန်ကြသည်။

မောင်စိုး ဒယီးဒယိုင် ဆက်လျှောက်လာသည်။ ရပ်ကွက် အနောက်ဘက် ရေကန်ကြီးဆီ ရောက်ခဲ့သည်။ ညမို့ ရေကန်ထဲမှရေတွေ ရေနံများလို မည်းနက်နေသည်။ ရေကန်ထဲမှ ကြာပင်များကလည်း မဲ့ဒူဆာ ၏ မြွေဆံပင်များကဲ့သို့ ကွေးညွတ်မည်းလိမ်နေသည်။ ရေကန်အစပ် တွင် သစ်ပင်ကြီးတစ်ပင်ကလည်း အုပ်ဆိုင်းဝန်းဖြာလျက် ရှိနေသည်။

မောင်စိုး ပုဆိုးကိုမ,ကာ ထိုသစ်ပင်ကြီးကို အော်ဆဲသည်။ ရေကန်ကြီးကိုလည်း ခဲတွေနှင့်ကောက်ပေါက်ပြီး အညစ်ညမ်းဆုံး အော် ဆဲနေသည်။ အာခေါင်ခြစ်ပြီး အနာကျည်းဆုံး အော်ဆဲနေသည်။ ဆဲလို့ဝ၊ ခဲနှင့်ပေါက်လို့ဝတော့မှ သူ ချွေးတွေရွှဲနစ် မူးရူးကာ ထိုင်ချလိုက်ပေတော့ သည်။ ထို့နောက် သူထူးဆန်းစွာ ငိုကြွေးနေပါတော့သည်။

⊼ ⊼ ⊼



www.burmeseclassic.com

www.burmeseclassic.com

## (14)

"လူမိုက်မောင်စိုးရဲ့သားလေးက အဲဒီရေကန်ထဲ ပြုတ်ကျပြီး သေခဲ့တာတဲ့။ မိုးတွေရွာပြီး သစ်ကိုင်းတွေကျိုးကျတော့ ရေကန်စပ်မှာ ငါးမျှားနေတဲ့ သူ့သားလေးရဲ့ခေါင်းကိုထိပြီး ကလေးလေး ရေထဲပြုတ်ကျသွားတာလေ။ အဲဒီလိုနဲ့ ရေနစ်သေတာတဲ့"

"အဲ့လိုကိုး . . . ဇာတ်လမ်းက"

"အင်း . . . ကြားရတာ စိတ်မကောင်းစရာပဲ။ ကဲ . . . ဒီည ဘီယာဆိုင်ကို ထွန်းကိုသွား၊ ငါက ရမ်ဆိုင်သွားမယ်။ ရာဇာရှိန်းနဲ့ ဝက်စတူးက ဘီအီးဆိုင်"

"ငါ . . . ငါတို့က မောင်စိုးအလှည့်လား၊ စိတ်ညစ်ပါတယ်ကွာ"

မောင်စိုးနှင့် တိုးမည့်အရေးကိုတော့ ငြီးငြင်ကြသည်။

လင်းရိပ်လည်း အစက ခြူးအကူအညီတောင်းသဖြင့် ခြူးဆီက ချစ်ခြင်းအဖြေလည်း ရမည်ဆိုသဖြင့် သည်အရပ်လေးသို့ရောက်လာခြင်း ဖြစ်သော်လည်း တဖြည်းဖြည်းနှင့် သိလာ၊ ခံစားရလာသည်များရှိလာသည်။



ကြက်ခိုးရိုက်နေသော အောက်ခြေဘဝများကို မြင်တွေ့လာရသည်။ အစိစိရောက်နေသော လူနေမှုအဆင့်အတန်းကြားမှ အိမ်ထောင်စုများကို တွေ့လာရသည်။ မည်းနက်နေသော မျက်ဆန်ကလေးများနှင့် ကြောက်ရွံ့ကျဉ်းမြောင်းနေသော ကလေးငယ်များကို တွေ့လာရသည်။ ပါးစပ်တစ်ပေါက်အတွက် နေမင်းပူပူအောက် တစ်နေကုန် ရှန်းကန်စပ်ဖျင်းခဲ့ပေမယ့် အိမ်အပြန်မှာ ဘာပျော်စရာမှ စောင့်ကြိုမခံရသူတွေ၊ အဆင့်မြင့် အပန်းဖြေနည်းတွေ မသိ၊ မရှိတော့ ကြုံရာ အရက်ပုန်းဆိုင်လေးထဲ ခေါင်းတို့ဝင်ပြီး စိတ်ရွှင်ဖို့ ကြိုးစားကြသူတွေ။ ဒီလိုနည်းနှင့် တဖြည်းဖြည်း ပုလင်းထောင်ထဲ ပိတ်မိကုန်သော အရက်ကျေးကျွန်များကို တွေ့လာရသည်။ ဆိုးရွားစွာ လည်ပတ်နေသော ဆင်းရဲသံသရာများ။

လင်းရိပ် တွေ့မြင်တာတွေကော၊ တွေးမြင်လာတာတွေကော ရှိလာသည်။ ဆက်တွေးကြည့်သည်။ ဒါ ဒီရပ်ကွက်လေးတစ်ခုပဲလား။ ဒီလိုအဖြစ်တွေနှင့် ထုံမွှမ်းနေတာ သည်ရပ်ကွက်လေးတစ်ခုတင်ပဲလား။ မဟုတ် . . . ။ ဒီလို သဘောပေါက်ပြီးနောက် လင်းရိပ် ဒီအလုပ်ကို သာမန်ထက်ပိုသော လေးနက်မှုများ ထားမိလာသည်။ ခံစားချက်တွေ၊ ဆေတနာတွေ ထည့်သွင်းမိလာသည်။ သူ ထိုအလုပ်မှာ ပျော်မွေ့လာတော့သည်။

ယခုရက်ပိုင်းအတွင်းပင် ရပ်ကွက်ထဲသို့ ပရဟိတအဖွဲ့လေးတွေ မကြာခဏ ရောက်ရောက်လာနေသည်။ ဆပ်ပြာမှုန့်တွေ၊ သွားတိုက်ဆေးတွေ ဝေကြသည်။ တန်ဖိုးမကြီးပေမယ့် အသုံးဝင်မည့် ပစ္စည်းများ ဝေကြသည်။ ရပ်ကွက်သန့်ရှင်းရေးတွင်လည်း လုပ်အားပေးသွားကြသည်။ နောက်ထပ် ဆေးကျောင်းပြီးခါစ ဆရာဝန်/ဆရာဝန်မလေးများ ပါဝင်သော ကျန်းမာရေးအဖွဲ့တစ်ဖွဲ့လည်း ရောက်လာကာ အရက်သောက်သုံးမှု လျှော့ပါရန် ပညာပေးဟောပြောမှုတွေ ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာပေါ်မှာ အလွယ်ကူဆုံး ဝယ်ယူရရှိပြီး အဆိုးရွားဆုံး ဒုက္ခပေးနေတာကတော့ အရက်သေစာပါပဲ။ WHO ရဲ့ ခန့်မှန်းချက်အရ ဆိုရင် ကမ္ဘာပေါ်က လူပေါင်း သန်း (၁၄၀) ခန့်လောက်ဟာ အရက်ရဲ့ ကျွေးကျွန် ဖြစ်နေတာပါတဲ့။ ကျွန်မတို့နိုင်ငံရဲ့ လူဦးရေ နှစ်ဆကျော်ကျော်လောက်ပေါ့ရှင်။ စဉ်းစားကြည့်ပါ . . . ဘယ်လောက်တောင် ဘဝတွေ၊ လူသားအဖြစ်တွေ ဆုံးရှုံးနစ်နာနေရလဲဆိုတာ စဉ်းစားကြည့်ကြပါ"

"ကျွန်တော်တို့ အရက်ဖြတ်မယ်ဆိုရင်လည်း ဖြည်းဖြည်းချင်း ဖြတ်တဲ့နည်း တစ်ဆင့်ချင်း လျှော့ချဖြတ်တဲ့နည်းက အညင်သာဆုံး၊ အကောင်းမွန်ဆုံးပါပဲ"

"နောက်ဆုံး အဆုံးသတ်မှာ ဘာကောင်းကျိုးမှ မပေးနိုင်တဲ့ အရက်ကို အမြန်ဖြတ်တောက်သင့်ပါတယ်။ မဖြတ်တောက်နိုင်သေးလို့ သောက်သုံးနှုန်းမယ်ဆိုလည်း ခံနိုင်ရည်ရှိအောင် ပုံမှန်အသည်းဆေး တစ်မျိုးမျိုး စားသင့်ပါတယ်။ အစာများများ စားသင့်တယ်။ သောက်နေစဉ်အတွင်းမှာလည်း အမြည်းများများ စားသင့်တယ်"

ဆရာဝန် ဆရာဝန်မလေးတွေက ဟောပြောကြသည်။ ငယ်ရွယ်သူလေးတွေက လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီး ဟောပြောတာမို့ စိတ်ဝင်တစား လာနားထောင်ကြသည်။ အပတ်စဉ် မတူကွဲပြားသည့် Presentation များဖြင့် လာရောက်ဟောပြောကြမည် ဖြစ်သည်။

ဥပုသ်လပြည့်များတွင်လည်း ဓမ္မာရုံမှာ ဆရာတော်ပင့်ဖိတ်၍ တရားပွဲကျင်းပလျှင်တောင် ဆရာတော်က သူရာမေရယမကောင်းကြောင်းကို အဓိကထားသော ဇာတ်ထုပ်များ ဟောကြားသည်။ တိုက်ဆိုင်တာပဲလား၊ တရားပွဲ အစွမ်းကြောင့်လားမသိ။ တရားပွဲပြီးတော့ ရပ်ကွက်ထဲမှ အရက်သမား ချိုးကြီးနှစ်ယောက်က လင်းရိပ်ဆီသို့လာကာ ဆေးရုံ



တက် အရက်ဖြတ်ချင်ကြောင်း ပြောလာသည်။ ထိုလှုပ်ရှားမှုတွေအားလုံး လင်းရိပ်၏ စီစဉ်မှုများဖြစ်ကြောင်း သူတို့ သိနေကြပါသည်။

လင်းရိပ်လည်း ရပ်ကွက်ဆရာဝန်ကြီး ဦးခွန်သာနှင့် တိုင်ပင်၍ ဆေးရုံသို့ စရိတ်ငြိမ်း ပို့ဆောင်ပေးလေသည်။ ဆရာဝန်ကြီးဦးခွန်သာက လင်းရိပ်ကို အားရစွာ ကြည့်ပြီး . . .

"အဟား . . . မင်းလှုပ်ရှားမှုတွေ အလုပ်ဖြစ်လှချည်လား။ ငါက အရက်သမားယစ်ထုပ် ချိုးကပ်ကြီးမဟုတ်ပေမယ့် ခဏခဏတော့ သောက်တယ်ကွ။ ဒါပေမဲ့ အခုကစပြီး မင်းလုပ်ဆောင်နေတာကို ဂုဏ်ပြုတဲ့အနေနဲ့ ငါလည်း မသောက်တော့ဘူးကွာ"

"ဟား . . . တကယ်ပြောတာလား . . . ဒေါက်တာ"

"တကယ်ပြောတာပေါ့ကွာ။ မယုံရင် ကြည့်ဒီမှာ"

ဟုဆိုကာ ဂျူတီကုတ်ထဲမှ ပုလင်းပြားလေးကိုထုတ်ကာ ဟိုးအဝေးသို့ လွှင့်ပစ်ပြလိုက်ပါသေးသည်။ ဒီလိုနှင့် လင်းရိပ်တို့အဖွဲ့ထဲ ဒေါက်တာခွန်သာပါ ပူးပေါင်းပါဝင်လာသည်။

ရပ်ကွက်ထဲတွင်လည်း လင်းရိပ်တို့ အလုပ်ရှာပေးလိုက်သဖြင့် တော်တော်များများ အလုပ်ရကုန်ပြီဖြစ်သည်။ နဂိုကတည်းက ပျင်းရိသော၊ လက်ကြောမတင်းသော သူများသာ အကြောင်းပြချက်အမျိုးမျိုးနှင့် ကျန်ရစ်ခဲ့သည်။ ပြောရမည်ဆိုလျှင် လင်းရိပ်တို့ လှုပ်ရှားမှုထင်ထားသည်ထက် အောင်မြင်မှုရသည်ဟု ဆိုရမည်ပင်။

သို့သော် . . . မည်မျှပင် ကြိုးစားကြိုးစား ကာယကံပိုင်ရှင် ဖြတ်ပါမှ ပြတ်နိုင်သော အရက်ကျေးကျွန်များကတော့ ရပ်ကွက်ထဲ ပေါများဆဲပါပဲ။ သူတို့ကတော့ လင်းရိပ်တို့ကို အကောင်းမမြင်၊ ဂရုလည်းမစိုက်၊ ယခင်အတိုင်း သူတို့ကမ္ဘာမှာ မီးမှိတ်၍ ဆက်မိုက်နေကြသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

အန်တီလေး နံနက်စာအတွက် လမ်းထိပ်သို့ မုန့်ဟင်းခါးသွားဝယ်ရာမှ ပြန်လာသည်။ မျက်နှာက ငါးပိပေါ် ငရုတ်သီးဖြူးသလို ပုပ်စပ်ပုပ်စပ် ဖြစ်လာသည်။ စားကြည့်စရာမလိုဘဲ ခြူး သိသည်။

"ဘာဖြစ်လာတာလဲ . . . အန်တီလေး"

"ဘာဖြစ်ရမှာလဲ၊ နင်တို့သူငယ်ချင်း ဟိုကောင်တွေပေါ့။ ရပ်ကွက်ထဲ ပြောင်းလာတာမှ တစ်လကျော်ကျော်ပဲ ရှိသေးတယ်။ တစ်ရပ်ကွက်လုံးက တန်ခိုးရှင်အမှတ်နဲ့ ကိုးကွယ်နေပြီဟဲ့။ ဒီအတိုင်းဆို နောက်တစ်ခါ ရပ်ကွက်လူကြီးရွေးရင် သူတို့များရသွားမလား မသိဘူးနော်။ ဟင်း . . . ငါ့အစ်ကိုရာထူး ခပ်ယဲ့ယဲ့ပဲ"

"ဘာဖြစ်လာသလဲဆိုတာ အကြောင်းအရင်းပြောပြမှပေါ့ . . . အန်တီလေးရဲ့"

"ပြောမယ် . . . မုန့်ဟင်းခါးဆိုင်မှာ သူတို့ထဲကတစ်ကောင်က မုန့်လာဝယ်တယ်။ လူပုံက ငါးခူကို နှုတ်ခမ်းမွေးညှပ်ပြီး နှုတ်ခမ်းနီဆိုးပေးထားတဲ့ရုပ်နဲ့ အကောင်ဟာ"

"အဲ့ဒါဆို ထွန်းကိုပဲ"

"အေး . . . သူက လာဝယ်တယ်။ ဒါပေမဲ့ . . . ငါက အရင်အရောက်လို့ မှာထားတာပါဟယ်။ ဒါကို ဒေါ်လုံးက သူ့ကို အရင်ပေးတယ်။ ပြောသေးတယ်။ စိတ်မရှိပါနဲ့ မလှဲရယ်တဲ့ . . . သူတို့က သူတော်ကောင်း ကျေးဇူးရှင်လေးတွေမို့လားတဲ့၊ ကျွန်မ လေးစားလို့ပါတဲ့လေ။ အဲ့လိုပြောတယ်ဆိုတော့ ငါကကျ ကျေးဇူးတင်စရာမကောင်း၊ လေးစားစရာမကောင်းတဲ့ သူယုတ်မာမ ကျနေတာပဲ"

ခြူးက ရယ်တော့သည်။ အန်တီလေးက မရယ်၊ ပွစိပွစိဆက်လုပ်သည်။

"ငါဖြင့် သူတို့အဖွဲ့မှာ ဟိုခပ်ချောချောကောင်လေးပဲ ကြည့်ရပါတယ်"

လင်းရိုပ်ကို ပြောနေမှန်း ခြူးသိပါသည်။



"အဲဒီကောင်လေးနဲ့ ညည်းနဲ့တွဲရင် တော်တော်ကြည့်ကောင်းမယ့်စုံတွဲ ဖြစ်နိုင်တယ်"

"အယ် . . . အန်တီလေးက ကိုယ့်တူမကို ရက်ရောနေတယ်ပေါ့"

"ဟဲ့ . . . ဒါအပျိုကြီးတွေရဲ့ ဆန္ဒမအာရုံ"

မေမေရောက်လာသဖြင့် ဆက်မပြောဘဲ တစ်သွားသည်။

ထို့နောက် ခြူး မုန့်ဟင်းခါးစားပြီး ကျောင်းသို့သွားသည်။

ဓမ္မာရုံဝင်၍ ဘုရားပန်း ဝင်ကပ်သည်။ လက်ချာနှစ်ချိန်ဆက်တိုက်တက်လိုက်သည်။ နောက်တစ်ချိန် ဆရာမဝင်တာကြောင့်ကော၊ ခက်ခက်နှင့် နွယ်တာကိုလည်း မတွေ့သဖြင့်ရှာရန် ခြူးကော်ရစ်တာသို့ လျှောက်ခဲ့သည်။

ကော်ရစ်တာ အချိုးအကွေ့တစ်ခုတွင်တော့ ကျောင်းသားနှစ်ယောက် ဟန်ပါပါ စကားပြောနေတာကို လှမ်းမြင်ရသည်။ သေချာကြည့်တော့ လင်းရိုပ်နှင့် အံ့တိုးဖြစ်နေသည်။ ခြူး ခြေသံလုံးလုံးနှင့် အနားကပ်သွားပြီး ဘာတွေပြောသလဲ နားထောင်ကြည့်သည်။

"ခြူးက သူ့ရပ်ကွက်ထဲက အရက်သမားတွေကို အရက်ဖြတ်ထားနိုင်ရင် မင်းကို ပြန်ကြိုက်မှာဆို၊ ဟုတ်လား . . . လင်းရိုပ်"

"အင်း . . . ကျွန်တော်နဲ့ အဲဒီလို သဘောတူထားပါတယ်"

"အေး . . . တွေ့ကြတာပေါ့ကွာ"

"အခုလည်း တွေ့နေတာပဲကို"

"ဟင်း . . . ဟင်း . . . ငါတွေ့ကြပြီဆိုတာက ငါလည်း ခြူးတို့ရပ်ကွက်ထဲ ပြောင်းလာတော့မယ်။ အရက်သောက်မယ်။ မင်း ဘယ်တော့မှ ဖြတ်လို့မရတဲ့ အရက်သမားလုပ်မယ်။ ဒါပဲ"

"ဟား . . . ခင်ဗျားအဲ့လိုတော့ မညစ်ပတ်နဲ့လေ"

"ညစ်တယ်ကွာ၊ ပတ်တယ်ကွာ ဘာဖြစ်လဲ"

www.burmeseclassic.com

"ဒီညနေ အိမ်ငှားဖို့ စီစဉ်မယ်။ နောက်နေ့ ပြောင်းလာမယ်။ အရက်သမားလုပ်မယ်။ ဒါပဲ"

ဟုဆိုကာ စတိုင်လ်ထုတ်ကာ မျက်မှန်ပြန်တပ်ပြီး (မျက်မှန်ကိုင်းက မျက်လုံးထဲ ဝင်တော့မလို့) အံ့တိုး လှည့်ထွက်သွားသည်။ လင်းရိပ် ခေါင်းကုတ်ပြီး ကျန်ခဲ့သည်။ တကယ်တော့ ခေါင်းမကုတ်ချင်။ လှည့်ထွက်သွားသည့် အံ့တိုးမျက်နှာကိုသာ လက်နှစ်ဖက်နှင့် တက်ကုတ်ချင်သည်။

အဟင်း . . . အဟင်း . . . ဟု ချောင်းဟန့်သံ ညှင်းသွဲ့သွဲ့ ကြားမိသဖြင့် သူ လှည့်ကြည့်လိုက်သည်။ လှပသော ခြေဖမိုးကလေးများဖြင့် ရပ်တည်နေသော သူမကို သူ တွေ့လိုက်ရသည်။

အိုး . . . မြောက်ပြန်လေနှင့်၊ တောင်ပြန်လေဝင်တိုက်ကာ ရင်ထဲပင်လယ်မှ ရေခဲကျွန်းတစ်ခု ထိုးထွက်ရင်သန်လာသလိုမျိုး၊ ထို့ ထက်ပိုစွာ ခံစားလိုက်ရသည်။ ချစ်သူရှေ့မှာ ရပ်ရသည့်အချိန်တွေမှာ တော့ ချစ်သူကို ချစ်ဖို့ပဲ မွေးဖွားလာသလို ဖြစ်နေခဲ့ပြီပေါ့။

"နွယ်တာနှင့် ခက်ခက်ကို လိုက်ရှာနေတာ"

ဟု ချစ်စရာကောင်းသော ချစ်သူမလေးက စပြောပါသည်။ ထို့နောက် သူတို့အတူတူ ကော်ရစ်တာတွင် လျှောက်ခဲ့လေ၏။ ဘာ စကားမှ စစချင်းမပြောဖြစ်ကြ။ နောက်မှ လင်းရိပ်က ချစ်သူကို တိုင်ပြော ချင်စရာတစ်ခု သတိရပြီး . . .

"ခုနက အံ့တိုးဆိုတဲ့လူကလေ၊ ငါ့ကို . . ."

"ငါ ကြားတယ် . . . ရတယ်။ သူက ငါတို့ရပ်ကွက်သား အစစ်မှမဟုတ်တာ၊ ရပါတယ်"

စိတ်ထဲက တလှုပ်လှုပ် ပျော်သွားသည်။ ချစ်သူက ငါ့ဘက်က ကွ။

ခြူး တစ်သျှူးဖြူဖြူလေးကို ပါးမှာ ထိကပ်ထားပြီး လျှောက် သည်။ ထိုပုံစံလေးကို သူ အလွန်နှစ်သက်၏။



"ရပ်ကွက်ထဲမှာတော့ နင်တို့သတင်း ပျံ့နေတယ်နော်။ အားလုံး က ချီးကျူးနေကြတယ်။ ပရဟိတအဖွဲ့တွေကော၊ ကျန်းမာရေးဟောပြော တဲ့ ဆရာဝန်တွေကောနဲ့ စည်ကားနေတာပဲ။ ဒါပေမဲ့ . . . အရက်သမား တော်တော်များများကတော့ ဒုံရင်းပဲ ရှိသေးတယ်"

"အင်း . . . ဟုတ်ပါတယ်။ နှစ်ချီ့အောင် သောက်လာကြတဲ့ အရက်သမားတွေဆိုတော့ စိတ်က ဖြတ်ချင်ရင်တောင် အကျင့်ပါနေပြီ ဖြစ်တဲ့ အသွေးအသားက ဖြတ်ရခက်စေမှာပဲ။ အချိန်ပေးရမယ်။ ဒီလို ရက်ပိုင်း လပိုင်းနဲ့ ပြေလည်မယ့် ပြဿနာမျိုးတွေ မဟုတ်ဘူး"

"အင်း . . . နားလည်ပါတယ်၊ ဒီလောက် လုပ်နိုင်နေတာက ကို မဆိုးလှပါဘူး။ အယ် . . ဟိုမှာ ငါ့သစ်ကိုင်းလေး ပန်းပွင့်နေပြီဟ"

သူမ ဝမ်းသာတကြီးပြောဆိုကာ ကော်ရစ်တာနံဘေးပန်းပင် လေးတစ်ပင်ဆီ ပြေးသွားသည်။ လင်းရိပ်ပါ မပြေးပေမယ့် လိုက်ရတော့ သည်။ သူမဘေးမှာ ဝင်ထိုင်တော့ သူမက . . .

"ဒီသစ်ကိုင်းက ငါ စတွေ့တုန်းက ကျိုးနေတာလေ။ ငါက အောက်ပတ်တီးစည်းပြီး ကုပေးခဲ့ရတာပေါ့ဟ"

ကျိုးနေသည့်သစ်ကိုင်းလေးကို တုတ်တန်းပြီး ကြိုးစည်းကာ ဆက်ပေးထားသည်ကို သူ မြင်ရသည်။ လမ်းဘေးက အမည်မသိ ပန်းပင် ကလေးကိုပင် မျှပ္ပာခင်မင်ဖေးကူတတ်သော သူမကို သူ ပိုတန်ဖိုးထား သွားသည်။

"အခု ကြည့် . . . ပန်းလေးတောင် ပွင့်နေပြီ"

ပန်းလေးက ပန်းရောင်လေးဖြစ်သည်။ သူမ ပန်းကိုကြည့်နေ သည်။ ပန်းကိုကြည့်နေသော သူမကို ထပ်ကြည့်နေသည်။ တကယ် တော့ ပန်းကလေးတစ်ပွင့်ပဲ မဟုတ်လား။

သူ ကြည့်နေသည်ကို သူမသိတော့ အပေါ်မျက်ခွံကလေး တွဲ သွားသည်။ သူမ ရင်ခုန်သွားသည်လား။ မျက်နှာချင်းမဆိုင်ရဲသလို ပန်း ကလေးကိုပဲ မျက်နှာဝှက်ချင်သလို ငုံ့၍ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခြုး . . . ငါ နင့်ကြောင့်ရေးထားတဲ့ ကဗျာတစ်ပုဒ် ရွတ်ပြချင်တယ်"

"အံမယ် . . . နင်က ကဗျာရေးတတ်တယ်ပေါ့"

"ရေးတတ်တာပေါ့။ ငါက ဆရာ့ဆရာကြီးပဲ"

သူမ တသောသော ရယ်သေးသည်။ အရယ်ဆုံးမှ သူက . . .

"ငါ ရွတ်ပြမယ်နော်"

" . . . . . . "

သူမ ပြန်မပြောပါ။ ပြန်မပြောလည်း ရပါသည်။ မိတ်ဆွေတို့ ချစ်သူက ကိုယ်တောင်းဆိုတာကို နှုတ်ဆိတ်နေရင် လက်ခံတယ်လို့သာ သတ်မှတ်လိုက်ပါဗျို့။ ဤကား စကားချပ်မဟုတ်။

"ကဗျာရဲ့နာမည်က "Jumping Flowers" တဲ့"



## Jumping Flowers

တောင်ကုန်းပေါ်က လိမ့်ကျလာတဲ့ ငါ
မင်းရဲ့ပလိုင်းထဲ လိမ့်ဝင်မိတဲ့အခါ
ရေတံခွန်တွေဟာ သံစုံသီချင်းကို တဝုန်းဝုန်းအော်ဆို
တံပိုးကိုကော မှုတ်တော့ ကြယ်ပြာတွေ ပန်းထွက်တယ်
ဘယ်တော့မှ မဖွဲ့နွဲ့တော့ဘူးဆိုတဲ့ ကဗျာဆရာဟာ
သူ့ဓားခွက်ကို ကျွန်းသေတ္တာထဲက ပြန်ထုတ်ဖုန်ခါတယ်
နှစ်ပေါင်းခုနစ်ရာ တိတ်ဆိတ်ခဲ့တဲ့ အကျဉ်းသားဟာ
သူ့ခြေကျင်းတွေကို တချွမ်းချွမ်းလှုပ်တယ်
အမြဲတမ်း နာခေါင်းကြီးတယ်ထင်လို့ စိတ်ညစ်နေသူတစ်ဦးဟာ
ဒီနေ့ ကြေးမုံရှေ့မှာ ပြုံးလာတယ်
အံဆွဲဖွင့်ကြည့်သူတိုင်း လိပ်ပြာပုံ ပို့စကတ်အသစ်တွေတွေ့တယ်
ကျောက်စိမ်းသွေးတွင်းကလူတွေ ခါးနာပျောက်လုန်တယ်။
မင်း ငါ့ကို ကြောင်ကြည့်မနေပါနဲ့ကွာ
ပန်းတွေကိုသာ ဆက်ခူးပါ
ငါကတော့ မင်းပလိုင်းထဲက မထွက်ဘဲနေတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com

## (15)

ဒီည ရမ်ဆိုင်ဘက်အလှည့်ကျသူက လင်းရိပ်ဖြစ်သည်။

ကိုရှည်ကြီးက ထုံးစံအတိုင်း ဖားကြော်နှင့် ရမ်ကို ဆွဲနေသည်။ လင်းရိပ်အနား လာထိုင်ပေမယ့် တီဗီထဲက ရှာရာပို့ဗာစကတ်ဝဲသွားတာကိုပဲ လှမ်းကြည့်နေသည်။

သူ ဂရုမစိုက်တော့ လင်းရိပ်ကလည်း ခပ်မိုက်မိုက်ပါပဲ။ ဖားကြော်တစ်ဖွန်း လှမ်းနှိုက်စား၊ အအေးတစ်ဘူးလှမ်းမှာပြီး အေးဆေးနေလိုက်သည်။ ကိုရှည်ကြီးကို ဒီအတိုင်း အရက်ဖြတ်ဖို့ တရားချမရမှန်း လင်းရိပ်သိတာ ကြာပါပြီ။ ထို့ကြောင့် အညာကိုကိုင်မှ ရတော့မည်ဟုလည်း သိလိုက်သည်။ ဒါဆို ကိုရှည်ကြီးရဲ့ အညာက ဘာလဲ။

"ကိုရှည်ကြီး . . . "

"ဘာလဲ . . . မင်းတို့ကောင်တွေ တစ်ညတစ်ယောက် ငါ့ခုံမှာ လာထိုင်ပြီး အာရုံနှောက်နေတာ ငါ ကြည့်မရတော့ဘူးနော်"

"ဟင်း . . . ဟင်း . . . ကောင်းပြီလေ။ ခင်ဗျားရှင့်မှတော့ ကျွန်တော်ကလည်း ရှင့်ရတာပေါ့။ ခင်ဗျား 'အကျဲ' ကို ကြိုက်နေတဲ့ အကြောင်း တစ်ရပ်ကွက်လုံးကို လျှောက်ပြောပစ်မယ်ဗျာ"



"ဟာ . . . "

ကိုရှည်ကြီး ပါးစပ်အဟောင်းသား ထိတ်လန့်တကြား ဖြစ်သွားသည်။ လင်းရိပ်ပါးစပ်ကိုလည်း ဖွတ်လှမ်းပိတ်သည်။ မျက်လုံးကလည်း ကြောက်လန့်တကြား ကျီးကန်းတောင်းမှောက် ကြည့်သေးသည်။ တော်သေးသည်။ အကျဲက (ဟင်းရည်ထဲ ရေနွေးရောနေသဖြင့်) ကြားလိုက်ပုံမရ။

"ဟေ့ကောင် . . . မင်း . . . လျှောက် . . . လျှောက်မပြောပါနဲ့ကွာ . . . နော် . . . နော်"

လင်းရိပ် အတင်း အပေါက်ပိတ်ထားသည်။ သူ့လက်ကြီးကို ဆွဲချကာ ကိုရှည်ကြီးကို တင်တင်စီးစီး ကြည့်ပစ်လိုက်သည်။ ကိုရှည်ကြီး ပန်းလေး နိမ့်သွားရှာသည်။ ပြီးမှ . . . လေသံသဲ့သဲ့နှင့်။

"နော် . . . လင်းရိပ်၊ ဒီကိစ္စ ဘယ်သူ့မှ မပြောပါနဲ့နော်။ ဘယ်သူမှ ဒီကိစ္စ မပြောပါနဲ့ကွာ"

လင်းရိပ်က ဘာမှပြန်မပြောဘဲ မာန်တက်နေလိုက်သည်။ ကိုရှည်ကြီးလောက်တော့ တစ်ချက်အစ်စာပဲဟူသည့် အချိုးမျိုးနှင့်။ ကိုရှည်ကြီးက ကြောက်ရွံ့ရှိသေ တုန်ခါဟန်ဖြင့် . . .

"မင်း . . . မင်းက ဘယ်လိုလို့ ဒီကိစ္စကို သိသွားရတာတုံး။ ငါ ဒီဆိုင်မှာသောက်နေတာ နှစ်ပေါက်နေပြီ။ ဘယ်သူမှ မသိပါဘူးကွ။ အခု မင်းကျမှ . . . "

ဒါကတော့ အပျိုကြီးတွေ၏ ဆဋ္ဌမအာရုံနှင့် ဘာညာ လင်းရိပ် မပြောပါ။ လင်းရိပ်ပြောသည်က . . .

"အမြင် ကွာတယ်လေဗျာ။ ကျွန်တော်တို့က မြင်တတ်တယ်လေ။ အရက်သမားပဲ၊ အရက်ဆိုင် နေ့တိုင်းလာတာ မဆန်းပေမယ့် ထဘီတန်းအောက်က ဖားကို ကြော်ထားမှန်းသိလျက်နဲ့ အားရပါးရ စားဟာကျတော့ ဆန်းသွားပြီဗျ"

"အဲ . . . အဟဲ . . . "



www.burmeseclassic.com

www.burmeseclassic.com

ကိုရှည်ကြီး၏ သူခိုးလူမိဖြစ်နေပုံက သစ်ကုလားအုတ်ကြီး ခတ်တိုင်က ခတ်ကြိုးတွေကြားမှာ ညပ်နေသလိုကြီးနှင့် တူလှသည်။

"နော် . . . လျှောက်မပြောပါနဲ့ . . . လင်းရိပ်ရာ၊ ငါ မင်းတို့အဖွဲ့ကို ကြောက်ပါတယ်။ မင်းတို့ လျှောက်ပြောလိုက်ရင် ငါ နေ့စဉ်အမေးကနေ ချစ်နေရတဲ့ ဘဝလေးအနေအထား ပျက်သွားမှာစိုးလို့ပါ"

"မပျက်စေရအောင် ကျွန်တော် လုပ်ပေးမယ်။ မပျက်တဲ့အပြင် ဆက်တောင် ဆက်သွားဦးမယ်ဗျာ။ ကိုရှည်ကြီးနဲ့အကျဲ စုံတွဲဘဝ ရောက်အောင်ကို ကူညီပေးမယ်"

"ဟင် . . . "

ကိုရှည်ကြီး မျက်လုံးတွေ ဝင်းသွားသည်။ မယုံရဲသလိုလည်း ဖြစ်နေသည်။ သူ အကျဲကိုချစ်နေတာ နှစ်ပေါင်းများခဲ့ပေမယ့် တစ်ခါမှ ပိုင်ဆိုင်ဖို့ မကြိုးစားခဲ့ဖူး။ သူ သတ္တိ အလွန်အကျံနည်းခဲ့သည်။ သူ ချစ်တာ သိသွားလျှင်တောင် ရှိရင်းစွဲ တိတ်တခိုးအခွင့်အရေးလေး ပျက်ပြယ်ရပြီရဲ့ဆိုပြီး အုံပုန်းလေး လုပ်နေခဲ့သူ။ ယခု လင်းရိပ်က အိပ်ပျော်ပုန်းအောင်းနေသည့် သူ့နှလုံးသားကို ရုတ်တရက်လာနှိုးတော့ သူ ကြောင်နေသည်။

"ကျွန်တော် ကူညီမယ်ဆိုရင် ကိုရှည်ကြီး ယုံကြည်သင့်တယ်နော်"

"အဲ . . . အဲ . . . ဒါဆိုလည်း ငါ အားကိုးပါတယ်ကွာ"

"အဟင်း . . . အားကိုးရမှာပေါ့။ ဒါပေမဲ့ . . . ကျွန်တော့်ကို တစ်ခုတော့ ကတိပေးရမယ်"

"ဘာကတိလဲ"

"အကျဲနဲ့ ရည်းစားဖြစ်ရင် အရက်ဖြတ်မယ်ဆိုတဲ့ကတိ"

လိုရင်းပြောလိုက်တော့ ကိုရှည်ကြီး ငြိမ်သွားပြန်သည်။ တော်တော်ကြာအောင် ငြိမ်သွားသည်။ ပြီးမှ . . . ခေါင်းကို ခိုင်ခိုင်မာမာ ညိတ်ပြကာ . . .



"အရက်မသောက်ရလို့ ဘာအရေးလဲကွာ။ ချစ်သူအတွက် အသက်ပင် သေသေပေါ့။ ဒီအရက်လောက်တော့ ဖြတ်မယ်ကွာ"

"လွယ်လွယ်မပြောနဲ့နော် . . . ကိုရှည်ကြီး"

"ငါ လွယ်လွယ်မပြောဘူး။ ရှည်ကြီး အရက်သောက်ပေမယ့် စိတ်ဓာတ် မနုဘူး။ ပေးတဲ့ကတိ အပြီးအပြင် တည်ခဲ့တာချည်းပဲ။ ငါ ကတိရဲရဲပေးတယ်ကွာ"

"အင်း . . . ကတိမတည်ရင် နောင်ဘဝကျ ထဘီတန်းအောက်မှာ လေဖြတ်နေတဲ့ မျက်ပြဲဖားသိုးပြီး ဖြစ်ပါစေဗျား"

"ဟာ . . . မင်းကလည်း ပြောတတ်လိုက်။ အေး . . . ဖြစ်ပါစေကွာ။ ကဲ . . . အခု ငါနဲ့ အကျဲကို ကူညီပေးတော့နော်"

"ပေးမယ် . . . ကျွန်တော် အကွက်ချထားတာရှိတယ်။ ကိုရှည်ကြီး ပါဝင်ကူညီရမှာတွေလည်း ရှိတယ်"

"ဟာ . . . ငါ သူနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာမျိုးတော့ ကြောက်တယ်နော်"

"သိတယ်၊ ထိပ်တိုက်ရင်ဆိုင်စရာ မလိုဘူး။ နံနက်ငါးနာရီခွဲတိုင်း ဒီဆိုင်ရှေ့က ဖြတ်လျှောက်ပေးရုံပဲ"

"တကယ် အဲ့လောက်ပဲ လုပ်ပေးရုံလား။ မင်း ဘာအကွက်တွေ ရှိလို့လဲကွ"

"စောင့်ကြည့်စမ်းပါဗျာ"

သူ စောင့်ကြည့်လိုက်ဆိုရင် စောင့်ကြည့်လိုက်တာ ကောင်းပါသည်။

• • •

စနေနေ့ နံနက်စောစောတွင် ဖြစ်သည်။

"ကျွန်မ ဆက်ဆက်ပြန်ဆပ်မှာပါရှင်။ တကယ်အရေးကြီးနေလို့ပါ . . . အန်တီမြရယ်"

www.burmeseclassic.com

www.burmeseclassic.com

"တော်ပါတော့ . . . ထွေးထွေးရယ်။ နင့်လည်း ငါသနားပေမယ့် မချေးနိုင်တော့ဘူး။ တခြားမှာ သွားရှာကြည့်ပါတယ်။ ငါလည်း အားနာပါတယ်"

အန်တီမြဆိုသူက မျက်နှာပူစွာဖြင့် ငြင်းပါသည်။ ထွေးထွေးဆိုသူ မိန်းကလေးက မျက်နှာအောက်ကျနေသည်။ အတန်ငယ် ပေရုပ်နေသေးပေမယ့် နောက်ဆုံး မျက်နှာညိုးငယ်စွာနှင့် ကျောခိုင်းလှည့်ထွက်ရှာပါသည်။

ထိုအဖြစ်အပျက်များကို လင်းရိပ်က မြင်နေရပါသည်။ ကိုယ့်အိမ်အနီးမှာဖြစ်နေသည့် အဖြစ်အပျက်ဆိုတော့ မြင်လွယ်သည်ပေါ့။ ထိုအဖြစ်အပျက်ကိုမြင်တော့ ကိုယ်နှင့်တိုက်ရိုက်မဆိုင်သော်ငြား မနေတတ်လှသည်မို့။

"ဒီမှာ . . . ဒီမှာအစ်မ၊ မထွေးထွေးဆိုလား"

လင်းရိပ် လှမ်းခေါ်သည်။ ထွေးထွေး နှေးကွေးနေသည့်ခြေလှမ်း တွန့်သွားပါသည်။ ဖြည်းညင်းစွာ လှည့်ကြည့်သည်။ တစ်ခါမျှ သိကျွမ်းဖူးဟန်မရှိသော သူစိမ်းလူတစ်ယောက် ခေါ်မှန်းသိတော့ နည်းနည်းအံ့သြသွားသည်။

လင်းရိပ် သူမအနားသို့ သွားပြီး . . .

"အစ်မ . . . အဆင်ပြေတဲ့အချိန် အဆင်ပြေသလို ဖြည်းဖြည်းချင်း ပြန်ဆပ်ပါ။ ကျွန်တော် ချေးပါ့မယ်"

"အို . . . အား . . . အား . . . နာစရာ"

"ရပါတယ် . . . အစ်မ ဘယ်လောက်လိုလဲသာ ပြောပါ"

"ကျွန် . . . ကျွန်မ ကျောင်းစူးတင်လိုက်တာရှင်။ ငါး . . . ငါးထောင်လောက်ဆိုရင် ရပါပြီ"

လင်းရိပ် ငွေထုတ်ပေးတော့ စို့ရည်ခိုတွဲချင်နေသော မျက်ဝန်းများနှင့် လှမ်းယူသည်။ ကျောင်းစူးတင်ကြောင်း တဖွဖွပြောပြီးမှ ရိုရိုကျိုးကျိုး



ထွက်သွားသည်။ ထွေးထွေး ခပ်ဝေးဝေးအထိ ထွက်သွားပြီးမှ ခေါင်းရင်းအိမ်မှ အန်တီမြက လမ်းပေါ် ဆင်းလာသည်။

"ဟဲ့ . . . နင်တို့က အရက်ဖြတ်ပေးမှာလား၊ အဆိပ်ပင် ရေလောင်းမှာလား။ နင်ချေးလိုက်တဲ့ ပိုက်ဆံကို ဟိုက သူ့ယောက်ျားကို အရက်ဖိုး ပေးပစ်မှာဟဲ့။ ဘာမှလည်း မသိဘဲနဲ့"

"ဗျာ . . . အဲ့လိုလား။ သူ့ယောက်ျားက ဘယ်သူလဲဗျ"

"ဟို အော်ကြောလန် မောင်စိုးပေါ့"

အန်တီမြ အိမ်ထဲပြန်ဝင်သွားသည်အထိ လင်းရိပ် ဇက်ကလေးပုပြီး ကျန်ခဲ့သည်။ ထွန်းကိုက အိမ်ရှေ့ထွက်လာပြီး . . .

"တချို့မိန်းမတွေက အဲ့လိုပဲကွ။ ယောက်ျားလုပ်သူက မူးရူးရိုက်နှက်နေလည်း အချစ်မပြတ်ဘဲ အရက်ဖိုး ရှာပေးတာမျိုး။ မူးမူးမှုတ်ပြီး အပြစ်မမြင်တာမျိုးတွေ ရှိတယ်။ ဆိုက်ကိုတစ်မျိုးပဲလား၊ ဝဋ်ပဲလားတော့ မသိဘူး။ 'ဆစ်ဂမန်ဖရိုက်' ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုပြောခဲ့မှာပဲ"

"အင်း . . . ဒါနဲ့ အခု ငါအိမ်ပြန်ဦးမယ်။ အိမ် မရောက်တာကြာနေပြီ"

လင်းရိပ် သူ့အိမ်သို့ သူ ခဏပြန်သည်။

လင်းရိပ်ထွက်သွားပြီး ဘာမှမကြာသေး ခြူးရောက်လာသည်။ ယောက်ျားလေးတွေချည်း ငှားနေရသည့်အိမ်မို့ ခြူးအိမ်ထဲမဝင်ပါ။ အိမ်ရှေ့တွင်သာ ရပ်သည်။ ထွန်းကိုနှင့် တွေ့သည်။

"လင်းရိပ်ကို လာရှာတာလားဟ။ ခုနကပဲ သူ အိမ်ကိုပြန်သွားတယ်"

သည်တော့မှ ခြူးလည်း သူမကြောင့် လင်းရိပ် ကိုယ့်အိမ်မှာကိုယ် အေးဆေးမနေရသည့်အဖြစ်ကို သတိဝင်မိသေးသည်။ ဒါကို ထွန်းကိုက ရိပ်မိဟန်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"လင်းရိပ်က ခါတိုင်းလည်း ဒီလိုပါပဲဟာ။ ငါတို့ အဆောင်တွေမှာ တစ်လကိုးသီတင်း လာလာနေတတ်တာပဲ။ ကဲ . . . လာရင်းကိစ္စ ပြောပါဦး"

"ငါ့အဖေက သူ့ကို ညနေအိမ်လာဖို့ ဖိတ်ခိုင်းလိုက်လို့"

"နင့်အဖေ . . . ဘာလုပ်ဖို့လဲဟ . . . ထူးဆန်းလိုက်တာ"

"ငါလည်းမသိဘူး။ နပန်းသတ်ဖို့တော့ မဟုတ်ဘူးလို့ထင်တာပဲ"

ခြူးလည်း ဘာကြောင့် သူ့မအဖေ ဒီလိုဖိတ်ခေါ်ခိုင်းမှန်း တကယ်မသိပါ။ မေးတော့လည်း မဖြေ။ ခြူး ဖိတ်စရာရှိတာဖိတ်ပြီး အိမ်ပြန်လာခဲ့သည်။

ညနေ ခြောက်နာရီခွဲလောက်တွင် ခြူးတို့အိမ်သို့ လင်းရိပ် ရောက်သည်။ ခြူးက ဘယ်အချိန်ကတည်းက ကြိုစောင့်နေသည်မသိ။ သူလာတော့ အိမ်နေရင်းအဝတ်အစားကလေးနှင့် ခြံတံခါးပြေးဖွင့်ပေးသည်။ လင်းရိပ်လက်ထဲမှာလည်း သစ်သီးပါဆယ်ထုပ်တွေနှင့် . . .

"ဘာတွေ လျှောက်ဝယ်လာတာလဲ"

ယောက္ခမလောင်းထိပ်ပြောင်ကြီးကို ဖားဖို့လေဟု ပြောလိုက်ချင်စိတ်ဖြင့် လင်းရိပ် ယားကျိကျိဖြစ်သွားသည်။ ခြူးက မျက်စောင်း ခပ်ဆတ်ဆတ်ထိုးပြီး . . .

"ရုပ်ပြောင်မနေနဲ့။ အဖေက နင် ဒီရပ်ကွက်ထဲ ရောက်လာတဲ့ အကြောင်းတွေ သိသွားပြီ။ နင်ရပ်ကွက်ထဲက အရက်သမားတွေကို အရက်ဖြတ်ရင် ငါ့ဆီက အဖြေရမယ်ဆိုတာလည်း သိသွားပြီ။ အန်တီလေးဆီက ပေါက်ကြားသွားတာ ထင်တယ်"

"အဲဒီတော့ . . . "

"အဲဒီတော့ ငါ့အဖေက နှောင့်ယှက်တော့မှာပေါ့ဟ။ သူ့ရပ်ကွက်ထဲလာပြီး လူတွင်ကျယ်လုပ်နေတဲ့ကောင်ကို ငါ့အဖေက ကြည့်ရမယ် ထင်လား။ ရပ်ကွက်ထဲကလူတွေ အရက်မပြတ်ခင် နင့်ကိုပါ



အရက်သမားဖြစ်အောင် လုပ်ပစ်မယ်လို့ ကြုံးဝါးနေတာဟ။ အခုလည်း နင်နဲ့သောက်ဖို့ အိမ်ပေါ်မှာ တစ်ဝိုင်းစီစဉ်ထားတယ်"

"ဟာ . . . တော်တော်ယုတ်တဲ့ လူကြီး"

"အောင်မာ . . . ငါ့အဖေကို"

"သမီးရေ . . . ဟိုကောင်လေးရောက်ရင် ခေါ်လာခဲ့တော့လေ"

အပေါ်ထပ်ကနေ လှမ်းအော်လိုက်သော အသံကြီးကြောင့် ခြူးတို့ စကားရပ်သွားသည်။ အပေါ်ထပ်ရောက်တော့ အမြည်းအစုံတည်ခင်းထားသော စားပွဲဝိုင်းကြီးတစ်ဝိုင်းနှင့် ပက်ပင်းတိုးသည်။ ဦးဘခြူး ရှိနေသည်။ အရောင်လှလှ ပြည်ပဖြစ်အရက်တစ်မျိုးကို ရှည်လျားသွယ်ပါးသော ဖန်ခွက်ထဲ အရသာခံ ငုံ့နေသည်။

"မင်းက လင်းရိပ်ဆိုတာလား"

"ဦးက ဦးဘခြူးဆိုတာလား"

သိသိလျက်နှင့် မေးတာမျိုးတော့ လင်းရိပ်လည်း အကြောမခံ။ သူ့သိုင်းကွက်နှင့် သူ ပြန်ချတတ်သော သိုင်းပြောင်းပြန်နည်းကို သုံးလိုက်ပါသည်။

"ကဲ . . . ကဲ . . . ဒီမှာလာထိုင်"

ဟု စိတ်တစ်ဆင့်လျှော့လိုက်သံဖြင့် ဖိတ်ခေါ်သည်။ ခြူးက ခပ်လှမ်းလှမ်း အကွယ်တစ်နေရာသို့ သွားပြီးမှ လင်းရိပ်တို့ကို ပြန်ကြည့်သည်။ ခြူးအမေနှင့် အန်တီလေးလည်း ခြူးနားရောက်လာကာ တိတ်တခိုး လှမ်းအကဲခတ်ကြသည်။

လင်းရိပ်ဘက် အရက်ဖန်ခွက်ကို တွန်းပေးကာ ဦးဘခြူးက --

"ရော့ . . . သောက်။ အရက်ဆိုတာ ရှင်တုန်းသောက်ရတာ၊ ဟုတ်တယ်မို့လား"

ထိုသို့ ဦးဘခြူးက ထော်လော်ကန့်လန့်စကား စဖွင့်သည်။ သို့သော် လင်းရိပ်က အိုးအိုးအမ်းအမ်း မဖြစ်သွားပါချေ။ တည်ငြိမ်စွာ အသာ ပြုံးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ခင်ဗျ . . . အရက်ဆိုတာ သေသွားလည်း သောက်လို့ရပါတယ်"

"ဘာ . . . "

"ဟုတ်တယ် . . . အာဖရိကဘက်က လူမျိုးစုတစ်စုမှာရှိတယ်။ အဲဒီလူသေရင် မြေမြှုပ်လိုက်ပေမယ့် ပါးစပ်ထဲကိုတော့ ဝါးဆစ်ပြွန် ထိုးထည့်ပြီး မြေကြီးပေါ်မှာ ဖော်ထားပေးတယ်။ ရှင်ကျန်သူတွေက အဲဒီပြွန်ကနေ လောင်းထည့်ပြီး အရက်တိုက်ပေးကြတယ်လေ"

ဦးဘခြူး မျက်မှောင်ကြီးကုပ်သွားသည်။ အကျဲဆိုင်က မကြော်ရသေးသော ဖားကြီးနှင့် တူလှသည်။ သူ့စကားကို လာချေပနေသဖြင့် ကျေနပ်ပုံမရ။

"ထူးဆန်းတွေလာ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာရယ်ပါ။ နောက်နေ့မှ စာအုပ်ယူလာပြီး ဦးကို ပြပေးဖတ်မယ်လေ"

"မလိုပါဘူး . . . ကဲ . . . သောက်စရာရှိတာ သောက်ဦး"

လင်းရိပ် တစ်ကျိုက်သောက်လိုက်သည်။ အရက်က အဝင်တော့ ကောင်းသည်။ ဦးဘခြူးက လင်းရိပ်ခွက်ထဲ နည်းနည်းလျော့ရုံပဲရှိသေး ထပ်ဖြည့်ပေးသည်။ အမှန်က ထိုသို့ မလုပ်ရချေ။ အရသာ ပျက်တတ်သည်။

ဝိုင်တွေ အတွက်ဆိုလျှင် ပိုဆိုးသည်။ လက်ချောင်းများဖြင့် ကိုင်သည့် အနေအထားပေါ်မူတည်၍ ကိုယ့်ခန္ဓာ၏ အပူငွေ့နှင့် အရသာမှာ ပြောင်းလဲသွားတတ်သည်ဟု ဆိုသည်။

"အရက်တစ်ဂါလံမှာ ဘယ်နှစ်ခွက်ရှိလဲ . . . သိလား"

"ဟင့်အင်း . . . သိဘူးဗျ"

ကိုယ်က အားယားနေသည်မှ မဟုတ်တာ။ အရက်ဂါလံပုံးကြီး ရှေ့ထားပြီး တစ်ခွက်ချင်း ရေတွက်မနေနိုင်။

"(၉၆) ခွက်ရှိတယ်ကွ . . . ဟင်း . . . ဟင်း . . . "



ဟင်းဟင်းဆိုသည့် အသံအရ သူ့ကိုယ်သူ ကျေနပ်သွားပုံရသည်။ ခုနက လင်းရိပ်က သူ့အပေါ် အသိတစ်ခု ကြော်သွားသည်ကို ပြန်ချေပလိုက်နိုင်သည်ဆိုသည့် အပြုံးမျိုးနှင့်။

"မင်းက ငါ့ရပ်ကွက်ထဲလာပြီး အရက်သမားတွေကို အရက်ဖြတ်ပေးနေတယ်ဆိုတော့ . . . ပြောပါဦး . . . မင်းက အရက်ကို ဘယ်လိုမြင်လဲ"

"အရက်မှာ ကောင်းတဲ့အချက်တွေ ရှိပါတယ်။ ဒါပေမဲ့ . . . ကောင်းတဲ့အချက်တွေထက် မကောင်းတဲ့အချက်တွေက ပိုဖြစ်လွယ်နေတော့ အရက်ဆိုတာ မကောင်းဘူးဖြစ်လာတာပေါ့။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘာမှမကောင်းဘူး။ အထူးသဖြင့် ကျွန်တော့်ဆီမှာ နောက်ပိုင်း အရက်တွေချက်တဲ့နေရာမှာ ချက်ချင်သလို ချက်နေကြတာတွေရှိလာတယ်။ အဲဒီအချက်ကလည်း နာစရာပဲ"

"ပြောစမ်းပါဦး . . . စိတ်ဝင်စားစရာပဲ"

လင်းရိပ်က နည်းနည်းသောက်လိုက်တော့ ဦးဘခြူးက ထပ်ထည့်ပေးပြန်သည်။ လင်းရိပ်က ဆက်ပြီး . . .

"အရက်ချက်မယ်ဆိုရင် အကောင်းဆုံး အသန့်ဆုံး ပစ္စည်းတွေကို အသုံးပြုရတာပါ။ စကော့တလန်က စကော့ဝီစကီတွေကိုကြည့်၊ သူတို့ဆိုရင် မိုးရေတွေနဲ့ အသန့်ရှင်းဆုံးလုပ်ပြီးမှ ချက်တာ။ ပြီးတော့ . . . အရက်ချက်ပြီးစမှာ ထနေတဲ့အဆိပ်တွေ အငွေ့ပျံအောင်လည်း စည်တွေထဲထည့်ပြီး သေချာ သိုလှောင်တာ။ နှစ်တွေကြာအောင် သိုလှောင်ပြီး အဆိပ်အတောက် အနည်းပါးဆုံး အခြေအနေရောက်မှ ဖြန့်တာ။ ဒီမှာက ဒီလိုမဟုတ်ဘူး။ ဓာတ်မြေသြဇာသုံးတာတွေလည်း ရှိလာတယ်။ သောက်သုံးမယ့် အရက်ထဲ ဓာတ်မြေသြဇာတွေ ဖြောခနဲ လောင်းချနေတာ ဘယ်လောက်တောင် အသက်တိုကိန်း နီးမလဲ။ ဦးလေး . . . စဉ်းစားကြည့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး . . . ရေ၊ အရက်ချက်မယ့်ရေ အရင်းအမြစ်ကို သန့်စင်ဖို့ ဂရုမစိုက်ကြဘူး။ ပြီးတော့ . . . အရက်ချက်ပြီးရင် အချိန်ကြာကြာလည်း သိုလှောင်နိုင်တာမဟုတ်။ ဆိုင်တွေက များတယ်လေ။ ဒါကြောင့် . . . လွယ်လွယ်ချက်၊ လွယ်လွယ်ဖြန့်၊ ဆိုင်တွေ လွယ်လွယ်ပေါ်တော့ လွယ်လွယ်ဝယ်သောက် အရက်သမားတွေ လွယ်လွယ်ဖြစ်ပေါ့။ ဒါပါပဲ . . . အဆုံးသတ်က"

လင်းရိပ် ပြောရင်း စိတ်ပေါက်လာသဖြင့် ငေါက်ခနဲ ကောက်သောက်ပစ်လိုက်သေးသည်။ ဦးဘခြူးက ထပ်ငှဲ့ပေးပြန်သည်။ အရက်မကောင်းကြောင်းကို အရက်သောက်ရင်းပြောရတာ မကောင်းတော့ မကောင်းပေ။

"အဲတော့ . . . ဘာလုပ်သင့်လဲ"

"တစ်ကမ္ဘာလုံးက အရက်ဆိုးတွေ၊ အရက်ပုလင်းတွေ၊ အရက်စည်တွေကို ရိုက်ခွဲလိုက်လို့မရ။ အရက်ချက်နည်းစနစ်တွေကို အတိတ်မေ့နိုင်းလိုက်လို့မရမှတော့ စည်းကမ်းတွေ၊ ဥပဒေတွေနဲ့ ထိန်းသိမ်းရုံပဲ ရှိတော့တာပေါ့။ စည်းကမ်းနဲ့ရောင်း၊ စည်းကမ်းနဲ့သောက်၊ ဖြစ်လာတဲ့ ဆိုးကျိုးတွေကိုလည်း နည်းစနစ်မှန်မှန်နဲ့ ကာကွယ်နိုင်အောင် လုပ်ရမယ်။

သူများနိုင်ငံတွေမှာ အသက်မပြည့်ရင် မရောင်းရဘူးဆို၊ တကယ်မရောင်းဘူး။ အဲဒီလိုနိုင်ငံကြီးသားစံတွေက အပိုတွေမဟုတ်ဘူး။ တုပလိုက်နာရမှာတွေဗျ။ ပြီးတော့ . . . အရက်ဖြတ်ပေးမယ့်နေရာတွေ တွင်တွင်ကျယ်ကျယ် ကောင်းကောင်းမွန်မွန် ရှိရမယ်။ ပညာပေးမှုတွေ ထိထိရောက်ရောက် လှုပ်ရှားနိုင်ရမယ်။ အိမ်ထဲမှာ အရက်သောက်သူတစ်ယောက်ရှိရင် ကျန်တဲ့အိမ်သားတွေမှာပါ တာဝန်ရှိတယ်။ အိမ်တွင်း တစ်ပိုင်တစ်နိုင် တော်လှန်ရေးတွေအထိ လုပ်ရမယ်ဗျ။ ဒီမှာက ဆေးဝါးမလုံလောက်တဲ့ ဆေးရုံသာရှိတာ အရက်မလုံလောက်တဲ့ အရက်ဆိုင်ဆိုတာ မရှိဘူး။ အရက်သောက်တော့ လူ့စွမ်းအားကျတယ်။ မှုခင်းပေါ



တယ်။ ရွံစရာ၊ မုန်းစရာ၊ စက်ဆုပ် စရာတွေအထိ ဖြစ်ပွားတယ်။ တော်ပါပြီ . . . ဦးလေးရာ၊ အရက်မကောင်းကြောင်း မပြောချင်တော့ပါဘူး"

"အေး . . . မပြောနဲ့တော့ ရော့သောက်"

ဦးဘခြူးက အသေတိုက်သည်။ လင်းရိပ် မူးတော့မူးနေပြီ။ သို့သော် မမူးသလို ထိန်းထားရသည်။ ဒီအချိန် (၁၃)အလီ ရွတ်ခိုင်းလျှင်တော့ စိတ်တိုရလိမ့်မည်။

"ဦးလေး . . . ကျွန် . . . ကျွန်တော်လေ . . . အပေါ့ ခဏ သွားဦးမယ်နော်"

ဟု လျှာနည်းနည်း လေးနေပြီဖြစ်သော အသံနှင့်ပြောကာ နောက်ဖေးဘက် ထွက်ခဲ့သည်။

ရေအိမ်ဆီမရောက်ခင် ခြူးက လမ်းမှာ ကြိုစောင့်နေသည်။ အမေနှင့် အန်တီလေးက ခပ်ခွာခွာ ရှောင်ပေးသည်။ ခြူးမျက်နှာ စိုးရိမ်မှုကြောင့် ခပ်ညှိုးညှိုးလေး ဖြစ်နေသည်။

"နင် ရသေးရဲ့လား . . . လင်းရိပ်၊ မူးနေပြီလား"

"မူးတာပေါ့ဟ . . . နင့်အဖေက အဆက်မပြတ် ခွက်ထဲ ထည့်ပေးနေတာကိုး"

"ဟင် . . . ခက်လိုက်တာနော်။ နင်ပြန်တဲ့အခါ မူးပြီးပြန်အောင် တိုက်နေတာပဲနေမှာ။ ရပ်ကွက်ထဲကလူတွေမြင်ရင် အရက်ဖြတ်ပေးတဲ့ကောင်ကလည်း မူးရူးနေတဲ့ကောင်ပါလို့ ထင်အောင် ကြံစည်နေတာပဲ နေမှာ"

"အဲ့လိုလား . . . နင် သိရက်နဲ့ ဘာလို့မတားတာလဲ"

"တားလို့ ရမလား။ အဖေက နင် ငါ့ကိုကြိုက်နေတာ သိတယ်လေ။ အဲဒါကြောင့် နင့်ကို ငါ့အတွက် အကဲခတ်အင်တာဗျူး ပေးကြည့်မယ်ဆိုတဲ့ပုံစံနဲ့ ဖိတ်ခိုင်းတာကိုးဟဲ့"

တော်တော်လည်သည့် ယောက္ခမလောင်းပင်။ ဒါကြောင့် ရှုပ်နှင့်မလိုက် ရပ်ကွက်လူကြီး ဖြစ်နေတာဖြစ်မည်ဟု လင်းရိပ် မကျေမချမ်း

www.burmeseclassic.com

တွေးပစ်သည်။ စားပွဲဆီပြန်ရောက်တော့ နောက်ပုလင်းတစ်လုံးပင် ဖောက်နေပြီ။ ခုနက လက်ကျန်ပုလင်းကို လင်းရိပ် နောက်ဖေးသွားတုန်း ခဏနှင့် သူ ဘယ်လိုသောက်လိုက်လဲမသိ။

"ကဲလာ . . . ထပ်ချကွာ"

လင်းရိပ်ခွက်ထဲ လက်ပြန်ကြီး ငှဲ့ပေးပြန်သည်။ အရက်ဝိုင်းမှာ လက်ပြန်ငှဲ့သည့်အရက်က ပိုမူးသည်ဟု အဆိုရှိသည်မဟုတ်လား။ အမည်မသိ ရှေးအရက်သမားကြီး တင်သွင်းခဲ့သည့်အဆို ဖြစ်လိမ့်မည်။

"အမြည်း ဘာစားချင်သေးလဲ။ စားချင်တာရှိရင် ပြောနော်"

"ဟုတ် . . . ကြက်ဥကြော် စားချင်သေးတယ်ဗျ။ နှစ်လုံးမှုကြော်တာ"

တကယ်တော့ မစားချင်ပါ။ အမြည်းစောင့်ရင်း သောက်နေတာဟုဆိုကာ ဖြည်းဖြည်းချင်း မျှင်းဆွဲသောက်ရန်ဖြစ်သည်။ လူက တော်တော်မူးနေပြီ မဟုတ်လား။ ဒီလောက် တစ်ခါမျှ မမူးဖူးသေးပေ။ တစ်ခါမှလည်း ဒီလောက်အများကြီး မသောက်ဖူးပါပေ။

"သမီးရေ . . . လင်းရိပ်အတွက် ကြက်ဥနှစ်လုံးကြော်ခဲ့စမ်းကွာ။ ခရမ်းချဉ်သီးပါ ထည့်ခဲ့"

"ဟုတ် . . . ဖေဖေ"

ခြူးမှာ အရက်သမား မုန်းပါသည်ဆိုမှ အမြည်းပင် လုပ်ပေးနေရသေးသည်။ အန်တီလေးက လာရယ်နေသေးသဖြင့် ခြူး မျက်စောင်းထိုးရသေးသည်။

"ဒါနဲ့ . . . ဦးလေး၊ ခရမ်းချဉ်သီးက အမူးသက်သာလို့လားဟင်"

"မသက်သာပါဘူး"

"ဒါနဲ့များ ဘာလို့ ကြက်ဥကြော်ထဲ ထည့်ခိုင်းရတာလဲ။ ဦးလေးက ခရမ်းချဉ်သီး တော်တော်ကြိုက်လို့လား"



"မဟုတ်ပါဘူး . . . အန်ဖတ်လှအောင်လို့ပါ။ ခရမ်းချဉ်သီးနဲ့ မြည်းပြီး မူးအန်တော့ အန်ဖတ်လှတာပေါ့ကွာ"

"ဝေါ့ . . . "

လင်းရိပ် ပျို့တက်သွားပါသည်။

ထိုပုလင်းအသစ် တစ်ဝက်ကျိုးမှ လင်းရိပ် ပြန်ရသည်။ ရပ်ကွက်လမ်းကလေးပေါ် အိမ်ပြန်အရက်သမားတွေ ခြေချင်းလိမ်နေသည့်အချိန်မှ လင်းရိပ်ကို ပြန်ခိုင်းခြင်းဖြစ်သည်။ လမ်းမှာ အရက်သမားတွေက လင်းရိပ်ကိုတွေ့လျှင် အရက်ဖြတ်ပေးမယ့်ကောင်က မူးနေတယ်ဟာဆိုပြီး လှောင်ကြတော့မည်။

သို့သော် . . . လင်းရိပ် ထိုသို့အဖြစ်မခံ။

မရ,ရအောင် ဣန္ဒြေထိန်း၍ လျှောက်လာခဲ့သည်။ အိမ်ပေါ်ရောက်ရောက်ချင်း သူ့ကောင်တွေ မထိန်းခင်ဘဲ ဗိုင်းခနဲ ကျိုးသွားပါတော့သည်။ အရက်သမား ဝေါဟာရအရ ကျိုးဟူသည်မှာ မှောက်တာကို ပြောခြင်းဖြစ်၍ မှောက်ဆိုသည်မှာ လူမှန်းသူမှန်းမသိ မူးပြီး အိပ်ပျော်သွားသည်ဟု ခေါ်ပါသည်။

ထိုည သောက်ခဲ့သမျှကြောင့် အရက်နာကျပြီး နှစ်ရက်လောက် မှားသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (16)

နံနက်ခင်းဆိုင်ရှေ့တွင် အကျဲ တံမြက်စည်းလှည်းနေသည်။

ငါးနာရီခွဲခန့် နေရောင်ခြည်သွေးနုသားနု ဝေလီဝေလင်းလေး သည်အချိန်တိုင်း အကျဲ အားကစားလုပ်သည့် ဘောင်းဘီအကြပ်နှင့် ဆိုင်ရှေ့ မေတ္တာသုတ်ရွတ်ရင်း တံမြက်စည်းလှည်းတတ်သည်။ တံမြက်စည်းလှဲရင်း ဆိုင်၏ဝင်ပေါက် အပြင်နံရံဘေးတွင် ထောင်ထားသော ကျောက်သင်ပုန်းရှေ့ ရောက်ခဲ့သည်။

'အကျဲ' တို့ဆိုင်က နေ့စဉ်ရသော ပုံမှန်အမြည်းတွေ ရှိသလို တစ်ခါတလေမှရသော အမြည်းဆန်းဆန်းများလည်း ရှိသည်။ ထိုသို့ အမြည်းဆန်းဆန်းများရလျှင် ထိုကျောက်သင်ပုန်းမှာရေးကာ လမ်းသွားလမ်းလာများကို ဆွဲဆောင်ရန် ကြေညာထားတတ်သည်။

ဥပမာ – ယနေ့ ယုန်သားရသည်။

စသဖြင့် . . .

ယခု အကျဲတံမြက်စည်းလှည်းရင်း ထိုကျောက်သင်ပုန်းရှေ့ ရောက်တော့ မြင်လိုက်သည်က ယုန်သားရသည်လည်းမဟုတ်၊ ငှက်သားရသည်မဟုတ်။ တွေ့လိုက်ရသည်က . . .



"တိတ်တခိုးလေး

ညစဉ်ငေး

အဝေးမှချစ် ဆယ်မိုးနှစ်" တဲ့။

ကဗျာတစ်ပိုဒ် . . .

'အကျဲ' မျက်မှောင်စေ့စေ့ ကုပ်သွားသည်။ မနေ့ကလည်း ထိုသို့ ကဗျာပိုဒ်လေးတစ်ခု တွေ့ခဲ့သည်ပဲ မဟုတ်လား။ မနေ့က အပိုဒ်ကိုလည်း အကျဲ မှတ်မိပါသေးသည်။

"အံ့ပုန်းရင်ခွင်

သူမမြင်

နေ့စဉ်လွစ်ဟ ဆိုင်ထောင့်က" တဲ့။

ကဲ . . . အကျဲ စဉ်းစားရပြီ။ မနေ့က တစ်ခါတွေ့တော့ တစ်ယောက်ယောက် လက်ကမြင်းသွားသည်ဟုပဲ လွယ်လွယ်ထင်မိသည်။ ယခုတစ်ခါ ထပ်တွေ့တော့ သိပ်မရိုးတော့သလို ခံစားရပြီ။

ကျောက်သင်ပုန်းမှ စာကိုကြည့်ပြီး ဘယ်ယူရေးသွားပါလိမ့်ဟု ဆားဘီဝဲယာနှင့် လမ်းမဆီကြည့်တော့ မိမိဆိုင်ရှေ့မှဖြတ်သွားပြီး ခပ်လှမ်းလှမ်းရောက်နေသည့် ကိုရှည်ကြီးကို လှမ်းတွေ့လိုက်ရသည်။ ကိုရှည်ကြီးကတော့ သူ့လမ်းသူ သွားနေသည့်အလားပင်။

အကျဲ . . . တွေးရပြီ။ တံမြက်စည်း ဆက်မလှည်းနိုင်တော့။

သိသည်မဟုတ်လား . . . ဒါ ဘယ်သူ့လက်ချက်လဲဆိုတာ။

တကယ်တော့ ဘာမှမဟုတ်။ လင်းရိပ် ကိုရီးယားကားတစ်ကားဆဲက ပုံစံအတိုင်း လုပ်လိုက်ခြင်းသာ။ ရုပ်ရှင်ထဲမှာက စာအုပ်ဆိုင်ကလေး။ ထိုစာအုပ်ဆိုင်ရှေ့တွင်လည်း ကျောက်သင်ပုန်းလေးထားကာ အသစ်ထွက်သည့်စာအုပ်များ ဘာညာရေးထားတတ်သည်။ ထိုကျောက်သင်ပုန်းလေးတွင် မင်းသမီးကိုကြိုက်သော မင်းသားနှစ်ယောက်က ကဗျာဆန်ဆန် စာသားလေးများ လာလာရေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းရိပ်က ထိုအကွက်အတိုင်း ယခု ကိုရှည်ကြီးနှင့် အကျဲကို နှလုံးခုန်နှုန်း စတင်စမ်းသပ်နေပါပြီ။ အာဒံ၏ပန်းသီး ဓာတုဗေဒကင်းစင်စွာ မှည့်ဝင်းပါစေသတည်း။

• • •

"ဘာလို့ မင်းတို့က နောက်ပိုင်း ဖိုးလုံးနဲ့အတူ ငါးသွားမမျှားတော့တာလဲ"

"ဖိုးလုံးနဲ့ မျှားရတာ စိတ်ညစ်တယ် . . . ကိုကြီးရ။ သူက ညနေစောင်းအထိ ငါးမရရင် မပြန်ချင်ဘူး။ မရမချင်း ဖွတ်မျှားနေတာ။ ပြီးတော့ မျှားလည်း မျှားတတ်တာ မဟုတ်ဘဲနဲ့။ သူနဲ့မျှားရင် လပ်ကြီး မကောင်းဘူး။ ကျွန်တော်တို့ မျှားတတ်တဲ့သူတွေတောင် တစ်ကောင်မှ မရတော့ဘူး။ ပြီးတော့လည်း . . ."

"ပြီးတော့ . . . ဘာဖြစ်လဲ"

"ပြီးတော့ . . . ဖိုးလုံး ငါးမျှားတာက . . . . + . . . − − . . × . . . ÷ . . ."

ရပ်ကွက်ထဲမှ ဆယ်နှစ်အရွယ် ကလေးလေးကို လင်းရိပ် မေးမြန်းနေခြင်းဖြစ်သည်။ ကလေးက ဘောလုံးလက်မှာပိုက်ရင်း လင်းရိပ် မေးသမျှကို နှပ်တရှုတ်ရှုတ်ညစ်ပေပေ နှုတ်ခမ်းလေးဖြင့် ဖြေနေသည်။

လင်းရိပ်ကလည်း ဆက်စပ်၍ သိချင်တာများကို တစ်ခုချင်း မေးကာ ခေါင်းညိတ်လိုက်၊ မေးစေ့ပွတ်လိုက် သွားကြားထိုးတံထိုး ဆားပုလင်းနှင်းမောင် ရေခဲတောင်စီးကရက်သောက်သကဲ့သို့ နှုတ်ခမ်းများမှာ တေ့လိုက်ဖြင့် နားထောင်နေသည်။ နားထောင်ရင်းပင် မျက်နှာမှာ စိတ်မကောင်းဟန်ဖြင့် သွားလိုက်၊ စူးစိုက်စဉ်းစားဟန်ဖြစ်သွားလိုက်ဖြင့် ဖြစ်နေသည်။ ကလေးလည်း စကားကုန် သူလည်း သိချင်တာတွေကုန်မှ . . .



"ရော့ . . . ညီလေး။ သူငယ်ချင်းတွေနဲ့အတူ မုန့်တွေအဝသွားဝယ်စားကြ"

"ဟဲ . . ."

ကလေးလေးမှာ ဟန်မဆောင်ဘဲ ပျော်ရွှင်သွားသည်။ ကျေးဇူးစကားမပြောတတ်သည့် အရွယ်မို့ ဟဲခနဲရယ်ပြကာ ပိုက်ဆံကိုယူသည်။ ပြီးတော့ . . . လှည့်ကြည့်လှည့်ကြည့်နှင့် ပြေးထွက်သွားသည်။ ထိုကလေး၏ သူငယ်ချင်းကလေးတွေကလည်း ဟေး . . . ဟုအော်ကာ ခြေတုံးလုံးကလေးများနှင့် ပြေးလိုက်သွားကြလေတော့သည်။

"ကလေးကို မင်း ဘာတွေမေးနေတာတုံး"

အနောက်မှလာသော ဝက်စတူးဘောမှာ ဝင်ထိုင်ရင်း မေးသည်။ လင်းရိပ်က . . .

"ကြေကွဲဖွယ် ဇာတ်လမ်းတစ်ခုအကြောင်းပေါ့ကွာ။ နောက်တော့ မင်းသိရမှာပါ"

အချင်းချင်းပင် လျှို့ဝှက်နေသည့် လင်းရိပ်ကြောင့် ဝက်စတူး သိချင်စိတ် ပိုသွားပါသည်။ သို့သော် လိုအပ်၍ လျှို့ဝှက်ထားကြောင်း နားလည်သဖြင့် ဘာမှ ထပ်မမေးတော့။

ထိုအချိန် လမ်းပေါ်တွင် ကလေးမလေးတစ်ယောက် တုံ့နှေးတုံ့နှေး လမ်းလျှောက်နေသည်ကို တွေ့ရသည်။ အသက် (၇၊ ၈) နှစ်မျှရှိဦးမည်။ တရုတ်ထမင်းပန်ကန်လို ဆံပင်ကေလုံးလုံးကလေးနှင့် ဖြစ်သည်။ ဂါဝန်အကျီ ညစ်ထေးထေးနှင့် လိုက်ဖက်စွာ အသားအရေကညိုညက်ညက်၊ ဖိနပ် ဖနှောင့်ပေါက်လေးနှင့်ဖြစ်သည်။

"အဲဒါ့ မောင်စိုးသမီးလေးလေ။ ရပ်ကွက်အနောက်က ရေကန်ကြီးထဲမှာ ရေနှစ်သေသွားတာ သူ့အစ်ကိုပေါ့"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ် . . . မိဘတွေ သောက်သုံးမကျတာနဲ့ ကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ လူမွေးလူရောင် မပြောင်ဘူးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကလည်းကွာ"

ကလေးနှင့် ပတ်သက်ပြီး စကားခပ်ပြင်းပြင်း သုံးတာတော့ လင်းရိပ်မကြိုက်ချင်။

လင်းရိပ် ကလေးမလေးကို လှမ်းခေါ်လိုက်သည်။ မပြည့်စုံမှုတွေ၊ နှိမ့်ချခံရမှုတွေကြောင့် သိမ်ငယ်ကြောက်ရွံ့နေသော မျက်လုံးငယ်လေးနှင့် အနားရောက်လာသည်။

"သမီး . . . ဘယ်သွားမလို့လဲ သမီးရဲ့"

ကလေးမလေးက မဖြေ။ မဲ့တဲ့တဲ့လေး အကြောင်သား ရပ်နေသည်။ လင်းရိပ် ကလေးမလေး၏ လက်ထဲမှာ ကိုင်ထားသည့်အရာတွေကို ကြည့်လိုက်သည်။

"ဟင်း . . . သမီး၊ ဘာလို့ ဒါကြီးတွေ စားနေတာလဲ။ ပါးစပ်ထဲမှာ ငုံထားတာလား။ ထွေးလိုက်စမ်း . . . သမီးထွေးလိုက်၊ လက်ထဲကဟာတွေကိုလည်း လွှင့်ပစ်လိုက်"

"ထွီ . . ."

ခနဲ ကလေးမလေး ထွေးထုတ်လိုက်တော့ မြေကြီးပေါ် မန်ကျည်းစေ့လေးတစ်စေ့ လိမ့်သွားသည်။ လက်ထဲက မန်ကျည်းစေ့လှော်တွေကိုလည်း လွှင့်ပစ်လိုက်သည်။ စကား နားထောင်ရှာသည်။

"ဒါကြီးတွေက သမီးရဲ့ သွားဖြူဖြူလှလှလေးတွေကို ပျက်စီးစေတယ်။ အာဟာရလည်းမရှိဘူး သမီးရဲ့။ သမီးက ဘာလို့စားနေတာလဲ"

"ဗိုက် . . . ဆာ . . . လို့"

ကလေးမလေးဆီက ပထမဆုံးထွက်လာသောစကားက တုန်ခါလောက်အောင် နာကျင်သွားစေသည်။ လင်းရိပ် တိတ်ဆိတ်သွားချေ၏။ ဝက်စတူးက . . .

"သူ့အမေက အိမ်တွေမှာ အဝတ်တွေလိုက်လျှော်နေတာလေ ကွာ။ အိမ်မှာတော့ ဘာမှ မချက်ပေးသွားခဲ့ဘူး မသိပါဘူး"



"မမေက ကြက်ဥတစ်လုံး ပြုတ်ပေးခဲ့ပါတယ်။ အဲဒါ နေ့က ဆာလို့ စားလိုက်ပြီ။ အခု ထပ်ဆာနေလို့"

နေမွန်းတည့်နေပြီ ဆာရှာရောပေါ့။ လင်းရိပ် ရင်နာနေသည့် မျက်နှာမှ ချက်ချင်းပြုံးပစ်ကာ . . .

"လာ . . . ဒါဆို သမီးရယ်၊ ဦးရယ် ဟိုဘက်လမ်းမှာ ဟမ်ဘာဂါ သွားဝယ်စားကြမယ်"

"ဟမ်ဘာဂါဆိုတာ ပါးစပ်အကြီးကြီးဟပြီးမှ စားရတဲ့မုန့်မို့လား"

"အင်း . . . ဟုတ်တယ်၊ သမီးကြိုက်လား"

"တစ်ခါမှ မစားဖူးသေးဘူး"

"ဒါဆို အခုသွားစားကြည့်မယ်။ သမီးကြိုက်ရင် ထပ်စားမယ်။ ကြိုက်ရင် နောက်တခြားမုန့်တွေ သွားဝယ်စားမယ် . . . ဟုတ်လား"

ဟုဆိုကာ လင်းရိပ် ကလေးလက်ကိုဆွဲ၍ ချက်ချင်းထလျှောက်သွားပါတော့သည်။

ဝက်စတူး သူ့ကောင်၏ကျောပြင်ကိုကြည့်ကာ ဘာကြောင့်မှန်းမသိ ငြိမ်းအေးစွာ ပြုံးကျန်နေခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (17)

ဘယ်လိုလွဲလွဲ
မျက်ဝန်းထဲ
မလွဲမသွေ ချစ်ရိပ်တွေ။ ။

နံနက်ခင်းတိုင်း ရောက်ရောက်လာတတ်သော အမည်မဖော်လို သူ၏ ကဗျာပိုဒ်ကလေးများကို 'အကျဲ' စောင့်စားမှုဖြင့် ဖတ်တတ်နေခဲ့ ပြီပဲ။ ယခုလည်း ကဗျာလေးဖတ်ရင်း ပီတိဆီထိနေရာမှ လမ်းမဆီလှမ်း ကြည့်လိုက်တော့ ထင်ထားသလိုပင် 'သူ့' ကို တွေ့လိုက်ရပြန်သည်။ သည်နေ့တော့ သူမ ကြည့်သည့်အချိန်နှင့် သူ ပြန်ကြည့်သည်နှင့်တိုး၍ အကြည့်ချင်း ဆုံသွားကြပါသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်၊ လေးစက္ကန့်၊ လေးစက္ကန့်ခဲ့ မှာ သူ အကြည့် လွှဲသွားသည်။ ယောကျ်ားတန်မဲ့ ရှက်အားပိုသွားသော သူ့ကြောင့် 'အကျဲ' မဲ့ပြုံး ပြုံးပစ်လိုက်ပါသည်။

"မုန်းစရာကြီး . . . ဟွန့်"

ဟု ညုတုတုကြီးရွတ်ကာ ကျောက်သင်ပုန်းက ကဗျာအပိုဒ်လေး အား သွားဖျက်ပစ်လိုက်ပါသည်။



လမ်းပေါ်မှာတော့ ကိုရှည်ကြီး ရင်တလှပ်လှပ်နှင့်။ ခုနက 'အကျဲ' နှင့် သူ မျက်လုံးချင်းဆုံခဲ့ရသည် မဟုတ်လား။ အကျဲက သူ့ကို ရှုန်းရှုန်းစားစား ပြန်ကြည့်ခဲ့သည်ကို သူ ပြန်မြင်ယောင်ပြီး ရင်တွေ တဒုတ်ဒုတ် ဖြစ်ခါနေသည်။ အခုရက်ပိုင်းဆိုင် ထိုင်ရင်လည်း အကျဲက အမြည်းတွေ သူမကိုယ်တိုင် ပိုပိုသာသာလေး ချပေးတတ်နေသည်ကို သူ သတိထားမိနေသည်။

လင်းရိပ်၏ နံနက်ခင်းကဗျာလေးတွေ အစွမ်းပြလာပြီထင့်။ ကိုရှည်ကြီး လင်းရိပ်ကိုလည်း စိတ်ထဲမှ ကျေးဇူးတွေ တဖွားဖွား တင် နေတော့သည်။

"ကျေးဇူးရှင်လေး မောင်မင်းကြီးသား လင်းရိပ် . . . ဘေးရန် ကင်းလို့ လူတကာရဲ့ မေတ္တာပို့သခြင်း ခံရပါစေဗျာ"

• • •

"လင်းရိပ်ဆိုတဲ့ကောင် ထွက်ခဲ့စမ်းကွာ"

အိမ်ရှေ့မှ ရိုင်းစိုင်းရမ်းကားစွာ ထွက်ပေါ်လာသော အော်သံ။

ထွန်းကိုက တံခါးကို ချက်ချကာ ကျောနှင့် ဖိကပ်ထားလျက် နှင့်ပင် ချွေးပြန်နေသည်။ အိမ်ရှေ့မှာ သောင်းကျန်းနေသူက အရက် သမား မောင်စိုးပါ။ ပြဿနာကို အချိန်ခဏပုန်းနေသဖြင့် မရှင်းနိုင်မှန်း ကောင်းကောင်းသဘောပေါက်သည့် လင်းရိပ်က ထွန်းကိုကို ဖယ်ခိုင်း သည်။

"ဟေ့ကောင် . . . လင်းရိပ်၊ မင်းဆင်းလို့ မဖြစ်ဘူး။ ဟိုလူက မူးရူးနေတာ မတော်လို့ တစ်ခုခုလုပ်မှဖြင့် . . ."

"ရပါတယ်၊ သူနဲ့ငါ စကားပြောမှဖြစ်မယ်။ ဒီလောက်အော်ဟစ် နေတာ။ ငါ ဆင်းမသွားရင် ဘေးပတ်ဝန်းကျင် ပိုပြီး နားညည်းနေလိမ့် မယ်၊ ဖယ် . . . ဖယ် . . . ထွန်းကို"

www.burmeseclassic.com

"အေး . . . တားမရလည်း ဆင်းကွာ။ ငါတို့လည်း နောက်ဖေးက တုတ်သွားဆွဲထားမယ်"

အေးဘီအိမ်များလည်း ထရံကြိုထရံကြားမှ ချောင်းကြည့်နေကြသည်။ ရပ်ကွက်လေး မှောင်နေပေမယ့် လ၏ ခပ်ပျော့ရောင်ကတော့ ခပ်အိအိ လင်းပေးနေသည်။

တံခါးပွင့်သွားသည်။ လင်းရိပ်တစ်ဦးတည်း ဆင်းလာသည်။

မောင်စိုးက အရက်ပုလင်းကို မော့သောက်ပြီး ပြန်ချရာမှ တဟားဟား အော်ရယ်သည်။

"ဟား . . . ဟား . . . ကြိုက်တယ်။ ယောကျ်ားဆိုတာ ကိုယ် 'သောက်မှား' လုပ်ထားရင် တောင်းပန်တတ်ရတယ်"

"ကျွန်တော်က ဘာအမှားလုပ်ထားလို့လဲ . . . ကိုမောင်စိုး"

"အေး . . . အဲ့ဒီလို မသိချင်ယောင်ဆောင်တာမျိုးကျ ရှိတယ်ကွ . . . ခွပ် . . ."

လင်းရိပ် ခန္ဓာကိုယ် လက်သီးတစ်လုံး၏ ပြင်းထန်စွာထိခိုက်မှုကြောင့် ဘေးသို့ လည်ထွက်သွားသည်။ အိမ်ထဲမှ ရာဇာရှိန်းတို့ တုတ်နှင့် ပြေးဆင်းလာဖို့ လုပ်သည်။ လင်းရိပ် ဖျပ်ခနဲလှမ်းကြည့်ကာ လက်ပြတားသည်။ လင်းရိပ် နှုတ်ခမ်းထောင့်စွန်းမှ သွေးစကို သုတ်လိုက်သည်။ မောင်စိုးကို တည့်တည့်စိုက်ကြည့်ကာ . . .

"ကျွန်တော် ခင်ဗျားနဲ့ပတ်သက်ပြီး ဘာအမှားလုပ်ထားမှန်း တကယ်မသိတာပါ . . . ကိုမောင်စိုး"

"အေး . . . ဒါဆိုလည်း ပြောရတာပေါ့ကွာ။ မင်း ဟိုတစ်နေ့က ငါ့မိန်းမကို ပိုက်ဆံချေးလိုက်တယ်ဆို။ မင်းက ဘာလို့ချေးတာလဲ။ မင်းသောက်ပိုက်ဆံတွေ သိပ်ပေါနေရင်လည်း ကိုယ့်ဘာသာကိုယ် ဝအောင်သုံးလိုက်၊ ငါ့မိန်းမနား လာကပ်စရာ မလိုဘူး။ နောက်ပြီး . . . ဟိုတစ်နေ့က ငါ့သမီးကို ဟိုခေါ်သွား၊ ဒီခေါ်သွားလုပ်ပြီး မုန့်ဝယ်ကျွေး



တယ်ဆို။ ပြီးတော့ . . . မုန့်ဖိုးတွေ ပေးတယ်ဆို။ ဘာလဲ . . . မင်းက ငါ ရှာမပေးနိုင်ဘူးဆိုပြီး ဝင် Hero လုပ်တာလား။ ငါ့ကို သိက္ခာချတာမို့လား"

"ကလေးက အဲဒီတုန်းက ဗိုက်အရမ်းဆာနေရှာတယ်ဗျ"

"ငါ ကျွေးနိုင်တယ်ကွ . . . ခွပ်"

လင်းရိပ် လည်ထွက်သွားပြန်သည်။ တစ်စက်မှတော့ ပြန်မလုပ်ချေ။ အိမ်ပေါ်မှ ရာဇာရှိန်းတို့ ဆင်းရိုက်လိုက်ချင်တာမှ လက်ယားနေသည်။

"မင်းကို ငါ ရှင်းရှင်း သတိပေးမယ်။ နောက်တစ်ခါ ငါ့မိသားစုကို သနားသလိုလို၊ ဘာလိုလိုနဲ့ လာကပ်ဖို့ ကြံလို့ကတော့ မင်းကို သတ်ပစ်မယ်။ အပြောမဟုတ်ဘူးနော်။ မယုံရင် စမ်းကြည့်လိုက်"

"ကြောက်ပါတယ် . . . ကျွန်တော် သေရမှာကြောက်ပါတယ်။ အထူးသဖြင့် ခင်ဗျားလို မိုက်ရူးရဲပြဖို့အပြင် ဘာမှမသိတဲ့ လူစားမျိုးလက်ထဲမှာ သေရမှာ ပိုကြောက်ပါတယ်။ ဒါကြောင့် . . . ခင်ဗျားနဲ့ မပတ်သက်တော့ပါဘူး။ ခင်ဗျားလည်း ကိုယ့်ကလေးကိုယ် ထမင်းဝအောင် ကျွေးနိုင်ပါစေ"

"ဘာကွ . . . ခွပ်"

လင်းရိပ်ကို နှစ်ချက် ဆက်တိုက်ထိုးသည်။

ရာဇာရှိန်းတို့ ဘယ်လိုမှ မထိန်းနိုင်ဘဲဆင်းလာမှ မောင်စိုးရပ်သွားသည်။ ရာဇာရှိန်းတို့ကို လင်းရိပ် အမြန်ဆွဲတားထားရသည်။

မောင်စိုး အံကြိတ်ပြီး လှည့်ထွက်သွားသည်။ လင်းရိပ်ကို သူ့ကောင်တွေ စိတ်မချမ်းသာသလို ကြည့်တော့ လင်းရိပ် ပြန်ပြုံးပြပြီး ပခုံးတွန့်ပြလိုက်သည်။ သူ့ကောင်တွေ လေသွားသည်။

ခဏနေတော့ ဦးဘခြိုးနှင့် တခြားရပ်ကွက်တာဝန်ရှိသူများ ရောက်လာသည်။ ပတ်ဝန်းကျင်မှ လူတွေ ရောက်လာကြသည်။ မောင်စိုးကို တဗျစ်တောက်တောက် ကျိန်ဆဲကြသည်။ ရာဇာရှိန်းတို့က လင်းရိပ်



www.burmeseclassic.com

www.burmeseclassic.com

ဒထ်ရာကို အဝတ်ဖြင့် ဖိပေးနေကြသည်။ ဦးဘခြူးက လင်းရိပ်ဒဏ်ရာကို တစ်ချက်ကြည့်ပြီး . . .

"စခန်းသွားပြီး အမှုဖွင့်ကြမလား"

"နေပါစေ . . . ဦးလေး၊ ကိုမောင်စိုး တစ်ခုခုဖြစ်ရင် သူ့မိသားစု ပိုကြပ်တည်းသွားရုံပဲ ရှိလိမ့်မယ်"

"ကျွတ် . . . ခက်တယ်။ ဒီကောင်က ငါတို့ရပ်ကွက်သား စစ်စစ်လည်း မဟုတ်ဘူးကွ။ ဟိုဘက် ကျူးကျော်ရပ်ကွက်က။ ဒါကြောင့် ငါ ကိုင်တွယ်ရ ခက်နေတာပေါ့"

ဦးဘခြူး၏ ပခုံးနောက်မှ လင်းရိပ်ဒဏ်ရာတွေကို ကြည့်နေသည့် ခြူးမျက်လုံးလေးများက စိုးရိမ်အားနာနေရှာသည်။ လင်းရိပ်က လူအများကြီး ရှိသည့်ကြားကမှ မျက်ခုံးလှမ်းပင့်ပြလိုက်တော့ ခြူး မျက်နှာလွှဲလိုက်ရသေးသည်။ ဘယ့်နှယ်ကောင်လေးမှန်းမသိ။

⁂ ⁂ ⁂



## (18)

နေ့လယ်ခင်းကြီးပါ။

လင်းရိပ် ဦးဘို၏ ဘီအီးဆိုင်တွင် ရောက်ရှိကာ လှမ်းအားပေးနေသည်။ နှမ်းဖတ်ချဉ်ထဲ ထည့်ရန် ကြက်သွန်နီတွေကို ဦးဘို၏မိန်းမ ဒေါ်လေးမွန်ဆီမှ ယူကာလှီးနေသည်။ ပြီးတော့ . . . နောက်ဖေးသွားကာ သရက်ချဉ်အတွက် အရက်ချဉ်တွေ သွားခြစ်နေပြန်သည်။ လင်းရိပ် ထိုသို့ မကြာခဏ ဘယ်သူမှလည်း အကူအညီမတောင်းဘဲ လာကူနေကျဖြစ်သည်။ ဒေါ်လေးမွန်နှင့်ဆိုလျှင် တော်တော်တောင်ခင်နေပြီ။ ဦးလေးဘိုကတော့ ရပ်ကွက်ထဲ အရက်သမားလျော့အောင် လုပ်ပြီး သူ့စီးပွားဖျက်မယ့်ကောင်ဆိုတော့ ခပ်ရှုတည်တည်ပဲ ဆက်ဆံချင်သည်။

ယခု လင်းရိပ်အနား ဦးလေးဘို ရောက်လာသည်။

"ဟိုနေ့က မောင်စိုး လက်ချက်ထိထားတာ ဘယ်လိုလဲ။ သက်သာရဲ့လား။ ငါပြောတယ် အဲ့ကောင်နဲ့ မပတ်သက်ပါနဲ့။ တစ်လမ်းတည်း အတူလျှောက်မိရင်တောင် သမ္မုဒ္ဒေရွှတ်ပါဆိုတာ"

"ကျွန်တော်က သူနဲ့မပတ်သက်ပါဘူး . . . ဦးဘို။ သူ့သမီးလေးကို သနားလို့ ပတ်သက်မိတာပါ။ ညိုမလေးက သနားစရာလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com

မောင်စိုး သမီးအမည်က ညိုမဖြစ်သည်။ ဦးဘိုက စိတ်မသက်မသာဟန်ဖြင့် . . .

"အင်းကွ . . . အရက်သမားတွေနဲ့ စိတ်ပျက်စရာပဲ"

ဦးဘို ထိုမျှ ညည်းညူပြီး အတန်ကြာအောင် ငြိမ်သက်သွားသည်။ မေးစေ့က မှည့်ဘုတွင် ကောက်ကွေးစွာပေါက်နေသော အမွေးကို လက်ဖြင့် ဆွဲဆွဲနေပါသည်။

ခဏကြာတော့ သက်ပြင်းကြီးငယ်များ ခဏခဏချ နေသံကြားရသည်။ ဟိုးဆီမှ နေပူကျဲကျဲလမ်းမဆီ မှုန်ကုတ်ငြီးငွေ့စွာ အကြာကြီးကြည့်နေသည်။ ပြီးမှ . . . တိုးညှင်းစိုးဝါးသော လေသံဖြင့် . . .

"ငါ အရက်ဆိုင် မဖွင့်ချင်တော့ဘူး . . . လင်းရိပ်"

" . . . . . ."

လင်းရိပ် ကြားတော့ ကြားသည်။ သို့သော် . . . မသဲကွဲစွာဟို အဝေးကလာသော အသံလိုဖြစ်နေသည်။ ဦးဘို လင်းရိပ်မျက်နှာဆီစေ့စေ့လှည့်လာပြီး . . .

"ငါ အရက်ဆိုင်မဖွင့်တော့ဘူးကွာ . . . လင်းရိပ်"

"ဟင် . . . တ . . . တ . . . ကယ် . . . ပြောတာလား"

လင်းရိပ် မျက်လုံးပြူး၊ မျက်ဆန်ပြူး ဝမ်းသာသွားသည်။ ဒါမင်္ဂလာအကြီးကြီးပဲ။

"တကယ် ပြောတာပေါ့ကွ။ ဒါက ဟာသပြောတာဆိုရင်ကောရယ်စရာကောင်းပါ့မလားကွ"

ဦးဘို ပြုံး၍ပြောကာ ထိုင်ရာမှထ၍ ဆိုင်နံ့ရံရှိ ပုလင်းဟောင်းမွဲမွဲကလေးများဆီ သွားသည်။ ဆောင့်ကြောင့်ထိုင်၍ ပုလင်းလေးများကို စီရီရင်း . . .

"ဒါပေမဲ့ . . . ငါ အရက်မရောင်းရင် ဘာလုပ်ရမှာလဲ။ ငါတခြား ဘာမှ မလုပ်စားတတ်ဘူးကွ"



"အထည်ဆိုင်ဖွင့်ဗျာ . . . ဦးဘို၊ ကျွန်တော့်အမေ အထည်စက်ရုံနဲ့ ချိတ်ပေးမယ်။ ဦးဘိုက စက်ရုံက တံဆိပ်ယူပြီး ဆိုင်ခွဲဖွင့်ဗျာ"

လင်းရိပ်က သူပိုင်သောဘက်မှ တန်းအကြံပေးတော့ ဦးဘို ငြိမ်သွားပြန်သည်။ ဘယ်အချိန်က ဆိုင်အတွင်းခန်းထဲမှ လှမ်းနားထောင်နေမှန်းမသိသော ဒေါ်လေးမွန်ကလည်း . . .

"ဟုတ်တယ် . . . ရှာကသမီးကိုလည်း ပြန်ခေါ်ပြီး အတူလုပ်ကြရအောင်ရှင်။ အရက်ဆိုင်ဖွင့်တော့ သမီးမိန်းကလေးနဲ့ မသင့်တင့်လို့ရွာက သူ့အဘိုးဆီ ပို့ထားရတယ်။ အထည်ဆိုင်လေးနဲ့ဆို ကျုပ်တို့ တစ်ခုတစ်စည်းထဲ ပြန်နေနိုင်မှာပါရှင်"

"အေး . . . ဟုတ်တယ်။ အခုမှ စဉ်းစားမိတော့တယ်။ ငါ့သမီးလေးကလည်း စက်ချုပ် ဝါသနာပါတာပဲဟ"

"ဟုတ်တယ် . . . ယောကျ်ားရေ၊ အထည်ဆိုင်မှာ စက်ချုပ်ဆိုင်ပါ တွဲဖွင့်ပြီး သမီးလေးကို ဦးဆောင်ခိုင်းမယ်။ ဒီလောက်ဆို ကျွန်မတို့ ငတ်စရာ မရှိလောက်ပါဘူးတော်။ တစ်နေ့တစ်နေ့ အရက်သမားတွေကို သည်းခံရောင်းပြီး နောင်ဘဝ ငရဲကျဖို့ အရက်ချက်နေတဲ့အလုပ်ကို ကျုပ် နာကြည်းလာပြီရှင့်။ အရက်ရောင်းရငွေနဲ့ ဘုရားဆွမ်းတော်ကပ်ရတာ လိပ်ပြာမလုံလှဘူးတော်"

ဒေါ်လေးမွန်ကော ဦးဘိုပါ စိတ်အားထက်သန်စွာ ဆန္ဒတူသွားကြပါပြီ။ ထိုသို့ သူတို့ အပြောင်းအလဲစိတ်တွေ အရှိန်ကောင်းနေတုန်းလင်းရိပ်ကလည်း အမြန်ဝင်ပြီး . . .

"ဒါဆို ဦးဘို မြန်မြန်ဆုံးဖြတ်ဗျာ။ ညနေ ကျွန်တော် ကျွန်တော့်အမေနဲ့ လိုက်မိတ်ဆက်ပေးမယ်။ လုပ်ငန်းနဲ့ ဈေးကွက်သဘော ရှင်းပြခိုင်းမယ်ဗျာ"

မင်းသိခ်စာအုပ်တွေ ခေါင်းရင်းထားအိပ်သော ဦးဘိုကလည်းဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်ပစ်တော့မည့် မျက်နှာပေးမျိုးဖြင့် . . .

"အေး . . . ညနေ သွားကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဘို၏ မှတ်ချက်ပြုသံအဆုံးမှာ အားလုံးမိန့်မိန့်ကြီး ပြုံးနေကြတော့သည်။

ဦးဘိုကလည်း အရက်ဆိုင်ပိတ်တော့မည်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်သည်နှင့် သူ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သော ပုလင်းအိုကလေးများကို ကြိုတင်လွမ်းဆွတ်သယောင် ကြည့်နေသေးသည်။ ဒေါ်လေးမွန်နံဘေးမှ ထွက်သွားမှ ဦးဘိုက . . .

"လင်းရိပ် . . . မင်းနဲ့ ဘခြူး ဆက်ဆံရေးကကော အခု ဘယ်လိုလဲ"

ခြူး အဖေနှင့် ဦးဘိုနှင့်က ငယ်သူငယ်ချင်းများဟု လင်းရိပ်သိသည်။

"သူက အရက်ဖြတ်ပေးမယ့် ကျွန်တော့်ကို အရက်သမားပြန်ဖြစ်အောင် လုပ်ပစ်ဖို့ ကြံစည်သေးတယ်ဗျ။ ဒါပေမဲ့ . . . သူနဲ့ တစ်ဝိုင်းသောက်ပြီးနောက်ပိုင်း နည်းနည်း ပျော့ပျောင်းလာသလိုပဲ။ သိပ် ကျွန်တော့်ကို မျက်စိဆံပင်မွေး မဆူးလောက်တော့ဘူး"

"သူ့ကို အရက်မသောက်တော့အောင်လုပ်ဖို့ကော လမ်းစတွေ့ပြီလား"

"ဟူး . . . အဲဒါတော့ မတွေ့သေးဘူးဗျ။ ဒီလူကြီးက အနားကပ်ရတာလည်း ခက်သလို နေတာထိုင်တာလည်း ပိရိတော့ သူ့ကို ထိန်းချုပ်နိုင်မယ့်နည်း မတွေ့သေးဘူးဖြစ်နေတယ်"

"ဟား . . . ဟား . . . ဟား . . . "

လင်းရိပ်၏ စကားအပေါ် ဦးဘိုက တဟားဟား မော့ရယ်ပစ်သည်။ လင်းရိပ်က ထူးဆန်းသလို ကြည့်တော့ ဦးဘိုက . . .

"အိပ်ချင်ယောင်ဆောင်တဲ့လူက နိုးရခက်တယ်ဆိုတာ တကယ်ပါပဲကွာ။ ဟား . . . ဟား . . ."

လင်းရိပ် နားမလည်။

"ဘာကိုပြောချင်တာလဲ . . . ဦးဘို"



"မင်းပြောစမ်း၊ မင်း စောင့်ကြည့်နေခဲ့တာ သူ အရက်သောက်ရင် ဘာထူးခြားတာတွေ လုပ်လေ့ရှိလဲ"

လင်းရိပ် စဉ်းစဉ်းစားစား ခဏငြိမ်ပြီးမှ . . .

"မကြာခဏ စားပွဲကထပြီး ဖုန်းဆက်တာမျိုးတော့ ရှိတယ်။ အရက်သောက်တော့ ခဏအတွင်း များများသောက်နိုင်တယ်။ ကျွန်တော်သူနဲ့ သောက်တုန်းက အိမ်သာလေးခဏသွားပြီး ပြန်လာတော့ သူက ပုလင်းတစ်ဝက်ရောက်အောင် သောက်နိုင်နေပြီ။ နောက်ပြီး ဘယ်လောက်သောက်သောက် မူးတဲ့ပုံသိပ်မပေါ်ဘူး။ ကျွန်တော်မပျက်အောင် တောင့်ခံနိုင်တယ်လို့ ပြောရမလားပဲ"

"ဟား . . . ဟား . . . ဟား . . . ငါပြောတာ အဲဒါပဲ။ အိပ်ချင်ယောင်ဆောင်တဲ့ကောင်က နိုးရခက်တယ်ဆိုတာ"

ဦးဘို၏စကားတွင် အထာတစ်ခုပါမှန်း လင်းရိပ် ရိပ်မိလိုက်ပါသည်။ သူ မျက်လုံးထောင့်ကပ်ကာ စဉ်းစားကြည့်တော့သည်။ အိပ်ချင်ယောင်ဆောင်သည့်သူက ပိုနိုးရခက်သည်ဆိုတော့ လင်းရိပ်တွေးသည်။ ထို့ကြောင့် . . . လင်းရိပ် တွေ့ရှိသွားပြီ။

"ဖျောက် . . ."

ခနဲ လင်းရိပ် ရွှင်မြူးစွာ လက်ဖျောက်ထတီးတော့ ဦးဘိုက ထပ်ရယ်မောကာ 'အဲဒါ . . . အဲဒါ' ဟု ပြောလေတော့သည်။

• • •

ဘယ်လိုမှ ထင်မှတ်မထားသော လျှို့ဝှက်ချက်တစ်ခု ဦးဘိုဆီမှ သိရှိခဲ့သည်။ အပြန်လမ်းတွင် လေတချွန်ချွန်နှင့် ရတနာမြေပုံတစ်ခုရခဲ့သလို တအားမြူးတူးလာသည်။ ညကျ ဦးဘခြူးနှင့် ထိပ်တိုက်တွေ့မည်ဟုလည်း စိတ်ထဲမှ ကြုံးဝါးလာသည်။ ထိုအချိန်ပဲ ဖုန်းတစ်ခုဝင်လာသည်။ နံပါတ်ကို ကြည့်လိုက်တော့ ဆရာသက်တင်၏ဖုန်း။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

"ဟဲလို . . . လင်းရိပ် . . . . . . . . . . . . . . ."

လင်းရိပ် ထိုညက ဦးဘခြူးထံ သွားမတွေ့နိုင်ခဲ့ပါ။ တခြား သွားစရာကိစ္စ ပေါ်လာသောကြောင့်ဖြစ်သည်။

• • •

"သမီးရေ . . . ဟိုကောင်လေး လာတယ်"

အိမ်နောက်ဖေးက ပိန္နဲပင်တွင် စာကုသိုလ်လေးတွေ ချိတ်ဆွဲနေတုန်း မေမေက မလှမ်းမကမ်းမှ လာပြောခြင်းဖြစ်သည်။ မေမေပြောသည့် ဟိုကောင်လေးဆိုသည်ကို ခြူး တန်းသဘောပေါက်ကာ ပြုံးဖြစ်သည်။

ခြူး အသော့ကလေး အိမ်ရှေ့ ထွက်လာလိုက်သည်။

"ဟင် . . . "

ခြူးတွေ့လိုက်ရတာ စိတ်ထဲမှ ထင်ထားနှင့်သော ဟိုကောင်လေး မဟုတ်။ စိတ်ထဲမှ မထင်ထားသော ဟိုကောင်ကြီးဟု ပြန်ပြောရင်လည်း ရင့်သီးရာကျဦးမည်။

"ကို . . . အံ့တိုး"

အံ့တိုးက မကြာခဏ အိမ်ကို လက်ဆောင်ပဏ္ဏာတွေနှင့် ပေါက်ပေါက်လာတတ်သည်။ သူ့အဖေနှင့် ခြူးဖေဖေ လူကြီးချင်း သူငယ်ချင်းဖြစ်တာကိုလည်း အားတစ်ခု ယူထားသည်။ ယခုလာပုံကတော့ ခါတိုင်း မျက်နှာပေးမျိုးနှင့် ခြားနားကာ တစ်မူထူးနေသည်ဟု ခြူးထင်သည်။

"ကိုယ် ထိုင်မယ်နော် . . . ခြူး"

မထိုင်နှင့်ဟု ပြောလို့မှမရဘဲ။ ခြူးလည်း သူ့ရှေ့ ဝင်ထိုင်လိုက်သည်။



"ဘာကိစ္စလဲ . . . ကိုအံ့တိုး၊ ကျွန်မ ရပ်ကွက်ထဲ အရက်သမားလာလုပ်ပြီး လင်းရိပ်ကို နှောင့်ယှက်မလို့လား။ အဲ့ဒါဆိုရင်တော့ အဆင်မပြေဘူးနော်။ ကိုအံ့တိုး အချိုးနဲ့ ဒီရပ်ကွက်ထဲ အရက်ဆိုင်ထိုင်ရင်တော့ ခေါင်းမှာ ချုပ်ရာအပ်ကြောင်းတွေ ထပ်ကုန်မယ်"

ဟင့်ခနဲ အံ့တိုးရယ်သည်။ လှောင်သွမ်းသွေးမှု အနည်းငယ်ပါသည်။ လက်ထဲမှ ဖိုင်တစ်ခုအရွယ် စက္ကူစာအိတ်တစ်အိတ်ကို ခြူးလက်နားသို့ ထိုးပေးကာ . . .

"ကိုယ် ကလေးကလားနည်းတွေနဲ့ အံ့တိုးမဟုတ်တော့ဘူး . . ခြူး။ ကိုယ် တချို့အရာတွေအပေါ် ကောင်းကောင်း နားလည်တတ်နေပါပြီ။ ဒါပေမဲ့ . . . ခြူး အန္တရာယ်ရှိတဲ့ အခြေအနေကိုတော့ ကိုယ် ရပ်ကြည့်မနေနိုင်ဘူး။ ကဲ . . . ကိုယ်သွားမယ်။ ခြူး အကောင်းကို ရွေးချယ်တတ်ပါစေ။ ပြီးတော့ . . . လင်းရိပ်ဆိုတဲ့ကောင်ဟာ ဘယ်လိုကောင်မျိုးလဲ ခြူး သိပါစေ"

ဘာတွေ ပြောမှန်းမသိ။ ခြူး မော့ကြည့်နေစဉ်မှာပဲ ပိုင်နိုင်သော အပြုံးမျိုး စိမ့်စိမ့်ပြုံးရင်း အံ့တိုး ထထွက်သွားသည်။ သူ ထွက်သွားမှ ခြူး စာအိတ်ကိုဖွင့်ကာ အထဲမှအရာများကို ယူကြည့်သည်။ ဓာတ်ပုံတွေ ဖြစ်နေသည်။

ဘာပုံတွေလဲဟု တစ်ပုံချင်းကြည့်တော့ ခြူး မျက်လုံးပြူးရသည်။ မျက်နှာလေး ဝမ်းနည်းစွာ ကျုံ့ကျုံ့သွားရပြန်သည်။ မေမေ့ ခြေသံကြားသည်။ ဓာတ်ပုံတွေကို အမြန်သိမ်းလိုက်သည်။

ပြီးလျှင် အခန်းထဲပြန်ဝင်ကာ အိပ်ခန်းတံခါးကို သေချာပိတ်၍ ဓာတ်ပုံတွေ ပြန်ထုတ်ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (19)

ကြက်ဥအတုတွေ ဘယ်လိုပြုလုပ်လဲဟု ကြက်ဥအစစ်ရောင်းသူ စဉ်းစားနေသည်။ ကြက်ဥအတုကို ကြက်မအစစ်ကြီးက သံယောဇဉ်ကြီးနှင့် တက်ဝပ်နေလျှင် သနားစရာကောင်းမည်။ တန်ခိုးရှင်တစ်ပါးက သနားပြီး ကြက်ဥအတုကနေ အကောင်ပေါက်ပေးခိုင်းလိုက်လျှင် ဘယ့်နှယ်လုပ်မတုံး။ ကြက်အတုလေး မွေးလာမည်မလား။ ထိုသို့ ဈေးရောင်းမကောင်းသည်နှင့် အတွေးတွေဖြစ်ချင်တိုင်း ဖြစ်နေစဉ် ဆိုင်သို့ လူနှစ်ယောက် ရောက်လာသည်။

တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြ။ ခင်းထားသော ကြက်ဥကတ်တွေထဲမှ အလုံးကြီးသော ကြက်ဥကိုရွေးရင်း တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆုံမိကြ။

ထိုအခါမှ တစ်ယောက်နှင့်တစ်ယောက် တွေ့သွားကာ . . .

"အို . . ."

"ဟင် . . ."

တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆုံမိရာက မျက်လုံးချင်းပါ ထပ်ဆုံကာ တရွှန်းရွှန်း တဝေဝေဖြစ်အောင် ငေးကြည့်နေကြတော့သည်။



တစ်ယောက်က အရပ်ရှည်လွန်းသောယောကျ်ားသား၊ တစ်ယောက်က မျက်ပေါက်ကျဉ်းကျဉ်းနှင့် လုံးကြီးပေါက်လှ တရုတ်မ။ မျက်လုံးချင်း တဖိတ်ဖိတ်လက်အောင် ဆုံနေကြသည်။ ဘာကို အားမရမှန်း မသိစွာ လက်နှင့်ထိမိထားသော ကြက်ဥကိုလည်း ဖိပြီးချေသလိုမျိုး လုပ်နေသည်။

ကြာတော့ ဒီဇာတ်ဝင်ခန်းကို ကြက်ဥသည် တင်းလာသည်။

"ဟေ့လူတွေ . . . ခင်ဗျားတို့လုပ်တာ ကြက်ဥကွဲတော့မယ်"

ဟုအော်မှ ဆုံနေသော အကြည့်ရိုင်းလေးများပြယ်ကာ အိုးအိုးအမ်းအမ်းဖြင့် ရှက်သွားကြသည်။

ထိုနံနက်ခင်းက ဈေးအပြန်လမ်းတွင် အတူလက်တွဲလျှောက်သွားသော ကိုရှည်ကြီးနှင့် အကျဲကို တွေ့လိုက်သည်ဟု ခိုင်လုံသော သတင်း ရပ်ကွက်မှ ပြောသံကြားရသည်။ အဲ . . . သူတို့ခြင်းတောင်းတွေထဲမှာတော့ ကြက်ဥတွေအပြင် ဘာမှပါမလာချေတဲ့။

• • •

"ခြူး . . . ဦးလေး ရှိလား"

ခြူး ထ၍ ထွက်သွားသည်။ လင်းရိပ် ခေါင်းကုတ်ကျန်ခဲ့သည်။ ဘာလဲဟပေါ့။

သူ့အဖေ ဘယ်မှာလဲမေးသည်ကို ဘာစိတ်မကြည် ဖြစ်သွားရသနည်း။ ခြူး သူ့ကို ကြေကြေကွဲကွဲ တစ်ချက်ကြည့်ပြီးမှ ထထွက်သွားခြင်း ဖြစ်သည်။

အန်တီလေးနှင့် ထပ်တွေ့ကာ မေးကြည့်မှ အပေါ်ထပ်တက်သွားဟု ဆိုသည်။ ဦးဘခြူးက လင်းရိပ်အသံကြားသည်နှင့် အပေါ်ထပ်တွင် တစ်ဝိုင်း အမြန်စီစဉ်ပစ်လိုက်သည်။ မှန်ဗီရိုထဲမှ အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com

အရက်ပုလင်းကြီးကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ အောက်ထပ်မှ တက်လာသော လင်းရိပ်ကိုမြင်တော့ . . .

"လာ . . . ဒီမှာထိုင်"

ဟု ဖိတ်ခေါ်သည်။

"မင်းနဲ့ တစ်ဝိုင်းသောက်တာပေါ့"

ဟု ထပ်ပြောသည်။ လင်းရိပ် ဝင်ထိုင်ရင်း သဲ့သဲ့ပြုံးသည်။

ဦးဘခြိုးက လင်းရိပ်ကို ဟိုတစ်ခါလို နှစ်ရက်လောက်ဖျားသွားအောင် တိုက်လွှတ်ရန် အကြံနှင့် အရက်ငှဲ့နေပြန်သည်။ ဖန်ခွက်နှစ်ခုလုံး အရက်ပြည့်မှ . . .

"ကဲ . . . ငါတို့ သောက်ရအောင်"

"သောက်ဆိုလည်း သောက်ရတာပေါ့။ ဒါပေမဲ့ . . . ကျွန်တော်တို့ သောက်နေစဉ် ဦးလေး ဖုန်းထမပြောရဘူး။ ဖုန်းထပြောရင်လည်း အရက်ခွက် ယူမသွားရဘူး။ နောက်ပြီး . . . ကျွန်တော် ရေအိမ်သွားနေတုန်းလည်း အများကြီး မသောက်ပစ်ရဘူးနော် . . . ဦးလေး"

ဦးဘခြိုး မျက်နှာကြီး နီမြန်းလျက် လင်းရိပ်ကို စူးစိုက်ကြည့်နေသည်။ လင်းရိပ်ကလည်း တွန့်မသွား၊ ရွံ့မသွား။ ခပ်တည်တည်ပဲ ပြန်ကြည့်နေသည်။

"မင်း ဘာတွေပြောနေတာလဲ"

"အိပ်ချင်ယောင်ဆောင်တဲ့သူကို နှိုးနေတာပါ"

"တောက် . . . "

ဦးဘခြိုး အရက်ခွက်ကို ဆောင့်ချလိုက်သည်။

ပြီးမှ . . . တရှူးရှူးနှင့် ဝက်ဖိုက်တာကြီးလို ခေါင်းကြီးငုံ့ပြီး ဒေါသထွက်နေသည်။

"မင်းကို ဒီလျှို့ဝှက်ချက် ဘယ်သူပြောတာလဲ"

"ဦးဘို"

"တောက် . . . ခွေးကောင်"

ဦးဘခြိုး ဒေါသဆက်ထွက်နေသည်။ သို့သော် . . . ကြာပါ၊ ရှက်ဖွယ်ဖွယ်ကြီး ပြုံး၍လာသည်။ လင်းရိပ် ဖြစ်နိုင်လျှင် ထိုအပြုံးကြီးကို သူ့ သူငယ်ချင်းတွေကော၊ ခြိုးကိုကောခေါ်ကာ ပြလိုက်ချင်သည်။ ဦးဘခြိုးမှာလည်း ရှက်ပြုံး ပြုံးရသည့်အခြေအနေ ရှိလိမ့်မည်ဟု ဘယ်သူမှ ထင်မိကြမည် မဟုတ်ချေ။

ဦးဘခြိုးက အေးဘိကြည့်ပြီးမှ . . .

"မင်း ဘယ်သူမှ လျှောက်မပြောနဲ့နော် . . . ဟီး . . ."

"ဒါတော့ အပေးအယူလုပ်ရမှာပေါ့ . . . ဦးရဲ့"

"အေးပါကွာ . . . ကဲ . . . ကဲ . . . ဒီတစ်ခွက်တော့ တကယ်သောက်ကြေး . . . ချီးယားစ် . . ."

"ချီးယား . . ."

ခွက်ချင်း လေထဲတိုက်လိုက်သည်။

မတော်ရသေးသည့် ယောက္ခမနှင့် မတော်ရသေးသည့်သားမက်ကို တစ်ယောက်တစ်ခွက် မော့ချလိုက်ကြတော့သည်။

⌅ ⌅ ⌅

www.burmeseclassic.com

www.burmeseclassic.com

## (20)

မျိုးမင်းသန်းနှင့် ရာဇာရှိန်းတို့ ခြူး အင်တာဗျူးတာ ဖြေနေရသည်။

"လင်းရိပ် . . . ကျောင်းမလာသေးဘူးမို့လား"

"အေး . . . သူ အိမ်ခဏပြန်ပြီးမှ ကျောင်းလာမှာတဲ့။ ဝက်စတူးနဲ့ ထွန်းကိုကတော့ အိမ်မှာပဲနေခဲ့တယ်။ အိမ်မှာပဲ စာကျက်တော့မယ်တဲ့"

"အင်း . . . ဒါနဲ့ နင်တို့ညတွေဆို ရပ်ကွက်ထဲက အရက်ဆိုင်သုံးဆိုင်မှာ အလှည့်ကျပတ်ထိုင်ပြီး အရက် ဘယ်လိုဖြတ်ရမလဲ စဉ်းစားကြတာဆို . . . ဟုတ်လား"

"ဟုတ်တယ်လေ"

"အင်း . . . ဒါဆို တချို့ညတွေမှာ လင်းရိပ် ပျောက်သွားတာမျိုး တွေ့ဖူးလား"

ခြူးမေးတာကို သူတို့ နားမလည်ကြ။ ဟယ်ရီပေါ်တာ ကိုယ်ပျောက် ဝတ်ရုံလွှမ်းလိုက်သလို 'ဖွစ်' ခနဲ ပျောက်သွားတာလားဟု မေးသကဲ့သို့ သူတို့ ထင်နေသည်။ သူတို့နားမလည်မှန်း နားလည်၍ ခြူးကပင် ပုံစံတစ်မျိုးဖြင့် ထပ်မေးရသည်။



"ဒီလိုဟာ တချို့ညတွေမှာ အလှည့်ကျတဲ့ဆိုင်ကို မသွားဘဲ လင်းရိပ် တခြားနေရာတွေကော သွားတတ်သလားလို့"

"သြော် . . . အဲ့လိုလား။ တစ်ခါတလေတော့ ရှိတာပေါ့။ အိမ်ပြန်တဲ့ညတို့၊ တခြားအကြောင်းတစ်ခုခုရှိတဲ့ ညတို့ဘာတို့နဲ့ အပြင်သွားတဲ့ ညတွေရှိတာပေါ့။ သူတင်မကဘူး၊ ငါတို့လည်း တစ်ခါတလေ ပုံမှန်အစီအစဉ်ဖျက်ပြီး အပြင်သွားတာမျိုး ရှိပါတယ်။ ကိုယ်ရေးကိုယ်တာကလည်း ရှိသေးတယ်မဟုတ်လား။ ဒီကောင်မျိုးမင်းသန်း အိမ်လာတဲ့ အခါမျိုးဆို အနားယူချင်တဲ့ တစ်ကောင်အစား သူက ဝင်တာဝန်ယူ လှုပ်ရှားပေးတာမျိုးတွေလည်း ရှိတယ်လေ"

"ဟုတ်တယ် . . . ငါလည်း အဆောင်နေကျောင်းသားမဟုတ်လို့ ဒီကောင်ငှားတဲ့ အိမ်လိုက်မနေနိုင်ပေမယ့် လင်းရိပ် အစီအစဉ်ထဲတော့ အချိန်ရတိုင်း ဝင်လှုပ်ရှားနေကျပဲ"

ခြူး သိချင်သည့်အချက်ကို တိုက်ရိုက်မရပါ။ ဝေ့ဝိုက်မေးမနေတော့ဘဲ လက်ထဲရှိဖိုင်ထဲတွင် ပိုက်လာသောဓာတ်ပုံတွေကို သူတို့နှစ်ယောက်အား ပြလိုက်ချင်နေသည်။ သို့သော် . . . မပြတော့ဟု ဆုံးဖြတ်လိုက်သည်။ မျက်နှာလေး ဟောင်းနွမ်းချည့်နဲ့စွာဖြင့် . . .

"အေးပါ . . . လင်းရိပ်လာရင်လေ ငါ ဟိုပန်းပင်လေးရှိတဲ့ ကော်ရစ်တာနားမှာ စောင့်နေတယ်လို့ ပြောပေးတာနော်"

"ဘယ်ပန်းပင်လေးရှိတဲ့ ကော်ရစ်တာတုံး"

"ဟိုဟာလို့ ပြောလိုက်တာ။ ကျောက်ပတ်တီးစည်းထားတဲ့ ပန်းပင်လေးနားလို့ ပြောလိုက် သူသိတယ်"

ပြောပြီး သူမ လှည့်ထွက်သွားခဲ့ပါသည်။

ဟိုနှစ်ယောက်မှာသာ ကျောက်ပတ်တီးစည်းထားသော ပန်းပင်ဆိုတာကို ဘာကြီးမှန်းမသိ အူကြောင်ကြောင်တွေးကာ စကားပုံမှတ်ရင်း ကျန်ခဲ့သည်။ ကျောက်ပတ်တီးက မာတယ်။ ပန်းက မွှေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခါအမွေး၊ မာမွေးတော့ မွေးမာ စသဖြင့် လျှောက်စဉ်းစားနေတုန်းပဲ။ လင်းရိပ် ရောက်လာသည်။ ဟိုကောင်တွေက ခြူးမှာထားသည့်အတိုင်း ပြောပြလိုက်တော့ လင်းရိပ် သူမရှိရာသို့ လိုက်ခဲ့လေသည်။

ပန်းပင်ကလေးတွင် အရင်တစ်ခါလိုလန်းဆွင့်သော ပန်းပွင့်ကလေးမရှိတော့။ ငိုက်ကျသေဆုံးကာ လေညှင်သားပေါက်လေးတစ်ခုက ဝင်တိုက်လျှင်ပင် ကြွေဆင်းရတော့မည့်ဟန်ရှိသည်။ အိုဟင်နရီ၏ "The Last Leaf" ထဲက နောက်ဆုံးသစ်ရွက်ကလေးကို တားချင်သလို သူမ ပန်းပွင့်လေးကိုလည်း မကြွေဖို့ တားမြစ်ချင်နေသည်။ ထိုအချိန်မှာ ဝမ်းနည်းဖို့ကောင်းစွာ ပန်းကလေး ကြွေသွားပြီ။

"ခြူး . . . ငါရောက်ပြီနော်"

အနားသို့ လင်းရိပ် ရောက်လာသည်။ ခြူးက နွမ်းအိုစွာ လှမ်းကြည့်သည်။ ခြူးပုံစံ မမှန်မှန်း ပါးနပ်သောလင်းရိပ်က တန်းသတိချပ်မိပါသည်။

"နင် ငါ့ကိုချစ်တယ်ဆိုတာ ငါ မယုံဘူး . . . လင်းရိပ်"

"ဟင် . . . ဘာလို့လဲ"

"နင့်မှာ ငါ့ကိုချစ်တဲ့စိတ်ရှိလည်း ကွယ်ရာမှာ စောင့်ထိန်းစိတ်မရှိပါဘူး။ ပြီးတော့ နင်က အရက်သမားပဲ"

"အာ . . . ငါအရက်မသောက်တာ နင်အသိပဲလေဟာ။ ဟိုတစ်ခါ နင့်အဖေ အတင်းတိုက်လို့သောက်တာ နောက်ဆုံးပဲ။ ဒီကြားထဲ အနံ့ကို မရှူဘူး"

"တကယ်လား"

"တကယ်ပေါ့ဟ"

"ဒါဆို ဒီဓာတ်ပုံတွေက ဘာတွေလဲ"

ခြူးလက်ထဲတွင် ပိုက်ထားသော ဓာတ်ပုံဖိုင်ကို လင်းရိပ်ထံ ထိုးပေးလိုက်သည်။ လင်းရိပ် ဓာတ်ပုံတွေကို ထုတ်ယူကြည့်လိုက်သည်။

"ဟင် . . . "



ဓာတ်ပုံတွေထဲမှ မြင်ကွင်းမှာ စင်တင်ဘီယာဆိုင်တစ်ခုဝင်၊ စင်ပေါ်တွင် သီချင်းဆိုနေသော ကောင်မလေးကို လူတစ်ယောက်က ပန်းကုံးတွေ အထပ်လိုက် သွားစွပ်ပေးနေပုံ၊ ပြီးတော့ ကောင်မလေးက သူ့နားလာထိုင်ပုံ၊ ထိုလူနှင့် ပခုံးဖက်သလိုလိုပြုကာ စကားတွေ ပြုံးပြုံးရွှင်ရွှင် ပြောနေသည့်ပုံတွေဖြစ်သည်။ ဓာတ်ပုံထဲရှိ အဝတ်အစားများမှာ မတူညီမှုကြောင့် တစ်နေ့တည်း ရိုက်ထားသော ဓာတ်ပုံများမဟုတ်၊ သုံးလေးရက် အဖြစ်အပျက်များပင်မက။ ဓာတ်ပုံတွေမှာ ခပ်လှမ်းလှမ်းမှ ခိုးရိုက်ထားခြင်းကြောင့် အကွက်အကွင်း မကောင်းလှ။ သို့သော် . . ဘယ်သူ ဘယ်ဝါတွေဆိုတာကိုတော့ သိသာနိုင်ပါသည်။

သိလို့ပင် ယခု လင်းရိပ်အံ့ဩမှုဖြင့် တုန်ခါသွားသည်မဟုတ်လား။

"အဲဒါ နင့်ပုံမဟုတ်လား . . . လင်းရိပ်"

"ဒီဓာတ်ပုံတွေ နင့်ကို ဘယ်သူပေးတာလဲ . . . ခြူး"

"ငါမေးတာ အရင်ဖြေ။ အဲဒီမကောင်းတဲ့မိန်းမနဲ့ အတူရှိနေတာ နင်မို့လားလို့ . . . လင်းရိပ်"

"ငါတော့ ဟုတ်တယ်။ ဒါပေမဲ့ . . . သူကတော့ မကောင်းတဲ့မိန်းမတစ်ယောက်မဟုတ်ဘူး . . . ခြူး။ နင့်စကားကို ဆင်ခြင်မှုနဲ့ ပြောပါ"

"သြော် . . . နင်က သူ့ကိုထိတာ မကြိုက်ဘူးပေါ့လေ။ ကောင်းပြီ . . . နင် သူနဲ့ပျော်ရွှင်ပါစေ။ ငါသွားတော့မယ် . . . လင်းရိပ်"

ဒီဇင်ဘာခြူး ချာခနဲလှည့်၍ ကျောခိုင်းပစ်လိုက်သည်။

အဆုံးအဖြတ် ပြင်းထန်လှသော သူမကို သူ အကြောင်းသားငေးကြည့်နေမိသည်။ လင်းရိပ် ရှင်းပြချင်ပေမယ့် ရှင်းမပြနိုင်။ ခြူးအမာနတရားဖြင့် မုန်းတီးစွာ လှည့်ထွက်သွားဟန်က သူ့ရင်ကို မီးနဲ့ထိုးရော၍ လှမ်းပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တားချင်သည့်လက်က လေထဲမှာ မတားဝံ့စွာ တန့်လန့်ကမ်းလျက်လေး . . .

သို့သော် . . . ကံကြမ္မာက သူ့ကို ကြေကွဲချိန်ပင်မပေး။ သူ့အိတ်ကပ်ထဲက ဖုန်းက အသံဝင်လာသည်။ သူ ဖုန်းကို နားရွက်နှင့်ပါးပြင်ထိကပ်၍ ကိုင်လိုက်သည်။ ဖုန်းထဲက ကြားရသော သတင်းတွေကလည်း သူ့ကို ထပ်ဆင့်ပူလောင်စေပြန်သည်။

ဖုန်းကိုပြန်ချကာ ခပ်လှမ်းလှမ်း ရောက်နေပြီဖြစ်သော ခြူးဆီ ပြေးလိုက်ရသည်။ ခြူးရှေ့ကို သူ အရဲစွန့် ပိတ်ရပ်လိုက်တော့ ခြူးက မျက်လုံးစိမ်းနှင့် နှစ်ဘက်သွားစားနက်တစ်ချောင်းလို စိုက်ကြည့်ပစ်သည်။ လင်းရိပ် မျက်လွှာချသွားကာ . . .

"ငါ မရှင်းပြနိုင်တဲ့ကိစ္စတစ်ခုအတွက် နင် မုန်းတီးနိုင်ပါတယ်။ ဒါပေမဲ့ လောလောဆယ် နင့်ကားနဲ့ ငါ့ကို ဆေးရုံအမြန်လိုက်ပို့ပေးပါ"

" . . . . . "

"ညိုမလေး ကားတိုက်မိလို့တဲ့ အခြေအနေ စိုးရိမ်ရတယ်တဲ့"

"ဟင်"

ခြူး မျက်လုံး ဝိုင်းဝန်းသွားသည်။

ခုနက ပြဿနာကို ခြူး သက်သက်ထားကာ လင်းရိပ်နှင့် ဆေးရုံ အပြေးသွားခဲ့သည်။ ဆေးရုံရှေ့ရောက်တော့ အရေးပေါ်အထူးခန်း တစ်ခုရှေ့မှာ ဝက်စတူးနှင့် ထွန်းကို ကို တွေ့သည်။ နဖူးလက်ထောက်ကာ စိတ်ပူနေဟန်နှင့် မျက်နှာတွေ ပျက်နေကြသည်။

သူတို့ဘေးမှာ တရှုံ့ရှုံ့ငိုနေသော မောင်စိုးမိန်းမ ထွေးထွေး။

"ဘယ်လိုဖြစ်တာလဲ"

"ညိုမလေး ကျောင်းမသွားဘူး။ ကျောင်းလစ်ပြီး လျှောက်သွားရင်း ကားတိုက်ခံရတာပဲ။ ကျောင်းလစ်ရတာလည်း အကြောင်းရှိမယ်"

"ဘာအကြောင်းလဲ"



"ရပ်ကွက်ထဲက ညိုမလေးနဲ့အတန်းတူ ကလေးမလေးဆီက ကြားခဲ့တာပါ။ အတန်းထဲမှာ ညိုမလေး အားကစားကြေးကောက်တာ မပေးနိုင်လို့ သူတစ်ယောက်တည်း ကျန်နေတယ်တဲ့။ ဆရာမက ခဏခဏ ဘယ်သူကျန်သေးလဲမေးပြီး မတ်တတ်ထခိုင်းရင် ထရလွန်းလို့ ရှက်ပြီး ကျောင်းမသွားရဲတာတဲ့"

"ရှစ် . . ."

လင်းရိပ် ဘယ်သူ့ကိုမုန်း ဆဲချင်သွားသည်။

ချစ်စရာကောင်းပြီး လိမ္မာ၍ ညိုမလေးကို လင်းရိပ် ချစ်ရှာသည်။ ခြူးကလည်း ဝင်ပြီး . . .

"ပြောစမ်းပါဦး . . . အခုအခြေအနေက ဘယ်လိုလဲ"

"ဆရာဝန်တွေ ထွက်လာမှ သိမှာပဲ"

ဆရာဝန်တွေတော့ ထွက်မလာသေး။ မောင်စိုးတစ်ယောက်တော့ ဆေးရုံပေါ် ကမန်းကတန်း ပြေးတက်လာတာ မြင်သည်။ ပြီးလျှင် ဘာမှ မေးစမ်းခြင်းမရှိ။ ထွေးထွေးကို ပါးအရင် ပြေးရိုက်သည်။

"သောက်ကောင်မ . . . ကလေးကို သေချာမစောင့်ရှောက်ဘူး။ ငါ့သမီး တစ်ခုခုဖြစ်လို့ကတော့ နင်အသေပဲ"

ဖြောင်းဖြောင်းနှင့် ဘယ်ပြန်ညာပြန် နှစ်ချက်ဆက်တိုက်ရိုက်ပစ်သည်။

ဆေးရုံမှ တခြားလူနာတွေ၊ နပ်စ်မတွေ ကြောင်ကြည့်ထိတ်လန့်သွားသည်။ မောင်စိုး ဆေးရုံမှာပင် စည်းမရှိစွာ သောင်းကျန်းစရိုက်ကျနေပုံ။

ထွန်းကိုနှင့် ဝက်စတူး ဆွဲကြရန် သွားဖို့ပြင်သည်။ လင်းရိပ် လက်ပြပြီး တားလိုက်သည်။

"နေ . . . နေ . . . ငါကိုယ်တိုင်သွားမယ်"

ငါ လင်းရိပ် အနားသွားလိုက်သည်။ ထွေးထွေးကို ရိုက်ပုတ်နေရာမှ မောင်စိုး ခေါင်းထောင်လာပြီး မြင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"အော် . . . မင်းပါလား"

ခွပ်ခနဲ လင်းရိပ် စထိုးပစ်သည်။

အငိုက်မို့ မောင်စိုး ချာခနဲလည်သွားသည်။ ပြီး . . . လင်းရိပ်ကပဲ ဆက်တိုက် သုံးချက်ဆက်ထိုးပစ်လိုက်သည်။ ပြီးလျှင် မောင်စိုး၏ အင်္ကျီလည်ပင်းကို ဆွဲဆောင့်ကာ မျက်နှာချင်း ကပ်လိုက်ပြီး . . .

"ညီမလေး တစ်ခုခုဖြစ်လို့ကတော့ ခင်ဗျားအသေပဲ။ ခင်ဗျား လုပ်တာ များပြီ၊ ခင်ဗျားသား ဖိုးလုံးတုန်းကလည်း ခင်ဗျားကြောင့် သေရတာဗျ။ ဒါကို ခင်ဗျား သိလား"

"ဟင် . . . "

ပါးစောင်မှ ယိုကျလာသော သွေးတွေကို သုတ်လျက် မောင်စိုး ကြောင်သွားသည်။

လင်းရိပ်က ဒေါသတကြီးအော်ဟစ်ဆဲ . . .

"ခင်ဗျား တစ်နေကုန် မူးရူးလာရုံနဲ့ အားမရဘဲ အိမ်မှာပါ ထပ်သောက်တယ်။ မိန်းမကို အမြည်းမကောင်းရင် ရိုက်တယ်။ အေး . . . ခင်ဗျားသားက သူ့အမေအရိုက်ခံရတာ မကြည့်ရက်လို့ ခင်ဗျား ညဆိုမြည်းရအောင် ရပ်ကွက်အနောက်က ရေကန်မှာ ငါးသွားမျှားမျှားနေခဲ့တာဗျ။ အဲဒါ ခင်ဗျား မသိဘူးမို့လား"

"ဗျာ"

"သူသေတဲ့နေ့က ငါးတစ်ကောင်မှ မရသေးလို့ မိုးရွာကြီးထဲ တောင် အန္တရာယ်ကြီးကြီး မျှားခဲ့တာ။ သစ်ပင်က သစ်ကိုင်းတွေ လေဒဏ် မိုးဒဏ်နဲ့အတူ ကျိုးကျပြီး သူ့ကိုထိမှန် ရေထဲပြုတ်ကျပြီး နစ်မြုပ်သေဆုံးသွားခဲ့တယ်။ အဲဒါ ခင်ဗျားကြောင့် သိလား။ ခင်ဗျားကြောင့် ခင်ဗျား မူးလာရင် ရေကန်ကြီးကို သွားဆဲနေတာ အလကားပဲ။ တကယ်က ခင်ဗျား ကိုယ့်ကိုယ်ကိုယ်ဆဲရမှာ။ ခင်ဗျားကြောင့် သေရတာ . . . ခွပ်"

ခွပ် . . . ခွပ်နှင့် လင်းရိပ် ကြမ်းတမ်းစွာ ထိုးပစ်လိုက်သည်။



လူမိုက်ရမ်းကားမောင်စိုး မရှောင်နိုင်၍မဟုတ်။ မရှောင်တော့ခြင်းသာ။ သူ့သား သေဆုံးရခြင်း အရင်းအမြစ်ကို အခုမှ သိပြီး သူ ကြက်သေ သေသွားခြင်းဖြစ်သည်။ ပြီးတော့ . . . မျက်ရည်တွေ ကမ်းပြို ကျကာ သူ ဒူးထောက်ကျသွားပါတော့သည်။

ထွန်းကိုနှင့် ဝက်စတူး လင်းရိပ်ကိုပြေးတားစဉ် ခြူးလည်း ထွေး ထွေးဆီ ပြေး၍ ထူပေးသည်။ ထိုအချိန်ပဲ အရေးပေါ်ကုသခန်းမှ ဆရာဝန်ကြီးများ ထွက်လာသည်။ အခြေအနေအနည်းငယ် ရှုပ်ထွေးနေသော လင်းရိပ်တို့ မောင်စိုးတို့ကို ဆရာဝန်ကြီးများ မြင်သွားသည်။ ခြူးက အမြန် ဆရာဝန်ကြီးရှေ့ ပြေးရပ်တော့မှ ဆရာဝန်ကြီးက ချွေးသုတ်ရင်း . . .

"ကလေးအသက်အန္တရာယ် မရှိတော့ပါဘူး စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com

## (21)

"ကြွကြွပါခင်ဗျာ . . . ကြွကြွပါ"

"ဟော့ကောင် . . . ဘခြူး။ မင်းက ရပ်ကွက်လူကြီးလေ . . . လာ . . . ဒီထိပ်ဆုံးဝိုင်းမှာ လာထိုင်"

"မိန်းမရေ . . . ဟိုဘက်ဝိုင်း လိုက်ပွဲလုပ်ပါဦး"

ဦးဘိုတို့ အထည်ဆိုင်ဖွင့်ပွဲပါ။ အုန်းနို့ခေါက်ဆွဲ ကျွေးသည်။ ဆိုင်နာမည်က ဆေးသစ်ခြယ်တဲ့။ အထည်အမျိုးမျိုးနှင့် အပ်ချုပ်ဆိုင်ပါ တွဲဖွင့်သည်။ ယခုဖွင့်ပွဲနေ့ မိတ်ဆွေအချင်းချင်း အားပေးမှုကြောင့်ပင် တော်တော်ရောင်းနေရသည်။

လင်းရိပ် မိတ်ဆက်ပေးခဲ့မှုကြောင့် ရပ်ကွက်နှင့် ခင်မင်နေပြီ ဖြစ်သော ပရဟိတအဖွဲ့မှ ဆရာဝန်၊ ဆရာဝန်မလေးများပါ ရောက်လာသည်။ လူတွေ အတော်စည်ကားလှသည်။

"လာ . . . ဒေါက်တာတို့ ဒီမှာထိုင်ပါ"

"ဒေါ်မြ . . . အဲဒီဝိုင်းမှာ မိဖြူတို့နဲ့ ထိုင်လိုက်လေ"

"အုန်းနို့ခေါက်ဆွဲ စားပြီးသူတွေ ဒီဘက်ဝိုင်းမှာ အချိုပွဲ၊ အချဉ်ပွဲ လာစားပါဦး။ ရေနွေးကြမ်း သောက်ပါဦး"



ဘီအီးရောင်းတုန်းက သုန်မှုန်နေသည့် ဦးဘို ယနေ့မှာတော့ အထူးရွှင်ပျနေ၍ နေသည်။

ကြက်သားနိုင်းချင်းနှင့် ချက်ထားသော အုန်းနို့ခေါက်ဆွဲကို စေတနာ ဖောဖောသီသီနှင့် တည်ခင်းကျွေးနေသည်။ ရပ်ကွက်သားတွေ ကလည်း အားမနာတမ်း စားကြပါသည်။ တော်တော်နှင့်ပင် ထမပြန် ကြ။ အလှူကြီးတစ်ခုလိုပင် ဖြစ်နေသည်။

ဦးဘိုက စားနေသည့်လူများကို ပီတိဇောအဟုန်နှင့်ကြည့်ရင်း က ချောင်းဟန့်လိုက်သည်။

"ရပ်ကွက်ထဲက မိတ်ဆွေအပေါင်းတို့ခင်ဗျာ။ ကျွန်တော့်ဆိုင် ဖွင့်ပွဲအတွက် ကျွန်တော် စကားနည်းနည်း ပြောပါရစေခင်ဗျာ"

" . . . . . . "

စားသောက်သူများအသံတိတ်၍ ဦးဘိုထံ လှမ်းကြည့်ကြသည်။ ဆက်ပြီး ဦးဘိုက . . .

"ကျွန်တော် အရင်က အရက်ပုန်းဆိုင်လေး ရောင်းသူဆိုတာ အားလုံးသိပါတယ်။ ကျွန်တော် အဲ့ဒီလိုအလုပ်ကို မနှစ်မြို့ခဲ့ပါဘူး။ ဝမ်းရေးအတွက် ကြိတ်မှိတ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ . . . ဒီနေ့မှာတော့ ကျွန်တော် အဲဒီကြိတ်မှိတ်မှုကို ဖောက်ထွက်ပြီး တခြားအသက်မွေးမှု တစ်ခုကို အရဲစွန့် ပြောင်းလဲခဲ့ပါပြီ။ အောင်မြင်သည်ဖြစ်စေ၊ မအောင် မြင်သည်ဖြစ်စေ မကောင်းတဲ့ အရက်ရောင်းသမားဘဝက ရုန်းထွက်နိုင်ခဲ့ ပြီဖြစ်တဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာတယ်။ ကျွန်တော့်ကြောင့် ရပ်ကွက်ထဲမှာ အရက်ဆိုင်တစ်ဆိုင် လျော့သွားတဲ့အတွက်လည်း ဂုဏ်ယူ ကြောင်း ပြောလို ပါတယ်။ ဒါပါပဲဗျာ . . ."

"ဟေး . . ."

ဦးဘို၏စကားကို သဘောကျစွာ လက်ခုပ်တီးကြသည်။

ဦးဘို စကားဆုံးဆုံးချင်း ပေါက်ခနဲ သစ်ကုလားအုပ်ဖို ထရပ် လိုက်သူက ကိုရှည်ကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော်လည်း တစ်ခုပြောချင်ပါတယ် ခင်ဗျာ။ ကျွန်တော်ဟာလည်း အရက်သမားတစ်ယောက်ပါ။ ဦးဘိုဆိုင်မှာတော့ မသောက်ဖြစ်ခဲ့ပါဘူး။ ရမ်ဆိုင်တစ်ခုထဲမှာပဲ သောက်တာပါ။ ဒါကလည်း ရမ်ကို အရမ်းကြိုက်လို့ရယ်။ အခု ကျွန်တော့်ဘေးမှာထိုင်နေတဲ့ အကျဲလေးကို ချစ်လို့ရယ်ကြောင့်ပါ”

အကျဲ ခေါင်းလေး လျှိုငုံ့သွားသည်။ လူတွေ ပြုံးစေ့စေ့ဖြစ်သွားသည်။

“အခုဆို ကျွန်တော်တို့ ချစ်သူဘဝကို ရောက်ခဲ့ပြီ။ မကြာခင်လည်း ရှေ့ဆက်ပြီး ဘဝကို အတူလျှောက်လှမ်းတော့မှာပါ။ ဒါပေမဲ့ -- ကျွန်တော်တို့ တိုင်ပင်ပြီးပါပြီ။ ကျွန်တော်တို့ အရက်ရောင်းမစားတော့ပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း မသောက်တော့ပါဘူး။ အဲဒီအကြောင်းလေးကို ဒီမှာလူစုံတုန်း ကြေညာပါရစေဗျာ”

“ဟေး . . .”

ကိုရှည်ကြီးစကားကိုလည်း သဘောကျသွားကာ လက်ခုပ်တီးကြပြန်သည်။ ဘာရယ်ကြောင့်မသိ၊ လူတွေ တော်တော်ပျော်လာကြသည်။ ထိုအချိန်ပဲ ရပ်ကွက်လူကြီး ဦးဘချိုကလည်း ထရပ်လာသည်။

“ကျုပ်လည်း ပြောဦးမယ်၊ ကျုပ်ဟာ ရပ်ကွက်တာဝန်တွေကို အတတ်နိုင်ဆုံး၊ အကောင်းဆုံး လုပ်ဆောင်နေတာကို အားလုံးအသိပါပဲ။ တာဝန်ချိန်တွေမှာ စည်းကမ်းတကျ၊ နည်းလမ်းတကျနဲ့ အုပ်ချုပ်စီမံခဲ့ပါတယ်။ ဒါပေမဲ့ . . . ညနေဘက်မှာတော့ စိတ်ပေါ့ကိုယ်ပေါ့ ဖြစ်သွားအောင် ဘီယာဆိုင်လေးမှာ သွားထိုင်တတ်ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကမ္ဘာ့အရေး၊ နိုင်ငံအရေးလေးတွေ အမြင်ဖလှယ်ရင်း တစ်ခွက်တစ်ဖလား မကြာခဏ မော့တတ်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ မသင့်တော်ဘူးဆိုတာ ကျုပ်လည်း အခုသိလာပါပြီ။ ဒါကြောင့် နောက်ဆိုကျုပ်လည်း လုံးဝမသောက်တော့ဘူးလို့ ရပ်ကွက်လူကြီးတစ်ယောက်



အနေနဲ့ကော ရပ်ကွက်သားတစ်ယောက်အနေနဲ့ပါ အားလုံးရှေ့ ကြေညာအပ်ပါတယ်ခင်ဗျာ”

“ဟေး . . . ငါတို့ ရပ်ကွက်လူကြီးကွ”

“ဟေး . . .”

လက်ခုပ်သံတွေ ညံပြန်သည်။ ဦးဘချို မိန့်မိန့်ကြီးပြုံးကာ ပြန်ထိုင်သွားသည်။ သို့သော် . . . လက်ခုပ်သံတွေက အရှိန်ကောင်းထဲမှာ ရုတ်တရက် ပြတ်တောင်းပြတ်တောင်းဖြစ်သွားသည်။ ညဉ့်ခံကျွေးမွေးပွဲထဲ လူတစ်ယောက်ဝင်လာသောကြောင့် ဖြစ်သည်။ လူတစ်ယောက်ဆိုသော်လည်း လက်ထဲတွင် ကလေးတစ်ယောက်ကို ချီထားပါသေးသည်။

“မောင်စိုး”

ဟု တစ်ခုသောနှုတ်မှ စတင်ရေရွတ်လိုက်ရာ ရေရွတ်သံတွေ ညံသွားသည်။ ဦးဘိုက မထင်မှတ်ထားသော မောင်စိုးကိုမြင်တော့ လန့်သွားသည်။

“မောင်စိုး . . . ငါ . . . ငါ အရက်မရောင်းတော့ဘူး။ မင်းဆီက အရက်ကြွေးတွေလည်း မတောင်းတော့ပါဘူးကွ။ ပြန်ပါတော့။ ဒီဝိုင်းမှာတော့ လာမနှောင့်ယှက်ပါနဲ့တော့”

ဦးဘိုက ထိတ်လန့်ထစ်ငေါ့စွာ ပြောတော့ မောင်စိုး ခြေလှမ်းရပ်သွားသည်။

ချီထားသည့် သူ့သမီးညိုမကို အောက်သို့ အသာချသည်။ ပြီးတော့ . . . လူအုပ်ကို ကြည့်ပြီး . . .

“ကျွန်တော်က တောင်းပန်မလို့လာတာပါ . . . ဦးဘို။ ကျွန်တော် ဒီနှစ်တွေအတွင်း မူးရူးရမ်းကားခဲ့တာတွေအတွက် အားလုံးကို အနူးအညွတ် လာတောင်းပန်တာပါ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com

ကျားသားမိုးကြိုးထက်ပင် ကျားသားမိုးကြိုးသည်။ လူအုပ်ကြီးက သူ့ကို အံ့ဩတကြီးကြည့်နေသည်။ မောင်စိုးထိုင်ချကာ အရပ်ရှစ်မျက်နှာလုံးကို ကုန်းကန်တော့တော့ အားလုံး နေရခက်ကုန်ကြသည်။ ပြီးမှ ပြန်ထကာ . . .

"ကျွန်တော် တောင်းပန်တာကို လက်ခံပေးဖို့ မျှော်လင့်ပါတယ် ခင်ဗျာ။ ကျွန်တော် ရပ်ကွက်သူ ရပ်ကွက်သားကောင်းတစ်ယောက် ဖြစ်စေရမယ်။ ကလေးတွေအတွက် အဖေကောင်း၊ မယားအတွက် လင်ကောင်း ဖြစ်စေရပါမယ်ဗျာ။ အရက် လုံးဝမသောက်တော့ဘူးလို့ ကျွန်တော် အားလုံးရှေ့မှာ ကတိပေးပါတယ်ဗျာ"

"ဟေး . . ."

"ဟေး . . ."

သည်တစ်ခါ လက်ခုပ်သံတွေက အညံဆုံး ဖြစ်သွားသည်။ လက်ခုပ်သံတွေကြားမှာ မောင်စိုးက သူ့သမီးလေးကို အရက်တွေ ပေမနေသော နှုတ်ခမ်းနှင့် နမ်းရှုပ်လိုက်သေးသည်။

ချက်ချင်းပဲ တခြား အရက်သမားတစ်ယောက်ကလည်း ထ ကာ . . .

"ခင်ဗျားတို့တွေတောင် မသောက်မှတော့ ကျုပ်ကလည်း အကြောမခံနိုင်ပါဘူးဗျာ။ ကျုပ်လည်း မသောက်တော့ဘူးလို့ ဒီနေရာကနေ ပြောတယ်ဗျာ"

ထိုလူထိုင်တော့ နောက်အရက်သမားတစ်ယောက်က ဖျပ်ခနဲ ထကာ . . .

"ကျုပ်ကောပဲဗျ . . . တုံးတိမဖြတ်နိုင်ရင်တောင် တဖြည်းဖြည်းချင်း ဖြတ်သွားမယ်လို့ အားလုံးကို ကတိပေးတယ်ဗျာ"

"ကျုပ်လည်း မသောက်တော့ဘူးဗျို့။ အခုက စဖြတ်ပြီ"

"ကျုပ်ကောပဲဗျာ ဖြတ်ချင်နေတာ ကြာပြီ ဖြတ်မယ်"



"ကျုပ်ကတော့ သေချာအောင် ဆေးရုံတက်ဖြတ်မယ်ဗျား ကျွန်တော့်ကို ဆေးရုံတက်ဖြတ်ဖို့ ကူညီပေးကြပါ"

"စိတ်ချပါ . . . ကျွန်မတို့ ဆရာဝန်တွေ ရှိပါတယ်ရှင့်"

ထိုသို့နှင့် တစ်ယောက်ပြီးတစ်ယောက်ထရပ်ကာ ကတိပေးကုန်ကြသည်။ အားလုံးအတွက် ပွဲတော်ကြီးတစ်ခု နွှဲပျော်နေရသလို ရင်ထဲ ပျော်စရာတွေ အချင်းချင်း ဝင်တိုက်နေတော့သည်။

အားလုံးပြီးမှ ဦးဘိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း လူအုပ်ထဲ အကဲခတ်ကာ . . .

"နေပါဦး . . . ဒါနဲ့ ငါတို့ ဒီလိုဖြစ်စေဖို့ အစီကပြောင်းလဲပေးတဲ့ လင်းရိပ်ကို မတွေ့မိပါလားကွ။ ဟင် . . . ရာဇာရှိန်း မင်းတို့ကောင်ကော"

"ဟင် . . ."

"ဟုတ်သားပဲ . . . အစီကကို မေ့နေတာ။ လင်းရိပ်ကော"

ဦးဘိုက ရာဇာရှိန်းတို့စားပွဲဝိုင်းသို့ လှမ်းကြည့်သည်။ ရာဇာရှိန်းတို့လည်း သူ့ကောင် ဘယ်ပျောက်နေမှန်း မသိချေ။ မတွေ့တာ၊ ရှာမရတာ သုံးရက်လောက် ရှိပြီ။ ထို့ကြောင့် ရာဇာရှိန်းတို့က ခြူးတို့စားပွဲဝိုင်းသို့သာ လှမ်းကြည့်သည်။ တစ်ဝိုင်းတည်းထိုင်နေသော ခက်ခက်၊ နွယ်တာနှင့် မိုးပန်ကပါ ခြူးကိုကြည့်ပြန်သည်။ ထို့ကြောင့် . . . အားလုံးသော မျက်လုံးတွေ ခြူးဆီ ရောက်ကုန်သလို ဖြစ်လာသည်။

ခြူးမျက်နှာ ဘယ်နားထားရမှန်းမသိ။

လင်းရိပ် ပျောက်ဆုံးမှုအတွက် မိမိကပဲ တရားခံလိုဖြစ်နေသည်။ လင်းရိပ် တစ်ရပ်ကွက်လုံး၏ ကျေးဇူးရှင်ဖြစ်နေသည့်အချိန်မှ သူ့ကို ပျောက်ဆုံးအောင်လုပ်သူအဖြစ် ခြူးက ဗီလိန်ဖြစ်တော့မည်။ ငြိမ် နေရခက်စွာ ခေါင်းငုံ့နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (22)

ခြူး ကန်တင်းမှာ ထိုင်နေသည်။

စိတ်မကြည်သလို ဖြစ်နေ၍ သူငယ်ချင်းတွေနှင့်အတူ အတန်းလိုက်မတက်ဖြစ်။ သူမ စိတ်မကြည်တာ သမ္မတကြီးနှင့် မဆိုင်ချေ။ သို့သော် . . . လင်းရိပ်နှင့်တော့ ဆိုင်သည်။ လင်းရိပ်မှာ သူမအတွက် ရှင်းပြစရာ တစ်ခုခုတော့ ရှိရဦးမည်။ ထိုသို့ သူမ ထင်သည်။

"သမီး . . . ဒီဇင်ဘာခြူး"

"ဟာ . . . ဆရာသက်တင် . . . ဆရာထိုင်ပါ"

ဆရာသက်တင် ဝင်ထိုင်သည်။ အမြဲတမ်း ဝမ်းနည်းသယောင် မျက်လုံးများဖြင့် ဖွဲ့စည်းထားသော ဆရာ့မျက်နှာမှာ ဒီနေ့ ရွှင်ပျနေဟန် ရှိသည်။

"ဆရာ သမီးကို ဆရာ့ဘဝအကြောင်းတချို့ ပြောပြချင်လို့ပါ သမီး"

"ရှင်"

"ဆရာပြောတာကိုပဲ ငြိမ်နားထောင်ပေးပါ သမီး"



နားမလည်စွာ ဆရာသက်တင်ကို ခြူးကြည့်မိသည်။ ဆရာက မျက်မှန်ချွတ်၍ စားပွဲပေါ်တင်ပြီးမှ . . .

"ဆရာ့အဖေက အရက်သမား၊ အသည်းကျွမ်းပြီး သေတာ။ ဒီတော့ အမေက နောက်ယောကျ်ားယူတယ်၊ အမေကပဲ ကံဆိုးတာလားတော့ မသိဘူး။ နောက်ယောကျ်ားကလည်း အရက်သမားပဲ။ သူက အဖေ့ထက်တောင် ပိုသောက် ပိုရိုင်းသေးတယ်။

အဲဒီတုန်းက ဆရာတို့က ဆင်းရဲခဲ့တယ်။ အဟင်း . . . အခုလည်း မချမ်းသာပါဘူး။ ဆရာ ချမ်းသာမလားအတွေးနဲ့ မော်ထဲ ရွှေသွားလုပ်ခဲ့တယ်။ အဲဒီအချိန် အမေနဲ့ အသက်(၁၅) နှစ်လောက်ရှိဦးမယ့် ညီမလေးက အိမ်မှာကျန်ခဲ့တယ်။ တစ်ညမှာ ဆရာ့ပထွေးဟာ မူးရူးပြီး ဆရာ့ရဲ့ညီမကို လူပဆန်တဲ့ပြုကျင့်မှုပြုလုပ်ဖို့ ကြိုးစားခဲ့တယ်။ ညီမလေးက ကြိုးစားရုန်းကန် ထွက်ပြေးနိုင်ခဲ့လို့ပေါ့။ ဒါပေမဲ့ . . . ညီမလေးဟာ စိတ်နာသွားတယ်။ အမေ့ကိုကော၊ ဆရာ့ကိုကောပေါ့။ ညီမလေး အိမ်က ဆင်းသွားခဲ့တယ်။ (၁၅)နှစ်အရွယ်ကောင်မလေး အိမ်ကဆင်းသွားခဲ့တယ် . . . သမီးရယ်။ အမေလည်း ပထွေးနဲ့ကွဲပြီး အိမ်မှာ ရောဂါသည်အဖြစ် ကျန်ခဲ့တယ်။ ဆရာ မော်ထဲကပြန်လာတော့ အမေ့အသက်မီရုံပဲ မီခဲ့ပါတယ်။ အမေက ညီမလေးကို တောင်းပန်ကြောင်းနဲ့ စောင့်ရှောက်ဖို့တွေ ပြောခဲ့တယ်"

"သြော် . . . ဆရာရယ်"

ဘာကြောင့် ဒါတွေ လာပြောနေမှန်းမသိပေမယ့် ခြူး ကရုဏာသက်မိပါသည်။

"အမေဆုံးတာနဲ့ ဆရာ ကျောင်းပြန်တက်တယ်။ ညီမလေးကို ရှာတယ်။ နေရာအနှံ့ ရှာတယ်။ နောက်ဆုံး ဆရာ ညီမလေးကို ရှာတွေ့ခဲ့ပါတယ်။ ညီမလေးဟာ ဘီယာဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေတယ်။ သီချင်းဆိုတယ်၊ ကတယ်၊ မော်ဒယ်လျှောက်တယ် စသဖြင့်ပေါ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

လိုင်းထဲ ကျင်လည်နေခဲ့ပြီလေ။ ဒါပေမဲ့ . . . ဆရာသွားတွေ့တော့ သူက ဆရာ့ကို စိတ်နာနေပြီလေ။ သူ့ကို ဂရုမစိုက်ဘဲ ထားခဲ့လို့တဲ့။ အတွေ့မခံခဲ့ဘူး။ ဆရာထောက်ပံ့တဲ့ ငွေကြေးကိုလည်း လွှင့်ပစ်တယ်။ ဆရာသွားတွေ့တာနဲ့ သူ အဲဒီဆိုင်မှာ မလုပ်တော့ဘူး။ တခြားဆိုင်တစ်ခုမှာ ပြောင်းလုပ်ပြီး ဆရာ့ကို ရှောင်တယ်။ ဒါကြောင့် ဆရာ ဆရာ့ညီမလေးကို ပေါ်ပေါ်ထင်ထင် မတွေ့ရဲတော့ဘူး"

"သူ တော်တော်စိတ်နာသွားတာပဲနော်"

"ဟုတ်တယ် . . . ဆရာ အရမ်းရင်နာတာပဲ။ ကိုယ့်ညီမလေး ဒီလိုအခြေအနေ ရောက်နေတာကို သိပ်စိတ်ထိခိုက်တယ်။ ဒါကြောင့် ကိုယ်ကိုယ်တိုင် သွားတွေ့ခွင့်မရတော့ တခြား ရိုးသားစိတ်ချရတဲ့ လူတစ်ယောက်ကို အစားထိုးပြီး ညီမလေးကို ထောက်ပံ့ကြည့်ရှုခိုင်းရတယ်။ အဲဒီလူ နေရာအတွက်တော့ ဆရာ လင်းရိပ်ကို အကူအညီတောင်းခဲ့ရတယ်လေ"

"ရှင် . . ."

"ဟုတ်တယ် . . . ဆရာ လူရွေးမှန်ခဲ့တယ်။ လင်းရိပ်က ဆရာ့အတွက် အကောင်းဆုံး ကြိုးစားပေးတယ်။ မောင်နှမနှစ်ယောက်အကြား ဖြည်းဖြည်းချင်း စေ့စပ်ပေးခဲ့တယ်။ ဒါကြောင့် . . . အခုဆို ညီမလေးက ဆရာ့ကို နားလည်သွားပါပြီ။ ဟော . . . ဟိုမှာ ပြောရင်းဆိုရင်း ညီမလေးတောင် လာနေပြီ"

ခြူး လှည့်ကြည့်လိုက်သည်။ ပြင်ဆင်ထား၍ ပိုလှနေသလို မပြင်ဆင်ထားလျှင်လည်း ချေးယူရနိုင်သော ရုပ်သွင်နှင့် မိန်းကလေး တစ်ဦး လျှောက်လာသည်ကို တွေ့လိုက်ရသည်။ အနားရောက်တော့ ခြူးကို ခေါင်းညိတ်အရိုအသေပြုပြီးမှ ထိုင်သည်။

"ကိုကို . . . ဒါ ကိုလင်းရိပ်ရဲ့ ကောင်မလေးဆိုတာလား"

"ဟုတ်တယ် . . . ညီမလေး၊ ဒီဇင်ဘာခြူးဆိုတာလေ"

ခြူး အူကြောင်ကြောင်ဖြစ်လျက် ခေါင်းညိတ်ပြသည်။ ထိုမိန်းကလေးက . . .

"ညီမနာမည်က သက်ဝေပါ။ ကိုလင်းရိပ်က ကိုကို့အကူအညီတောင်းမှုနဲ့ ညီမလေးကို ထောက်ပံ့စောင့်ရှောက်နေတာပါ။ မမက ညီမလေးနဲ့ ကိုလင်းရိပ်ရဲ့ ဓာတ်ပုံတွေကိုတွေ့ပြီး အထင်လွဲနေတာဆို။ ကိုလင်းရိပ်က တကယ့်ရှားပါး လူကောင်းပါ။ ဒါကို ဘယ်မသမာသူတွေက ဓာတ်ပုံချောင်းရိုက်ပြီး အကောက်ကြံသလဲမသိဘူး။ မမခြူး သက်ဝေပြောတာယုံပါ။ ကိုလင်းရိပ်က တကယ့်ကို စင်ကြယ်တဲ့လူပါ"

"အင်း . . . အဟင်း"

ခြူး အခြေအနေတွေကြားထဲက မမြင်နိုင်မိတဲ့ အရာတွေအပေါ် နားလည်သွားပါပြီ။ သူမ လင်းရိပ်ကို အထင်လွဲမိသည်ပေါ့။ လင်းရိပ် သူမ ထင်သလိုမဟုတ်မှန်း ရှင်းလင်းစွာ သိလိုက်ရသဖြင့်လည်း ရင်ထဲ အပျော်တွေ ပြန်ရောက်လာသည်။

"မမက ကိုလင်းရိပ်နဲ့ တကယ်လိုက်ဖက်သူပါ . . . မမရဲ့"

"အို . . . ညီမကလည်း"

ခြူး ရှက်ပါသည်။ သို့သော် ကြည်လည်းနူး၏။ ထိုအချိန် ကန်တင်းထဲသို့ မိုးပန် အပြေးရောက်လာသည်။

"ခြူး . . . ခြူး လင်းရိပ် ရပ်ကွက်ထဲက အိမ်ဆီပြန်ရောက်လာပြီတဲ့"

"ဟုတ်လား . . . ဒါဆိုသွားမယ်"

"အံမာ . . . ကြည့်စမ်းမိန်းမ။ ဣန္ဒြေတောင် မဆယ်ဘူး"

"လင်းရိပ်ကို သွားတွေ့မလို့မဟုတ်ဘူး။ အံ့တိုးဆီသွားမလို့"

"ဘာလုပ်ဖို့လဲဟ"

"အဲဒီလူပေါ့ . . . လင်းရိပ်ကို အထင်လွဲအောင် ဓာတ်ပုံတွေ လာပို့ခဲ့တာလေ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . အံ့တိုးဆိုတာ ကိုလင်းရိပ်ကို လုပ်ကြံတဲ့လူ . . . ဟုတ်လား"

သက်ဝေ ကြားဖြတ်ဝင်မေးခြင်းဖြစ်သည်။

"အင်း"

"ဒါဆို သက်ဝေလည်း လိုက်မယ်မမ။ သက်ဝေ အဲဒီကောင်ကို နားရင်းအုပ်ချင်တယ်"

"အင်း . . . အုပ်။ ဒူးခေါင်းလည်း ခြေနဲ့ကန်ပစ်မယ်"

"ငါက ဆံပင်ဆောင့်ဆွဲမယ်"

"သူမတို့သုံးယောက် တက်ညီလက်ညီ ထွက်သွားကြသည်။ အံ့တိုးတော့ ဒီအချိန် ခလုတ်တိုက်နေတော့မည်။

ဆရာသက်တင်ကတော့ ရယ်မောရင်း ကျန်နေရှာခဲ့။



## (23)

"မောင်စိုးရဲ့သားလေး ဖိုးလုံးအကြောင်းကိုတော့ ရပ်ကွက်ထဲက သူ့သူငယ်ချင်းတွေဆီက သိတာပဲ။ အဲ့ဒါနဲ့ ငါ ဆက်စုံစမ်းကြည့်တော့ အရင်းအမြစ်က အဲဒီလို ဝမ်းနည်းစရာဇာတ်လမ်းတစ်ခုဖြစ်နေမှန်း သိရတော့တယ်"

"ဒါပေမဲ့ . . . အခုမောင်စိုးက လိမ္မာသွားပြီကွ။ ဦးဘိုပွဲမှာ မင်းမရှိလို့ သူ လူတွေအားလုံးကို ထိုင်ကန်တော့ တောင်းပန်သွားတာ"

"အဲ့ဒါ ထားပါ။ ဦးဘခြူးကိုက မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"အင်း . . . ဦးဘခြူးကိုက ဦးဘို ဖော်ပေးလို့ပေါ့ကွ။ ဦးဘခြူးက တကယ်တမ်း အရက်မသောက်တတ်ဘူး။ ဒါပေမဲ့ . . . သူငယ်ငယ်က ခြူးအမေကိုလိုက်တော့ ဗေဒင်က ဟောတယ်။ ခြူးအမေက ခပ်ဆိုးဆိုး ခပ်ဟော့ဟော့ ကောင်လေးမျိုးကိုမှ ကြိုက်မှာတဲ့။ ဒါကြောင့် ဦးဘခြူးက အရက်သမားပုံစံဖမ်းပြီး ခြူးအမေကို ပိုးပန်းတာ။ ဗေဒင်ကဟော မှန်တာလား၊ ခြူးအမေကပဲ သူ့ကို တကယ်ကြိုက်တာလားတော့ မသိဘူး သူတို့ နှစ်ယောက်ဖြစ်သွားရော။ ပြီးတော့ အိမ်ထောင်ကျတဲ့အထိလည်း



www.burmeseclassic.com

www.burmeseclassic.com

ဦးဘချိုးက အရက်မူးဟန်ဆောင်ရင် ချိုးအမေက ပိုဂရုစိုက်တတ်၊ ပိုယုယတတ်တယ်တဲ့။ ဦးဘချိုးက ဒါကြောင့် ဒီအရွယ်အထိ သောက်တတ်ချင်ယောင် ဟန်ဆောင်နေတာလေ"

"အော် . . ."

"နောက်ပြီး ငယ်ငယ်က သူငယ်ချင်းတွေကြားထဲ အရက်ပိုသောက်နိုင်တဲ့ကောင်ကို လေးစားတာ၊ လူငယ်စိတ်နဲ့ ဘာမှမဟုတ်တဲ ဟေးလားဝါးလားနဲ့ ဖိုက်တာဆန်တယ်ဆိုပြီး ကြွေတာမျိုးတွေ ရှိတယ်လေ။ အေး . . . ဦးဘချိုးက ငယ်ငယ်တုန်းက အဲ့လိုဂုဏ်မျိုးကိုက မက်သေးတာတဲ့လေ။ မသောက်တတ်ဘဲ သောက်တတ်သလို လုပ်ပြီး လူလစ်ရင် ခွက်သွန်တာတို့၊ သောက်ရင် တစ်နေရာတည်း ထိုင်မသောက်ဘဲ ခွက်ကြီး ဟိုကိုင်ဒီကိုင် ကိုင်သွားပြီး တဖြည်းဖြည်း သွန်ချတာတို့ လုပ်တာတဲ့။ အခုဆို ပိုဆိုး၊ ဖုန်းဆက်သလိုလို ဘာလိုလိုနဲ့ ခဏခဏ ထလျှောက်ပြီး ကြုံတဲ့နေရာ အရက်ကို သွန်ပစ်တယ်လေ။ ငါနဲ့ သောက်တုန်းကလည်း အဲ့လိုပဲ။ ငါ ခဏအိမ်သာသွားတုန်း ပုလင်းတစ်ဝက် ကျိုးသွားတာလေ။ ဟင်း . . . ငါက အထင်ကြီးလိုက်ရတာ အလကားပဲ"

"အဟား . . . ဦးဘချိုးက ရုပ်တည်ကြီးနဲ့ဟော့"

"အေး . . . အဲဒီရုပ်တည်ကြီးအကြောင်းကို ငယ်ပေါင်းဖြစ်တဲ့ ဦးဘိုက သိလို့ ငါ့ကိုပြောပြတယ်။ ငါလည်း သူ့လျှို့ဝှက်ချက်တွေကို သိတော့ ဖော်ထုတ်လိုက်ရမလား၊ ကိုယ်တိုင် အရက်ပြတ်တဲ့ပုံစံလုပ်ပြီး အေးဆေးနေမလားဆိုပြီး အပေးအယူလုပ်တာပေါ့။ ဒီတော့ မသောက်တတ်ဘဲ သောက်တတ်ချင်ယောင် ဆောင်မယ့်အစား နဂိုကတည်းက မသောက်တဲ့အရက်ကို အရက်ဖြတ်တယ်လို့ နာမည်ကောင်းခံလိုက်တာ အပုံကြီးသာတယ်မို့လား။ အဲ့ဒါကြောင့် ဦးဘိုပွဲမှာ ငါ့ကိုကြောက်ပြီး အရက်ဖြတ်မယ်လို့ ကြေညာလိုက်တာပေါ့ကွာ"

"ဟာကွာ . . . အဖြစ်တွေကလည်း"

"ဟူး . . . ဖြစ်ရမယ်ဟော့"

"ဘာပဲဖြစ်ဖြစ် သူတို့လိုအကြီးပိုင်းတွေ ပြတ်သွားတော့ ကျန်တဲ့ အရက်သမားတွေလည်း တစ်ယောက်ပြီးတစ်ယောက် အရက်ဖြတ်မယ် ဖြစ်ကုန်ကြတာပဲကွာ"

"ရပ်ကွက်ထဲလည်း ဟိုဘီယာဆိုင်တစ်ဆိုင်ပဲ ကျန်တော့တယ်ကွ။ အဲဒီဆိုင်တောင် လူမစည်တာ သုံးလေးရက်ရှိတော့ စိတ်ဓာတ်ကျနေပုံရတယ်"

"ဟဲ . . . ဟဲ . . . ဒီလိုပဲဖြစ်ရမှာပေါ့။ လင်းရိပ်လုပ်ရင် ပုလင်းတွေကို အကုန်လုံး ပိတ်ရမှာပေါ့ . . . ဟဲ ဟဲ"

လင်းရိပ် သူ့ရွာက ဘကြီးဘုန်းကြီးဆီ သွားနေရာမှ အခုပြန်လာခြင်းဖြစ်သည်။ စိတ်ညစ်ရင် လင်းရိပ် သွားနေကျနေရာပဲ။ ဒီတစ်ခေါက် ဆင်စခန်းမှာလည်း ဆင်တွေကို အရက်တိုက်မကြည့်ခဲ့ရ။ ဆင်ကိုတိုက်မည့်အရက်ကို ဆင်ဦးစီးက ခိုးသောက်သွားခြင်းကြောင့် ဖြစ်သည်။

ရာဇာရှိန်း၊ မျိုးမင်းသန်း၊ ဝက်စတူးတို့ မေးမြန်းမှုကို လင်းရိပ်က ရှင်းပြနေသည်။ ရပ်ကွက်ထဲ အရက်သမားမရှိသလောက် ဖြစ်သွားပြီမို့ "No Drinking Zone" ဟု သတ်မှတ်ရနိုင်ပြီလားတောင်မသိ။ လောလောဆယ် သိတာတော့ . . .

"ငါ အခု ချိုးဆီက အဖြေသွားတောင်းလို့ ရလောက်ပြီထင်တယ်နော်"

ဒီလို သူ့ကောင်တွေကို အားကိုးတကြီး တိုင်ပင်နေတုန်း ရပ်ကွက်ထဲ လျှောက်သွားနေသော ထွန်းကို အပြေးတစ်ပိုင်း ပြန်လာသည်။

"ဟာ . . . ဟော့ကောင် . . . လင်းရိပ်၊ မင်း ပြန်ရောက်နေပြီလား"

"အေး . . . "

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ကျွတ် နည်းနည်းပဲ လွဲသွားတာကွာ။ အခု အဖွဲ့နှစ်ဖွဲ့ ကွဲသွားပြီပဲ"

အလောတကြီးနှင့် ဘာတွေ လာပြောနေမှန်းမသိ။ ရွာထဲ ခေါပြဝင်သည်ဆိုသည့်အသံနှင့် လာပြောနေသော ထွန်းကိုကို သူတို့ ပြုံးကြည့်ကြသည်။

"ဘာတွေပြောနေတာလဲ"

"နက်ဖြန်ခါ ဦးဘချို အသက်(၆၀)ပြည့် ဒင်နာရှိတယ်။ တစ်ရပ်ကွက်လုံးကို ဖိတ်မှာ။ အဲဒီအတွက် ဦးဘချိုက ဘာတွေစားသောက်ချင်လဲလို့ ရပ်ကွက်ထဲက လူတွေကို ခေါ်မေးတာ။ တချို့သူတွေက သူတို့တစ်သက်လုံး အရက်ကို စွန့်လွှတ်တော့မှာဆိုတော့ နက်ဖြန်ည နောက်ဆုံးအရက်သောက်သင့်ကြောင်း ပြောလာတယ်"

"ဟာ . . . ဒါ နောက်ကြောင်းပြန်ချင်တဲ့ အဖွဲ့ပဲ"

"အေး . . . တချို့သူတွေကလည်း အဲ့လိုပဲ ပြောတယ်လေ။ ဒါပေမဲ့ . . . လူဦးရေတစ်ဝက်လောက်က အရက်မဖြတ်ခင် နောက်ဆုံးတစ်ခေါက်အဖြစ် နှုတ်ဆက်သဘောမျိုးသောက်ဖို့ မဲပေးကြတယ်။ ဘောလုံးသမားတွေ အနားမယူခင် နှုတ်ဆက်ပွဲကန်တာမျိုး၊ သိုင်းသမားတွေ သိုင်းလောကကမထွက်ခင် သိုင်းတစ်ကွက်လောက်ချပြသလိုမျိုး သူတို့ နောက်ဆုံး အရက်တစ်ပုလင်းလောက်တော့ သောက်မယ်လို့ ပြောကြတယ်"

"ဟာ . . . ခက်တာပဲ"

"အဲ့မှာ နောက်ဆုံး ဒီမိုကျကျ မဲပေးဆုံးဖြတ်တော့ နှစ်ဖွဲ့ကွဲသွားတယ်။ ဦးဘချို၊ ဒေါက်တာခွန်သာ၊ ကိုရှည်ကြီး၊ မောင်စိုးတို့က ကြားနေပြီး မဲအရေအတွက်အတွက် အတိအကျရေတွက်တော့ သောက်မယ်ဆိုတဲ့အဖွဲ့က တစ်မဲအသာနဲ့ အနိုင်ရသွားတယ်"

"ဟာ . . . ဒါဆို နက်ဖြန် သောက်ကြတော့မှာပေါ့"



"အင်း . . . ကိုယ့်အိမ်က ကိုယ် ကြိုက်တဲ့အရက် လေးပတ်ဆီ ယူလာပြီး ဦးဘချိုခြံပေါက်ဝမှာ ချပေးထားမယ့် စဉ့်အိုးထဲ လေးစုထည့်ရမယ်လို့ ပြောတယ်။ ပြီးရင် . . . အဲဒီထဲကပဲ ခပ်သောက်ကြ။ အိုးထဲက အရက်ကုန်ရင်တော်ပြီလို့ စည်းကမ်းသတ်မှတ်လိုက်တယ်လေ"

"ဟိုက် . . . "

"ဂွပဲ။ အဲ့လိုသောက်လို့ကတော့ နောက်နေ့ မူးလို့ ကိုက်လို့ ပြန်ဖြေပါရစေတွေ၊ မဖြတ်တော့ဘူးကွာ ဆက်သောက်မယ် ဘာဖြစ်လဲ ဆိုတဲ့သူတွေနဲ့ အားလုံး အရက်သမား ပြန်ဖြစ်နိုင်တယ်နော်"

စူးစိုက်စွာ စဉ်းစားမှုကြောင့် လင်းရိပ် မျက်ခုံးမွေးတွေ စိုက်ကျနေသည်။ ဒါနောက်ကြောင်း ပြန်လှည့်သူတချို့၏ စနက်ကြောင့်လည်း ဖြစ်မည်။ ရိုးရိုးသားသား နောက်ဆုံးတစ်ခွက်အဖြစ် သောက်ချင်သူတွေလည်းရှိမည်။ ဘယ်လိုဖြေရှင်းမလဲ။

သုခမိန်ကြီးမဟုတ်သော်လည်း လင်းရိပ်အပေါ်ပဲ ပြဿနာက ပိကျလာသည်။ ခဏအကြာ ဖျောက်ခနဲ လင်းရိပ် လက်ဖျောက်တီးလိုက်သည်။

"မင်း စဉ်းစားရပြီလား"

"အင်း . . . ငါပြောမယ်ကွာ၊ ဒီလိုလုပ် . . . × . . . + . . ÷ . . . − . . . "

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

နတ်ဆိုးကို ဘေမဘေ ကလိထိုးကြည့်တော့ . . .
တဟီဟီထရယ်တာယ်။



## (24)

ပုံပြင်တစ်ပုဒ်ရှိသည်။

ရွာလူကြီးက ပွဲတော်အတွက် သောက်စားရန် ရွာသားတွေကို အရက်တစ်အိုးစီ ယူလာခိုင်းသည်။ ပြီးလျှင် သူကြီးအိမ်ရှေ့က ရာဝင်အိုးထဲ ထည့်ရမည်။ ပြီးလျှင် ထိုအရက်များကို အတူတူသောက်ကြကာ ပျော်ပွဲရွှင်ပွဲ နွှဲကြမည်ဖြစ်သည်။ ဤတွင် ရွာသားတစ်ယောက်က တွေး၏။ တစ်ရွာလုံး အရက်တွေလောင်းထည့်မည့် ရာဝင်အိုးထဲသို့ သူ ရေတစ်အိုး လောင်းထည့်ရုံနှင့် ဘာမှမဖြစ်ဟု။ သို့နှင့် သူသည် အရက်တွေလောင်းထည့်သော အိုးထဲသို့ ရေတစ်အိုးယူသွားကာ လောင်းထည့်လိုက်သည်။

တကယ့်ပွဲတော်စတင်သောအခါ အရက်တစ်အိုးလုံးသည် ရေတွေချည်း ဖြစ်နေတော့၏။ ခုနရွာသားလိုပင် တစ်ရွာလုံး တွေးကြကာ တစ်ရွာလုံး ရေတွေချည်း ယူလာကြခြင်းကြောင့် ဖြစ်ပေတော့သည်။

မူရင်းက အာဖရိက ပုံပြင်ဟု ထင်သည်။ သို့သော် . . . ပုံစံတူတွေ မကြာခဏဖတ်ရသဖြင့် ဘယ်ဟာမူရင်း အစစ်မှန်း လင်းရိပ်မတွေ့တတ်တော့ပါ။ သို့သော် . . . လင်းရိပ် အခုဒီပုံပြင်ထဲကအတိုင်း ပြဿနာကို ဖြေရှင်းမည်။



www.burmeseclassic.com

www.burmeseclassic.com

ကွဲနေသော အဖွဲ့နှစ်ဖွဲ့နောက်မှ မသောက်ဘူးဟု မဲပေးသော အဖွဲ့များကို တိတ်တဆိတ်ဆက်သွယ်ကာ ရေတွေယူလာဖို့ ညွှန်ကြား ထားလိုက်သည်။

ပွဲတော် စချေပြီ။

စဥ့်အိုးထဲ အရက်တွေ လာထည့်ကြသည်။ ခြံအဝင်ဝ စဥ့်အိုးနားမှာ စောင့်နေသူက ထွန်းကိုနှင့် မျိုးမင်းသန်း။ မသောက်ဘူးအဖွဲ့မှ လူတစ်ယောက် ဝင်လာသည်။ ထွန်းကိုကို မျက်လုံးနှင့် အချက်ပြကာ သတ်မှတ်ထားသော အရက်လေးပက် (ရေလေးပက်ပါ) လောင်းထည့် သည်။ ရယ်ချင်လွန်း၍ ပြုံးစေ့စေ့ဖြစ်ရသည်။ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။ အရက်ထည့်သူထည့်၊ ရေထည့်သူထည့်နှင့် စဥ့်အိုးကြီး တဖြည်းဖြည်း ပြည့်လာသည်။

မြက်ခင်းစိမ်းနှင့် ခြံဝန်းထဲတွင် တစ်ရပ်ကွက်လုံးမှ လူတွေလည်း ပြည့်နှက်နေပါပြီ။ မွေးနေ့ပွဲအခမ်းအနားအဖြစ် ပူဖောင်းတွေ၊ ဖဲကြိုးတွေ လည်း ချိတ်ဆွဲထားသေးသည်။ ဘယ်ဘက်ခြမ်းတွင် မသောက်ဘဲ စားမည့် မိန်းမတွေရှိနေကြကာ ခြံ၏ညာဘက်ခြမ်းတွင်တော့ သောက်ကြ စားကြမည့် ယောကျ်ားသားတွေ နေရာယူထားကြသည်။

"ကျုပ်တို့ရပ်ကွက်လူကြီး ဦးဘခြူးအတွက် Happy Birthday သီချင်းသီဆိုပြီး စားပွဲသောက်ပွဲ စတင်လိုက်ရအောင် ခင်ဗျာ"

ဦးဘို မိုက်ခရိုဖုန်းနှင့်အော်ကာ ကြေညာလိုက်သည်နှင့် Happy Birthday Do You ကို စဆိုကြတော့သည်။

ဦးဘခြူးက ပျော်၍ ဖြီးအောင်ပြုံးနေသည်။ ကလေးတွေကို ဦးထုပ်ချွန်ချွန်လေးများတော့ မဆောင်းထား။ သူ့ထိပ်ပြောင်ပြောင်နှင့် မလိုက်မှန်းသိ၍ ဖြစ်မည်။ သီချင်းဆုံးတော့။

"ကဲ . . . စားကြ၊ သောက်ကြနိုင်ပါပြီ ခင်ဗျား"

ဟု ကြေညာလိုက်ပါတော့သည်။



ဟောခန် ယောကျ်ားသားတွေ အော်ဟစ်ကာ စဥ့်အိုးကြီးဆီ ပြေး ကြသည်။ အရက်တွေ ခပ်သောက်ကြတော့သည်။

ခက်ခက်ဖူးငုံ၊ နွယ်တာနှင့် မိုးပန်တို့က အမျိုးသမီးတွေဘက် တွင် စားစရာများ လိုက်ချပေးရင်း အလုပ်ရှုပ်နေကြသည်။ ထွန်းကိုနှင့် မျိုးမင်းသန့်က စဥ့်အိုးနား။ ရာဇာရှိန်းနှင့် ဝက်စတူးက အမျိုးသားတွေ စားသောက်သည့်အခြမ်းဘက်မှာ ဝိတ်တာလုပ်နေသည်။

လင်းရိပ်က ခြူးကို လိုက်ရှာနေသည်။ အိမ်အနောက်ဘက် ချောင်ထဲတွင် ဒံပေါက်ပန်းကန် သယ်လာသောခြူးကိုတွေ့တော့ လင်းရိပ် ရှေ့က ပိတ်ရပ်လိုက်သည်။

"ဟေ့ . . . ခြူး၊ ငါ့ကို အဖြေပေးတော့လေ။ နင်တို့ တစ်ရပ် ကွက်လုံးကို အရက်ဖြတ်ပေးပြီးပြီ"

"ကျွတ် . . . အခု သောက်နေကြတယ်လေဟာ။ သူတို့ တကယ် မပြတ်သေးလို့ပေါ့ဟ။ ခဏနေ မူးကြရူးကြဦးမှာ စိတ်ညစ်လိုက်တာ"

"မညစ်နဲ့။ ဘယ်တော့မှ ဒီလိုမဖြစ်စေရဘူး။ ငါ ရေပက်ပက် စက်စက်ရောထားတယ်"

"ဘယ်လို . . . "

လင်းရိပ်က သူ စီမံဖြေရှင်းထားပုံကို သွက်သွက်ရှင်းပြလိုက် သည်။ ခြူးက သဘောကျစွာ ရယ်သည်။

"နင် တော်တော် တော်ပါပေတယ်"

"အင်း . . . အဲဒါဆို အဖြေပေး"

"နေဦး . . အခု အလုပ်ရှုပ်နေတယ်။ ကိုးနာရီထိုးရင် အပေါ်ထပ် ဝရန်တာဆီ လာခဲ့"

"အိုကေ"

လင်းရိပ် ချွေးကောင်းနေသည်။ ဟိုဝိုင်းက ခေါ်လိုက် ဒီဝိုင်း က ခေါ်လိုက်နှင့် ပါးစပ်မလည်ချေ။ လင်းရိပ်ကို သူရဲကောင်းလိုသဘော

www.burmeseclassic.com

ထားကာ တရုတ်လို ကမ်းပေ့၊ အနောက်တိုင်းလို ချီးယား၊ မြန်မာလို ခွက်ချင်းတိုက်ကြလေသည်။ လင်းရိပ်ကလည်း အားလုံးစိတ်ကျေနပ် အောင် ဝိုင်းပေါက်စေ့ လိုက်သောက်ပေးသည်။ မမူးပေ။ ဘယ်မူးမလဲ ရေတွေပဲကို။

သောက်နေသည့် လူတွေကလည်း ရေတွေမှန်းသိတော့ သိနေသလိုလို။ သို့သော် . . . သူတို့ မသောက်တာကြာလို့ပဲ အရက်အရသာနှင့် စိမ်းသွားတာလား။ အရက်တွေ အမျိုးပေါင်းစုံ လျှောက်ရောလိုက်တာကြောင့် ထိုသို့ ရေအရသာပေါက်သွားတာလားဟု အူကြောင်ကြောင် ဖြစ်နေကြသည်။ သို့သော် . . . သိပ်များများမတွေးဘဲ သောက်စရာရှိတာသာ သောက်ကြသည်။ မူးတော့ မမူးကြဘဲ ဖြစ်နေကြသည်။

ညရှစ်နာရီခွဲသောအခါ စဥ့်အိုးထဲက အရက်တွေ ကုန်လုပြီ။ အမျိုးသမီးဘက်အခြမ်းက အမျိုးသားတွေ မူးလာရင် မဖြစ်သင့်တာတွေ ဖြစ်လာပြန်မလားဟု အစပိုင်း စိုးရိမ်နေကြပေမယ့် အချိန်ကြာလာသည် အထိ မမူးကြတော့ လင်းရိပ် တစ်ခုခုလုပ်ထားပြီမှန်း သိ၍ အားလုံး စိတ်ချလိုက်ကြပြီ။ ကိုယ့်ဘာသာကိုယ် ပျော်ပျော်ရွှင်ရွှင် စားသောက်နေ ကြပြီဖြစ်သည်။

"အရက်တွေ ကုန်တော့မယ်ဟေ့"

ဟု အရက်အိုးနားမှ ထွန်းကိုက အော်ဟစ်ကာ အသိပေးလိုက် သည်။ သို့သော် ထိုစဥ်ပဲ ခြံဝန်းထဲသို့ စူးရှသော အလင်းတန်းကြီးတွေ ထိုးဝင်လာသည်။ ပန်းကန်ပြားပျံ ဆင်းသက်လာခြင်းမဟုတ်။

ခရီးသွားကားကြီးတစ်စီး ခြံရှေ့ ထိုးရပ်လာခြင်းဖြစ်သည်။ ကား ကြီး၏ ဘေးဘက်တွင် အရက်ကုမ္ပဏီ တံဆိပ်ဗီနိုင်းတစ်ခုလည်း ချိတ်ဆွဲ ထားသေးသည်။ ထိုကားကြီးပေါ်မှ လူတစ်ယောက်ဆင်းလာကာ ခြံထဲ ဝင်လာသည်။ ကားပေါ်က ဝန်ထမ်းဝတ်စုံနှင့် လူတွေလည်း ထိုလူ့နောက်



မှ ကပ်ဆင်းလာကြသည်။ ထိုလူသည် ဦးဘခြူးနှင့် ရုပ်ချင်း အတော် တူနေသည်။

ဦးဘခြူး လူအုပ်ရှေ့ထွက်ကာ ထိုလူကို ကြည့်၏။ မျက်နှာက ပြုံးလာသည်။

"အစ်ကိုကြီး . . ."

ဟု အော်ဟစ်ပြေးသွားကာ ထိုလူကို ဦးဘခြူး ပြေးဖက်တော့ သည်။ ထိုလူက ဦးဘခြူး၏အစ်ကို ကိုမြခြူးပင်။ အရက်ကုမ္ပဏီသူဌေး ကြီး ဖြစ်သည်။

ဦးမြခြူးက တဟားဟား အော်ရယ်ကာ . . .

"ဟား . . . ဟား . . . ငါ ငါ့ကုမ္ပဏီနှစ်ပတ်လည်မို့ ခရီးထွက် လာတာကွ။ ဒီရောက်တုန်း မင်းမွေးနေ့ရှိမှန်း သတိရလို့ ဝင်လာတာ။ မင်းက ဒီမှာပါတီလုပ်နေတော့ အတော်ပဲပေါ့ကွာ။ ဟား . . . ဟား"

"လာ . . . အစ်ကိုကြီး၊ ကျွန်တော်တို့နှစ်ယောက် စားကြ သောက်ကြမယ်"

ဦးမြခြူးကတော့ မညာတမ်း တကယ်သောက်နိုင်မယ့်ရုပ်ကြီး။

"အေး . . . သောက်ကြမယ်ကွာ။ ဒါနဲ့ အခု မင်းတို့ ဘာ အရက်သောက်နေတာလဲ"

ဟု မေးလိုက်သေးသည်။ ဘယ်သူမှ မဖြေခင် စားပွဲပေါ်က အရက်ခွက်ကို ဆွဲယူကာ မော့ချလိုက်သည်။ မျက်နှာရှုံ့ကာ . . . ထွီခနဲ ထွေးချပစ်လိုက်သည်။

"ခွီး . . . ဘာအရက်တုန်းဟ၊ ရေအတိုင်းပဲ"

"အဲ . . ."

"ဒီလိုပေါ့ရွတ်တဲ့ဟာမျိုး ဘာလို့နာမည်ပျက်ရုံ သောက်နေမှာ လဲ။ ယူခဲ့စမ်းကွာ ကားပေါ်က ငါ့ကုမ္ပဏီထုတ် အရက်တွေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်"

ဦးဘခြူးက အတွင်းအားကောင်းသည့် သိုင်းသမားကြီးလို အော်လိုက်တော့ သူ့ဝန်ထမ်းတွေက အရက်တွေကားပေါ်က တစ်ဖာပြီးတစ်ဖာ သယ်ချလာတော့သည်။

"ကဲ . . . ကျုပ်ကုမ္ပဏီအရက်တွေ အားလုံးသောက်ကြဖို့ ဖိတ်ခေါ်ပါတယ်ဗျာ"

"ဟေး . . ."

"ဟေး . . . သောက်မယ်ကွ"

အားလုံး ပြေးတက်သွားကြတော့သည်။ အရက်ဖာတွေကို အမဲဖြတ်လို ဆွဲဖြဲကုန်ကြတော့သည်။

ခြံထောင့်မှ အခြေအနေကြည့်နေသော လင်းရိပ်တို့ ကြက်သေသေနေသည်။ လူတွေလည်း သေချင်နေပါပြီ။ ရက်စက်လိုက်သည့် ကံကြမ္မာ။ ဒီလောက် စီစဥ်ထားတာတောင် အဖျက်ဝင်သေးသည်။

ရပ်ကွက်ထဲမှ မိန်းမတွေလည်း စားပြီးသောက်ပြီး ပြန်ကုန်ကြပြီ။ ခြံထဲ တဖြည်းဖြည်း မိန်းမသားတွေ နည်းကုန်ပြီ။ နာရီဝက်အတွင်း ယောကျ်ားသားတွေ မူးကုန်ပြီ။ မူးလာပြီမို့ ပေါက်ကွဲသံစဥ်တွေလည်း ကြားလာရကုန်ပြီ။ စကားတွေလည်း ပေါလာကြပြီ။ သတိတွေ လွတ်ကာ သတ္တိတွေ ကောင်းကုန်ကြပြီ။ ထိန်းမရမှန်းသိတော့ ရာဇာရှိန်း၊ ထွန်းကိုဝက်စတူး၊ မျိုးမင်းသန်းတို့လည်း ဝင်မူးရာကနေ သီချင်းတွေ အသံသေးအသံကြောင်နှင့် ဆိုနေကြပြီ။

လင်းရိပ်လည်း ဘယ်နေရမှန်းမသိသည်နှင့် (ကိုးနာရီလည်း ထိုးပြီ ဖြစ်သဖြင့်) အပြေတောင်းရန် အပေါ်ထပ်ဝရန်တာဆီ တက်ခဲ့တော့သည်။

ဝရန်တာမှာ ခြူးလည်း ဒူးခေါင်းလေးနှစ်လုံးပေါ် ဦးခေါင်းလေးတင်ကာ စိတ်ညစ်နေတော့သည်။ ညအိပ်အင်္ကျီလေးဝတ်၍ တစ်သျှူး



လေးကို ထုံးစံအတိုင်း ပါးနှင့် ထိကပ်ဘားသည်။ လင်းရိပ်လည်း သူမ၏ဘေးနား အသာကပ်ထိုင်လိုက်သည်။

"ခြူး . . ."

"ဘာလဲ . . . လ.ရ"

"ခြူးရဲ့မျက်လုံးက သိပ်လှတယ်။ အဲဒါ သိလား"

". . . . . . . ."

"ဘယ်လောက်လှလည်းဆိုရင် မကြွေမွတတ်တဲ့ ကြယ်ကလေးတွေကို မျက်ခွံလေးနှစ်ဖက်ဖြင့်ပြီး မျက်လုံးထဲ ဖြည်းဖြည်းချင်း ထည့်ထားသလိုပဲ။ 'လင်း' 'ဖန့်' ပြီး ရှိန်းနေတာပဲ"

သူမ ရယ်ချင်သလိုနှင့် မဲ့ပြုံးရင်း . . .

"အသာလုပ်ပါ"

ဟု တီးတိုးရေရွတ်သေးသည်။ သူကတော့ ဆက်ပြီး . . .

"မျက်တောင်လေးတွေကလည်း တကယ်လှတယ်။ အဲဒါကော သိလား"

". . . . . . . ."

"ဘယ်လောက်တောင်များ လှလည်းဆိုရင် မနက်ဖြန်ကို ယုံကြည်တဲ့ စင်ရော်ကလေးတွေ အိပ်မက်ကျွန်းကနေ တောင်ပံတွေမော့ပြီး ထပျံသွားသလို 'စင်း' 'မော့င်' နေတာပဲ"

ခြူး နေရှုက်ရှက်နဲ့ပဲ ဆက်ပြီး ပြုံးတုံ့နားထောင်ပေးနေပါတယ်။ သူက ဆက်ပြီး . . .

"ပြီးတော့ ခြူးရဲ့ အပေါ်နှုတ်ခမ်းလေးတွေ အတွန့်ချိုးထားတာလည်း သိပ်လှတဲ့ ပင်ကိုအလှပဲ"

". . . . . . . ."

"ပိရမစ်နှစ်ခု ဆက်ထားသလို လှတယ်"

"ဟင် . . . ပိရမစ်ဆိုတော့ ဂူသချိုင်းတွေပေါ့။ အသဲ . . . သူများနှုတ်ခမ်းကို မံမီတွေနေတဲ့ သချိုင်းနဲ့ လာနှိုင်းနေတာလား"



www.burmeseclassic.com

www.burmeseclassic.com

ခြူး ငြိမ်မနေနိုင်တော့ဘဲ မျက်လုံးပြူးပြီး ပြန်အော်ရပြီလေ။ လင်းရိပ် ပျာပျာသလဲ ပြန်ဖြေရှင်းရပါသည်။

"အာ . . . အဲလို မဟုတ်ဘူးလေ။ ရူသချိုင်းဆန်တယ်လို့ ပြောတာ မဟုတ်ဘူး။ ဆန်းကြယ်တဲ့ စွဲဆောင်မှုတွေ ကိန်းဝပ်နေတယ်လို့ ပြောတာပါ"

ဒီတော့မှ ခြူးက ဟင်း . . . ဆိုပြီး စိတ်ပြန်လျှော့ပေးလိုက်တယ်။ အလျှော့ကောင်းလို့ မျက်စောင်းသက်သာသွားတယ်။

"တကယ်တော့ ခြူးက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အကုန်လှတယ်။ အဲဒါကြောင့် အခု အဖြေပေးတော့"

"ဘာမှလည်း မဆိုင်သလိုပဲ"

"အဟင်း . . . ဆိုင်တာပေါ့ . . . ခြူးရဲ့။ အဲဒီ ပိရမစ်နှစ်ခု ဆက်ထားတဲ့ နှုတ်ခမ်းလွှာကနေ အဖြေပေးရတော့မယ်လေ"

"နင့်လူတွေက တကယ်ကော အရက်ပြတ်လို့လားဟ"

အခု . . . သူတို့ရှိနေတဲ့ ဝရန်တာကနေ လှမ်းငုံ့ကြည့်ရင်း သေသောက်ကျူးနေသော သူများကို ပက်ပင်း တွေ့နေရပါသည်။ လင်းရိပ် တစ်ချက်ငုံ့ကြည့်ရင်း နည်းနည်းတော့ စိတ်ဓာတ်ကျမိသည်။ သို့သော် . . .

"ပြတ်ပါပြီဟ . . . ဒါ သူတို့ နောက်ဆုံးအနေနဲ့ သောက်တာပါ"

"ငါတော့ မယုံရဲဘူး။ မနက်လင်းရင် သူတို့ ဘယ်လိုနေလဲ ကြည့်ရဦးမယ်"

"ဟင် . . . ဒါဆို ငါ့ကိုကော . . . "

"အင်း . . . နင့်ကိုလည်း မနက်ကျမှ အခြေအနေကြည့်ပြီး အဖြေပေးတော့မယ်"

"အဟင့် . . . "



ကဲဆိုးပါသည်။ ကိုယ်က ကိုးနဝင်းလည်းမဟုတ်ဘဲ မိုးလင်းမှ အဖြေသိရမည်တဲ့။ ဘာလုပ်ရမှန်းမသိတော့သဖြင့် ခြူးထိုင်သည့် အတိုင်း ဒူးခေါင်းပေါ် ဦးခေါင်းလေးတင်၍ စိတ်ညစ်ပြလိုက်သည်။ ခြူးက သူ့ပုံစံအတိုင်း လိုက်ထိုင်သည့် လင်းရိပ်ကို ဆူပုတ်ပုတ် မကြေမွတတ်သည့် အရာလေးများဖြင့် မျက်စောင်းထိုးသည်။

ဘယ်တတ်နိုင်ပါ့မလဲ။ သည်မျက်စောင်းတစ်စင်းကိုပဲ ဖျပ်စောင်းသီချင်းကို လင်းရိပ် နားစွင့်ခဲ့စားခဲ့ရသည်ပေါ့။

✂ ✂ ✂

သူဝေး

**03:05 AM**

**1st April, 2014**



www.burmeseclassic.com